# ဗုဒ္ဓဝါဒနှင့်
# သိပ္ပံပညာ



ဦးသန်းထွန်း (ရွှေ

၁၄၁၇၈

# ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ

ဦးသန်းထွန်း (ရွှေဘို)

ပထမ အကြိမ် ရိုက်နှိပ်ခြင်း—၃၀၀၀ ဖေဖော်ဝါရီ ၁၉၆၆

ဒုတိယ အကြိမ် ရိုက်နှိပ်ခြင်း—၃၀၀၀ နိုဝင်ဘာ ၁၉၆၇

တတိယ အကြိမ် ရိုက်နှိပ်ခြင်း—၂၀၀၀ ဒီဇင်ဘာ ၁၉၇၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၇၂)

စာသားရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် — ၁၁၄၂၃

ဘလောက်။ ။လွင်

မျက်နှာဖုံးပန်းချီ။ ။စံတိုး

အဖုံးရိုက်။ ။ရွှေစင်ပုံနှိပ်တိုက်

စာအုပ်ချုပ်။ ။ညွန့်ညွန့်နှင့်မောင်များ

တန်ဖိုး။ ။၁၂ ကျပ်

**ထုတ်ဝေသူ။** ။မသန်းညွန့် (၀၁၅၃၇)
သန်းအောင်စာပေ
၃၃-၆ သစ္စာလမ်း
တောင်ဥက္ကလာပ၊ ရန်ကုန်။

**ရိုက်နှိပ်သူ။** ။ဦးမြတ်ကျော် (၀၅၅၅)
စာလုပ်ငန်းပုံနှိပ်တိုက်
၄၅၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

၁၄ ၂၅၈

# အမှာ

စာရေးသူသည် ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာအကြောင်းကို သူတပါး အား ရှင်းလင်းတင်ပြခြင်းမပြုမီသူ့ ကိုယ်သူရှင်းပြခဲ့ရလေသည်။

ဘာသာရေးနှင့် သိပ္ပံပညာအကြောင်း ရေးသားမှုသည် အလွန်ဆူးပေါသော ပြဿနာတရပ် ဖြစ်၏။ တက်ရောက်ရန် အစွန်းနှစ်ဘက်(သို့မဟုတ်)လိမ့်ကျရန် ချောက်ကမ္ဘားကြီးနှစ်ခု သည် စောင့်ကြိုလျက်ရှိ၏။ ဘာသာတရားသည် သိပ္ပံပညာနှင့် ထပ်တူထပ်မျှလော။ သို့မဟုတ် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်လော။ ဤအစွန်း နှစ်မျိုးပင်တည်း။

ရှေးရိုး ဘာသာရေးဆရာကြီးများက သိပ္ပံပညာကို ဘာသာ ရေးနှင့် မဆိုင်ဟုဆိုကာ ပုတ်ထုတ်လေ့ရှိကြ၏။ သူတို့မျက်စိ တွင်ကား သိပ္ပံပညာနှင့် ပတ်သက်သမျှသည် မိစ္ဆာဒိဋ္ဌိတပိုင်း ဖြစ်နေလေသည်။ တဘက်တွင်မူ ဘာသာရေးသည် သိပ္ပံပညာ နှင့် ထပ်တူညီကြောင်း သက်သေပြရန် ကြိုးပမ်းမှုများကို တွေ့ ရ၏။ထိုပုဂ္ဂိုလ်တို့၏ အမြင်တွင်ကားသိပ္ပံပညာသည် အရာရာကို မြင်သိနိုင်သော ဒိဗ္ဗစက္ခု နတ်မျက်စိဖြစ်၏။ အရာရာကို ကြား သိနိုင်သော ဒိဗ္ဗသောတ နတ်နားဖြစ်၏။ သိပ္ပံပညာသည် အရာရာကို စစ်ဆေးနိုင်၏။ မှန်မမှန် ဆုံးဖြတ်နိုင်၏၊ သိပ္ပံပညာ

နှင့် ထောက်ဆ၍ မမီသော(သို့မဟုတ်) သိပ္ပံပညာက စူးစမ်းလေ့လာခြင်းမပြုသော အရာများကိုမူ အမှားသာဖြစ်သည်ဟု သူတို့က ယူဆလေ့ရှိကြပေသည်။

ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာအကြောင်းကို မရေးသားမီ စာရေးသူသည် သူမည်သည့်အစွန်း၌ ကျွံနစ်နေသည်ကို ကြည့်ရန် ကြိုးပမ်းခဲ့ရ၏။ မည်သည့်ဘက်က မှန်သည်ကို နားလည်ရန် စူးစမ်းခဲ့ရ၏။ သူ့ကိုယ်သူ ရှင်းပြခဲ့ရ၏။ သူတယောက်တည်း အပြန်ပြန် အလှန်လှန် ဆွေးနွေးငြင်းခုံခဲ့ရ၏။ နောက်ဆုံးတွင်မူ သူသည် ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာတို့၏ တခုနှင့်တခု ဆန့်ကျင်ဘက်ဖြစ်သည်ဟုလည်း မယုံကြည်၊ တခုနှင့်တခု ထပ်တူထပ်မျှ ဖြစ်သည်ဟုလည်း မယူဆကြောင်း တွေ့ရလေသည်။

ဤစာအုပ်တွင် အခန်း(၈)ခန်းပါရှိလေသည်။ ၎င်းအခန်း(၈)ခန်းအနက် ပထမ လေးခန်းဖြစ်သော (၁) လူနှင့်သူ၏စိတ်ကူးများ၊(၂) စကြဝဠာ၏ပြဿနာ၊(၃) ဘဝပြဿနာ၊ (၄) ပထမအကြောင်းပြဿနာတို့မှာ သိပ္ပံပညာ၏ ပြဿနာများကို ဗုဒ္ဓဝါဒ၏မျက်စိဖြင့် ကြည့်မြင်ခြင်းဖြစ်၏။ ဒုတိယ လေးခန်းဖြစ်သော (၅) ယုံကြည်မှုပြဿနာ၊ (၆) အနိစ္စနှင့် ဒုက္ခ၊ (၇) သံသရာ၊ (၈) ကမ္မနှင့်အနတ္တတို့မှာ ဗုဒ္ဓဝါဒ၏ ပြဿနာများကို သိပ္ပံပညာ ရှုထောင့်ဖြင့် သုံးသပ်ခြင်းဖြစ်၏။ နောက်ဆုံးအခန်းမှာကား ဗုဒ္ဓဝါဒ၏အနှစ်သာရသဘောများကို ခေတ်ပညာရှင်တို့၏ အယူဝါဒ၊ အတွေးအခေါ်များဖြင့် နှိုင်းယှဉ်လေ့လာထားခြင်း ဖြစ်ပေသည်။

ဤသို့ လေ့လာသောအခါ ဗုဒ္ဓဝါဒ၏ အရေးကြီးသော အခြေခံမှုများကို သိပ္ပံပညာက ထောက်ခံ အားပေးလျက်ရှိ

ကြောင်း တွေ့ရှိရလေသည်။ သို့ရာတွင် ထို့ထက် အရေးကြီးသော အချက်တခုမှာကား သိပ္ပံပညာသည် ဘာသာရေး၏ ပြဿနာများကို မဆိုထားဘိ၊ စကြဝဠာနှင့် ဘဝ၏အဆုံးစွန်သော ပြဿနာရပ်များကိုပင် ဖြေရှင်းနိုင်သော၊ စွမ်းရည်မရှိဆိုသော အချက်ပင်တည်း။

ဤစာအုပ်တွင် ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာတို့ကိုက်ညီသည်များကို ပြဆိုထားသည် မှန်၏။ သို့ရာတွင် ဗုဒ္ဓဝါဒသည် နေရာတိုင်းတွင် သိပ္ပံပညာနှင့်တူညီကြောင်း ပြောပြရန်ကားမကြိုးစားပေ။ သိပ္ပံနည်းကျ ဗုဒ္ဓဝါဒတရပ် ထူထောင်ရန်လည်း မကြိုးစားပေ။ အဆုံးစွန်သော စကားကိုဆိုရလျှင် ဗုဒ္ဓဝါဒကို (သို့မဟုတ် အခြားမည်သည့် ဘာသာတရားကိုမဆို) သိပ္ပံပညာဖြင့်စစ်ဆေးဆုံးဖြတ်ရန် မဖြစ်နိုင်ဟု စာရေးသူအနေနှင့် ယုံကြည်ပေသည်။ အဘယ့်ကြောင့်ဟူမူ သိပ္ပံပညာနှင့် ဘာသာတရားတို့သည် အခြေခံ တာဝန်ချင်းရော၊ လုပ်ငန်းရပ်ချင်းပါ မတူညီသောကြောင့်တကြောင်း၊ သိပ္ပံပညာသည် အရာရာကို (အထူးသဖြင့် ပရလောကနှင့် ပတ်သက်သော အရာများကို) ဆုံးဖြတ်ရန် အရည်အချင်းရှိသော ကိရိယာတရပ် မဟုတ်သောကြောင့်တကြောင်း၊ ဤအကြောင်း နှစ်ရပ်ကြောင့်ပေတည်း။

သို့ဆိုသဖြင့် ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ ဘာမျှမဆိုင်ဟု မဆိုလိုပေ။ သိပ္ပံပညာသည် မျက်မှောက်ခေတ် လူသား၏ကိုးကွယ်ရှင်ဖြစ်၏။ မည်သည့် ယုံကြည်ယူဆချက်ကိုမဆို သိပ္ပံပညာ၏ ထောက်ခံချက် လက်မှတ်ပါမှသာ ခေတ်လူသားတို့က ဘဝင်ကျကျ လက်ခံပေလိမ့်မည်။ ရွှေစာလုံးနှင့် သားရေဖုံးစာအုပ်ထူကြီးများထဲတွင် ရေးထားသမျှကို နှစ်နှစ်ခြိုက်ခြိုက် လက်ခံ

သိမ်းပိုက်သောခေတ်ကား ကုန်ခဲ့ပြီတည်း။ ထို့ကြောင့် အနာဂတ် ကာလတွင် လူသားတို့၏ ကိုးကွယ်မှုကို ခံယူရန် အတွက် ဘာသာတရားတို့သည် သိပ္ပံပညာ၏ ထောက်ခံအားပေးမှုကို ရရှိအောင် ကြိုးပမ်းရပေမည်။ တဘက်တွင်လည်း သိပ္ပံပညာ သည် အရာရာကို သိမြင်နိုင်စွမ်းရှိသော ပညာရပ်တခု မဟုတ် ကြောင်းနှင့် ဤစကြဝဠာအတွင်းဝယ် သိပ္ပံပညာက မဖြေရှင်း နိုင်ပဲ လက်မှိုင်ချရသော ကိစ္စများ ရှိနေကြောင်းတို့ကိုလည်း ထုတ်ဖော်ရန် လိုအပ်ပေသည်။

ဤသို့သော အခြေခံများဖြင့် ဤစာအုပ်ကို ရေးသားခြင်း ဖြစ်ပေသည်။ စင်စစ်သော်ကား ဗုဒ္ဓဝါဒသည်လည်းကောင်း၊ သိပ္ပံပညာသည်လည်းကောင်း တခုစီတခုစီအားဖြင့်ပင် အလွန် တရာ ကျယ်ပြောလှပေသည်။ တခုစီ တခုစီပင် ပိုင်နိုင်ဖို့မလွယ် ကူပေ။ နှစ်ခုစလုံးဆိုလျှင် ဆိုဖွယ်မရှိ။ ပညာရှိ ကဝိသုခမိန် တို့၏အရာသာ ဖြစ်လေသည်။ မည်သို့ဖြစ်စေ ဆင်လည်းဆင့် အထွာ၊ ပုရွက်ဆိတ်လည်း ပုရွက်ဆိတ်အထွာ ဆိုသည့်နှယ် စာရေးသူသည် သူ့အတိုင်းအထွာနှင့်သူ၊ သူ့အသိအမြင်နှင့်သူ၊ သူ့အထိအတွေ့နှင့်သူ တိုင်းထွာသိမြင် ထိတွေ့မိသလောက်ကို ရေးသားတင်ပြခြင်း ဖြစ်ပေသည်။ သူရေးသမျှ မှန်သည်ဟု ကား မတောင်းဆိုပေ။ ထို့ပြင် ဗုဒ္ဓဝါဒကိုဖြစ်စေ၊ သိပ္ပံပညာ ကိုဖြစ်စေ မှားမှားယွင်းယွင်း၊ ချွတ်ချွတ်ချော်ချော် ဖော်ပြမိ သည်ဆိုပါက ၎င်းသည် စာရေးသူ၏ တာဝန်သာဖြစ်ကြောင်း ကြိုတင်၍ ဝန်ခံထားလိုပေသည်။

ဤစာအုပ်ကို ရေးသားရန် စတင်ကြံဆသည်မှစ၍ ယနေ့ ထုတ်ဝေသည်အထိ ဆရာကြီး ဦးစိန်တင်ခေါ် ရှရီ ရမ်း

ပရားကာပ်(ရှ်)ကြီးဒီး(ရ်) ဦးဆောင်သော သနန္တနမ္မပါလက အဖွဲ့အနေဖြင့် စိတ်ပိုင်းအားဖြင့်ရော၊ ရုပ်ပိုင်းအားဖြင့်ပါ အစစ အရာရာ အားပေးကူညီခဲ့ပေသည်။ ထိုသို့ အားပေးကူညီသည့် အတွက် အထူးသဖြင့် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဦးစွာ ဖော်ပြလိုပေသည်။ ၎င်းပြင် ဤစာအုပ်ထုတ်ဝေနိုင်ရေး အတွက် စိတ်ရောကိုယ်ပါ ဝိုင်းဝန်းကူညီကြသည့် ဒဂုန်ဦးထွန်း မြင့်၊ ဦးသော်ဇင်နှင့် ပါရဂူတို့အားလည်း စာရေးသူ အနေ နှင့် မမေ့သော ကျေးဇူးတင်ရှိခြင်းဖြင့် မှတ်တမ်းတင်လိုပါ သည်။ နောက်ဆုံးအားဖြင့်ကား ဤစာအုပ် ရေးသားရာတွင် အများဆုံး အထောက်အကူပြုသော ဇနီးဖြစ်သူ ဆရာမ ဒေါ်မမကြီးအား လည်းကောင်း၊ စာမူကြမ်းကို အချောကူး ရေးသားပေးကြသော နှမဖြစ်သူ ဆရာမ ဒေါ်ခင်ဝင်းနှင့် ကိုကျော်သူတို့အား လည်းကောင်း အထူး ကျေးဇူးတင်ရှိပါ ကြောင်း ဖော်ပြအပ်ပါသည်။

**ဦးသန်းထွန်း (ရွှေဘို)**

ဘိုကုန်းရပ်

ရွှေဘိုမြို့

# မာတိကာ


အမှာ

**အခန်း တစ်**

ခေတ်နှင့် သူ၏စိတ်ကူးများ .... .... ၉

**အခန်း နှစ်**

စကြဝဠာ ပြဿနာ .... .... ၂၂

**အခန်း သုံး**

ဘဝပြဿနာ .... .... ၄၀

**အခန်း လေး**

ပဌမအကြောင်းပြဿနာ .... .... ၇၆

**အခန်း ငါး**

ယုံကြည်မှုပြဿနာ .... .... ၁၀၇

**အခန်း ခြောက်**

အနိစ္စနှင့်ဒုက္ခ .... .... ၁၃၈

**အခန်း ခုနစ်**

သံသရာ .... .... ၁၇၂

**အခန်း ရှစ်**

ကမ္မနှင့်အနတ္တာ .... .... ၁၉၈

**အခန်း ကိုး**

ဗုဒ္ဓ၏အဖြေ .... .... ၂၃၅

## အခန်း တစ်

# ခေတ်လူနှင့် သူ၏စိတ်ကူးများ

အနာဂတ်ကာလ၏ အဖြစ်အပျက် အပြောင်းအလဲများသည် ပစ္စုပ္ပန်၏လွှမ်းမိုးခြင်းကို ခံရသကဲ့သို့ ပစ္စုပ္ပန်သည်လည်းအတိတ် ကာလမှ ထုတ်လုပ်သော ပစ္စည်းသာဖြစ်ပေသည်။ ထို့ကြောင့် မျက်မှောက်ခေတ်လူသား (သို့မဟုတ်)ပစ္စုပ္ပန်ခေတ် လူသား၏ စိတ်ကူးစိတ်သန်းများ၊ ခံယူချက်များကို နားလည် သဘော ပေါက်နိုင်ရန်အတွက် သူဖြတ်သန်းကျော်လွှားခဲ့ရသော အတိတ် ခရီးကို ပြန်လည်သုံးသပ်ဖို့ လိုပေလိမ့်မည်။

လူသားတို့ ဖြတ်ကျော်လာခဲ့ရသော ခရီးသည် အတော် အတန် ရှည်လျားခဲ့လေပြီ။ ကမ္ဘာနှင့် လူ့သက်တမ်းသည် စကြဝဠာနှင့် နှိုင်းစာသော် မျက်စိဘမှိတ်၏ အစိတ်အပိုင်းမျှ သာ ရှိမည်ဖြစ်သော်လည်း လူတို့၏ အရေအတွက်နှင့် ပြောရ လျှင်ကား နှစ်သန်းပေါင်းများစွာ ချီခဲ့လေပြီ။

လူတွင် ယုံကြည်မှုတခု ရှိရမည်ဆိုသော စကားအတိုင်း ဤ ကမ္ဘာပေါ်တွင် လူဟူ၍ စတင်ပေါ်ပေါက် ကတည်းက လူတို့ သည် ယုံကြည်ရန် တစုံတခုကို ရှာဖွေခဲ့ကြလေသည်။ သမိုင်း

## ၂ ဦးသန်းထွန်း

အရက်ဦး ခေတ်မှသည် ယနေ့တိုင်အောင် လူတို့တွင် ဘာသာရေး ယုံကြည်မှု အမျိုးမျိုး၊ နိုင်ငံရေးယုံကြည်မှု အမျိုးမျိုးရှိခဲ့ကြသည်။ ယုံကြည်ချက် တစုံတရာမရှိသော လူသားဟူ၍မရှိ။ အချို့မည်သည့်အယူစွဲမျှ မရှိပဲ လွတ်လပ်စွာ တွေးခေါ်ရေး သမားများဟူ၍ ရှိသေးသည်။ သို့ရာတွင် လွတ်လပ်စွာ တွေးခေါ်မှုသည်ပင်လျှင် သူတို့၏ ယုံကြည်မှု ဖြစ်လေသည်။

လူ့သမိုင်းအစဖြစ်သော ခေတ်ကမူ သဘာဝသည် လူ၏ ရန်သူသဖွယ်ဖြစ်၏။ သဘာဝ အခြင်းအရာများဖြစ်သော လျှပ်စီးလက်ခြင်း၊ မီးတောင် ပေါက်ကွဲခြင်း၊ မိုးသည်းထန်စွာ ရွာခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေမုန်တိုင်း တိုက်ခတ်ခြင်း၊ တော်လဲခြင်း၊ ဥက္ကာပျံခြင်း၊ ကြယ်ကြွေခြင်း၊ နေကြတ်ခြင်း၊ လကြတ်ခြင်းစသည်တို့သည် လူသားအား ကြောက်ဒူး တဆတ်ဆတ် တုန်စေခဲ့၏။တဖန် ရောဂါဘယ အမျိုးစုံတို့ကလည်း လူသားကို ဝိုင်းဝန်းနှိပ်စက်လေ့ ရှိကြ၏။ အနည်းငယ်မျှသာရှိသေးသော လူဦးရေမှ ကြီးမားသော အစိတ်အပိုင်းကို သေမင်းနိုင်ငံသို့ သယ်ဆောင်သွားလေ့ရှိကြ၏။ သို့ဖြစ်သော်လည်း ထိုခေတ်အခါက သိပ္ပံပညာလည်း မရှိသေး။ စက်ယန္တရား အတတ်ကိုလည်း မတတ်မြောက် ကြသေးသဖြင့် လူတို့သည် သဘာဝ ပြုသမျှ နုခဲ့ကြရလေသည်။ စဉ်းစား တွေးခေါ်တတ်သောအသိ မရှိကြသေးသဖြင့် ဤသဘာဝ အခြင်းအရာတို့၏ အကြောင်းအရင်းများကို ယထာဘူတ ကျကျ မရှာဖွေတတ်ကြသေးချေ။ ထို့ကြောင့် လူသားတို့အား ရန်ပြုလေ့ရှိသော ဤသဘာဝ အခြင်းအရာများကို လက်နက်သဖွယ် စွဲကိုင်ထိန်းသိမ်းနိုင်သည့် တန်ခိုးသတ္တိထူး တခုသည် ကမ္ဘာလောက၏ အပြင်

ဘက်၌ ရှိရမည်ဟူ၍လည်းကောင်း၊ ယင်းသတ္တိထူး ပိုင်ရှင်သည် သူ့အား ပူဇော်ပသမှု ပြုပါက သဘောကျ ကျေနပ်၍ လူတို့ အား မကောင်းသော ဘေးဆိုးတို့မှ ကာကွယ်တတ်သည်ဟူ၍ လည်းကောင်း ကောက်ချက်ချခဲ့ကြလေသည်။ ထိုအချိန်မှစ၍ လူ လောကတွင် အထူးထူးသော ဘုရားများ၊ နတ်များနှင့် ပူဇော် ပသနည်းများ၊ ရှိခိုးနည်းများ ပေါ်ထွန်းခဲ့လေသည်။

ထိုအချိန်မှစ၍ လူသားသည် မမြင်ရသော တန်ခိုးတော်ရှင် အား ဆည်းကပ် ကိုးကွယ်မှု တည်းဟူသော ပုခက်တွင်းဝယ် နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့လေတော့သည်။

ဤသို့ အိပ်ပျော်ရာမှ ပထမဆုံးလူးလွန့် နိုးကြားခဲ့သည်ကား ခရစ်မပေါ်မီ(၆)ရာစု အချိန်က ဖြစ်လေ၏။ ဤရာစုအတွင်း တွင် ကမ္ဘာတဝန်းလုံး၌ ဆန်းသစ်သော အတွေးအခေါ်နှင့် နိုးကြားမှုများ စတင်ပေါ်ပေါက်ခဲ့လေသည်၊ ခေါ်မတွင် ဟီရာ ကလိတပ်စ်စသော တွေးခေါ်ရှင်များသည် လည်းကောင်း၊ ဘေဘီလုံတွင် ပရောဟိတ် အိုက်ဇယားသည် လည်းကောင်း၊ အိန္ဒိယတွင် ဂေါတမဗုဒ္ဓနှင့် မဟာဝီရတို့သည်လည်းကောင်း၊ တရုတ်ပြည်တွင် ကွန်ဖြူးစုနှင့် လောင်းစုတို့သည်လည်းကောင်း၊ ရှေးခေတ်တွေးခေါ်မှုများကိုတော်လှန်၍အသစ်ဖြစ်သော အယူ အမြင်များကို ချမှတ်လျက် ရှိကြလေသည်။ အိပ်ချ်ဂျီဝဲလ်စ်က (၆)ရာစုနှင့် ပတ်သက်၍ အောက်ပါအတိုင်း မှတ်ချက် ချခဲ့လေ ၏။

"ဘီစီ(၆)ရာစု ခေတ်သည် ကမ္ဘာ့သမိုင်းတွင် မှတ်သား လောက်သော အချိန်ကာလ ဖြစ်လေသည်။ နေရာတကာမှာပင် လူ၏ စိတ်ဓာတ်သည် သစ်လွင်သော ရဲတင်းမှုကို ဖော်ပြလျက်

ရှိလေသည်။ နေရာတကာမှာပင် ဘုရားရှင်များ၊ ဘုန်းကြီးများ သွေးဖြင့်ယစ်ပူဇော်ခြင်းများတည်းဟူသော အိပ်ခြင်းမှနိုးထလာသော လူသားသည် အစုးရှု အလေးနက်ဆုံးသော မေးခွန်းများကို မေးလျက် ရှိလေသည်။ လူသားအနွယ်ကြီး တခုလုံးသည် နှစ်ပေါင်း(၂၀,၀၀၀)မျှ ကလေးဘဝတွင် နေခဲ့ပြီးနောက် လူပျိုအဖြစ်သို့ရောက်လာသည်နှင့် တူပေသည်"

လွတ်လပ်စွာ တွေးခေါ် မြော်မြင်မှုအကြောင်း ရေးသားသော မည်သည့် စာရေးဆရာမဆို ခေါမမှ စကြသည်သာ ဖြစ်ပေ၏။ လူ့ယဉ်ကျေးမှုအနေဖြင့် ခေါမတို့အား ကျေးဇူးတင်ဖွယ် အချက် များစွာ ရှိခဲ့ပေသည်။ ခေါမတို့၏အနုသုခုမပညာ၊ နှုတ်မှုလက်မှုပညာ၊စာပေအရေးအသားအတတ်၊ သမိုင်းရာဇဝင်စသည်တို့သည် လူသား၏ယဉ်ကျေးမှု ဘဏ္ဍာတိုက်အား ကြွယ်ဝစေခဲ့၏။ သို့ရာတွင် ခေါမတို့ အကြီးဆုံး ကျေးဇူးပြုချက်ကား ၎င်းတို့သည် လွတ်လပ်စွာ တွေးတော ဆွေးနွေးခြင်းကို ရှေ့နေ လိုက်ခဲ့ခြင်းပင် ဖြစ်ပေသည်။

ခေါမဟု ဆိုရာ၌ ခေါမပြည်တွင် ပါဝင်သောလူမျိုးများအားလုံး ကို မဆိုလိုပေ။ အထူးသဖြင့် အိုင်အိုနီယန်လူမျိုးများနှင့် အေသင်လူမျိုးများကို ရည်ညွှန်းလိုပါသည်။ ပါမောက္ခဂျေဘီဘားရီးက အာရှမိုင်းနားရှိ အိုင်အိုနီယာသည် လွတ်လပ်စွာ တွေးခေါ်မှု၏ ပုခက်ဖြစ်၏ဟု ရေးသားခဲ့သည်။ ဤစကားမှန်လှပေ၏။ အဘယ့်ကြောင့်ဆိုသော် ဥရောပ၏ သိပ္ပံနှင့် အဘိဓမ္မာသမိုင်းသည် အိုင်အိုနီယာမှ စတင်ခဲ့သောကြောင့် ပေတည်း။

လွတ်လပ်စွာ တွေးခေါ်ရေး လမ်းပြများအနက် ဇီနိုဖားနီးသည်မှတ်သားလောက်၏။ သူသည်တမြို့ဝင်တမြို့ထွက်တရွာဝင်တရွာထွက် လှည့်လည်ပြီး ထိုခေတ်က လူများစု ယုံကြည်နေကြသော နတ်ဘုရားများကို ပြက်ရယ် ပြုခဲ့လေသည်။ ထိုနတ်ဘုရားများအကြောင်းကို ချီးမွမ်းရေးသားလေ့ရှိသော ကဗျာဝိဒူဟိုးမားအားလည်း သူကတိုက်ခိုက်ခဲ့၏၊ ဟိုးမား၏နတ်ဘုရားများသည် လူသားတို့ပြုလုပ်လျှင်ပင် အလွန် အပြစ်ကြီးလေးသော အမှားအယွင်းများကို ကျူးလွန်ကြကြောင်း၊ ယင်းနတ်ဘုရားများမှာ လူတို့က ၎င်းတို့၏ပုံသဏ္ဍာန်နှင့်စိတ်နေစိတ်ထားအတိုင်း ဖန်ဆင်းထားကြခြင်းသာဖြစ်ကြောင်း၊ အကယ်၍ နွားတို့၌ လက်များနှင့် လူတို့၏စွမ်းရည်သတ္တိမျိုးသာရှိပါက သူတို့ကလည်း နတ်ဘုရားများကို နွားများ၏ပုံသဏ္ဍာန်အတိုင်း ဖန်ဆင်းကြမည်ဖြစ်ကြောင်းဖြင့် ပြင်းပြင်းထန်ထန် ဝေဖန် တိုက်ခိုက်လေသည်။

အခြားအရေးကြီးသော တွေးခေါ်ရှင်နှစ်ဦးမှာဟီရာကလစ်တပ်စ်နှင့် ဒီမိုကရစ်တပ်စ်တို့ဖြစ်ကြပြီး ၎င်းတို့ နှစ်ဦးစလုံးမှာ ရုပ်ဝါဒီများဖြစ်ကြသည်။ ဟီရာကလစ်တပ်စ်က လူတို့ တွေ့မြင်နေရသော အရာဝတ္ထုများ၏ မြဲခြင်းနှင့် တည်ငြိမ်ခြင်းသည် မှားယွင်းသော အပေါ်ယံအသွင်သဏ္ဍာန်မျှသာ ဖြစ်ကြောင်း၊ အတွင်းအနှစ်သာရမှာကား မည်သည့်အရာမှာမဆို ခဏတိုင်း ခဏတိုင်းတွင် ပြောင်းလဲရွေ့ရှားနေကြောင်းပြောခဲ့လေသည်။ သူ၏ "သင်သည် မြစ်တခုကို နှစ်ကြိမ်မဆင်းနိုင်" ဆိုသော စကားရပ်သည် ကမ္ဘာကျော် ဖြစ်ပေသည်။ အဓိပ္ပာယ်ကား မြစ်သည် အမြဲမပြတ် ပြောင်းလဲနေသောကြောင့် ယခုမြစ်သည်

ယခင် တခဏမှ မြစ် မဟုတ်တော့ဟု ဆိုလိုသည်။ ဒီမိုကရစ်တပ်စ်ကား အနုမြူဝါဒကို စတင်တည်ထောင်ခဲ့သောပုဂ္ဂိုလ်ပင်ဖြစ်၏။ သူ၏ဝါဒအရ သက်ရှိ သက်မဲ့ အားလုံးသည် အနုမြူများဖြင့် ဖွဲ့စည်းထားကြောင်း၊ ထိုအနုမြူများသည် နေရာပြောင်းခြင်းနှင့်ပြိုကွဲခြင်းသာရှိပြီး ပျက်စီးခြင်းမရှိပဲ အမြဲတည်ကြောင်းဖြင့် ဆိုလေသည်။

အခြား ထင်ရှားသော တွေးခေါ်ရှင်များကား ပညာရေးဆရာများဟု ကျော်ကြားသော ဆော့ဖစ်စ်များ ဖြစ်ကြသည်။ သူတို့သည် (၅)ရာစုအလယ်လောက်တွင် စတင်ပေါ်ပေါက်လာကြသည်။ သူတို့သည်လက်တွေ့သမားများဖြစ်သည့်အတိုင်း ရုပ်စကြဝဠာနှင့် ပတ်သက်သော မေးခွန်းများကို စွန့်ပယ်ပြီး လူများ၏ နေ့စဉ်ဘဝနှင့် တိုက်ရိုက် သက်ဆိုင်သော လူ့ကျင့်ဝတ်နှင့် နိုင်ငံရေး ပြဿနာများကို စူးစမ်း လေ့လာကြပေသည်။ ဤတွင် အရေးကြီးဆုံးပြဿနာတရပ်ကိုသူတို့ရင်ဆိုင်ကြရ၏။ ၎င်းကား အမှားနှင့်အမှန်ကို ပိုင်းခြား သတ်မှတ်ရန်တည်း။ သူတို့သည် (၁)အသိဉာဏ်၏သဘာဝ(၂)ဆင်ခြင်တုံတရား၏ နည်းလမ်း(လောဂျစ် သို့မဟုတ် တက္ကဗေဒ)နှင့် (၃) ဆင်ခြင်တုံတရားကို ဖော်ပြရန် ကိရိယာ (ဘာသာစကား) အကြောင်းကို စူးစမ်းရှာဖွေကြလေသည်။ စာပေအရေးအသားနှင့်ပတ်သက်၍ ၎င်းတို့သတ်မှတ်ထားသော စည်းကမ်းများသည် နောင်အခါ သဒ္ဒါကျမ်း၏ အခြေခံဖြစ်၍လာ၏။ သင်္ချာနှင့် နက္ခတ်ဂြိုဟ်နေကို သင်ပေးသဖြင့်လည်း ခေါမ လူငယ်တို့သည် ဦးစွာပထမ သဘာဝလောကဓာတ် အသိဉာဏ်ကို လေ့လာ သုံးခွင့် ရကြသည်။

ဤသို့ လူနည်းစုဖြစ်သည့် ပညာရှင်တို့က လွတ်လပ်စွာ တွေးခေါ်ရေးလမ်းစများကို တီထွင်နေချိန်ဝယ် လူများစုမှာကား အယူသည်းမှု မိုးမှောင်အောက်ဝယ် စမ်းတဝါးဝါးသာ ရှိပေ၏။ နတ်ဘုရားများအား နှစ်နှစ်ခြိုက်ခြိုက် ကိုးကွယ်လျက်ပင် ရှိပေ၏။ ထိုနတ်ဘုရားများကိုထိခိုက်လျှင် လုံးဝ မခံမရပ်နိုင်ပဲ ဒေါသအမျက် ချောင်းချောင်းထွက်လေ့ ရှိကြသည်။ ဤကိစ္စမျိုးကို အေသင်၌တွေ့ကြုံကြရသည်။

အနာဆေဂိုရပ်စစ် အမည်ရှိသော ပညာရှင်က နတ်ဘုရားများသည် လူတို့၏ ဂိတ်ကူးစိတ်သန်းမျှသာ ဖြစ်ကြောင်း၊ နေသည် မီးတောက်နေသော ရုပ်ဒြပ်အစုသာ ဖြစ်ကြောင်းဖြင့် ဟောပြောလေသည်။ (ထိုခေတ်က ခေါမတို့သည် နေကိုဘုရားအဖြစ် နံနက်တိုင်း ညနေတိုင်း ရှိခိုးလေ့ရှိကြသည်) သူသည် သူ၏မိတ်ဆွေဖြစ်သော နိုင်ငံတော်အဓိပတိပရိကလီးစ်၏ ကယ်တင်မှုကြောင့် လူများစု၏ သတ်ဖြတ်ခြင်းကို မခံရသော်လည်း အေသင်မှ ထွက်ပြေးခဲ့ရလေသည်။

ပရိုတာဂိုးရပ်စ်အမည်ရှိ တွေးခေါ်ပညာရှင်မှာလည်း ထိုနည်းအတူပင်ဖြစ်၏။ သူသည် (ဘုရားများအကြောင်း) အမည်ဖြင့် စာအုပ်တအုပ်ထုတ်ဝေရာ ယင်းစာအုပ်၏ ပထမစာသားများမှာ ဤသို့ဖြစ်၏။ ဘုရားများရှိသည်ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း ကျွန်ုပ်မပြောနိုင်ပါ။ ဤသို့ မသိနိုင်ရန်လည်း အကြောင်းများစွာရှိပါသည်။ အကြောင်းအရာ ကိုယ်တိုင်က မှုန်မှွားလှပြီး လူ့သက်တမ်းကလည်း တိုတောင်းလှပါသည်။ သူ့အားလည်း လူများစုက မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲကြ

သဖြင့် အေသင်မှ ထွက်ပြေးခဲ့ရသည်။ သူ၏ စာအုပ်များကို လူများစုက မီးရှို့ဖျက်ဆီးပစ်ကြလေသည်။

အေသင်မှ ကမ္ဘာကျော် ပညာရှင်တဦး (သို့မဟုတ်) လွတ်လပ်စွာ တွေးခေါ်ရေးသမားတဦးကား (ဆိုကရေးတီးစ်) ဖြစ်ပေ၏။ သူ၏အကြောင်းကို လူသိများလှသဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသားရန်မလိုပေ။ အချုပ်အားဖြင့်ကား သူ၏လွတ်လပ်စွာ ဟောမှုများကြောင့် လူများစုက သူ့အားရုံးတင်စစ်ဆေးပြီးနောက် သေဒဏ်ချမှတ်ခဲ့လေသည်။သူသည်သေဒဏ်ကိုတည်ငြိမ်အေးဆေးစွာ ခံယူသွားပေ၏။ တရားရုံးတွင် သူ၏ခုခံချေပပုံများကို သူ၏တပည့်ရင်း ယထာဘူတပညာကျော် ပလေတိုက (ဆိုကရေးတီးစ်၏ ထုချေလွှာ)အမည်ရှိ ကျမ်းတွင်ဖော်ပြခဲ့လေသည်။ ယင်းထုချေလွှာမှ အရေးကြီးသော အချက် (၂)ခုမှာ အောက်ပါအတိုင်းဖြစ်လေ၏။ (၁) လူတဦးသည် မိမိက မှားယွင်းသည်ဟု ယုံကြည်သောအရာတခုကို လက်ခံရန် မည်သည့်အခြေအနေမဆို ငြင်းပယ်သင့်သည်။ (၂)လူတို့သည် မည်သည့်ကိစ္စမဆို လွတ်လပ်စွာငြင်းခုံဆွေးနွေး၍ အဖြေရှာကြသင့်သည်။

ခေါမနိုင်ငံများတွင် လွတ်လစ်စွာ ကြံတွေးရှာဖွေကြသောကြောင့် အမျိုးမျိုးသော အယူအမြင်များ ပေါ်ထွန်းခဲ့၏။ ဆိုကရေးတီးစ်၏နောက်ပိုင်းတွင် ပလေတို၊ အရစ္စတော်တယ်၊ အက်ပီကူးရပ်စ် စသော ပညာရှင်များ၊စတိုအစ်ဝါဒီများ၊ဆက်ပတစ်ဝါဒီများပေါ်ထွန်းခဲ့၏။ (မှတ်ချက်။ ။စတိုးအစ်နှင့် ဆက်ပတစ်စသော ဝေါဟာရများကို မြန်မာမပြန်ပဲ မူရင်းအတိုင်းသုံးလိုက်ပါသည်။ အဆိုပါဝါဒအားလုံး၏ ရည်ရွယ်ချက်မှာ လူ၏စိတ်ဝိညာဉ်ငြိမ်းချမ်းမှု ရရှိရေးပင် ဖြစ်ပါသည်။) အက်ပီ

ကူးရပ်စ်မှာကား အနန္တမြူဝါဒကိုယုံကြည်သော ရုပ်ဝါဒီတဦး ဖြစ်၏။ သို့ရာတွင် သူသည် နတ်ဘုရား၏တည်ရှိမှုကို မငြင်း ဆိုခဲ့ပေ။

ဤအယူဝါဒများသည် ခေါမမှတဆင့် ရောမပြည်သို့လည်း ပြန့်ပွားကူးစက်သွား၏။ ရောမ ကဗျာဆရာ လူခရက်ရှပ်စ်က သူ၏ ဂန္ထဝင်ဖြစ်သော (ကမ္ဘာ၏သဘာဝအကြောင်း) ကဗျာ ကြီးကိုရေးသားပြီး ဘာသာရေးကို ပြင်းထန်သော စကားလုံး များဖြင့် ပုတ်ခတ်ခဲ့လေသည်၊ ရောမသမ္မတနိုင်ငံခေတ်နှင့် ရောမ အင်ပိုင်ယာခေတ် စောစောပိုင်းတို့တွင် လွတ်လပ်စွာ တွေး ခေါ်ခွင့် ရှိပေသည်။ ထိုခေတ်က များသောအားဖြင့် ပညာရှိ တို့သည် ဘာသာရေးကို အယုံအကြည်မရှိသူများသာ ဖြစ်ကြ သည်။ ထိုခေတ်က အခြား ထင်ရှားသူတဦးမှာ ရောမသမိုင်း ဆရာ လူရှန်ဖြစ်ပြီး သူသည်လည်း နတ်ဘုရားများကို ပြက်ရယ် သမှု ပြုခဲ့လေ၏။

ရောမ ဘုရင်များအနေဖြင့် ဘာသာရေးနှင့် ပတ်သက်၍ လွတ်လပ်စွာ တွေးခေါ်ခြင်းကို မပိတ်ပင်ကြချေ။ ရောမဘုရင် တိုက်ဘာရီယပ်စ်က "နတ်ဘုရားများကို အစော်ကားခံရသည် ဆိုလျှင် ထိုကိစ္စကို ၎င်းတို့ကိုယ်တိုင် ဖြေရှင်းပါစေ" ဟု ဆိုခဲ့ လေသည်။

သို့ရာတွင် နောက်ပိုင်း၌ ရောမဘုရင်တို့သည် ခရစ်ယာန်တို့ အား မယုံသင်္ကာ မျက်စိဖြင့် ကြည့်လာကြ၏။ ဘုရင်ဒိုမီရှန် သည် ခရစ်ယာန်ဘာသာကို ရောမ၌မပြန့်ပွားအောင် ကြိုးစား ခဲ့၏။ ထရေဂျန် နန်းတက်သောအခါတွင်ကား ခရစ်ယာန်ဟုဆိုသူ များကို သေဒဏ်အပြစ်ပေးနိုင်သော အမိန့်တရပ်ကို ပြဋ္ဌာန်းခဲ့

လေသည်၊ သို့ရာတွင် လက်တွေ့ကား ဖိနှိပ် ချုပ်ချယ်မှုများ မပြုခဲ့ပေ။ ခရစ်ယာန်များ ကံဆိုးမိုးမှောင်ကျသော အချိန်မှာကား ဒိုင်အိုကလက်ရှန်ဘုရင် နန်းစံချိန်ပင်တည်း။ သူသည် ခရစ်ယာန်များကို ဖမ်းဆီးခြင်း၊ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်းတို့ကို အကြီးအကျယ် လုပ်တော့၏။ ခရစ်ယာန်ပေါင်း များစွာ အသက်စွန့်လွှတ်ကြရလေသည်။သို့ရာတွင်ထိုအချိန်၌ ခရစ်ယာန်ဘာသာဝင်များမှာ များပြားလှပြီဖြစ်၍ နှိမ်နင်း၍ မရချေ။

ဤရာဇဝင်ကြောင်းမှာ ရှည်လျားလှသဖြင့် အပြည့်အစုံ ဖော်ပြရန် မဖြစ်နိုင်ပေ။ အချုပ်အားဖြင့်ကား ခရစ်ယာန်များသည် ဖိစီးနှိပ်စက်မှုကို နှစ်ရှည်လများ ခံစားကြရပြီး နောက်ဆုံးတွင် အောင်ပွဲရရှိလေသည်။ ယင်းအောင်ပွဲကား အခြား မဟုတ်။ ခရစ်နှစ် (၃၁၃)ခုနှစ်တွင် ဘုရင် ကွန်စတန်တိုင်က (မီလန်ကြေငြာချက်)ကို ထုတ်ပြန်၍ ခရစ်ယာန်ဝါဒအား အတိအလင်း ခံယူလိုက်ခြင်းပင်တည်း။

ဤကိစ္စနှင့် ပတ်သက်၍ ပါမောက္ခဘာရီက အောက်ပါ အတိုင်း ရေးသားထား၏။

"ဆယ်နှစ်ခန့်ကြာသောအခါမဟာကွန်စတန်တိုင်ဘုရင်ကြီးသည် ခရစ်ယာန်ဘာသာကို ခံယူလိုက်၏။ ဤသို့ ခံယူလိုက်ခြင်း-သည် ဆင်ခြင်တုံတရားအား ထောင်သွင်းအကျဉ်းထားသော၊ အတွေးအခေါ်အား ကျွန်ပြုသော၊ အသိဉာဏ်၏တိုးတက်မှုမရှိသော ခေတ်ကို အစပျိုးလိုက်ခြင်းပင် ဖြစ်ချေသည်"

အဘယ့်ကြောင့် ဤသို့ ရေးရပါသနည်း။အနည်းငယ်ရှင်းပြရန် လိုအပ်ပါသည်။

ဖော်ပြခဲ့သည့်အတိုင်းခရစ်ယာန်များသည် နှိပ်စက်ညှဉ်းပန်းခြင်းကို ခံခဲ့ကြရ၏။ သို့ရာတွင် ကွန်စတန်တိုင် ဘုရင်က ခရစ်ယာန်ဘာသာကို ခံယူလိုက်သောအခါတွင်ကား ခရစ်ယာန်ဘာသာသည် နိုင်ငံတော်ဘာသာ ဖြစ်လာ၏။ တန်ခိုးအာဏာရှိလာ၏။အပေါ်စီးရလာ၏။ထိုအခါ ခရစ်ယာန်တို့သည် မိမိတို့ အဖိနှိပ်ခံခဲ့ရသော အတိတ်ကို မေ့သွားကြပြီး အခြားအယူဝါဒများအပေါ် ဖိနှိပ်လာကြ၏။ လွတ်လပ်စွာ တွေးခေါ်မှုကို ချုပ်ချယ်လာကြ၏။ ခရစ်ယာန် မဟုတ်သူများအား ညှဉ်းပန်းကြ၏။ ခရစ်ယာန်ဘာသာ၏ အမှားအယွင်းများကို ဖော်ထုတ်သူများအား ဖမ်းဆီးကြ၏။ နှိပ်စက်ညှဉ်းပန်းကြ၏။ ကားစင်တင်၍ သတ်ကြ၏။ မီးရှို့၍သတ်ကြ၏။ အဆိုးဆုံးကား ပုပ်ရဟန်းမင်းကြီးက ဦးစီး၍ (အင်ကွီဇစ်ရှင်း)ခေါ် ဘာသာရေးရုံးများဖွဲ့ပြီးလျှင် သံသယရှိသူများအား စစ်ဆေးပြီး အပြစ်ပေးခြင်းဖြစ်၏။ ဤအကြောင်းအရာတို့ကို အကျယ်သိလိုပါက ပါမောက္ခဘာရီရေးသားသောစာအုပ်(စာအုပ်စာရင်းတွင် ဖော်ပြထားပါသည်)တွင် လေ့လာကြစေလိုပါသည်။

အလယ်ခေတ်၏ ဤအမိုက်မှောင်ကို ပယ်ဖျောက်၍ အသိဉာဏ်ရှာဖွေရေးလမ်းစကို (၁၃)ရာစုခေတ်တွင် အီတလီပြည်မှ ပညာရှင်တို့က စတင်လမ်းပြခဲ့ကြ၏၊ ဤခေတ်ကို အသိဉာဏ်ခေတ်ဆန်းချိန် (RENAISSANCE) ဟု သမိုင်းဆရာတို့ခေါ်ဆိုကြလေသည်။ ဤခေတ်ဆန်းချိန်၏ လမ်းညွှန်ကား ရှေးခေတ်ခေါ်မနှင့် ရောမစာပေများပင် ဖြစ်ပေသည်။ ပညာရှင်တို့သည် တိမ်မြုပ်နေသော ယင်းစာပေတို့ကို ပြန်လည် လေ့လာခြင်း

၂၈၀၆

အားဖြင့် အသိအမြင်သစ်များ ရရှိလာပြီး တီထွင်ကြံဆလိုသော စိတ်ကူးစိတ်သန်းများ ကွန့်မြူးပေါ်ထွန်းခဲ့လေသည်။

အလယ်ခေတ်က ရှေးရိုးရှေးစဉ်အတိုင်း လက်တင်ဘာသာကို မသုံးစွဲပဲ မိမိ၏ အမျိုးသား ဘာသာဖြစ်သော အီတလီဘာသာဖြင့် (ဘုံခန်းပျို့) ခေါ် ကဗျာရှည်ကြီးကို ရေးသားခဲ့သည့် ဒန်တီသည် ရီနေဆန့်၏ ရှေ့ဆောင်ဖြစ်သည်ဟု ဆိုကြသည်။ ခေါမ ရောမ ဂန္ထဝင်စာပေများကို ပြန်လည်လေ့လာရန် နှိုးဆွခဲ့သူကား ပီတရာ့ချ် ဖြစ်လေသည်။ ဘိုကေးရှိုးသည်လည်း ရှေးစာပေများကို ထုတ်ဖော်ရှာဖွေ ထင်ရှားသည်။ နီကိုလိုဒီနီကိုလီဆိုသူသည် ရှေးလက်ရေးစာမူပေါင်း (၈၀၀)ခန့်ကို ရှာဖွေစုဆောင်းခဲ့သည်။

ရီနေဆန့်ခေတ်တွင် စာပေသာမက ပန်းချီ ပန်းပု စသော အတတ်ပညာများလည်း ဖူးပွင့်ဝေဆာလှပေသည်။ နီကိုလပ်စ်၊ ဂျွန်၊ အင်ဒရူး၊ ဂျိုက်တို၊ ဂါလန်ဒိုင်၊ မါရူဂင်နို၊ အယ်လဘက်တီ၊ ဘရမ်းနဲလ်ချီဘာနီနီ၊ ရဖိလ်၊ လီယိုနာဒိုဒါဗင်ဆီ၊ မိုက်ကယ်အင်ဂျယ်လို၊ ဆာတို၊ ဂီဘာတီ၊ ဒိုနိတ်တဲလို၊ ရိုဘီယာ၊ ဖရာလစ်ပိုလစ်ပီ စသော များစွာသော ပညာရှင်တို့၏ ပန်းချီ ပန်းပု အနုသုခုမပညာ လက်ရာများမှာ ယနေ့ထက်တိုင်ပင်ကမ္ဘာက အံ့သြရပေသည်။

ရီနေဆန့်ခေတ်သည် အလယ်ခေတ်၏ လွှမ်းမိုး ချုပ်ချယ်မှုများ (အထူးသဖြင့် ပုပ်ရဟန်းမင်းကြီး၏ ဖိနှိပ်မှုများ) ကို တော်လှန်သူ ဂျာမန်လူမျိုး မာတင်လူသာအတွက် လမ်းခင်းပေးသကဲ့သို့ဖြစ်၏။ မာတင်လူသာ၏အရင် အင်္ဂလန်ပြည်မှ ဂျွန်ဝိုင်ကလစ်ဖ်၊ ဘိုဟီးမီးယားခေါ် ဟန်ဂေရီပြည်မှ ဂျွန်ဟပ်စ်

တို့သည် ခရစ်ယာန် ကျောင်းတော်အား တော်လှန်ခဲ့ကြ၏။ မာတင်လူသာသည် ပုပ်ရဟန်းမင်းကြီးနှင့် ခရစ်ယာန်ကျောင်းတော်၏ ဖိစီးနှိပ်စက်မှုများ၊ ခရစ်ယာန် ရဟန်းတို့၏အကျင့်ပျက်မှုများကို ထုတ်ဖော် တိုက်ခိုက်ပြီး ကန့်ကွက်သူများ (PROTESTANTS) အမည်ဖြင့် ဂိုဏ်းတခု သီးခြားထောင်ခဲ့လေသည်။ ထိုအချိန်က အပြည်ပြည်မှာပင် ပုပ်ရဟန်း၏နောက်လိုက်များနှင့် လူသာ၏နောက်လိုက်များ ပဋိပက္ခ ဖြစ်ပွားကြ၏။ သွေးထွက်သံယို ဖြစ်ကြ၏၊ သတ်ဖြတ်ကြ၏။

မာတင် လူသားနှင့် မရှေးမနှောင်း လိုလိုပင် ခရစ်ယာန်ကျောင်းတော်ကို တော်လှန်ကြသူများကား ဟော်လန်မှအီရက်စမတ်၊ ပြင်သစ်မှ လူဖက်ဗရီ၊ ဆွစ်ဇာလန်မှ ဇွင်ဂလီ၊အင်္ဂလန်မှ ဂျွန်ကိုးလက်၊ ဂျီနီဗာမှ ဂျွန်ကယ်လဗင် စသူတို့ဖြစ်၏။

လူသားတို့သည် ဤကဲ့သို့ ဖိနှိပ်မှုများကို ခံခဲ့ရပြီးနောက် (၁၇) ရာစုခေတ်နှင့် (၁၈)ရာစု ခေတ်များတွင် ပြင်းထန်စွာလူးလွန့် လှုပ်ရှားလာလေသည်။ ထိုအချိန်မှာပင် ဆင်ခြင်တုံဝါဒသည်လည်း ပေါ်ထွန်းခဲ့သည်။ဆင်ခြင်တုံဝါဒ၏ အလိုအရမည်သည့်အယူမဆို မည်သည့်ကျမ်းစာမဆို ဆင်ခြင်တုံတရားပေါ်တွင် ချိန်ထိုးကြည့်ပြီး သဘာဝတ္တကျမှ လက်ခံရမည်ဖြစ်လေသည်။ဤဝါဒကို ရှေ့ဆောင်ဦးစီးပြုသူမှာကား အင်္ဂလိပ်လူမျိုး ဟော့ဘ်စ်၊ ပြင်သစ်အဘိဓမ္မာဆရာ ဂါဆင်ဒီ၊ ယဟူဒီလူမျိုး စပင်နိုဇာ၊ အင်္ဂလိပ်ပညာရှင် ဂျွန်လော့၊ အိုင်ယာလန်လူမျိုး တိုးလန်းဒ်၊ ပြင်းသစ်လူမျိုး ဘေးလ်၊ အင်သော်နီကောလင်းစ်၊ သောမတ်စ်ပူးလ်စ်တန်၊ မက်သယူးတင်းဒဲလ်တို့ဖြစ်ကြ၍ ၎င်းတို့သည် လွတ်လပ်စွာ တွေးခေါ်ရေးအတွက် ရှေ့နေ

လိုက် ရေးသားကြပြီး ဘာသာရေး၏ သဘာဝ မကျသော အမှားအယွင်းများကို ဖော်ထုတ်ခဲ့ကြလေသည်။ ထိုအခါမှ စတင်၍ မျက်မှောက်ခေတ် သိပ္ပံပညာနှင့် အတွေးအခေါ် သမိုင်း လမ်းကြောင်းကြီး စတင် ခဲ့သည်ဟု ဆိုလို ပါသည်။ ဒေါက်တာ ကွန်းနင့်က "မျက်မှောက်ခေတ် သိပ္ပံပညာသည် ၁၇၀၀ခုနှစ် လောက်တွင် မတ်တပ်ရပ်နိုင်၍ စကားပြောနိုင်ပြီး ၁၈၀၀ ခုနှစ်လောက်တွင် လူကြီးဘဝသို့ စတင်ရောက်ခဲ့သည်" ဟု ဆိုပါသည်။ ဤခုနှစ်များမှာ အထက်တွင် ဖော်ပြခဲ့သည့် (၁၇) ရာစုနှင့် (၁၈)ရာစု စပ်ကူးမတ်ကူး ကာလပင် ဖြစ်ပါသည်။ (၁၈)ရာစုခေတ်မှ ယနေ့တိုင်အောင်ကား ယေဘုယျအားဖြင့် လွတ်လပ်စွာတွေးခေါ် မြော်မြင်မှုကို ဖိနှိပ် ချုပ်ချယ်မှု မရှိသလောက်ပင် ဖြစ်ပါသည်။

ဤအခန်းအစတွင် မျက်မှောက်ခေတ် လူသား၏ စိတ်ကူး စိတ်သန်းများကို သိရှိရန်အတွက် သူဖြတ်သန်း ကျော်လွှားခဲ့ရသော အတိတ်ခရီးကို ပြန်လည်လေ့လာဖို့ လိုအပ်ကြောင်း ရေးသားခဲ့ပါသည်။ထို့နောက် အဆိုပါအတိတ်ခရီးကို အကြမ်းအားဖြင့်လည်းကောင်း၊ အကျဉ်းအားဖြင့်လည်းကောင်း၊ ပြန်လည် သုံးသပ်ခဲ့ပါသည်။ ဤသုံးသပ်ချက်ကို တနည်းအားဖြင့် "လူ၏ တွေးခေါ်မှုသမိုင်းအကျဉ်းချုပ်"ဟုလည်းဆိုနိုင်ပါသည်။ ဤသမိုင်းစဉ်သည်မပြည့်စုံသေးသော်လည်း လိုအပ်သောအချက်အလက်တို့ကား ပါဝင်မည်ဟု ယူဆပါသည်။

ဤသမိုင်းစဉ်ကို ကြည့်ခြင်းအားဖြင့် အောက်ပါ အချက် (၃)ခုမှာ အလိုလိုပင် ထင်ရှားလာပါသည်။ ၎င်းတို့မှာ—

(၁)သဘာဝမကျသော (ဘာသာရေး) အယူအစွဲ အမျိုး

မျိုးတို့သည် လူ၏ အသိဥာဏ် ရှာဖွေမှုကို ပိတ်ပင် ဆီးတားခဲ့သည်။ ချုပ်ချယ်ခဲ့သည်။

(၂)အသိဥာဏ်ရင့်သန်၍ အမှန်တရားကို လိုလား ရှာဖွေလေ့ရှိကြသော ပညာရှင်တို့သည် မည်သည့်အယူ အစွဲမျှမထားပဲ လွတ်လပ်စွာ တွေးကြံ ရေးသား ပြောဆိုခဲ့ကြသည်။

(၃)အသိဥာဏ်၏ တိုးတက်မှု လမ်းကြောင်းကို ပိတ်ဆို့လေ့ရှိသော ပုံစံအမျိုးမျိုးရှိသည့် (ဘာသာရေး) တို့ကို ပညာရှင်တို့က ပြစ်တင် ရှုတ်ချခဲ့ကြသည်။

၎င်းအပြင်(၁၇)ရာစုမှ စတင်၍ ထွန်းကားတိုးတက်ခဲ့သော သိပ္ပံပညာသည် လူတို့၏ ရိုးရာ ယုံကြည် နားလည်မှုများကို အုတ်မြစ်မှလှန်၍ ပစ်ခဲ့သည်။ မည်သည့်အခါမှ မမှားယွင်းနိုင်ဟု ထင်ခဲ့ကြသော ဘုရားဟော မုက္ခပါဠိကျမ်းစာတို့၏ အချည်းနှီးဖြစ်မှုများလည်း ဆင်ခြင်တုံဝါဒ၏ မှတ်ကျောက်ဝယ် ထင်ရှားလာလေသည်။

သိပ္ပံပညာ၏ ရှာဖွေတွေ့ရှိချက်များသည် ရိုးရာဘာသာရေးတို့၏ သင်ကြားချက်များနှင့် ဖီလာကန့်လန့်ပင် ဖြစ်သည်။ ဤမျှမက သိပ္ပံပညာရှင်များ၊ ယထာဘူတပညာရှင်များ၊ ဆင်ခြင်တုံဝါဒသမားများ။၊စာရေးဆရာများ၊ ဥပဒေပညာရှင်များ၊ သမိုင်းဆရာများစသော ပုဂ္ဂိုလ်အများစုတို့၏ အရေးအသားအဆိုအမိန့်များသည်လည်း တယူသန်ဖြစ်သော၊ သည်းမခံတတ်သော၊ ငါတကော ကောလိုသော၊ အထင် အမြင်သေးတတ်သော၊ ရန်လိုသော ဘာသာရေး အယူအစွဲ မှန်သမျှကို ပြင်းထန်စွာ ရေရွတ် ရှုတ်ချခဲ့ကြသည်။

ဤအချက်များသည် မျက်မှောက်ခေတ် လူသား၏စိတ်ခေတ်

ကို ဖန်တီးပုံသွင်းပေးရာ၌ ဩဇာညောင်းသော အခြေခံများ ဖြစ်ပါသည်။ ဤသမိုင်း လမ်းကြောင်းကို နောက်ခံထား၍ ဤပတ်ဝန်းကျင်နှင့် ဤအရိပ်အာဝါသအောက်ဝယ်ကြီးပြင်းခဲ့ ရသော မျက်မှောက်ခေတ် လူသားသည်....

(၁) ယေဘုယျအားဖြင့် ဘာသာရေးကို အထင်အမြင် သေးသည်။

(၂) အဓိကအားဖြင့် သိပ္ပံပညာကို အားကိုးအားထား ပြုသည်။

(၃) မည်သည့် အချက်ကိုမဆို ဆင်ခြင်တုံမှတ်ကျောက် ပေါ်တွင် တင်ကြည့်ပြီးမှန်ကန်ကြောင်းတွေ့ရမှ လက်ခံလိုသည်။

(၄) မည်သည့်အသိအမြင်တွင်မှ ထာဝစဉ် အခြေမစိုက်လို ပဲ အမြဲရှာဖွေစူးစမ်းနေလိုသည်။ အဟောင်းကို စွန့်ပယ်၍ အသစ်ကို ကြိုဆိုရန် အချိန်မရွေး အဆင်သင့် ဖြစ်နေလိုသည်။ အနာဂတ်သို့ ရွေ့လျားနေလိုသည်။

အချုပ်အားဖြင့် ဆိုရလျှင် မျက်မှောက်ခေတ် လူသားတွင် အတိတ်အား မုန်းတီးအထင်သေးသော စိတ်ဓာတ်သည် ပြင်း ထန်လှချေသည်။

မျက်မှောက်ခေတ် လူသား၏ စိတ်ဓာတ်ကို လေ့လာပြီး နောက် ဗုဒ္ဓဝါဒအကြောင်းကို အနည်းငယ်ရေးသားရန် လိုပေ သည်။ ဗုဒ္ဓဝါဒနှင့် ပတ်သက်၍ အဓိကအားဖြင့် အမြင်နှစ်မျိုးရှိ သည်ကို တွေ့ရသည်။ ၎င်းတို့ကား....

(၁) ဗုဒ္ဓဝါဒ (အများအခေါ် ဗုဒ္ဓဘာသာ)သည် အခြား ဘာသာများကဲ့သို့ လူသား၏အသိဉာဏ် တိုးတက်မှုကို တား

ဆီးပိတ်ဆို့လေ့ရှိသော သဘာဝမကျသည့် ရှေးဟောင်းအယူအစွဲများသာ ဖြစ်သည်ဆိုသောအမြင်။

(၂) ဗုဒ္ဓဝါဒသည် သိပ္ပံနည်းကျဖြစ်၍ဗုဒ္ဓဝါဒ၏သင်ကြားချက် မှန်သမျှကို သိပ္ပံပညာနှင့် ကိုက်ညီကြောင်း သက်သေပြနိုင်သည်ဆိုသောအမြင်။

အထက်ပါ အမြင်နှစ်မျိုးလုံးသည်ဗုဒ္ဓဝါဒအား မှားယွင်းစွာဖော်ပြခြင်းသာဖြစ်ပေသည်။ ဗုဒ္ဓဝါဒသည် အခြားဘာသာများနှင့် မတူသကဲ့သို့ပင် သိပ္ပံပညာနှင့်လည်း အရာရာတွင် ထပ်တူထပ်မျှရှိသည် မဟုတ်ချေ။ ဗုဒ္ဓဝါဒကို သိပ္ပံပညာနှင့် ကိုက်ညီကြောင်း လိုရာဆွဲ၍ ရေးသား ပြောဆိုမှုများသည် ဗုဒ္ဓဝါဒကိုရော သိပ္ပံပညာကိုပါ ရုပ်ပျက်ဆင်းပျက်ဖြစ်စေပေသည်။

ဘာသာရေးဟူသည် စိတ်ကို စူးစမ်းတတ်သော အတတ်ဖြစ်၏။ သိပ္ပံပညာဟူသည် ရုပ်ကို စူးစမ်းတတ်သော အတတ်ဖြစ်၏။ ထို့ကြောင့် ၎င်းတို့အနက် တခု၏ မှန်ကန်မှုကို အခြားတခု၏ထောက်ခံမှုဖြင့် တည်ဆောက်ရန် ဖြစ်နိုင်မည်မဟုတ်ပေ။ ဒေါက်တာအိုင်စတိုင်းက "ဘာသာရေး မပါသော သိပ္ပံပညာသည် အကန်းနှင့်တူ၏။ သိပ္ပံပညာမပါသော ဘာသာရေးသည် အကျိုးနှင့်တူ၏"ဟု ပြောဆိုခဲ့ခြင်းမှာ ၎င်းနှစ်ခု ထပ်တူထပ်မျှဖြစ်ရမည်ဟူ၍ ဆိုလိုသည် မဟုတ်ပဲ တခုနှင့်တခု ကျေးဇူးပြုရမည်ဟု ဆိုလိုခြင်းသာ ဖြစ်ပေသည်။ မည်သည့် အချိန် မဆို ဘာသာရေးသည် ဘာသာရေးသာ ဖြစ်၍ သိပ္ပံပညာသည် သိပ္ပံပညာသာ ဖြစ်ပေသည်။

ဗုဒ္ဓဝါဒကို တဖက်သတ် အထင် သေးကြသူများကား များသောအားဖြင့် ခေတ်ပညာတတ် အမည်ခံ လူငယ်များသာ

ဖြစ်ကြ၏။ သူတို့သည် သိပ္ပံပညာကို အလွန်မတန် အထင်အမြင်ကြီးသူများ ဖြစ်ကြသော်လည်း သိပ္ပံပညာ၏ အကန့်အသတ်ရှိပုံများကိုမူ မသိမမြင်ကြချေ။ လောကနှင့်လည်းကောင်း၊ စကြဝဠာနှင့်လည်းကောင်း ပတ်သက်၍ စပ်ယှက်သမျှသော ပြဿနာ အားလုံးကို သိပ္ပံပညာကဖြေရှင်းနိုင်လိမ့်မည်ဟု သူတို့က မျှော်လင့်ကြလေသည်။ ထို့ကြောင့် သိပ္ပံပညာနှင့် ကိုက်ညီသောအရာများကို ယုံကြည်မှု၊ ပြောဆိုမှု၊ ရေးသားမှု ခေတ်မီသည်၊ တိုးတက်သည်ဟု သူတို့က ထင်ကြလေသည်။ သိပ္ပံပညာရှင်တို့မလေ့လာ မစူးစမ်းပဲထားသော ဘာသာတရားနှင့်တကွ အခြားရှေးအစဉ်အလာ ဝါဒများကိုကား ၎င်းတို့က ပစ်ပယ် ရှုတ်ချကြပြီး မိမိကိုယ်ကို မိမိ ဘာမှန်းမသိသော ယောင်ဝါးဝါး ရုပ်ဝါဒသမားများ ဖြစ်လာကြလေသည်။

စင်စစ် ဗုဒ္ဓ၏ ဟောပြောချက်များကို 'ဝါဒ'ဟု ခေါ်သည်ဖြစ်စေ၊ 'ဘာသာတရား'ဟု ခေါ်သည်ဖြစ်စေ၊ 'သင်ကြားချက်' ဟု ခေါ်သည်ဖြစ်စေ၊ ဤကိစ္စမှာ အရေးမကြီးလှပေ၊ အရေးကြီးသည်မှာ ဗုဒ္ဓဝါဒ၏ အနှစ်သာရများနှင့်အခြားဘာသာများနှင့် ခြားနားပုံကို လေ့လာရန်ဖြစ်ပေသည်။ ကမ္ဘာ့ ဘာသာကြီးတို့တွင် အဓိကအားဖြင့် အောက်ပါအချက်ကြီး(၂)ချက်ကို အခြေခံရာ၌ တူညီကြပေသည်။

(၁) သက်ရှိသက်မဲ့အားလုံးအနန္တတန်ခိုးတော်ရှင်ထာဝရဘုရားသခင်က ဖန်ဆင်းတော်မူခဲ့သည်။ ယခုလည်း သက်ရှိသက်မဲ့ အားလုံးအား ဘုရားသခင်ကပင် ထိန်းသိမ်းထားပြီး နောင်အနာဂတ်ကာလ၏ အချိန်တချိန်တွင် ၎င်းဘုရားသခင်ကပင် အားလုံးကို ဖျက်ဆီးပစ်ပေလိမ့်မည်။

(၂) ထာဝရဘုရားသခင်က လူသားတို့၏ အကျိုးစီးပွား အလို့ငှာ ၎င်း၏ တမန်တော်များမှ တဆင့် ၎င်း၏ နှုတ်ထွက် ကျမ်းစာများကို ပေးသနားတော်မူခဲ့သည်။ ထိုကျမ်းစာပါ အချက်အလက်များသည် ထာဝရဘုရား၏ စကားတော်များ ဖြစ်သဖြင့် မည်သည့်အချိန်အခါမျှမမှားပဲ ထာဝရမှန်ကန်သည့် သစ္စာများဖြစ်ကြသည်။

ဗုဒ္ဓဝါဒတွင် ထာဝရဘုရားဟူ၍ လည်းကောင်း၊ အမြဲမှန် သည့် ကျမ်းစာဟူ၍ လည်းကောင်း၊ တမန်တော်ဟူ၍ လည်း ကောင်း မရှိပေ။ အဆိုပါ အချက်များကို ဗုဒ္ဓကိုယ်တော်တိုင်က လက်မခံခဲ့ပေ။ ဤအချက်တွင် ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာတို့မှာ ထပ်တူထပ်မျှ ဖြစ်ကြပါသည်။

၎င်းပြင် ဗုဒ္ဓဝါဒသည် ခွဲခြမ်းဝေဖန်မှုကို အခြေပြုသော ဝါဒ ဖြစ်ပေသည်။ ဗုဒ္ဓအား တခါတွင် ပုရိဗိုဇ်တဦးက "အသင်၏ ဝါဒသည် အဘယ်ကဲ့သို့သော ဝါဒဖြစ်ပါသနည်း" ဟု မေးမြန်းရာ ဗုဒ္ဓက "ငါ၏ဝါဒသည် ဝိဘဇ္ဇဝါဒ ဖြစ်သည်" ဟု အဖြေပေးခဲ့သည်။ အဓိပ္ပာယ်မှာ အမှန်တရားကို သိမြင်နိုင် ရန်အတွက် စိစစ် ဝေဖန်ရသော ဝါဒ ဟူ၍ ဆိုလိုပါသည်။

ဗုဒ္ဓသည် စိစစ် ဝေဖန်၍ အမှန်တရား ရှာကြံရေးကို အား ပေးတော်မူကြောင်း (ကာလာမသုတ်)အရ ထင်ရှားပေသည်။ ယင်းသုတ်တွင် ဗုဒ္ဓက ကာလာမ အမျိုးသားတို့အား ယုံကြည်မှု ဆိုင်ရာ ကိစ္စရပ်များကိုဆုံးဖြတ်ရန် မှတ်ကျောက်များကို ဟော ကြားခဲ့လေသည်။

ဂုဏ်းပြင်–

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော။

သုဘာသိတာစ ယာဝါစာ၊ ဧတံမင်္ဂလမုတ္တမံ။ ။ဟူ၍ မင်္ဂလာ တရားတော်၌ ဗုဒ္ဓက ဟောကြားခဲ့ခြင်း မှာလည်း အသိဉာဏ် တိုးတက် ရှာဖွေမှုကို အားပေးကြောင်း ရှင်းလင်း ပြတ်သားလှသည့် သာဓကတရပ်ပင် ဖြစ်ချေသည်။

"ဗုဒ္ဓဝါဒသည် ကမ္ဘာက နားလည်ထားသော ဘာသာ ရေးမျိုး မဟုတ်ပေ။ အဘယ့်ကြောင့်ဟူမူ ယင်းသည် ယုံကြည် မှုနှင့် ကိုးကွယ်မှု စနစ်တရပ် မဟုတ်သောကြောင့်ပင်။ ဘုရား အား ကိုးကွယ်ပါ၏ဟု ဆိုကြခြင်းမှာလည်း ကောင်းသော ဘဝ ထူထောင်ရန် အဓိဋ္ဌာန်ပြုခြင်းမျှသာ ဖြစ်၍ ဘုရားက ကျွန်ုပ်တို့အား ကယ်တင်နိုင်သည်ဟု အကန်း ယုံကြည်ခြင်းမျိုး မဟုတ်ပေ။ ဤနေရာ၌ အကန်းယုံကြည်မှုကို ပယ်၍ အမှန်သိမှု ပေါ်တွင် အခြေခံသော ယုံကြည်ချက်ကို နေရာပေးပေသည်။"

**(ဦးသေဋ္ဌိလ)**

"ဗုဒ္ဓဝါဒကို ဘာသာရေးဟု ဆိုမည်ထက် စိတ်ပိုင်း အဘိဓမ္မာတရပ်ဟု သာ၍ ဆိုသင့်ပေ၏။ ဘဝအား ၎င်း၏ ရှုမြင်ပုံများသည် မျက်မှောက်ခေတ် သိပ္ပံဆရာကဲ့သို့ပင် အေး ဆေးတည်ငြိမ်ပြီး ယထာဘူတကျလှပေသည်။"

**(ခရစ်စမတ် ဟန့်ဖရေး)**

ဤမျှဆိုလျှင် ဗုဒ္ဓဝါဒသည် အသိဉာဏ် တိုးတက်မှု လမ်းကြောင်းကို ပိတ်ပင် ဆီးဆို့ခြင်းမပြုသည့်ပြင် လမ်းထွင် လျက်ပင် ပေး၍ ရှိကြောင်း သဘောပေါက် သိမြင်နိုင်လောက်

ခဲ့ပြီ။ ဗုဒ္ဓဝါဒကို ဤသို့ ထင်ယောင်ထင်မှား ဖြစ်နေကြခြင်းမှာ အချို့က မိမိတို့ ကိုယ်တိုင်ကိုယ်ကြပ် လေ့လာခြင်း မပြုကြသောကြောင့်ဖြစ်၏။ အချို့မှာကား ဘာသာရေး မှန်သမျှကို ရှုတ်ချပြစ်တင်လိုသော သဘောဖြင့် ဝါးလုံးရှည်နှင့် သိမ်းရိုက်ကြသောကြောင့်ဖြစ်၏။ မည်သို့ဖြစ်စေ ဗုဒ္ဓဝါဒ၏ ခေတ်မီဆန်းသစ်ပုံ၊ အေးဆေးတည်ငြိမ်ပုံ၊ လေးနက်သောအဓိပ္ပာယ်ကိုဆောင်ပုံတို့ကိုကား ကမ္ဘာ့ပညာရှင်တို့ တိုးတက်လက်ခံလာကြရပြီ ဖြစ်ပေသည်။

●

ဂုဏ်ပြင်—

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော။

သုဘာသိတာစ ယာဝါစာ၊ ဧတံမင်္ဂလမုတ္တမံ။ ။ဟူ၍ မင်္ဂလာ တရားတော်၌ ဗုဒ္ဓက ဟောကြားခဲ့ခြင်း မှာလည်း အသိဉာဏ် တိုးတက် ရှာဖွေမှုကို အားပေးကြောင်း ရှင်းလင်း ပြတ်သားလှသည့် သာဓကတရပ်ပင် ဖြစ်ချေသည်။

"ဗုဒ္ဓဝါဒသည် ကမ္ဘာက နားလည်ထားသော ဘာသာ ရေးမျိုး မဟုတ်ပေ။ အဘယ့်ကြောင့်ဟူမူ ယင်းသည် ယုံကြည် မှုနှင့် ကိုးကွယ်မှု စနစ်တရပ် မဟုတ်သောကြောင့်ပင်။ ဘုရား အား ကိုးကွယ်ပါ၏ဟု ဆိုကြခြင်းမှာလည်း ကောင်းသော ဘဝ ထူထောင်ရန် အမိဋ္ဌာန်ပြုခြင်းမျှသာ ဖြစ်၍ ဘုရားက ကျွန်ုပ်တို့အား ကယ်တင်နိုင်သည်ဟု အကန်း ယုံကြည်ခြင်းမျိုး မဟုတ်ပေ။ ဤနေရာ၌ အကန်းယုံကြည်မှုကို ပယ်၍ အမှန်သိမှု ပေါ်တွင် အခြေခံသော ယုံကြည်ချက်ကို နေရာပေးပေသည်။"

(ဦးသေဋ္ဌိလ)

"ဗုဒ္ဓဝါဒကို ဘာသာရေးဟု ဆိုမည်ထက် စိတ်ပိုင်း အဘိဓမ္မာတရပ်ဟု သာ၍ ဆိုသင့်ပေ၏။ ဘဝအား ၎င်း၏ ရှုမြင်ပုံများသည် မျက်မှောက်ခေတ် သိပ္ပံဆရာကဲ့သို့ပင် အေး ဆေးတည်ငြိမ်ပြီး ယထာဘူတကျလှပေသည်။"

(ခရစ်စမတ် ဟမ်ဖရေ)

ဤမျှဆိုလျှင် ဗုဒ္ဓဝါဒသည် အသိဉာဏ် တိုးတက်မှု လမ်းကြောင်းကို ပိတ်ပင် ဆီးဆို့ခြင်းမပြုသည့်ပြင် လမ်းထွင် လျက်ပင် ပေး၍ ရှိကြောင်း သဘောပေါက် သိမြင်နိုင်လောက်

ပေပြီ။ ဗုဒ္ဓဝါဒကို ဤသို့ ထင်ယောင်ထင်မှား ဖြစ်နေကြခြင်းမှာ အချို့က မိမိတို့ ကိုယ်တိုင်ကိုယ်ကြပ် လေ့လာခြင်း မပြုကြသောကြောင့်ဖြစ်၏။ အချို့မှာကား ဘာသာရေး မှန်သမျှကို ရှုတ်ချပြစ်တင်လိုသော သဘောဖြင့် ဝါးလုံးရှည်နှင့် သိမ်းရိုက်ကြသောကြောင့်ဖြစ်၏။ မည်သို့ဖြစ်စေ ဗုဒ္ဓဝါဒ၏ ခေတ်မီဆန်းသစ်ပုံ၊ အေးဆေးတည်ငြိမ်ပုံ၊ လေးနက်သောအဓိပ္ပာယ်ကိုဆောင်ပုံတို့ကိုကား ကမ္ဘာ့ပညာရှင်တို့ တိုးတက်လက်ခံလာကြရပြီ ဖြစ်ပေသည်။

## အခန်း နှစ်

# စကြဝဠာ ပြဿနာ

ဗုဒ္ဓ၏ သင်ကြားချက်များကို နားလည်ရန် ကြိုးပမ်းရာ၌ ပထမဆုံး ကမ္ဘာမြေပေါ်ရှိ လူတို့၏ အခြေအနေကိုလည်းကောင်း၊ စကြဝဠာအတွင်းရှိ ကမ္ဘာမြေ၏အနေအထားကိုလည်းကောင်း သဘောပေါက်ထားဖို့ လိုပေ၏။

သာမန် လူတယောက်၏ အသိဉာဏ်နယ်ပယ်သည် ကျဉ်းမြောင်းလှ၏။ သူ၏အမြင်သည် ဝေးဝေးလံလံ ကြည့်နိုင်စွမ်းမရှိ။ သူ၏ အသက်တာသည်လည်း မပြောပလောက်အောင် တိုတောင်းလှ၏။ ထိုလူသားသည် ကမ္ဘာနှင့် ဘဝအကြောင်းကို ကောင်းစွာ နားလည်မည်မဟုတ်ချေ။သူ၏စိတ်ကူးစိတ်သန်းများအတွက် ခိုင်လုံသော ဆင်ခြေများလည်း ရှိမည် မဟုတ်ချေ။ စင်စစ် သူ့ကိုယ်သူပင် ဘာမှန်းသိမည်မဟုတ်ချေ။ ထို့ကြောင့်ပင် သူသည် အရေးမကြီးသည်ကို အရေးတကြီးထားပြီး ကြီးမားသော ကိစ္စများကိုမူ အသေးအဖွဲလောက်သာ တွေးလျက်ရှိတတ်လေသည်။

ဤနေရာ၌ ဖာဂတ်ဆန်နှင့် ဘရန်းတို့၏ အောက်ပါစာပိုဒ်မှာ မှတ်သားလောက်ပေသည်။

"မမှတ်မိနိုင်လောက်သောအစဉ်အဆက်ကပင် လူသားတို့ကနေသည် ငါတို့အား အလင်းရောင်ပေးရန် ထွက်ရသည်၊မိုးသည်

ငါတို့၏ စိုက်ပျိုးခင်းများကို ရေပေးရန် ရှာသည်။ ခြေလေးချောင်း သတ္တဝါတို့သည် ငါတို့၏ အစားအစာအလို့ငှာဖြစ်ကြရသည့် စသည်ဖြင့် လွယ်လွယ်ပင် တွေးခဲ့ကြလေသည်။ ဤသို့ မိမိကိုယ်ကို မဏ္ဍိုင်ပြု၍ တွေးတောမှုများကြောင့် ကမ္ဘာကြီးကိုပင် လူများမရှိလျှင် မတည်ရှိနိုင်သလောက် ထင်မြင်ကြလေသည်။''

လူ၏ သက်တမ်းသည် ကမ္ဘာ၏ သက်တမ်းနှင့်ချိန်၍ စဉ်းစားလျှင် မျက်စိတမှိတ်သာဖြစ်သကဲ့သို့ ကမ္ဘာမြေကြီးသည်လည်း နေ စကြာဝဠာနှင့် နှိုင်းစာသော် သေးငယ်လှသည့် အစက်အပြောက် တခုမျှသာ ဖြစ်ပေသည်။ ဤနေရာ၌ စကြာဝဠာမျိုးပေါင်းမှာလည်း မရေတွက်နိုင်အောင် များပြားလှ၏။ ကမ္ဘာမြေကြီးမှ အလင်းရောင် နှစ်ပေါင်း ကုဋေနှစ်သိန်း ကွာဝေးသော ရပ်ဝန်းတခုလုံး၌ ထိုကဲ့သို့သော စကြာဝဠာမျိုး ကုဋေတသိန်းရှိသည်ဟု နောက်ဆုံး သိပ္ပံပညာအရ သိရ၏။(အလင်းရောင်နှစ်ဆိုသည်မှာ အလင်းရောင် အသွားနှုန်း တစက္ကန့်လျှင် ၁၈၆,၀၀၀ မိုင်နှုန်းဖြင့် တနှစ်အတွက်ဖြစ်၏။) ဤသည်တို့ကို ထောက်ဆ၍ ''စကြာဝဠာအနန္တ'' ဟူသော ဗုဒ္ဓစာပေမှစကားရပ်သည် သိပ္ပံပညာအရ မှန်ကန်လှပေသည်။

ကမ္ဘာမြေပြင်သည် လူတို့၏အမြင်၌ကြီးမားကျယ်ပြန့်လှ၏။ ခိုင်မာသိပ်သည်းလှ၏။ မလှုပ်မရှား တည်ငြိမ်လှ၏။ သို့ရာတွင် အဖြစ်မှန်ကား ကမ္ဘာမြေသည် အရှိန်ပြင်းစွာ လည်ပတ်လျက်ရှိ၏။ လည်နှုန်းမှာ တနာရီလျှင် မိုင်တထောင် ဖြစ်လေသည်။ လည်ရုံသာမက နေကိုပတ်၍ သွားလျက်ရှိသည်။ သွားနှုန်းမှာ တနာရီလျှင် ၆၈,၀၀၀ မိုင်ဖြစ်၍ တစက္ကန့်လျှင်မိုင်(၉၀)နှုန်း

ဖြစ်သည်။ တဖန် နေကိုယ်တိုင်ကလည်း ကမ္ဘာမြေ အပါအဝင် အခြံအရံ ဂြိုဟ်များနှင့်အတူ ရွေ့လျားနေလေသည်။

ကမ္ဘာမြေသည် စက်ဝန်းမိုင်ပေါင်း ၂၅,၀၀၀ ခန့် ရှိ၍ အချင်းမှာ မိုင် ၈၀၀၀ ရှိသည်။ နေသည် စင်စစ် မီးတောက်လောင်နေသော ရုပ်ဒြပ်အစုကြီးသာဖြစ်၍ ကမ္ဘာမြေမှ မိုင်ပေါင်း ၉၃,၀၀၀,၀၀၀ မျှ ဝေးသည်ဟု တွက်ချက်ကြ၏။ နေ၏အချင်းမှာ မိုင်ပေါင်း ၈၈၀,၀၀၀ ဖြစ်၍ ကမ္ဘာမြေထက် အဆပေါင်း ၃၀၀,၀၀၀ ကျော် ကြီးမားသည်ဟု ဆိုကြသည်။

အပြင် အာကာသရှိ ကြယ်များ၊ ဂြိုဟ်များနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဤနေစကြာဝဠာမှာ မပြောပလောက်ချေ။ ဤစကြာဝဠာမှ မြင်တွေ့ရသော ကြယ်များမှာ စင်စစ် နေလုံးကြီးများသာဖြစ်ကြပြီး အလွန်တရာ ဝေးလံလှပေသည်။ အနီးကပ်ဆုံးမှာ (အယ်လ်ဖာစင်တော်ရီ) ခေါ်သော ကြယ်ကြီးဖြစ်ပြီး မိုင်ပေါင်း သန်းနှစ်ဆယ်ဝေးလေသည်။

အာကာသမှာ ကျယ်ပြန့်လှသဖြင့် သာမန်မိုင်ဖြင့် တိုင်းတာခြင်း မပြုနိုင်ချေ။ ထို့ကြောင့် အလင်းရောင်နှစ်များဖြင့် တိုင်းတာရလေသည်။ အလင်းရောင် အသွားနှုန်းမှာ တစက္ကန့်လျှင် ၁၈၆,၀၀၀ မိုင်ဖြစ်၍ ထိုနှုန်းဖြင့် တနှစ်အတွက် သွားသော မိုင်ပေါင်းကို အလင်းရောင်နှစ် တနှစ်ဟု ခေါ်ဆိုရသည်။ (ဂဏန်းဖြင့် ချရေးလျှင် အလွန် ရှည်လျားလှပေလိမ့်မည်။)

အထက်တွင် ဖော်ပြသော (အယ်လ်ဖာစင်တော်ရီ) ကြယ်ကြီး၏ အလင်းရောင်သည် ကမ္ဘာမြေကြီးသို့ ရောက်အောင် (၄)နှစ်မျှ လာရပေသည်။ ၎င်း၏အလင်းရောင်သည် နေထက် (၂)ဆမျှလင်းသဖြင့် အရွယ်အစားလည်း များစွာကြီးမည်ဟု

ခန့်မှန်းရသည်။ (အယ်လ်ဖာအိုရီယွန်နစ်) ခေါ် ကြယ်ကြီး၏ အလင်းရောင်မှာကား ကမ္ဘာမြေသို့ရောက်အောင် နှစ်ပေါင်း (၁၅၀)မျှလာရပြီး အရွယ်အစားမှာလည်း နေထက် အဆ (၃၀၀)ခန့် ကြီးပေသည်။ ထို့ကြောင့် ဤကြယ်ကြီးများနှင့် အကွာအဝေးကို ခန့်မှန်းကြည့်ရာသည်။ နက္ခတ္တဗေဒဆရာတို့ တွက်ချက်မှုအရ သိရသည်မှာ အကြီးဆုံး နက္ခတ်ကြည့် မှန်ပြောင်းမှ မြင်နိုင်သလောက် ကြယ်ပေါင်း သန်းပေါင်း တထောင်ထက်မနည်း ရှိလေသည်။ ထိုကြယ်များ၏ အခြား ဘက်တွင်လည်း (လူတို့မြင်နိုင်စွမ်းမရှိသေးသော) ကြယ်ကြီး များ သန်းပေါင်း မရေတွက်နိုင်အောင် ရှိနေသေးသည်။ "စကြဝဠာအနန္တ"ပေတကား။

ဤအချက်အလက်တို့က ဘာကိုတင်ပြသနည်း။ လူသားတို့ အဖို့ မြူမှုန်တမှုန်သည် အရေးမစိုက်လောက်သကဲ့သို့အာကာသ အတွင်းဝယ် ဤကမ္ဘာမြေ ဆိုသည်မှာလည်း ကြည့်နိုင်မှုမြင်ရ သော အစက်ကလေးတစက်သာ ဖြစ်ကြောင်းပင်တည်း။ ဤ ကမ္ဘာပေါ်မှ လူဆိုသော သတ္တဝါသည်လည်း မိုးရေတွင်းမှ ပိုး လောက်လန်းလောက်မျှ အရေးမပါလှပေ။ သို့စဉ်လျက် အသိ ဉာဏ်ရှင်ဆိုသော လူသားတို့က မျက်စိတမှိတ် လျှပ်တပြက် လက်ပျစ်တတွက်မျှသော ကာလကလေးအတွင်းဝယ် မြူမှုန်မျှ သေးငယ်သော မြေကွက်ကလေးကို အနိုင်အထက် လုယက်နေ ကြကုန်၏။ စစ်ခင်းသတ်ဖြတ်နေကြကုန်၏။ လက်နက်စကြာရှင် အဖြစ်ဘဝင်မြင့်နေကြကုန်၏။တဦးနှင့်တဦး ဂုဏ်တုဂုဏ်ပြိုင်ပြု နေကြကုန်၏။ မနာလိုဝန်တိုစိတ် ဖုံးလွှမ်းနေကြကုန်၏။ ဒေါသ လောဘမီး ဟုန်းဟုန်းတောက်လောင်နေကြကုန်၏။ မိမိကိုယ်ကို

အရေးပါ အရာရောက်အောင် အားသွန်ခွန်စိုက် ပြုလုပ်နေကြကုန်၏။ နယ်ချဲ့နေကြကုန်၏။ အုပ်စုဖွဲ့နေကြကုန်၏။ နတ်ပြည်ဗြဟ္မာ့ပြည်ကို အယုံအကြည်ကင်းမဲ့နေသော ခေတ်လူသားသည် သူ အားကိုးအားထားပြုသော ဒုံးယာဉ်ဖြင့် အပြင်အာကာသသို့ ထိုးထွက်ပြီး ထိုနေရာမှ ဤကမ္ဘာ့ဇာတ်ခုံပေါ်တွင် နေထိုင်သွားလာ လှုပ်ရှားသမျှကို ကြည့်ရှုနိုင်ပါက အဘယ်မျှ ရယ်ဖွယ်ကောင်းလေမည်နည်း။ သဘာဝ အာကာသအတွင်း၀ယ် မသေမချာ မရေမရာ လှည့်လည်နေရသော ကမ္ဘာမြေသည် အချိန်မရွေး ပျက်စီး သွားနိုင်ပေသည်။ ပျက်စီးရန်လည်း အကြောင်းပေါင်းများစွာရှိသည်။ (၎င်းတို့ကို နောင်တွင် ထင်ရှားလိမ့်မည်။)ထို့ကြောင့် ဤအချက်အလက်များကို လေးနက်စွာ စဉ်းစားလေလေ ဗုဒ္ဓ၏မည်သည့်အရာမျှ အမြဲမရှိဆိုသော အနိစ္စတရား၊ မည်သည့်အရာမျှ အစိုးမရဆိုသော အနတ္တတရားတို့မှာ နေမင်း၏ ရောင်ခြည်ပမာ ထွန်းလင်းလာလေလေ ဖြစ်ပေသည်။

ဆက်လက်၍ ဤကမ္ဘာမြေ စတင် ပေါ်ပေါက်လာပုံနှင့် ပတ်သက်၍ သိပ္ပံဆရာတို့ ကြံဆတင်ပြအပ်သည့် အဆိုကို ရေးသားပါမည်။ အင်္ဂလိပ်ဘာသာဖြင့် ဟိုက်ပေါသီးစစ် ( HYPOTHESIS )ခေါ် အဆုံးပြုချက်ဟူသည်မှာ တိတိကျကျ မှန်သည်ဟု မပြောနိုင်သေးသော ယုတ္တိကျကျ ထင်မြင်ယူဆချက်များသာ ဖြစ်ကြောင်း သတိချပ်သင့်ပေသည်။

အာကာသအတွင်းတွင် နေကဲ့သို့သော ကြယ်ကြီးများ လှည့်လည်သွားလာလျက်ရှိကြ၏။ ကြယ်များ၏ အရေအတွက်မှာ ပင်လယ်ကမ်းခြေအားလုံးရှိ သဲပွင့်များထက်ပင် များပြား

သေး၏၊ အရွယ်အစားအားဖြင့်လည်း ထိုကြယ်ကြီးများတွင် ဤကမ္ဘာအလုံးပေါင်း ထောင်ချီ၍ ထည့်နိုင်လောက်အောင် ကြီးမားလှ၏။ ဤမျှကြီးမား၍ ဤမျှများပြားလှသော ကြယ်ကြီးများသည် အာကာသအတွင်းဝယ် အဟုန်ပြင်းစွာ ပြေးလွှားလျက်ရှိကြသော်လည်း (အာကာသမှာ ကျယ်ပြောလှသဖြင့်)တခုနှင့်တခု တိုက်မိရန်ဝေး၍ အနီးအနားသို့ပင် မသီလာကြချေ။

သို့သော်လည်း လွန်ခဲ့သော နှစ်ပေါင်း သန်းပေါင်း နှစ်ထောင်ခန့်က ဤဖြစ်တောင့်ဖြစ်ခဲ အဖြစ်အပျက် တခုပေါ်ပေါက်ခဲ့လေသည်။ အခြား ကြယ်ကြီးတလုံးသည် နေအနီးသို့ ရောက်လာခဲ့၏။ ထိုအခါ (လ၏ဆွဲအားကြောင့် သမုဒ္ဒရာရေထုတွင် ဒီရေများ တက်ကြွလာဘိသကဲ့သို့) နေ၏ မျက်နှာပြင်တွင် ကြယ်ကြီး၏ ဆွဲအားကြောင့် ဒီလှိုင်းကြီးများ ထ၍လာ၏။ ထိုဒီလှိုင်းကြီးများသည် ကြီး၍ ကြီး၍လာပြီး ဆွဲအားအလွန်ပြင်းထန်လာသောအခါ ဓာတ်ငွေ့တန်းကြီးအဖြစ် နေ၏ ပင်မဒြပ်ထုမှ ပြတ်ထွက်သွားကြ၏။

ဤသို့ ပြတ်ထွက်သွားသော နေ၏ အစိတ်အပိုင်းတို့သည် ပတ်ပတ်လည်လျက်ရှိပြီး အချို့မှာ ကြယ်ကြီး၏ နောက်သို့ ပါသွား၍ အချို့မှာကား နေ၏ဆွဲအားကြောင့် ပတ်ပတ်လည်တွင် လှည့်ပတ်လျက် ကျန်ရစ်၏။ ထိုဓာတ်ငွေ့ အစုအဝေးများသည် မူလက မီးတောက်လောင်လျက်ရှိ၍ အေး၍လာသောအခါ အရည်ဖြစ်သွားပြီး ထို့နောက် တဖြည်းဖြည်း ခဲသွားလေသည်။ ၎င်းတို့သည် နေအား လှည့်လည် သွားလာလျက်ရှိသော ဤကမ္ဘာမြေ အပါအဝင် ဂြိုဟ်များပင်တည်း။

ဂြိုဟ်များမှာ စုစုပေါင်း ၉ လုံးရှိပြီး မာဂျူရီ၊ ဗီးနပ်၊ ကမ္ဘာ မား၊ ဂျူပီတာ၊ ဆေတန်၊ ယူရေနပ်၊ နတ်ပကျွန်းနှင့် ပလူတို တို့ဖြစ်ကြသည်။

ဤအဆိုပြုချက်မှာ (ဆာဂျိမ်းဂျင်း)နှင့် (အိုပ်ချ်ဂျက်ဖရီ) အမည်ရှိ အင်္ဂလိပ် နက္ခတ္တဗေဒပညာရှင် နှစ်ဦး၏ အဆိုဖြစ်ပြီး ယနေ့သိပ္ပံဆရာ အများစုက သဘောကျနေသော အဆိုဖြစ် သည်။ စင်စစ် ဤအဆိုပြုချက်ကို နက္ခတ်ဆရာ (ဖောရက်ရေး မော်လတန်) နှင့် ဘူမိဗေဒဆရာ (တီစီချိန်ဘာလင်) တို့က ၁၉၀၀ ပြည့်နှစ်လောက်တွင် ကမ္ဘာသို့ တင်ပြခဲ့ကြသည်။ ၎င်း အဆိုကို ဆာဂျိမ်းဂျင်းတို့က အနည်းငယ် ပြောင်းလဲထားကြ ခြင်းသာ ဖြစ်လေသည်။

ဤ အဆိုပြုချက်အပြင် ကမ္ဘာတည်ပုံနှင့် ပတ်သက်သော အခြားအဆိုများစွာ ရှိသေးသည်။ ကောက်ကာ ငင်ကာ ပြရ မည်ဆိုလျှင်

(၁) ပါးလွှာသော ဓာတ်ငွေ့ဝိုင်းကြီးမှ ဖြစ်ပေါ်လာ သည် ဆိုသော ဂျာမန်ယထာဘူတ ပညာကျော် အင်မယ်ညူ အယ်ကန့်၏ အဆို။

(၂) နေနှင့် ကြယ်ကြီးတခု တိုက်မိရာမှ ဖြစ်ပေါ်လာသည် ဆိုသော ပြင်သစ်သဘာဝဓမ္မဆရာ ဒပ်ဖွန်၏အဆို။

(၃) နေပေါ်တွင် ပြင်းထန်စွာ ပေါက်ကွဲရာမှ နက်ပြူ လာခေါ် ဓာတ်ငွေ့တန်းကြီး ပေါ်လာပြီး ကမ္ဘာနှင့် ဂြိုဟ် များ ဖြစ်လာသည်ဆိုသော ပြင်သစ်နက္ခတ်ဆရာ လက်ဖလေ့၏ အဆို။

(၄) ဖုံတိုက်ကြီးမှ ကမ္ဘာစတင်ဖြစ်ပေါ်လာသည်ဆိုသော

ဟားဗတ်တက္ကသိုလ်မှ ဒေါက်တာ ဝှစ်ပဲလ်၏အဆို စသည်တို့ ပင်တည်း။

ဤနေရာ၌ တခုမှတ်သားရန် ရှိသည်မှာ အထက်ပါအဆို ပြုချက်များအနက် မည်သူက မှန်သည်ဟု သိပ္ပံဆရာတို့ တိတိကျကျ မပြောနိုင်သေးပဲ အချက်အလက် အထောက်အထား ရှာဖွေ စုဆောင်းရဆဲသာ ဖြစ်ပေသည်။

မည်သည့် အဆိုမှန်သည်ဖြစ်စေ၊ ကမ္ဘာမြေကြီးကား ပေါ်ထွန်းခဲ့ပြီ။ ကမ္ဘာမြေ၌ သက်ရှိသတ္တဝါများလည်း ပေါ်ထွန်းခဲ့ပြီ။ အသိဉာဏ်ရှင်ဖြစ်သော လူသားတို့လည်း ပေါ်ထွန်းခဲ့ပြီ။ လူသားတို့သည် (သူတို့ မျက်စိအမြင်၌) မကြုံဘူး၊ မကြားဘူး၊ မမြင်ဘူး၊ မတွေ့ဘူးသေးသော ယဉ်ကျေးမှုများကို ထူထောင်ခဲ့ကြပြီ။ ဝိဇ္ဇာပညာနှင့် သိပ္ပံပညာတို့လည်း (လူသား အတိုင်းအတာဖြင့်) မရောက်စဖူးသော အမြင့်အထိ မြင့်မားခုန်တက်ခဲ့ပြီ။ ကောင်းပြီ။ သည်ကမ္ဘာမြေ၊သည်သက်ရှိသက်မဲ့၊ သည်ယဉ်ကျေးမှု၊ သည်ဝိဇ္ဇာသိပ္ပံတို့၏ အနာဂတ်သည် အဘယ်သို့နည်း။ မည်မျှကြာကြာခံမည်နည်း။ ဤအချက်ကို စူးစမ်းရာ၌ ဤကမ္ဘာမြေကြီး၏ ရှေ့ရေးကံကြမ္မာကို စဉ်းစားသင့်ပေ၏။

ကမ္ဘာ၏ရှေ့ရေးနှင့် ပတ်သက်သော သိပ္ပံပညာ၏နောက်ဆုံး ယူဆပုံများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) နက္ခတ္တဗေဒ ပါရဂူ အက်ဒင်တန်၏ အလိုအရ စကြဝဠာကြီး တခုလုံးသည် အပြင်ဘက်သို့ တရွေ့ရွေ့ ခဲ့လျက်ရှိသည်။ နောက်ဆုံးတွင် ထပ်၍ မခဲ့နိုင်တော့သော အခြေသို့ ရောက်သွား လိမ့်မည်။ ထိုအခါ တွန်းကန်ခြင်း

နိယာမ (LAW OF REPULSION) က အားကြီးလျှင် အာကာသတခွင်ရှိ ဂြိုဟ်များ နက္ခတ်များသည် အားလုံးအရှိန်ပြင်းစွာ လွင့်စဉ်သွားကြလိမ့်မည်။ အကယ်၍ ဆွဲငင်ခြင်းနိယာမ (LAW OF ATTRACTION) အားကြီးပါက ချဲ့သွားသော စကြဝဠာသည် အရှိန်ပြင်းစွာ အတွင်းကျုံ့ဝင်သွားလိမ့်မည်။ ဤနှစ်မျိုးအနက် မည်သို့ပင် ဖြစ်စေ ဂြိုဟ်များ နက္ခတ်များ(ကမ္ဘာအပါအဝင်)တို့သည် ညက်ညက်ကြေ၍ မြူမှုန်ဘဝသို့ ပြန်လည်ရောက်သွားလိမ့်မည်ဟု ဆိုလိုပေသည်။

(၂) ဆာဂျိမ်းဂျင်းစ်၏ အလိုအရမှာ နေ၏ ရောင်ခြည်သည် တစထက်တစ အားပျော့လာနေသည်။ ထို့ကြောင့် ဤကမ္ဘာပေါ်၌ သက်ရှိများ တည်နေနိုင်ရန်အတွက် လိုအပ်သောအပူဓာတ်ကို ရရှိအောင် ကမ္ဘာသည် နေနှင့်နီးဖို့ ပို၍လိုလာသည်။ သို့သော် သိပ္ပံပညာအရ သိရသည်မှာ ပြောင်းလဲ၍မရနိုင်သော နိယာမများအရ နေသည် ကမ္ဘာနှင့် နီးမလာပဲ ပို၍ ဝေးရာသို့ ရွေ့လျားလျက်ရှိသည်။ ထို့ကြောင့် တချိန်တွင် နေ၏ အလင်းရောင်ကို လုံလောက်စွာ မရတော့သော ကမ္ဘာသည် အေး၍ ခဲလာပြီး သက်ရှိ အားလုံး ပျက်စီးကြရလိမ့်မည်ဟု ဆိုလိုပေသည်။

(၃) ရူပဗေဒ ဆိုသည်မှာ သာမိုဒိုင်းနမစ် ဒုတိယ နိယာမ (SECOND LAW OF THERMODYNAMICS) ကြောင့် တချိန်တွင် စကြဝဠာအတွင်းရှိ အပူဓာတ်သည် အာကာသ တခွင်လုံး ညီမျှစွာ ပျံ့နှံ့သွားလိမ့်မည်။ ထိုအခါ သက်ရှိ သတ္တဝါ ဟူ၍ မတည်ရှိနိုင်တော့ဟု ဆိုလိုပေသည်။

(၄) နက္ခတ္တဗေဒက ကောင်းကင်ရှိ ဂြိုဟ်တို့သည် တခုနှင့် တခု အချိန်မရွေး ကြေမွသွားနိုင်သည်ဟု ဆိုပေသည်။

"ဤနောက်ဆုံးအဆင့်ကို မည်သည့်နည်းဖြင့် ရောက်မည်ဆိုသည်မှာ အရေးမကြီးလှပါ။ လမ်းအားလုံးသည် ရောမမြို့သို့ ဆိုက်ရောက်သည်ချည်း ဖြစ်သကဲ့သို့ ခရီးစဉ်၏ နောက်ဆုံးပန်းတိုင်မှာ အားလုံး သေကြေ ပျက်စီးမှုပင် ဖြစ်ပါသည်"

(ဆာဂျိမ်းဂျင်းစ်)

ဤအခန်းမှ ရေးသားခဲ့သမျှမှာ ရှည်လျားနေပြီဖြစ်၍ ဆိုလိုရင်းအဓိပ္ပာယ် အကျဉ်းချုပ်ကို ဖော်ပြရန် လိုအပ်မည် ထင်ပါသည်။ ယခု ရေးသားသမျှ၏ ဆိုလိုချက်မှာ အောက်ပါ (၃)ခုပင် ဖြစ်ပါသည်။

(၁) ဤကမ္ဘာမြေသည်စကြဝဠာအတွင်းဝယ် လုံးဝအရေးမပါသော မြူမှုန်ကလေးတမှုန်မျှသာဖြစ်သည်။တဖန် စကြဝဠာသည်လည်း ကျယ်ပြောလှသော အာကာသအတွင်း၌ မရေမတွက်နိုင်အောင် များပြားလှသည်။ အာကာသသည်လည်း အဆုံးအစ မသင်ချေ။

(၂) ဤကမ္ဘာမြေသည် နေမှ ပြတ်လွင့် ထွက်လာသော အပိုင်းအစ တခုဖြစ်ကြောင်း သိပ္ပံဆရာ အများစုတို့ လက်ခံကြသည်။ ကမ္ဘာ၏ ပဌမ အကြောင်း ဖြစ်သော နေသည်ကား အဘယ်အချိန်တွင် အဘယ်အရာက စတင်ဖြစ်ပေါ်လာသည်ကို မည်သူမျှ မသိရ။ ထိုနည်းအတူပင် အခြား ကြယ်များ၏ အစကိုလည်း မသိရ။

(၃) ဤကမ္ဘာမြေသည် အအေးမိ၍ဖြစ်စေ၊ အပူလောင်၍ဖြစ်စေ မုချ ပျက်စီးရမည့် အချိန်မှာ လူ၏ အရေးအတွက်နှင့်

နှစ်သန်းများစွာ လိုသေးသော်လည်း အာကာသအတိုင်းအတာနှင့် ပြောရလျှင် ဆန့်သောလက် မကွေးမီ ကွေးသောလက် မဆန့်မီပင် ဖြစ်သည်။

ဤကား သိပ္ပံပညာ၏ အလိုတည်း။ သိပ္ပံပညာ၏ အလိုကို သိရပြီးနောက် ဗုဒ္ဓ၏ အလိုကို ဆက်လက် လေ့လာကြဦးစို့။

လောက၏အစအဆုံး၊ ဘဝ၏ အစအဆုံးစသော ပြဿနာများကို ဗုဒ္ဓအား အကြိမ်ပေါင်းများစွာ မေးမြန်းခဲ့ကြဘူး၏။ သို့ရာတွင် ဗုဒ္ဓက မည်သည့်အဖြေမျှ မပေးခဲ့ချေ။ အဖြေမပေးခြင်းကား ဤပြဿနာများသည် တကယ့် အသိဉာဏ်ကို မရရှိစေနိုင်သည့်အပြင် ငြိမ်းအေးမှုနှင့် လွတ်မြောက်မှုကိုလည်း မဖန်တီးနိုင်သောကြောင့် ဖြစ်သည်ဟု ဆို၏။ ဤပြဿနာများကို ဗုဒ္ဓက မသိ၍ မဟုတ်ပဲ အကျိုးမရှိ၍ မဖြေခဲ့ခြင်းသာ ဖြစ်ကြောင်း ထင်ရှားပေသည်။

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သဌေး၏ အရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဝစ္ဆအနွယ် ဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရား ရှိရာသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကား ပြောဆို ပြီးဆုံးစေပြီးနောက် အောက်ပါ ပုစ္ဆာ (၁၀) ချက်ကို မေးလျှောက်၏။

ပုစ္ဆာကား—

(၁) လောကသည် မြဲ၏။ ဤအယူသာ မှန်သလော။
(၂) လောကသည် မမြဲ။ ဤအယူသာ မှန်သလော။
(၃) လောကသည် အဆုံးရှိ၏။ ဤအယူသာ မှန်သလော။
(၄) လောကသည် အဆုံးမရှိ။ ဤအယူသာ မှန်သလော။

(၅) ထိုအသက်သည်ပင် ထိုကိုယ်ကောင်တည်း။ ဤအယူသာ မှန်သလော။
(၆) အသက်သည် တခြား ကိုယ်ကောင်သည် တခြား။ ဤအယူသာ မှန်သလော။
(၇) သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်၏။ ဤအယူသာ မှန်သလော။
(၈) သတ္တဝါသည် သေသည်မှ နောက်၌မဖြစ်။ ဤအယူသာ မှန်သလော။
(၉) သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်လည်းဖြစ်၏။ ဖြစ်လည်း မဖြစ်။ ဤအယူသာ မှန်သလော။
(၁၀) သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်။ မဖြစ်သည်လည်း မဟုတ်။ ဤအယူသာ မှန်သလော။

ဤပုစ္ဆာများကို ဗုဒ္ဓက ဖြေကြားပုံမှာ ဤသို့ ဖြစ်၏။

"ဝစ္ဆ၊ လောကသည်မြဲ၏။ ဤအယူသာမှန်၏။ (စသည်) ငါသည် ဤသို့ အယူ မရှိပါ။ ဝစ္ဆ၊ လောကသည်မြဲ၏(စသော) ဤအယူ(တို့)သည် မိစ္ဆာအယူတည်း။ မိစ္ဆာဒိဋ္ဌိတည်း ဟူသော တောချုံတည်း။ မိစ္ဆာဒိဋ္ဌိတည်း ဟူသော တုန်လှုပ်ခြင်းတည်း။ မိစ္ဆာဒိဋ္ဌိ တည်းဟူသော သံယောဇဉ်တည်း။ ဆင်းရဲနှင့်တကွ ဖြစ်၏။ ညှဉ်းဆဲခြင်းနှင့်တကွ ဖြစ်၏။ ပြင်းစွာ ပင်ပန်းခြင်းနှင့် တကွဖြစ်၏။ ပူလောင်ခြင်းနှင့်တကွ ဖြစ်၏။ ငြီးငွေ့ခြင်းကား မဖြစ်။ တပ်မက်ခြင်း ကင်းခြင်းငှာ မဖြစ်။ ချုပ်ခြင်းငှာ မဖြစ်။ ငြိမ်းခြင်းငှာ မဖြစ်။ အထူးသိခြင်းငှာ မဖြစ်။ ထိုးထွင်း၍သိခြင်းငှာ မဖြစ်။ ချုပ်ငြိမ်းခြင်းငှာ မဖြစ်။

**(တတိယအကြိမ်)**

(မဇ္ဈိမပဏ္ဏာသ၊ အဂ္ဂိဝစ္ဆသုတ်ကို အကျဉ်းချုပ် ရေးသားထားပါသည်။)

အတိုချုပ်အားဖြင့်ကား ဗုဒ္ဓသည် ဤပြဿနာများကိုအဖြေပေးခြင်းမပြု။ ဤသို့ အဖြေမပေးခြင်းမှာလည်း ၎င်းတို့သည် ဒုက္ခမှ လွတ်မြောက်ကြောင်း မဟုတ်သောကြောင့်ဟု ဆိုလိုသည်။

အချို့ပုဂ္ဂိုလ်များက ဗုဒ္ဓသည် ဤပြဿနာကို သူကိုယ်တိုင်မသိ နားမလည်သောကြောင့် မဟောခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓ၏စကားသည် သိပ္ပံပညာ၏ စူးစမ်းမှုကို ပိတ်ပင်သော သဘောရှိသည် စသည်ဖြင့် ပြောဆိုကြကုန်၏။

ဗုဒ္ဓသည် အသိဉာဏ်၏ တိုးတက်ရှာဖွေမှု၊ စူးစမ်းလေ့လာမှုတို့ကို မည်သည့်အခါကမျှ မပိတ်ပင် မတားဆီးခဲ့သည့်အပြင် အားပင် ပေးခဲ့ကြောင်း အထက်အခန်း၌ ဆိုခဲ့ပြီ။ ဗုဒ္ဓကိုယ်တိုင်က ဤပြဿနာများကို နားမလည်ဟု ဆိုခြင်းနှင့်ပတ်သက်၍ ပြောရလျှင် ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ရှင် ဖြစ်သဖြင့် (သို့မဟုတ်) အရာဝတ္ထုမှန်သမျှ၏ အတွင်းသဘောကို ထွင်းဖောက်သိမြင်နိုင်သူ ဖြစ်သဖြင့် ဤပြဿနာများကို မသိနိုင်မဖြေနိုင်စရာ အကြောင်းမရှိပါပေ။ (သံယုတ္တနိကာယ်၌ တခါတွင် ဗုဒ္ဓက သစ်ရွက်အချို့ကို လက်တွင် တင်ပြီး မိမိဟောကြားခဲ့သော တရားတို့သည် ထိုသစ်ရွက်များမျှသာရှိ၍ မဟောကြားသော တရားတို့ကား တောအုပ်အတွင်းရှိ သစ်ရွက်အားလုံးမျှ ရှိသေးကြောင်း ပြောဆိုခဲ့၏။) ဗုဒ္ဓသည် သူသိတိုင်း၊ နားလည်တိုင်း ဟောတော်မူသည် မဟုတ်ချေ။ ဗုဒ္ဓ၏ ဟောကြား မိန့်ကြားချက် မှန်သမျှတွင် (၁) ဒုက္ခ (၂) ဒုက္ခ၏

အကြောင်းရင်း (၃) ဒုက္ခ၏ချုပ်ငြိမ်းရာ (၄) ဒုက္ခ၏ချုပ်ငြိမ်းရာသို့ ရောက်စေတတ်သော နည်းလမ်း။ ဤလေးမျိုးသာ ဖြစ်၏။ ဤလေးမျိုးနှင့် မပတ်သက် မစပ်ယှက်သော၊ ဤလေးမျိုးမှ အပဖြစ်သော၊ ဤလေးမျိုး၌ အကျုံးမဝင်သော မည်သည့် အရာကိုမျှ ဗုဒ္ဓက ဟောတော်မူသည် မဟုတ်ချေ။

ကောင်းပြီ။ သို့ဆိုလျှင် သိပ္ပံပညာကကော ဤပြဿနာများကို ဖြေဆိုနိုင်ပါ၏လော။ လုံးဝမဖြေဆိုနိုင်။ အထက်တွင် ဖော်ပြခဲ့သော သုံးချက်ကို ပြန်ကြည့်လျှင် သိနိုင်ပါသည်။ သိပ္ပံပညာရှင်တို့သည် လောက၏ အစအဆုံးကို သိမည်ဝေးစွ၊ ကမ္ဘာအဘယ်က ဖြစ်လာသည်ကို အမျိုးမျိုး ယူဆနေကြသည် မဟုတ်ပါလော။ ကမ္ဘာ၏ အစဖြစ်သော နေသည်လည်း ဘယ်က ပေါ်ပေါက်လာမှန်း မသိကြရချေ။ အာကာသနှင့် စကြဝဠာ ဆိုသည်မှာ ဝေးစွ၊ လောက ဆို သည် မှာ ဝေးစွ၊ (မှတ်ချက်။ ။လောကဟု ဆိုရာ၌ သက်ရှိသက်မဲ့ အားလုံး ပါဝင်သည်ကို သတိပြုပါ။)

အချုပ်အားဖြင့် ဆိုရလျှင် မည်သည့်အရာ၏ အစအဆုံးကိုမျှ လူတို့ မသိနိုင်ချေ။ လောက(သို့မဟုတ်)သက်ရှိသက်မဲ့အားလုံး ၏ အစအဆုံး အကြောင်းကို တွေးတော ကြံဆနေခြင်းသည် အချိန် ဖြုန်းတီးခြင်းသာဖြစ်၍ အကျိုးတစုံတရာ မဖြစ်ထွန်းနိုင်ချေ။

စင်စစ်သော်ကား သိပ္ပံပညာ၏ အမြင့်မားဆုံး တိုးတက်မှုသည် ဗုဒ္ဓ၏ စကားကို ဝန်ခံနေသည့်နှယ် ရှိပေ၏။ သိပ္ပံပညာ တိုးတက်လာလေ စကြဝဠာနှင့်တကွ လောကပြဿနာများ၏ ရှုပ်ထွေးနက်နဲပုံ၊ ဖြေရှင်းရခက်ပုံ၊ အစအဆုံးမရှိပုံတို့ကို ပိုမို

သိမြင်နားလည်လာလေ ဖြစ်ပေလိမ့်မည်။ နယူတန်၊ အိုက်စတိုင်း၊ ဒါဝင်၊ ဆာဂျိမ်းဂျင်းစ် စသော သိပ္ပံပညာရှင်တို့ ကိုယ်တိုင်လည်း သိပ္ပံပညာ၌ အကန့်အသတ်ရှိကြောင်း၊ သိပ္ပံက မဖြေရှင်းနိုင်သော ပြဿနာ များစွာရှိကြောင်းကို ဝန်ခံပြီး ဖြစ်ပေသည်။

ဤအချက်များကို သိပ္ပံပညာအား တဘက်သတ် အထင်ကြီးနေသူတိုင်း လေးလေးနက်နက် စဉ်းစားဝေဖန် သင့်လှသည်။ လေးကျွန်းတမြင့်မိုရ် ဆိုသော ဗုဒ္ဓဝါဒလည်းမဟုတ်၊ သိပ္ပံလည်းမကျသည့် စကားတခွန်းကို လက်ကတုံး တောင်ဝှေး လုပ်၍ ဗုဒ္ဓဝါဒအား ပြစ်ဟင်ကဲ့ရဲ့လိုသူတို့သည်လည်းဤအချက်တို့ကို စဉ်းစားသင့်လှပေသည်။ လောကနှင့် ပတ်သက်သော ပြဿနာများကို ဗုဒ္ဓက မဖြေဆိုခြင်းမှာ သာမန်ကာလျံကာ ကြည့်လျှင် အပြစ်ဆိုဖွယ်ရှိသော်လည်း သေသေချာချာစဉ်းစားလျှင် အဓိပ္ပာယ် အပြည့်အဝရှိကြောင်း တွေ့ရှိရပေလိမ့်မည်။

ယနေ့သော် သိပ္ပံပညာ ကိုယ်တိုင်က အရာရာကို မသိနိုင်ကြောင်း ဝန်ခံနေရပြီ မဟုတ်ပါလော။

ဗုဒ္ဓသည် သိပ္ပံပညာဆရာ မဟုတ်ချေ၊ ဗုဒ္ဓ၏ ရည်ရွယ်ချက်မှာ ဓာတ်စမ်းခန်းများ ဆောက်လုပ်ရန်၊ ရူပဗေဒ၊ ဓာတုဗေဒ ကျမ်းစာများ ရေးသားရန်၊ ဒိုးပုံဂြိုဟ်တုများ ပစ်လွှတ်ရန်၊ အနုမြူ ဟိုက်ထရိုဂျင်ဗုံးများ ဖောက်ခွဲရန် မဟုတ်ချေ။ ဗုဒ္ဓ၏ တခုတည်းသော လုပ်ငန်းစဉ်မှာ ဒုက္ခမှ လွတ်မြောက်ရေးပင် ဖြစ်သည်။ ဒုက္ခဆိုရာ၌လည်း ရုပ်ကြောင့်ဖြစ်သော ဒုက္ခ၊ စိတ်ကြောင့်ဖြစ်သော ဒုက္ခအားလုံးကို ဆိုလိုပေသည်။

ဗုဒ္ဓက ကမ္ဘာ၏အစ (စသည်စသည်) ကို လူတို့မကြံဆရဟုလည်း မပိတ်ပင်။ ကြံဆပါဟုလည်း မတိုက်တွန်း။ ဒုက္ခမှလွတ်

ငြိမ်းကြောင်း မဟုတ်ဟူ၍သာ ပြောခဲ့ခြင်းဖြစ်သည်။အကယ်၍လည်း ဒုက္ခမှ လွတ်ငြိမ်းကြောင်း မဟုတ်သည်မှာ ထင်ရှားသည်။

ဗုဒ္ဓသည် နတ်ဘုရားမဟုတ်။ လူသားစင်စစ်မှ ကိုယ်တိုင်ကျင့်ကြံမှုဖြင့် အသိဉာဏ် ထွန်းပေါက်၍ ဘုရားအဖြစ် ရောက်ရှိလာသူသာ ဖြစ်လေသည်။ ထို့ကြောင့် (ထာဝရဘုရားကဲ့သို့) အရာအားလုံးကို ဖန်ဆင်းတော်မူသည်ဟု မပြောခဲ့ပေ။

ဗုဒ္ဓသည် ပြဿနာရပ်မှန်သမျှကို ကြည့်ရာ၌ လူကို သော့ချက်ထားသည်။ လူကိုသာ အခြေအဖြစ် ကြည့်သည်။ လူကို နားလည်အောင် ကြိုးပမ်းသည်။လူကို နားလည်သည်နှင့်တပြိုင်နက် ပြဿနာဟူ၍ မရှိနိုင်တော့ချေ။ အဘယ့်ကြောင့်ဟူမူ သက်ရှိသက်မဲ့ အားလုံး၏ (သို့မဟုတ်) ရုပ်ဓာတ် နာမ်ဓာတ် အားလုံး၏ သဘောသဘာဝတို့သည် လူ၌ အကျုံးဝင်လျက်ရှိသောကြောင့်ပင်တည်း။ ထို့ကြောင့် လူတို့သည် လူကိုနားလည်အောင် (တနည်းအားဖြင့်) မိမိကိုယ်ကို မိမိ နားလည်အောင် စူးစမ်းရန် ပထမ အရေးကြီးပေသည်။

ဗုဒ္ဓသည် လူ၏ ရုပ်သဘောကိုလည်းကောင်း၊ နာမ်သဘောကိုလည်းကောင်း၊ ယင်းတို့နှစ်ခု၏ ဆက်သွယ် စပ်ယှက်မှုကိုလည်းကောင်း၊ ယင်းတို့ နှစ်ခု၏ ဖြစ်မှုပျက်မှု အစဉ်ကိုလည်းကောင်း၊ ကြီးရင့်လှသော အသိဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ပြီး ဤသည်ကား ဒုက္ခ၊ ဤသည်ကား ဒုက္ခ၏အကြောင်းရင်း၊ ဤသည်ကားဒုက္ခငြိမ်းရာ၊ ဤသည်ကား ဒုက္ခငြိမ်းကြောင်းဟူ၍ ဟောပြောခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓ၏ အဘိဓမ္မာ၌ ရုပ်နာမ်တို့၏ သဘော သဘာဝ အားလုံး ပါရှိပေသည်။

အချို့သော ဘာသာတို့တွင် ကမ္ဘာအစနှင့် ပတ်သက်၍ တိကျသော အယူများရှိကြ၏။ ထိုဘာသာတို့ အလိုတွင် အရာအားလုံးသည် ထာဝရ ဘုရားသခင်၏ ဖန်ဆင်းမှုကြောင့်ပေါ်ပေါက်လာရသည် ဖြစ်၏။ ထာဝရ ဘုရားသည် အရာအားလုံး၏ ပထမ အကြောင်းဖြစ်၏။ ၁၆၁၈ ခုနှစ်တွင်ခရစ်ယာန်ဂိုဏ်းချုပ်ဘုန်းတော်ကြီး လိုက်တ်ဖုတ် ဆိုသူက ဘုရား သခင်သည် လူအား ခရစ်မပေါ်မီ ၄၀၀၄ ခုနှစ်၏ တခုသော နံနက်ခင်း (၉)နာရီအချိန်လောက်တွင် ဖန်ဆင်းကြောင်း ရေးသားလိုက်၏။ ပထမ ဂျိမ်းစ်ဘုရင် လက်ထက်တွင် ရေးဆွဲသော စာရင်းတွင်လည်း ထိုအတိုင်းဖော်ပြထား၏။ သို့ရာတွင် သမိုင်းဆရာတို့နှင့် ရှေးဟောင်းသုတေသီတို့ ရှာဖွေတွေ့ရှိရသည်ကားအီဂျစ်ယဉ်ကျေးမှုသည် ခရစ်မပေါ်မီ နှစ်ပေါင်း ၇၀၀၀၊အိန္ဒိယပြည် မိုဟန်ဂျိုဒါရိုနှင့် ဟာရပ္ပ ယဉ်ကျေးမှုသည် နှစ်ပေါင်း၆၀၀၀၊ ကောလဒီယား ယဉ်ကျေးမှုသည် နှစ်ပေါင်း ၅၀၀၀ ခန့်ကပင် ပေါ်ထွန်းလျက်ရှိသည်။ ထာဝရဘုရား မဖန်ဆင်းမီပင် ကမ္ဘာ၊ လူနှင့် တိရစ္ဆာန်တို့ရှိနေပြီဟု အဓိပ္ပာယ်ထွက်နေသည်။

ဤသို့ဆိုသဖြင့် ဗုဒ္ဓဘာသာသည်လည်း သိပ္ပံပညာနှင့် ကွဲလွဲသည်ဟု မယူဆသင့်။ သိပ္ပံပညာက ကမ္ဘာ မည်သို့ဖြစ်ပေါ်သည်ဟု ဆိုသည်ဖြစ်စေ၊ ဗုဒ္ဓဘာသာကို စိုးစဉ်းမျှ ထိခိုက်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤကိစ္စတို့နှင့်ပတ်သက်၍ ဗုဒ္ဓတွင် မည်သို့မျှလည်း အယူမရှိ။ မည်သို့မျှလည်း မဟောခဲ့သောကြောင့်ပင်။ ဗုဒ္ဓသည် စကြဝဠာ၏အစကို ရှာကြံသူမဟုတ်။ ဒုက္ခ၏အကြောင်းရင်းကို စူးစမ်းတွေ့ရှိပြီး ထိုအကြောင်းကို ချုပ်ငြိမ်းစေသည့်

နည်းလမ်းကို ညွှန်ပြသူသာ ဖြစ်ပေသည်။ ဗုဒ္ဓ၏အောက်ပါ စကားသည် ဗုဒ္ဓဝါဒ၏ ရည်ရွယ်ချက်ကို ပြတ်သားစွာ ပြဆိုပေသည်။

"ရဟန်းတို့၊ ရှေ့ကလည်းကောင်း၊ ယခုလည်းကောင်း ငါသည် တခုတည်းသော အကြောင်းကိုသာ ဟောကြားပေသည်။ 'ယင်းကား ဒုက္ခနှင့် ဒုက္ခမှ လွတ်ကြောင်းပေတည်း"

## အခန်း သုံး

# ဘဝပြဿနာ

ဘဝအစ သို့မဟုတ် သတ္တဝါအစနှင့် ပတ်သက်၍ ကမ္ဘာပေါ်မှာ ဆူညံစွာ ငြင်းခုံလာကြသည်မှာ နှစ်ပရိစ္ဆေဒ ရှည်လျားလှလေပြီ။ ငြင်းခုံမှုစစ်ပွဲသည် ထာဝရဘုရား၏ ဖန်ဆင်းမှုကို ယုံကြည်သူများနှင့် သဘာဝတရား၏ ဖန်ဆင်းမှုကို ယုံကြည်သူများ၏အကြားတွင် ဖြစ်ပေသည်။

ပထမ ပုဂ္ဂိုလ်များက ဤသို့ ဆင်ခြင်ပြောဆိုကြကုန်၏။

(၁) ဖန်ဆင်းသူ (အကြောင်း) မရှိပဲ မည်သည့် အရာမျှ သူ့အလိုအလျောက် မပေါ်ပေါက်နိုင်။ ထို့ကြောင့် သက်ရှိသက်မဲ့အားလုံးမှာလည်း ဖန်ဆင်းသူ ရှိရမည်။

(၂) သဘာဝ၏ အခြင်းအရာများကိုကြည့်ပါ။ အားလုံး အစီအစဉ်တကျ ဖြစ်ပျက်နေသည်။ ထို့ကြောင့် ၎င်းတို့ကို အစီအစဉ် ပြုလုပ်ပေးသူ ရှိရမည်။

(၃) လူတို့၏ သမိုင်းစဉ်သည် နိမ့်ရာမှ မြင့်ရာသို့၊ ရိုင်းရာမှ ယဉ်ရာသို့၊ မပြည့်စုံရာမှ ပြည့်စုံရာသို့ တဆင့်ထက်တဆင့် တိုးတက်နေသည်ကို တွေ့ရမည်။ ထို့ကြောင့် လူနှင့် လူ့သမိုင်းသည် အသိဉာဏ်ရင့်သန်သော တန်ခိုးရှင်တဦးဦးက ရည်ရွယ်ချက်ဖြင့် ပဲ့ကိုင်ပေးနေခြင်း ဖြစ်ရမည်။

(၄) လောကတွင် ကောင်းမှုများ၌ ကောင်းကျိုးရှိ၍

မကောင်းမှုများ၌ မကောင်းကျိုးရှိသည်မှာ ထင်ရှားသည်။ ထို့ကြောင့် ဤကောင်းမှု မကောင်းမှုများကို စီစဉ်၍ ဆုလာဘ် သို့မဟုတ် အပြစ်ဒဏ် ပေးလေ့ရှိသော တရားမင်းတဦးသည် မုချရှိရမည်။

ရဟူဒီ ဘာသာနှင့် ခရစ်ယာန်ဘာသာ ကျမ်းစာတို့သည် အထက်ပါ အချက်များကို အခြေခံ၍ ထာဝရဘုရားသခင်၏ ကမ္ဘာနှင့် လူမျိုးဆက် တည်ဆောက်ပုံကို ဖော်ပြကြ၏။ အဆို ပါ ကျမ်းများအရ သိရသည်မှာ—

(က) မူလက သက်ရှိသက်မဲ့ ဟူ၍ ဘာမျှမရှိ။ ထာဝရ ဘုရားသာရှိသည်။

(ခ) ဘာမျှ မရှိသည်မှ ထာဝရဘုရားသခင်သည် ပထမ ကောင်းကင်နှင့် မြေကြီးကိုလည်းကောင်း၊ ထို့နောက် အစဉ် အတိုင်းနေ့နှင့်ည၊ မိုးနှင့်မြေ၊ ကုန်းနှင့်ရေ၊ မြက်ပင်၊ စပါးပင်၊ သစ်ပင်၊ နေနှင့်လ၊ ကြယ်များ၊ရေနေ တိရစ္ဆာန်များ၊ ငှက်များ ကုန်းနေသတ္တဝါများနှင့် လူဟူ၍ ဖန်ဆင်းတော်မူသည်။ ၎င်းတို့ အားလုံးကို(၇)ရက်အတွင်း ပြီးစီးအောင်ဖန်ဆင်းတော်မူသည်။

(ဂ) လူကို ဘုရားသခင်က ၎င်း၏ပုံသဏ္ဌာန်နှင့် တညီ တသဏ္ဌာန်တည်း ဖန်ဆင်းထားသည်။ဘုရားသခင်သည် မြေမှုန့် ဖြင့် လူကို ဖန်ဆင်းသူ၏ နှာခေါင်းထဲသို့ ဇီဝအသက်မှုတ်တော် မူလျှင် လူသည် အသက်ရှင်သော သတ္တဝါဖြစ်၏။

(ဃ) ထို့နောက်ဘုရားသခင်သည် ၎င်းလူ(ယောကျ်ား)၌ အဖော်(မိန်းမ)ရှိရန်သင့်သည်ဟု ယူဆပြီးလျှင်ထိုလူယောကျ်ား အား ကြီးသောအိပ်ခြင်းဖြင့် အိပ်စေ၍ နံရိုးတချောင်းကို ထုတ် ယူပြီးလျှင် ၎င်းနံရိုးဖြင့် လူမိန်းမကို ဖန်ဆင်းတော်မူ၏။

(င) ထို့နောက် ဘုရားသခင်သည် လူယောကျ်ားနှင့် လူမိန်းမတို့အား ဧဒင်အရပ်၌ရှိသော ဥယျာဉ်၌ နေရာချထားတော်မူ၏။ ထိုဥယျာဉ်၌ ကောင်းမကောင်း သိစေနိုင်သော သစ်ပင်ရှိရာ ၎င်းသစ်သီးကို မစားရန် ပညတ်ထား၏။

(စ) ထိုအခါ (လူစီဖာ) အမည်ရှိ နတ်ဆိုးသည် မြွေအား စေလွှတ်၍ ၎င်းအသီးကို စားရန် မိန်းမအား ဖြားယောင်း ပြောဆိုစေ၏။ မိန်းမလည်း ပြောသည့်အတိုင်း ယုံကြည်၍ ကိုယ်တိုင်လည်း စားပြီး ယောကျ်ားအားလည်း စားစေ၏။ ထိုသို့ စားသည်နှင့်တပြိုင်နက် ၎င်းတို့၏မျက်စိများသည် ပွင့်လင်းလာကြပြီး ၎င်းတို့သည် တယောက်နှင့်တယောက် ကြည့်ရှုသော် အဝတ်မပါသည့်အဖြစ်ကို တွေ့ရှိရသဖြင့် ရှက်သောစိတ်များ ပေါ်ပေါက်လာကုန်၏။ထို့ကြောင့် ၎င်းတို့သည် သင်္ဘောသဖန်းပင်ရွက်တို့ကို ချုပ်စပ်ပြီး အဝတ်အဖြစ် ဝတ်ဆင်ကြကုန်၏။

(ဆ) ထိုအဖြစ်ကို ဘုရားသခင်ကြားသိလေသော် ပြင်းစွာ ကျိန်ဆဲ၍ ၎င်းတို့နှစ်ဦးအား ဧဒင်ဥယျာဉ်မှ နှင်ထုတ်တော်မူ၏။

(ဇ) လူယောကျ်ား(အာဒံ)နှင့် လူမိန်းမ(ဧဝ)တို့ အချင်းချင်း ဆက်ဆံသဖြင့် သားသမီးထွန်းကားပြီး လူမျိုးဆက်များ ပေါ်ထွန်းလာ၏။

ခရစ်တော်မပေါ်မီ စောစီးစွာကပင်လျှင် အချို့တွေးခေါ်ရှင်တို့သည် ထာဝရဘုရား၏ ဖန်ဆင်းမှုကို ပယ်ခဲ့ကြ၏။ ၎င်းတို့ကို အမြွက်မျှဖော်ပြလျှင် လုံလောက်မည် ထင်ပါသည်။

အဘိဓမ္မာနှင့် သိပ္ပံပညာတို့၏ ဖခင်ကြီးဖြစ်ပြီး ပထမဆုံး နေကြတ်မည့်ရက်ကိုကြိုတင်ပြောဆိုနိုင်ခဲ့သူ ခေါမပြည် မီလေး

တော့စ်နယ်သား (သားလက်စ်) က အရာ အားလုံးသည် ရေ(အာပေါ်ခေါ်တ်မှ)စတင်ဖြစ်ပေါ်သည်ဟု ဆို၏။

ခရစ်တော် မပေါ်မီ ၆၁၀ ခုနှစ်တွင် ပေါ်ထွန်းသော မီလေးတော့စ်နယ်သား (အနာခွိမန်းဒါး)ကမူ လူတို့သည် နိမ့်ကျသော သတ္တဝါများမှ တစတစ တိုးတက်လာသည်ဟု ယူဆ၏။ လူတို့သည် မိမိတို့၏ သားသမီးများကို နှစ်လများစွာ ထိန်းသိမ်း မွေးမြူရခြင်းကိုကြည့်ရှု၍ လူသည် ယခင်အခါက(ကမ္ဘာဦးအခါက) ဤအတိုင်း မဟုတ်နိုင်ကြောင်း သူဆင်ခြင်မိလေ၏။ နောက်ဆုံးတွင် သူက လူသည် ငါးများမှ ဆင်းသက်လာကြောင်း ဟောပြောပြီး လူအများအား ငါးကို မစားရန် တိုက်တွန်းနှိုးဆော်ခဲ့၏။

ခရစ်တော် မပေါ်မီ ၄ ရာစုခေတ် အာရိစ္စတိုတယ်လ်က သတ္တဝါလောက၏ မြင့်မားသောအဆင့်များသည် နိမ့်ကျသော အခြေအနေကမှတဖြည်းဖြည်း တိုးတက်လာသည်ဟု အခိုင်အမာ ယုံကြည်၏။ ထိုခေတ် ထိုအခါကပင် ဖား စသော သတ္တဝါတို့သည် သက်မဲ့ပစ္စည်းမှ ပေါက်ဖွားလာသည်ဟု ယူဆကြသူ အများအပြား ခေါ်မပြည်တွင်ရှိသည်ဟု သိရပေသည်။

အခြား မီလေးတော့စ်နယ်သား (အနာခဇီမီးနီးစ်)က အရာ အားလုံးသည် လေ (ဝါယောဓာတ်) မှ စတင် ပေါက်ဖွားကြောင်း အဆိုပြုခဲ့လေ၏။ ကမ္ဘာဖြစ်စဉ်နှင့်ပတ်သက်၍ အပြတ်သားဆုံးပြောခဲ့သူမှာ ဟီရာကလစ်တပ်စ်ဖြစ်၏။ သူ၏ အဆိုအမိန့်မှာ အောက်ပါအတိုင်းဖြစ်၏။

ကမ္ဘာကြီးသည် မည်သည့်နတ်ဘုရားမှ ဖန်ဆင်းထားသည် မဟုတ်ပဲ စနစ်တကျ တောက်လောင်ခဲ့ပြီး စနစ်တကျ ငြိမ်း သေလျက်ရှိသော မီးလုံးကြီးသာ ဖြစ်သည်။

(အင်ပီဒေါ့ကလက်စ်) အမည်ရှိသော အခြားတွေးခေါ်ရှင် ၏ အလိုမှာကား အရာအားလုံး၏ ပင်မအခြေခံသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော တည်းဟူသော အခြေခံဓာတ်ကြီး လေးပါးဖြစ်၏။

အရှေ့တိုင်း၏ အဘိဓမ္မာ နယ်မြေဖြစ်သော အိန္ဒိယတွင် လည်း အလားတူ ပုဂ္ဂိုလ်များကို တွေ့ရ၏။ဥပမာအားဖြင့် ပြရ လျှင် သင်္ချာ(သင်္ခယ)အဘိဓမ္မာကို တည်ထောင်သော(ကပိလ မုနိ)၊ ချပ်ဝါဒ အဘိဓမ္မာကို တည်ထောင်သော (စရဝက)၊ဇိန (ဂျိမ်း) ဘာသာကို တည်ထောင်သော (မဟာဝိရ) တို့သည် ထာဝရဘုရား၏ ဖန်ဆင်းမှုကို ပယ်သူများ ဖြစ်ကြ၏။

များစွာသော ပုဂ္ဂိုလ်တို့က ဒါဝင်သည် တရွေ့ရွေ့တစစ ဖြစ်ပေါ်တိုးတက်မှု သဘောတရားကို စတင်ကြံဆ တီထွင်သူ အဖြစ် ထင်မြင်နေကြကုန်၏။ အမှန်ကား ဤသို့မဟုတ်ချေ။ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ၎င်းသဘောတရားကို ခရစ်တော် မပေါ်မီကပင် ခေါမပညာရှင်အချို့က အရိပ် အမြွက်မျှ ကြံဆ သိမြင်ခဲ့ကြ၏။ ဒါဝင်၏စာအုပ် မထုတ်ဝေမီ ကပင် သိပ္ပံပညာရှင် များစွာတို့သည် အယူကို ကြံဆ ရှာဖွေ နေကြပြီဖြစ်ပေသည်။ ၎င်းတို့အနက် အထင်ရှားဆုံးပုဂ္ဂိုလ်မှာ ပြင်သစ် တိရစ္ဆာနဗေဒဆရာ ဂျေ ဘီ ဒီလမက် ဖြစ်သည်။

ဒါဝင်သည် ၎င်းစာအုပ်(ORIGIN OF SPECIES)ကိုရေး သား၍ တဝက်မျှ ပြီးစီးနေချိန်ဝယ် မာလာယုကျွန်း၌ သဘာဝ

သမိုင်း သုတေသန ပြုလျက်ရှိသော သူ၏မိတ်ဆွေ အဲလ်ဖရက် ရပ်ဆယ်လ်ဝေါလေ့စ်ထံမှ စာတစောင် ရောက်ရှိလာလေသည်။ ဝေါလေ့စ်က ၎င်းသည် သတ္တဝါမျိုးဆက်တို့၏ အစကို ရှာဖွေကြံဆလျက်ရှိပြီး လေ့လာ၍ ရသလောက်ကိုဆောင်းပါးတစောင် ရေးသားထား၏။ ဆောင်းပါး၏ အမည်မှာ (ESSAY ON THE TENDENCY OF VARIETIES TO DEPART INDEFINITELY FROM THE ORIGINAL TYPE)ဟူ၍ဖြစ်၏။၎င်းဆောင်းပါးတွင်ရေးသားထားသည့်အားလုံးမှာ ဒါဝင်ရေးသားနေသောသဘောတရားတို့ပင်ဖြစ်နေလေသည်။ ထို့ကြောင့်ပင် ဒါဝင်ကိုယ်တိုင်က အကယ်၍ ဝေါလေ့စ်သည် ၁၈၄၂ ခုနှစ်လောက်တွင် ကျွန်ုပ်၏ စာအုပ်ကို အကျဉ်းချုပ်ရေးပြုရမည်ဆိုလျှင်ဤဆောင်းပါးထက်ပို၍ ကောင်းအောင်သူ ရေးသားနိုင်တော့မည် မဟုတ်ပေ။ ယခုပင်လျှင် သူ သုံးစွဲထားသော ဝေါဟာရများတို့သည် ကျွန်ုပ် စာအုပ်၏ ခေါင်းစီးများအဖြစ် တည်ရှိနေပေသည်ဟု မိန့်ဆိုခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ဒါဝင်သည် တစစ ဖြစ်ပေါ်တိုးတက်မှုသဘောတရားတို့၏ အတော်ဆုံးနှင့် အထူးချွန် အထင်ရှားဆုံးဝန်ဆောင် ပုဂ္ဂိုလ်တဦး ဖြစ်ကြောင်းကိုမူ ငြင်းစရာ မလိုပေ။ ထို့ကြောင့်ပင် ၎င်းသဘောတရားကို ဒါဝင်၏သဘောတရားဟု ပညာရှင်တို့ ကင်ပွန်းတပ်ကြခြင်း ဖြစ်လေသည်။ ဤစာအုပ်တွင်လည်း ထိုဝေါဟာရအတိုင်းပင် လက်ခံသုံးစွဲပါမည်။

ဒါဝင်၏ သဘောတရားမှာ အချုပ်အားဖြင့် အချက်တချက်ကိုသာ အဆိုပြုပေသည်။ ယင်းအဆိုကား သတ္တဝါအားလုံးသည် ယခင်အခါက ယခုအသွင်အတိုင်း တည်ရှိခဲ့သည်မဟုတ်။ ယခင်ကရှိသော အသွင်သဏ္ဌာန်များသည်ပြောင်းလဲ၍

(သို့မဟုတ်) ပျောက်ကွယ်၍ ၎င်းတို့နှင့် ခြားနားသော၊ အသစ်ဖြစ်သော အသွင်သဏ္ဌာန်များ ပေါ်ပေါက်လာခြင်း ဖြစ်၏။ ဥပမာ ပြရလျှင် ယခုရှိသောခွေးများသည် ယခင်အခါကဝံပုလွေများဖြစ်ကြ၏။ ယခုရှိသော မြင်းများသည် ယခင်အခါက ကြောင်ကဲ့သို့ လက်သည်းခြေသည်းများ ရှိကြ၏။ ယခုရှိသော ကျားများသည် ယခင်ကဓားကောက်ကဲ့သို့ အစွယ်များရှိကြ၏။

ဤအချက်ကို ထောက်ခံသူမှာ ကျောက်ဖြစ် ရုပ်ကြွင်းပညာရပ်(**PALAEONTOLOGY**) ဖြစ်သည်။ အဆိုပါပညာရပ်သည် သဘာဝ စာအုပ်ဟု ခေါ်ဆိုအပ်သော မြေကြီး အလွှာများကို စနစ်တကျ တူးဖော်၍ ထိုမြေလွှာများ၌ ကျောက်ဖြစ်၍ နေသော ရှေးဟောင်းခေတ် တိရစ္ဆာန်များ၏ ရုပ်ကလာပ်တို့ကို ရှာဖွေခြင်းဖြစ်၏။ သိပ္ပံဆရာတို့သည် ရေဒီယန်ခေါ်သော လက်နက်တမျိုးဖြင့် မြေလွှာတို့၏ အသက် အပိုင်းအခြားကို တွက်ချက်နိုင်လေ၏။ ထို့ကြောင့် ရုပ်ကြွင်းတခု၏ သက်တမ်းကိုလည်း ၎င်းအား တွေ့ရှိရာ မြေလွှာကိုကြည့်၍ တွက်ချက်နိုင်လေသည်။

ကျောက်ဖြစ် ရုပ်ကြွင်းပညာရပ်၏ သုတေသနပြုမှုများ အရ ထင်ရှားလာသည်မှာ အလွန် ရှေးကျသော မြေလွှာများတွင် နိမ့်ကျသော သတ္တဝါတို့၏ ရုပ်ကြွင်းများကို လုံးဝ မတွေ့ရချေ။ ထိုအခါက ကမ္ဘာပေါ်တွင် ကျောရိုးရှိသော သတ္တဝါဟူ၍ လုံးဝ မရှိသေးချေ။ နောက်ထပ် နှစ်သန်းပေါင်း များစွာ ကြာသောအခါတွင် ငါးများ ပေါ်ပေါက်လာလေသည်။ ထို့နောက် နှစ်သန်းပေါင်းများစွာ ကြာပြန်သောအခါ ကုန်းတပိုင်း ရေတပိုင်း သတ္တဝါများ (ဖားစသည်) ပေါ်လာပြန်၏။

ထို့နောက် အစဉ်အတိုင်း တွားသွား သတ္တဝါများ၊ ငှက်များ နှင့် နို့တိုက်သတ္တဝါများ ပေါ်ထွန်းလာ၏။ (မှတ်ချက်။ ။ ၎င်းသတ္တဝါများသည် ယခု ခေတ်တွင် ရှိသော အမျိုးတူ သတ္တဝါများနှင့် တထေရာတည်း မဟုတ်သည်ကို သတိချပ်ပါ။)

ကမ္ဘာဦးခေတ်မှ ဤယနေ့တိုင်အောင် ဤကမ္ဘာမြေပေါ် တွင် သတ္တဝါမျိုးဆက် များစွာတို့သည် ပေါ်ထွန်းခဲ့ပြီးနောက် ပျောက်ကွယ်သွားကြပြီ ဖြစ်၏။ အချို့ မျိုးဆက်တို့မှာကား မပျောက်ကွယ်သော်လည်း ယခင်ကနှင့် မတူတော့ပဲ အသွင် သဏ္ဌာန်နှင့် အလေ့အကျင့် အမူအရာတို့ ပြောင်းလဲသွားကြ၏။ တွားသွား သတ္တဝါများသည် မူလက အမျိုးပေါင်း (၂၀) ခန့် ရှိသည်။ အရေအတွက်လည်း များပြားလှသည်။ တွားသွား သတ္တဝါခေတ်(**AGE OF REPTILES**)ဟုခေါ်သောအချိန်ကမူ ဒိုင်နိုင်ဆောစသော တွားသွား သတ္တဝါတို့သည် ကမ္ဘာမြေကို အုပ်စိုးခဲ့ကြ၏။ သို့ရာတွင် နှစ် ပရိစ္ဆေဒ ရှည်မြင့်၍ ပထဝီအနေ အထားနှင့် ရာသီဉတု ပြောင်းလဲ သွားသည့်ပြင် နို့တိုက် သတ္တဝါများ ပေါ်ပေါက်လာသော အခါတွင်ကား တွားသွား သတ္တဝါတို့သည် အရေအတွက် နည်းပါးလာပြီး အမျိုးပေါင်း များစွာ ကွယ်ပျောက် သွားကြလေသည်။ ယခု အခါ ကမ္ဘာ ပေါ်တွင် တွားသွားသတ္တဝါ အမျိုးပေါင်း (၅) ခုမျှသာ ကျန်တော့သည်။ ကမ္ဘာဦးမှ သတ္တဝါမျိုးဆက် တခုသည် အခြေအနေ အရပ်ရပ်ကြောင့်

(က) လုံးဝ ကွယ်ပျောက်သွားသည်လည်း ရှိသည်။

(ခ) မပျောက်ကွယ်ပဲ မူလမျိုးဆက်မှ ခြားနားစွာပြောင်း လဲ ဖြစ်ပေါ်ခဲ့သည်လည်းရှိသည်။ (မူလက ဝံပုလွေအရိုင်းသည်

ယခုအခါ ဂရေးဟောင်း၊ ဒတ်ချ်ဟောင်း၊ စပင်နီယယ်စသော ခွေးမျိုးအဖြစ် ပြောင်းလဲသွားသည်ကို ဥပမာအဖြစ် ဆင်ခြင်ကြည့်ပါ။) ထို့ကြောင့် ယခုရှိနေသော သတ္တဝါအချို့သည် အသွင်သဏ္ဍာန်အားဖြင့် မည်မျှကွဲလွဲနေစေကာမူ ကနဦးကမူ တူညီသော မျိုးဆက်တို့မှ ဆင်းသက်လာခြင်းသာ ဖြစ်သည် ဆိုသောအချက်ကို သိပ္ပံပညာဆရာတို့ တွေ့ရှိရလေသည်။

နှိုင်းယှဉ်သော ကာယဗေဒပညာ(COMPARATIVE ANATOMY)သည် အထက်ပါအချက်ကိုထောက်ခံနေ၏။ ၎င်းပညာ၏လေ့လာချက်အရ အနိမ့်ဆုံးငါးမှသည် မြင့်မားသော သတ္တဝါများအထိ ကျောရိုးပါသောသတ္တဝါတို့တွင် ဦးနှောက်တည်ဆောက်ပုံ အစီအစဉ်များ တူညီနေကြောင်း တွေ့ရှိရသည်။ တဖန် နို့တိုက်သတ္တဝါများ၏ ခြေလက်အင်္ဂါ တည်ဆောက်ပုံ အစီအစဉ်မှာလည်း တူညီသည်ကို တွေ့ရသည်။ နောက်တဖန် လင်းနို့၏အတောင်နှင့် ဝေလငါး၏ အတောင်တို့သည် လူ၏လက်များနှင့် တူညီသည်ကို တွေ့ရပြန်သည်။

ခန္ဓာဗေဒပညာ(PHYSIOLOGY)၏ရှာဖွေမှုအရသတ္တဝါအားလုံးတွင် တူညီသောအချက်များကို တွေ့ရှိရ၏။ ၎င်းတို့အားလုံး စားခြင်း၊ အိပ်ခြင်း၊ လှုပ်ရှားခြင်း စသည်တို့ကို ပြုလုပ်ကြရ၏။ အထူးခြားဆုံးသော မှတ်သားဖွယ် အချက်ကား လူနှင့်တကွ အခြားအဆင့်မြင့်သော သတ္တဝါများအတွက် တူညီသော ဗိုက်တာမင်ဓာတ် လိုအပ်ကြောင်း တွေ့ရှိရခြင်းပင် ဖြစ်သည်။ ဤဗိုက်တာမင် ဓာတ်များကို ပထမက အခြားတိရစ္ဆာန်များ၌ စမ်းသပ်စစ်ဆေး၍ ရှာဖွေပြီးမှ လူတို့အတွက် စားသုံးရန် ပြဋ္ဌာန်းရခြင်း ဖြစ်ပေသည်။

ပဋိသန္ဓေဆိုင်ရာ ပညာရပ် (EMBRYOLOGY) အရမှာ လည်း အငယ်ဆုံးပိုးမွှားမှသည် အမြင့်ဆုံးသော တိရစ္ဆာန်များ အထိ ပဋိသန္ဓေဆိုင်ရာ အခြေခံစည်းမျဉ်းများ (PRINCIPLES) မှာ အတူတူပင် ဖြစ်ကြောင်းတွေ့ရှိရလေသည်။

အားလုံးကိုခြုံ၍ကြည့်သော် သတ္တဝါမျိုးဆက်တို့သည် တူညီ သော အခြေခံမှ တရွေ့ရွေ့တစစ ပြောင်းလဲတိုးတက်လာခဲ့ရ သည်ဟူသော နိယာမသဘောကြီးကို တွေ့ရှိရပေသည်။ ယင်း သဘောသည် သက်ရှိသတ္တဝါအားလုံး၏ ဖြစ်ပျက်ပြောင်းလဲမှု ကို ဖန်တီးပေးခဲ့သော၊ ဖန်တီးပေးနေသော လက်သည်တရားခံ အစစ်ဖြစ်ပေသည်။ ဤသဘောအရ ဘဝဟူ၍ ရှိနေသမျှ တရ စပ် လှုပ်ရှားပြောင်းလဲမှုဟူသည် တပါတည်းရှိနေရမည်ဖြစ်ပေ သည်။ အချိန်ဟူ၍ တစက္ကန့်မျှမရှိပဲ ထာဝရ လှုပ်ရှားမှုကသာ ကြီးစိုးလျက်ရှိပေသည်။ ဤကမ္ဘာမြေအပြင်ဝယ် များစွာသော သတ္တဝါများနှင့် ဝတ္ထုပစ္စည်းများ ချုပ်ငြိမ်းကွယ်ပျောက်လျက် ရှိသည့်အချိန်မှာပင် များစွာသော သတ္တဝါများနှင့် ဝတ္ထု ပစ္စည်းများ မှာလည်း အသစ် ဖြစ်ပွား ပေါ်ပေါက် လျက် ရှိပေသည်။

ဤတွင် ပြဿနာတရပ် ပေါ်ပေါက်လာ၏။ အဘယ် ကြောင့် ဤသို့ ပျက်စီးချုပ်ငြိမ်းနေရပါ သနည်း။ ပျက်စီးချုပ် ငြိမ်းရန် လိုအပ်ပါသလော။

ဤမေးခွန်းကို ဖြေဆိုရန် သတ္တဝါတို့၏ ပေါက်ဖွားသည့် နှုန်းထားကိုစဉ်းစားကြည့်ရသည်။ သတ္တဝါတို့၏ ပေါက်ဖွား သည့် အချိန်မှာ အလွန်လျင်မြန်၏။ မွေးဖွားသည့်နှုန်း အနှေး ကွေးဆုံးဖြစ်သော ဆင်များကိုပင် ကြည့်ပါ။ "နှစ်ပေါင်း

၇၄၀မှ နှစ်ပေါင်း ၇၅၀အတွင်းမှာပင် ဆင်အထီးအမ တစုံမှ မွေးဖွားသောဆင်အရေအတွက်မှာ ၁၉သန်းခန့် ဖြစ်လာနိုင်သည်”ဟု ဒါဝင်ကပြောခဲ့၏။ မွေးဖွားသမျှ ဆင်တိုင်းမှာ ကျန်းမာ၍ အသက်ရှည်ပြီး ကြီးပြင်းခွင့်ရမည်ဆိုလျှင် မကြာမီအတွင်း ကမ္ဘာတွင် ဆင်များနှင့် ပြည့်နှက်သွားပေလိမ့်မည်။ ဤအချက်ကိုကြည့်၍ သတ္တဝါများ အလွန်အကျွံ မပေါက်ဖွား မပြန့်ပွားစေရန်အတွက် သဘာဝဓမ္မ၏အတားအဆီးများ (CHECKS)လိုအပ်ကြောင်း သိသာပါသည်။ ယင်း အတားအဆီးများကား အခြားမဟုတ်။

(၁) သတ္တဝါများသည် အသက်ရှင် နေနိုင်ရေး အတွက် ကြိုးပမ်းရမှု(STRUGGLE FOR EXISTENCE)နှင့် (၂) သဘာဝ၏ရွေးချယ်မှု(NATURAL SELECTION)တို့ဖြစ်ပါသည်။ ၎င်းတို့နှစ်ခုကို အနည်းငယ်ရှင်းပြပါမည်။

## (၁) အသက်ရှင် နေနိုင်ရေးအတွက် ကြိုးပမ်းရမှု

သတ္တဝါ မျိုးဆက်တခုသည် အခြားသတ္တဝါ မျိုးဆက်တခုကို ဖမ်းဆီးသတ်ဖြတ် စားသောက်ခြင်းဖြင့် မိမိတို့မျိုးဆက် တည်တံ့အောင် ကြိုးပမ်းရသည်။ ထို့ကြောင့် ပထမ အမျိုးအစား တိုးပွားလေ ဒုတိယအမျိုးအစား ယုတ်လျော့လေ ဖြစ်ပေလိမ့်မည်။ ဤအချက်ကို ဒါဝင်က အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

“ခရိုင်တခုအတွင်းတွင် ပျားတို့၏ အရေအတွက် အနည်းအများမှာ ၎င်းတို့၏ အသိုက်နှင့်ပျားသလက်တို့ကို ဖျက်ဆီးတတ်သော လယ်ကြွက်တို့၏ အရေအတွက်ပေါ်တွင် တည်ပေလိမ့်မည်။ထိုလယ်ကြွက်တို့၏အနည်းအများမှာလည်း ၎င်းတို့ကို

စားတတ်သော ကြောင်တို့၏ အရေအတွက်ပေါ်တွင် တည်ပေလိမ့်မည်။''

ဖားပြုပ်မတကောင်သည် တနှစ်လျှင် ဥပေါင်း ၂၀,၀၀၀ မျှ ဥတတ်၏။ ဥပြီးလျှင် ပြီးချင်း အပျက်အစီး များမှာလည်း ကပ်ပါလာ၏။ အချို့ဥများမှာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွား၏။ မပျက်စီး၍ ပေါက်လာသော ဖားငယ်များမှာလည်း အများအပြားသေဆုံးကြ၏။ အများအပြားမှာ အခြားတိရစ္ဆာန်များ အစား ခံကြရ၏။ နောက်ဆုံးတွင် ဖားပြုပ်အမနှင့် အထီးတစုံမျှပင် ကျန်ကောင်းမှ ကျန်ပေလိမ့်မည်။ သို့မဟုတ်လျှင်လည်း ကမ္ဘာရေပြင်တွင် ဖားပြုပ်တို့သာ ပြည့်နှက်နေကြရာသည်။

## (၂) သဘာဝရွေးချယ်မှု

သတ္တဝါ မျိုးဆက်ဘခုအတွင်းမှာပင် အရည်အချင်း မတူသော သတ္တဝါများရှိကြ၏။ ဥပမာ မျိုးဆက်တခု အတွင်းရှိ အချို့ သတ္တဝါတို့သည် အခြားသူများထက် ပို၍ သန်မာ၏။ ပို၍လျင်စွာပြေးနိုင်၏။ပို၍ အသိအလိမ္မာရှိ၏။ပို၍ သွက်လက်၏။ ရောဂါဘယ ဒဏ်ကို ပို၍ခံနိုင်ရည်ရှိ၏။ ရာသီဥတု အပြောင်းအလဲကို ပို၍ခံနိုင်၏။ ဤအရည်အချင်းမျိုး ရှိသူများ သည် အခြား သူများ ပျက်စီးသော်လည်း မပျက်စီးပဲ တည်တံ့နေပေလိမ့်မည်။ ပို၍ အသက် ရှည်ပေလိမ့်မည်။ ဥပမာအဖြစ် အနည်းငယ် ထုတ်နုတ်ပြပါမည်။

ရေခဲဖုံးလွှမ်းရာ အာတစ်စက်ဝိုင်းအရပ်ဒေသတွင် ယုန်အဖြူများသည် ယုန်အညိုများထက် ပို၍အသက်ရှည်သည်။ အဘယ့်ကြောင့်ဆိုသော် ယုန်အဖြူများသည် ရေခဲနှင့် ရောနေသဖြင့်

မြေခွေးနှင့် ဝံပုလွေတို့က အလွယ်တကူနှင့် မမြင်နိုင်သော ကြောင့် ဖြစ်၏။ မိုးခေါင်၍ မြေပြင်တွင် သစ်ပင် မပေါက်သောအခါ သစ်ပင်အမြင့်သို့ လှမ်း၍ အစာ စားနိုင်လောက်အောင် လည်ပင်းရှည်သော သစ်ကုလားအုပ်တို့သည် လည်ပင်းတိုသော သစ်ကုလားအုပ်များထက် ပို၍ အသက်ရှည်သည်။ လည်ပင်းရှည်သော သစ်ကုလားအုပ်တို့သည် ကျား စသော ရန်သူများလာလျှင်လည်း အဝေးမှ မြင်နိုင်စွမ်းရှိပေသည်၊ ဤသဘောကို သဘာဝ၏ ရွေးချယ်ခြင်းဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ဒါဝင်က ဤသဘောကို "မတော်သူသေ။တော်သူနေ" (SURVIVAL OF THE FITTEST) ဟု အမည်ပေးခဲ့၏။ အဓိပ္ပာယ်မှာ သဘာဝနှင့်အဟပ်ဆုံး (အတော်ဆုံး)သူများသာ ကျန်ရှိလိမ့်မည်ဟု ဆိုလိုပေသည်။သဘာဝ ရွေးချယ်မှု၏ အခြားအစိတ်အပိုင်း(၂)ခုမှာ လိင်ရွေးချယ်မှု(SEXUAL SELECTION)နှင့် ရာသီဥတု၏ပြုပြင်မှု(ACTION OF CLIMATE) တို့ ဖြစ်ကြသည်။ လိင်ရွေးချယ်မှုအရ ကျန်းမာသန်စွမ်းသော အဖို့ အမတို့တွင် သားသမီး ပိုမို ထွန်းကားပေလိမ့်မည်။ ရာသီဥတု၏ပြုပြင်မှုလည်း သတ္တဝါများကို သေကြေပျက်စီးစေသည် ဖြစ်ရာ ၎င်းကို ခံနိုင်ရည်ရှိဖို့လည်း အရေးကြီးလှ၏။

ဒါဝင်သည် သူ၏ ပထမစာအုပ်(အထက်တွင်ဖော်ပြခဲ့ပြီး)၌ အဆိုပါ အခြေခံ သဘောတရားများ (အသက်ရှင်နေနိုင်ရေးအတွက် ကြိုးပမ်းရမှု၊ သဘာဝ၏ ရွေးချယ်မှု စသည်ကို ဖော်ထုတ်တင်ပြပြီးနောက်ဒုတိယစာအုပ် (DECENT OF MAN) တွင် လူသည် နိမ့်ကျသောသတ္တဝါများမှ တဖြည်းဖြည်း တစစ တိုးတက်ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဆိုသောအချက်ကို ခိုင်ခိုင်

မာမာ သက်သေပြခဲ့လေသည်။ အချုပ်အားဖြင့်ကား နိမ့်ကျသော သတ္တဝါများသည် အသက်ရှင်နေနိုင်ရေးအတွက် ကြိုးပမ်းရမှုနှင့်သဘာဝ၏ ရွေးချယ်မှုတို့ကြောင့် မသင့်လျော်သော အသွင်သဏ္ဌာန်များ တဖြည်းဖြည်း ပပျောက်သွားပြီး တစတစ တိုးတက် ပြောင်းလဲလာခဲ့ရာ နောက်ဆုံးတွင် လူဟူ၍ ပေါ်ပေါက်လာသည်အထိ ဖြစ်ပေသည်။ထိုအချိန်မှစ၍ ဒါဝင်သည် "လူသည် မျောက်မှ ဆင်းသက်လာသည်" ဟု အဆိုပြုခဲ့သူအဖြစ် ထင်ရှားလာခဲ့လေသည်။

ဒါဝင်၏ သဘောတရားအရ လူနှင့်တကွ သတ္တဝါအားလုံးတို့သည် ထာဝရဘုရားက ဖန်ဆင်းလိုက်ချိန်တွင် ရုတ်တရက် ပေါ်ပေါက်လာခြင်းမဟုတ်ပဲ နိမ့်ကျသော အခြေမှ တစတစ တိုးတက်လာခြင်းသာ ဖြစ်ပေသည်။ အရှင်းဆုံး ပြောရလျှင် မူလက(ကမ္ဘာဦးက) လူဟူ၍ မရှိ။ နိမ့်ကျသော သတ္တဝါများသာ ရှိသည်။ ထိုအခြေမှသည် ဖြစ်စဉ် အမျိုးမျိုး၊ ဖြစ်ပျက်ပြောင်းလဲမှု အမျိုးမျိုးကို ကျော်ဖြတ်ခဲ့ပြီးနောက်မှ လူဟူ၍ ပေါ်ထွန်းလာခြင်း ဖြစ်၏။ သဘာဝ ရွေးချယ်မှုနှင့် ဖြစ်ပျက်ပြောင်းလဲမှုတို့သည် မည်သည့်အခါမျှ ရပ်တည်မနေပဲ အမြဲမပြတ် ဖြစ်ပေါ်နေရာ လူကိုလည်း သဘာဝ၏ အဆုံးသတ်ထုတ်လုပ်မှု (FINISHED PRODUCT OF NATURE) အဖြစ်မယူဆရပေ။ တစတစ ပြောင်းလဲတိုးတက်မှု ဥပဒေအရ နောင်အခါတွင် လူလည်း သည့်ထက်ပြောင်းလဲသွားပေဦးမည်။ သည့်ထက် တိုးတက်သွားပေဦးမည်။ နောက်ဆုံးတွင် ယခု လူသားနှင့် အသွင်သဏ္ဌာန်၊ အမူအရာ၊ အလေ့အကျင့်အား

ဖြင့် လုံးဝခြားနားသော သတ္တဝါများအဖြစ်သို့ ရောက်ကောင်း ရောက်သွားပေဦးမည်။

သက်ရှိသတ္တဝါအားလုံးတို့၏ ပင်မမူလမှာ(သိပ္ပံပညာဆရာတို့ ရှာဖွေတွေ့ရှိသလောက်)ကော်ကဲ့သို့ စေးကပ်သောကလာပ်စည်း တခုသာရှိသည့် အရာများဖြစ်၏။ ၎င်းတို့ကို အမီးဘား (AMEBA)ဟု ခေါ်ကြသည်။ ၎င်းတို့သည် အလွန်တရာ သေးငယ်လှသဖြင့် အလွန် အားကောင်းသော မှန်ပြောင်းများ၏ အကူအညီဖြင့်သာ မြင်နိုင်သည်။ ၎င်းအရာတခုသည် တလက်မ၏ အပုံ(၄၀,၀၀၀)ပုံလျှင် တပုံခန့်သာရှိသည်ဟု တွက်ချက်ယားကြသည်။ ၎င်းတို့တွင် အရိုးဟူ၍ မရှိချေ။

၎င်းအရာ၏ ပုံသဏ္ဌာန်မှာ အဝိုင်းဖြစ်ပြီးအလယ်တည့်တည့်တွင် (နှလုံးကဲ့သို့သော) အစက်ငယ်တခု ပါရှိ၏။ ထူးဆန်းသည်မှာ ၎င်းသည် အလယ်တွင် ရှုံ့ဝင်လာပြီး နှစ်ပိုင်းဖြတ်ထွက်လေ့ရှိခြင်းပင် ဖြစ်သည်။ ထိုသို့ နှစ်ပိုင်းဖြတ်သွားသောအခါ အလယ်ရှိ နှလုံးသားသည်လည်း နှစ်ပိုင်းခွဲ၍ တဘက်စီတွင် ပါသွား၏။ ဤနည်းဖြင့် ၎င်းအရာများမှာ အမြဲ တိုးပွားလျက် ရှိပေသည်။ ၎င်းအရာတို့သည် အဘယ်နည်း၊ သစ်ပင်လော။ တိရစ္ဆာန်လော။ ပြောဆိုရန် ခက်ပေသည်။

၎င်းအရာများ နောက်တွင် သစ်ပင်ငယ်များ၊ ငါးများစသည်ဖြင့် အစဉ်လိုက် ပေါ်ထွန်းလာသည်ကို တွေ့ရှိရသည်။ ဘူမိဗေဒ ဆရာတို့၏ ပိုင်းခြားချက်အရ ဤကမ္ဘာမြေကြီးသည် လွန်ခဲ့သော နှစ်သန်းပေါင်း ရှစ်ထောင် (ကုဋေရှစ်ရာ) တွင် စတင်ပေါ်ပေါက်လာသည်။ ဤကမ္ဘာမြေပေါ်၌သက်ရှိသက်မဲ့

သတ္တဝါဖြစ်ပေါ်လာသည်မှာ နှစ်ပေါင်း ကုဋေသုံးဆယ်ရှိပြီ ဟူ၍ ၎င်းတို့က အယူရှိကြသည်။ ထို့ကြောင့် ၎င်းနှစ်ပေါင်း ကုဋေသုံးဆယ်မတိုင်မီအချိန်ကို သက်မဲ့ခေတ်၊ ထိုခေတ်နောက် ပိုင်း အချိန်ကို သက်ရှိခေတ်ဟူ၍ ခွဲခြား သတ်မှတ်ကြသည်။

သဘာဝသမိုင်းတွင် လူပေါ်သည်အထိ အဆင့်(၅)ဆင့် ရှိ၏။ ၎င်းတို့ကား

(၁) မူလခေတ်(PRIMODIAL)ကျောရိုးနှင့် ဦးခေါင်းခွံ မရှိသော သတ္တဝါများ၊ ရေညှိပင်များ။

(၂) ပထမခေတ်(PRIMARY)ငါးသတ္တဝါများနှင့်ရေညှိ ပင်များ။

(၃) ဒုတိယခေတ်(SECONDARY) ထင်းရှူးပင်များနှင့် ကျောရိုးရှိ သတ္တဝါများ(သို့မဟုတ်) မြွေများ။

(၄) တတိယခေတ် (TERTIAN) အရွက်သစ်ပင်များနှင့် နို့တိုက် သတ္တဝါများ။

(၅) စတုတ္ထခေတ်(QUARTARNERY)လူသား။

သိပ္ပံဆရာတို့ တင်ပြချက်အရ ချင်ပန်ဇီခေါ် မျောက်ဝံနှင့် လူသည် (က) ကိုယ်ခန္ဓာတည်ဆောက်ပုံ၊ (ခ)ဖြစ်ပေါ်လေ့ ရှိသော ရောဂါများနှင့် ကုသပေးရသော ဆေးဝါးများ၊ (ဂ) သွေး၊(ဃ) ဦးနှောက်၊(င) စိတ်ဓာတ်နှင့်အလေ့အကျင့် များ၊ (စ) ပဋိသန္ဓေဆိုင်ရာ အချင်းအရာများ၊ (ဆ) ခြေသည်း လက်သည်း ပုံသဏ္ဌာန်နှင့်၊ အမြင့်သို့ လှမ်းတက်ရန်နှင့် လမ်း လျှောက်ရန် ခြေလက်များ၊ (ဇ) အမများ ရာသီလာပုံနှင့် သားမြတ်များ တစုံစီရှိပုံ၊ (ဈ) အရိုးနှင့် အံသွားများ စသည့် အချက်အလက်တို့တွင် တထေရာတည်း တူညီကြောင်း တွေ့ရ

သည်။ ပါမောက္ခ ကိုးဟလား၏ စမ်းသပ်ချက်အရ လူနှင့် ချင်ပန်ဇီတို့ အသိဉာဏ်လည်း တူသည်။ဒေါက်တာ အီမီလ်ဆယ် သင်ကာ၏တင်ပြချက်အရ သားအိမ်အတွင်းရှိ ကလေးပေါက်စ ကို အစာ၊ ရေ၊ လေ ဆက်ပေးရန် ချက်ကြိုးနှင့်ပတ်သက်သော အချင်းအရာတို့တွင်လည်း လူနှင့် ချင်ပန်ဇီတို့ တူသည်။ လူနှင့် ချင်ပန်ဇီတို့၏ သားတစ် အခြေအနေရှိ သတ္တဝါ ပေါက်စ ကလေး အမြီးငယ်တခု ပဥ္စမသတ္တာဟအတွင်း ပေါ်လာပြီး ဆဋ္ဌမသတ္တာဟအလွန်တွင် ရှုံ့တွ နစ်မြုပ်သွားရာ ၎င်းနေရာ တွင် ခွက်ငယ်ကလေးတခု ကျန်ခဲ့၏။ အခြား နို့တိုက်သတ္တဝါ များအနက် အလားတူ ပြောင်းလဲမှုများသည် (၁) ဂိုရီလ၊ (၂) ချင်ပန်ဇီ၊ (၃) အိုရန်ဂ်၊ (၄) ဂစ်ဗွန်း ဟူသော လူဝံ လေးမျိုးတွင် ဖြစ်လေ့ရှိသည်။ ဒါဝင်၏ သဘောတရားအရ လူသည် ဖားနှင့် တူသည်။ သို့သော် ဖားထက် ခွေးနှင့် ပိုတူ သည်။ တဖန် ခွေးထက်မျောက်ဝံနှင့် ပို၍တူသည်။ လူ၏ခန္ဓာ ကိုယ်တွင် ဂိုရီလနှင့် ချင်ပန်ဇီနှစ်ဦးလုံးနှင့် တူညီချက်(၉)ရာခိုင် နှုန်းရှိပြီး တဦးစီ၏ တူညီချက်ကို ထည့်သွင်းလျှင် (၂၆)ရာခိုင် နှုန်းမျှ ရှိလေသည်။ ဤအချက်များကို သာဓကပြု၍ သိပ္ပံ ဆရာတို့က—

(၁) လူသည် (ဖန်ဆင်းလိုက်ချိန်တွင်) လူသားအဖြစ်သို့ ရုတ်တရက် ရောက်လာရသည်မဟုတ်ပဲ နှစ်သန်းပေါင်းများစွာ ချီ၍ တစထက်တစ ပြောင်းလဲ တိုးတက်ခဲ့ခြင်း ဖြစ်ကြောင်း။

(၂) လူသည် လူဝံအဖြစ်မှနေ၍ တစစ ပြောင်းလဲခြင်း ဖြင့် လူစင်စစ်သို့ ရောက်လာခဲ့ရကြောင်းဖြင့် အဆိုပြုကြလေ သည်။ (မှတ်ချက်။ ။ပြောင်းလဲတိုးတက်မှုကို ဖန်တီးပေးသူ

များမှာ အထက်တွင် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သော အသက်ရှင် နေထိုင်ရေးအတွက် ကြိုးပမ်းရမှုနှင့် သဘာဝ၏ ရွေးချယ်မှုတို့ ပင် ဖြစ်ကြလေသည်။)

ဒါဝင်၏ သဘောတရားတို့သည် ဖန်ဆင်းရှင်ထာဝရဘုရား သခင်အယူကို ပြိုလဲပျက်စီးသွားစေ၏။ ထို့ကြောင့် ထာဝရ ဘုရားကို ယုံကြည်သူတို့ အနေဖြင့် ဒါဝင်ဝါဒကို ခါးသီးစွာ ငြင်းပယ် ချေပကြခြင်း ဖြစ်သည်။ မည်သို့ဖြစ်စေ ဒါဝင်ဝါဒ သည် ဘူမိဗေဒ၊ ပါဏဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ မနုဿဗေဒ၊ စိတ္တဗေဒ၊ သတ္တဗေဒ သဘာဝတ္ထဗေဒ၊ ဝေါဟာရဗေဒတို့ အပြင် ပညာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ သမိုင်းဆိုင်ရာ အတွေး အခေါ်များကို ကြီးမားစွာ ဩဇာညောင်းခဲ့သည်ကား အမှန် ပင် ဖြစ်ပေသည်။

ဒါဝင်ဝါဒကို ၁၉ ရာစုခေတ်က အားလုံးမှန်ကန်သည်ဟု အကြွင်းမဲ့ လက်ခံကြ၏။ သို့သော် ၂၀ ရာစုခေတ်တွင်မူ ဒါဝင် ဝါဒ၏ အရေးကြီးသော အမှားအယွင်းများနှင့် ဒါဝင်ဝါဒ အား အဓိပ္ပာယ်ကောက် လွဲမှားမှုများကို တွေ့ရှိရလေသည်။ သိပ္ပံပညာသည် အသစ်ဖြစ်သော အချက်အလက်များကို အမြဲ ရှာဖွေနေသည်ဖြစ်ရာ တချိန်တခါတွင် မှန်သည်ဟု ယူဆရသည် တို့မှာ နောက်တချိန်ဝယ် အမှားဖြစ်သွားတတ်သည်မှာ မဆန်း လှပေ။

ဒါဝင်ဝါဒကို အတိုချုပ်အားဖြင့် အဓိပ္ပာယ်ဖော်ယူရလျှင် ၎င်းသည် ထာဝရဘုရား၏ ဖန်ဆင်းမှုနေရာတွင် သဘာဝတရား ၏ ဖန်ဆင်းမှုကို အစားထိုးလိုက်ခြင်းဖြစ်၏။ ဒါဝင်၏ အလို အရ သဘာဝတရား၏ ပြုပြင် ဖန်တီးမှုကြောင့် နိမ့်ကျသော

သတ္တဝါများမှသည် အမြင့်ဆုံးသော လူသားတိုင်အောင် ထွန်းကား ပေါ်ပေါက်ခဲ့၏။ လူသားသည်လည်း မြင့်မားသော ယဉ်ကျေးမှုများကို တည်ထောင်နိုင်ခဲ့၏။ ဤဖြစ်စဉ်တို့သည် သဘာဝနိယာမများကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်၏။

သို့သော် တိုးတက် ပြောင်းလဲမှုကို စေ့ဆော်သူများမှာ သဘာဝ နိယာမ အကြောင်းချည်း မဟုတ်သည်ကို တွေးခေါ်ပညာရှင်တို့ သိမြင်လာကြ၏။ ကျောက်ခဲကို မည်သည့်သဘာဝနိယာမကမှ ပြောင်းလဲအောင် မပြုလုပ်နိုင်ခဲ့ချေ။ အဘယ့်ကြောင့်ဆိုသော် ကျောက်ခဲသည် သူ့ကိုယ်သူ မသိတတ်သော ကြောင့် ဖြစ်၏။ သစ်ပင်သည် ပူလောင် ခြောက်သွေ့လျှင် ညှိုးနွမ်းသွားလိမ့်မည်။ အလင်းရောင်၊ ရေ၊ လေတို့ ကောင်းစွာ ရလျှင် ရှင်သန် ထွားကျိုင်းလိမ့်မည်။ အပေါ်မှ အတားအဆီး တခု ခံနေလျှင် ၎င်းကို ရှောင်၍ ကွေ့၍ ပေါက်ရောက်လိမ့်မည်။ တဖန် တိရစ္ဆာန်တို့သည် သစ်ပင်ထက် ပို၍သူ့ကိုယ်သူ သိတတ်၏။ သစ်ပင်တပင်သည် ၎င်းမှ ပေါက်ဖွားသော သစ်ပင်ငယ်ကို ဂရုစိုက်ခြင်း မရှိသော်လည်း တိရစ္ဆာန်တကောင်အဖို့ မိမိ၏ သားငယ်အကွက် အသက်စွန့်ရန်ပင် အဆင်သင့်ရှိနေ၏။ ဂင်္ဂါမြစ်အထက်ပိုင်းတွင်နေသော ငါးတို့သည် ဆောင်းဥတုတွင် ရေမခဲမီ အောက်ပိုင်းသို့ စုန်ဆင်းလေ့ရှိကြ၏။ ကုန်းပိုင်းနေ ငှက်တို့သည် နွေအခါမရောက်မီ တောင်ကုန်းများသို့ ရွှေ့ပြောင်းလေ့ရှိကြသည်။ တဖန် တိရစ္ဆာန်တို့ထက် လူသားသည် သူ့ကိုယ်သူ ပို၍ သိတတ်၏။ လူသား၏ တိုးတက်မှုရှာကြံပုံများကိုမူ အထူးရေးဖွယ် မလိုချေ။

အထက်ပါ အချက်က ဘာကို တင်ပြသနည်း။

သတ္တဝါတို့သည် မိမိကိုယ်ကို သိတတ်လေလေ မိမိ၏ ဘေးကင်းမှု၊ တိုးတက်မှု၊ ချမ်းသာမှုကို ကြံဆောင်လေလေ ဖြစ်ကြောင်းပင်တည်း။ ထို့ကြောင့် ကျောက်ခဲမှသည် လူသားတိုင်အောင် သဘာဝနယ်မြေအတွင်း ရှိရှိသမျှ၏ ပြောင်းလဲတိုးတက်မှုကို ကြံဆောင်ပေးသည့် အကြီးဆုံးနိယာမကား မိမိကိုယ်ကို မိမိ သိတတ်သော သဘောပင်တည်း ဟူသော အချက်မှာ ထင်ရှားလာလေသည်။ မိမိကိုယ်ကို မိမိ သိတတ်သော သဘောဟူသည် အခြားမဟုတ်။ စိတ်ပင်ဖြစ်လေသည်။ ဒါဝင်ဝါဒတွင် စိတ်ဟူသော အခန်းကဏ္ဍမရှိချေ။ ဤအချက်သည် ၎င်း၏ ပထမချွတ်ယွင်းချက် ဖြစ်ပေသည်။

၁၉ ရာစု ဒါဝင်ဝါဒီတို့က သတ္တဗေဒတိုးတက်မှုဖြစ်စဉ်သည် အခြေခံသာမညသဘောမှ မြင့်မားသော အဆင့်အတန်းများသို့ တရွေ့ရွေ့ တိုးတက်လျက်ရှိကြောင်း ယုံကြည်ကြ၏။ ကမ္ဘာဦးမှသည် ယနေ့တိုင်အောင် လူ့ယဉ်ကျေးမှု တိုးတက်လာပုံကို ထောက်ဆ၍ နောင်တွင်လည်း လူသား၏အဆင့်အတန်းမှာ ပို၍ပို၍ မြင့်တက်သွားလိမ့်မည်ဟု ၎င်းတို့ကအယူရှိကြ၏။

သို့သော် နောက်ပိုင်း အသိအမြင်များအရ အဆိုပါယုံကြည်ယူဆမှုသည် မှားယွင်းကြောင်း တွေ့ရလေသည်။ ဒါဝင်ဝါဒီတို့ ထင်သကဲ့သို့ ပြောင်းလဲမှု ဖြစ်စဉ်သည် ကြောင်လိမ်လှေကားပမာ တရစ်ပြီးတရစ် မြင့်တက်နေသည် မဟုတ်ပဲ လှိုင်းများပမာ နိမ့်တုံမြင့်တုံ ဖြစ်နေသည်ကိုသာ တွေ့ရလေသည်။ သဘာဝနယ်မြေအတွင်းဝယ် အချို့သော မျိုးဆက်တို့သည် တိုးတက်နေသည်နှင့်အမျှ အချို့သော မျိုးဆက်တို့သည် ဆုတ်ယုတ်ပျက်စီးနေ၏။ ထို့ကြောင့် ပြောင်းလဲမှု နိယာမကို ဝက်အူ

ရစ် နှင့် မနိုင်းယှဉ်သင့်ပဲ ဂရပ်ဖ် ပုံစံတခုပေါ်မှ အတက်အကျ ပြသော များနှင့်သာ နှိုင်းယှဉ်သင့်ပေ၏။

"တတိယ ကမ္ဘာစစ် မည်သည့်အချိန်တွင် ဖြစ်မည်ကို ကျွန်ုပ်တို့မသိပါ။ သို့ရာတွင် စတုတ္ထ ကမ္ဘာစစ်တွင်ကား လူတို့သည် တဦးနှင့်တဦး ကျောက်လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြလိမ့်မည်" ဟု သိပ္ပံကဝိ အိုင်စတိုင်းက မိန့်ခဲ့ဘူး၏။ အဓိပ္ပာယ်မှာ တတိယ ကမ္ဘာစစ်တွင် သာမိုညူကလီယားလက်နက်များကို အသုံးပြုကြသဖြင့် လူ့ယဉ်ကျေးမှု၏ အသီးအပွင့်မှန်သမျှ ပျက်စီး တိမ်ကောပြီး လူတို့သည် ကျောက်ခေတ် အခြေအနေမျိုးသို့ ပြန်လည် ဆိုက်ရောက်လိမ့်မည်ဟု ဆိုလိုပေသည်။ ဤစကား အဘယ်အထိ မှန်မည်ကို တတိယ ကမ္ဘာစစ် မဖြစ်သေးသဖြင့် မပြောနိုင်ချေ။ သို့ရာတွင် ယနေ့ ကမ္ဘာပေါ်ရှိလူသားအားလုံးသည် အနုမြူအင်အား၏ ဖျက်ဆီးမှုကို နေ့ညမပြတ် ထိတ်လန့်နေကြရသည်ကား ထင်ရှားလှပေသည်။ တတိယ ကမ္ဘာစစ်၏ အကျိုးဆက်ကို နေ့စဉ်မပြတ် ပြောဆိုရေးသားကြသည့် အပြင် ဟီးရိုးရှီးမား၊ နာဂါးစကီး မြို့များတွင် အနုမြူဗုံး၏ လက်ချက်ကိုကြည့်၍ စဉ်းစားကြည့်နိုင်ကြပေသည်။ တတိယ ကမ္ဘာစစ်ဖြစ်ပွားလျှင် လူ့ယဉ်ကျေးမှုသည် တိုးတက်မှု ရပ်ဆိုင်းရုံသာမက နောက်သို့ ပြန်ဆုတ်သွားပေလိမ့်မည်။

ဤသည်ကို တွေးဆ ဆင်ခြင် ကြည့်သော် ပြောင်းလဲမှု ဖြစ်စဉ်သည် အမြဲတစေ အထက်သို့သာ မြင့်တက် နေသည် မဟုတ်ပဲ အောက်သို့လည်း လျှောကျ ဆုတ်ယုတ် သွားနိုင်ကြောင်း တွေ့ရှိလာရပေသည်။ ဒါဝင်ဝါဒအရမှု ပြောင်းလဲမှု ဖြစ်စဉ်သည် အလိုအလျောက် အထက်သို့သာ တက်ရမည်

ဖြစ်ပြီး ဆုတ်ယုတ်မှုအတွက် စိုးရိမ်ရန် မလိုချေ။ ဤအချက်မှာ ၎င်း၏ ဒုတိယ ချွတ်ယွင်းချက် ဖြစ်သည်။

ဒါဝင်ဝါဒကိုလူ့ကျင့်ဝတ်ရှုထောင့်ဖြင့် ချဲ့ထွင်အသုံးချလျှင် အလွန် အဖိုးတန်သော အခြေခံတခုဖြစ်လာစရာအကြောင်းရှိ၏။ ဒါဝင်ဝါဒအရ သတ္တဝါများနှင့် လူသားများသည် သဘာဝ လမ်းစဉ်တွင် တလှေတည်းစီး၍ တခရီးတည်းသွားခဲ့သူများဖြစ်၍ ဤအချက်ကို သိမြင်သောအားဖြင့်လူလူချင်းသာမက တိရစ္ဆာန် အများကိုပင် ချစ်ခင် ကြင်နာခြင်း၊ ကိုယ်ချင်းစာခြင်း စသော စိတ်ထားများ ရှိနိုင်၏။(ခေါမ တွေးခေါ်ရှင်အနာခါမိမန်းဒါးက လူသည် ငါးမှဆင်းသက်လာသဖြင့် ငါးကို မစားသင့်ကြောင်း ပြောဆိုခဲ့သည်ကို အမှတ်ရသင့်၏။)

ဒါဝင် ကိုယ်တိုင် ၎င်း၏ ဒုတိယ စာအုပ်တွင် ဤသို့ ရေးသားထားသည်ကို တွေ့ရှိရ၏။

"လူသားသည် ယဉ်ကျေးမှုအားဖြင့် ရှေ့သို့ တိုးလာပြီး သေးငယ်သော လူမျိုးစုကလေးများမှ ကြီးမားသော လူ့အဖွဲ့ အစည်းများ အဖြစ်သို့ရောက်ရှိလာသောအခါ လူတဦးစီတဦးစီ သည် သူနှင့် သိကျွမ်းသည်ဖြစ်စေ၊ မသိကျွမ်းသည် ဖြစ်စေ မိမိ တိုင်းပြည်မှ အမျိုးသားတို့အား ချစ်ခင်ကြင်နာစိတ် ရှိသင့် လှ၏။ ဤအမြင်ကို ရရှိသည်နှင့် တပြိုင်နက် သူ၏ ချစ်ခင် ကြင်နာစိတ်များကို အတိုင်းတိုင်း အပြည်ပြည်မှ လူမျိုးများ အားလုံးသို့ ချဲ့ထွင်ထားရှိရန်အတားအဆီး မရှိတော့ပေ။"

သို့သော် လူတို့သည် အထက်ပါအချက်ကို အလေးမပေးခဲ့ ကြပေ။ အလေး မပေးသည့် အပြင် လုံးဝ မေ့ထားကြ၏။ ဤအချက်မှာ ဝမ်းနည်းဖွယ် ကောင်းလှသည်။ ဒါဝင်ဝါဒ၌

ပါရှိသော မတော်သူသေ၊ တော်သူနေဆိုသော သဘောတရား ကို အလိုဆိုး ရှိသူတို့ကမကောင်းရာဘက်တွင် လိုရာဆွဲ၍သုံးစွဲခဲ့ ပေသည်။ဖက်ဆစ်ဝါဒီ(ဟစ်တလာ)သည်အားနည်းသောရဟူဒီ (ဂျူး) မျိုးဆက်ကို သုတ်သင်ရန်အတွက် အဆိုပါ သဘော တရားကို လက်ကတုံး တောင်ဝှေးပြုခဲ့၏။ ထို့အပြင် တပြည် နှင့်တပြည်စစ်ဖြစ်ခြင်း၊အရင်းရှင် တိုင်းပြည်တို့၌ ကြီးမားသော အရင်းရှင်တို့စုပေါင်း၍အားနည်းသော အရင်းရှင် ငယ်တို့အား ဝါးမျို ဖျက်ဆီးပစ်ခြင်း၊ လူတဦးသည် အခြားတဦး၏အကျိုး စီးပွားကို ချိုးနှိမ်၍ မိမိကောင်းကျိုးကိုရှာကြံခြင်းမှာလည်း အဆို ပါသဘောတရားအရမှန်သယောင်ယောင်ဖြစ်နေ၏။ ဒါဝင်ဝါဒ ကို ဤနည်းဖြင့် သုံးစွဲခြင်းကို ဒါဝင်ကိုယ်တိုင်သဘောတူနိုင်မည် မဟုတ်သည်မှာ သေချာလှပေသည်။ထိုသို့ သုံးစွဲခြင်းအတွက် ဒါဝင်၌ လုံးဝတာဝန်မရှိသော်လည်း ဒါဝင်ဝါဒအား လွဲမှားစွာ သုံးစွဲဆင်ခြင်မှု၏ ဆိုးကျိုးအဖြစ် မှတ်ယူသင့်ပေသည်။

ဤအခန်းတွင် ပထမဆုံး ထာဝရဘုရား၏ ဖန်ဆင်းမှုကို ယုံကြည်သူတို့၏ ဆင်ခြေများကို ဖော်ပြပြီးနောက်ဒါဝင်၏တစစ ဖြစ်ပေါ် တိုးတက်မှုကို ရှင်းလင်း တင်ပြခဲ့ပါသည်။ ထို့နောက် ဒါဝင်ဝါဒ၏ အခြေခံကျသော ဟာကွက်များကိုလည်းဆွေးနွေး ခဲ့ပါသည်။ ယခု ဆက်လက်၍ ဒါဝင်ဝါဒကို ဗုဒ္ဓဝါဒနှင့်နှိုင်းယှဉ် ကြည့်ရှုပါမည်။

အဆိုပါ ဝါဒ နှစ်ရပ်လုံးသည် အရာအားလုံး၏ အဆက် မပြတ် ပြောင်းလဲနေမှု နိယာမကြီးကို အခြေခံရာ၌ တူညီနေကြ ပေသည်။ သက်ရှိသက်မဲ့အားလုံး မရပ်မနား လှုပ်ရှားပြောင်းလဲ နေသည်ဆိုသော ဥပဒေသ အပေါ်တွင် ဒါဝင်သည် သူ၏ဝါဒ

ကြီး တခုလုံးကို တည်ဆောက်ထား၏။ပြောင်းလဲမှုဟူ၍ မရှိလျှင် ဒါဝင်ဝါဒသည် အသက်မရှိတော့ပေ။ထိုနည်းအတူ မမြဲခြင်းနှင့် ပြောင်းလဲခြင်း နိယာမတရား (အနိစ္စ) သည် ဗုဒ္ဓအဘိဓမ္မာ၏ အထောက်အခံကြီးသုံးခုအနက် အပါအဝင် ဖြစ်ပေသည်။ ဗုဒ္ဓသည် သိပ္ပံပညာ မမွေးဖွားမီကပင် အရာရာတို့သည် တရစပ် ပြေးလွှားပြောင်းလဲနေကြောင်း၊ ဖြစ်သည်နှင့် တပြိုင်နက် ပျက်၍လိုက်နေကြောင်း၊ တည်ငြိမ်ရပ်နားသော အရာဟူ၍ တစိုးတစေ့မျှ မရှိကြောင်း ကြေငြာခဲ့ပေသည်။

ဒါဝင်က သဘာဝ၏(ရုပ်၏)ပြောင်းလဲမှုကိုသာ လေ့လာဖော်ပြသော်လည်း ဗုဒ္ဓကမူ ရုပ်ရောနာမ်ပါနှစ်ခုစလုံးအကြောင်းကို ဟောပြောပေသည်။ "ရုပ်ဓာတ်နှင့် နာမ်ဓာတ်တို့၏ အခြင်းအရာကို တိတိကျကျ မှန်ကန်စွာ နားလည်ခြင်းသည်သတ္တဝါနှင့် စကြဝဠာကို လေ့လာရာတွင် ရှေးဦးစွာ လိုအပ်သော အချက်ဖြစ်သည်"ဟု ဗုဒ္ဓက ဆိုခဲ့၏။ ဗုဒ္ဓအဘိဓမ္မာအရ သိရသည်မှာ အသီးသီးသော မဟာဘူတဓာတ် (ရုပ်ဓာတ်) တို့သည် လျှပ်စစ်တပြက်အတွင်းတွင် အကြိမ်ပေါင်း(၁၇၆,၄၇၀,၀၀၀,၀၀၀) ခန့် လှုပ်ရှားနေ၍ နာမ်ဓာတ်တို့သည် လျှပ်တပြက်အတွင်းတွင် အကြိမ်ပေါင်း (၃၀,၀၀၀,၀၀၀,၀၀၀,၀၀၀) ခန့် လှုပ်ရှားနေ၏။

လောကဒီပကျွန်းသား ဗုဒ္ဓဝါဒသုတေသီ ရနသင်္ဂက ဗုဒ္ဓ၏ စကြဝဠာတရား (BUDDHA'S EXPLANATION OF THE UNIVERSE )အမည်ရှိ သူ၏စာတမ်း၌ "တလက်မကို ကုဋေတသိန်းပုံ တပုံမျှရှိသော မျဉ်းကြောင်းကို လျှောက်ပတ်သောကိရိယာနှင့် တိုင်းတာလျှင် ရနိုင်သဖြင့် အပိုင်းအခြာ

ရှိသော သင်္ချာဖြင့်ဖော်ပြနိုင်၏။ နာမ်ဓာတ် တချက်လှုပ်သည့် အတွင်း ထိုနာမ်ဓာတ် ရောက်ပေါက် သွားသော အစက် အပြောက်ပေါင်း မည်မျှ ရှိသည်ကို ရေတွက်သောအခါတွင် အပိုင်းအခြားမရှိသော သင်္ချာနည်းကို အသုံးပြုရ၏”ဟု ဖော်ပြ ထား၏။ အပိုင်းအခြားရှိသော သင်္ချာတွင် အပေါင်း အနုတ် အမြှောက် အစားတို့ကိုသုံးစွဲရပြီးအပိုင်းအခြား မရှိသောသင်္ချာ တွင် ၎င်းတို့ကို မသုံးစွဲနိုင်ချေ။ ထိုသင်္ချာတွင် ထွက်သမျှ ရလဒ် များမှာလည်း အပိုင်းအခြားမရှိသော ကိန်းတို့သာ ဖြစ်ကုန်၏။ ဤအချက်တို့အရဗုဒ္ဓဝါဒ၏ လှုပ်ရှားပြောင်းလဲမှု နိယာမသည် သဘာဝ (ရုပ်ဓာတ်) ကိုသာမက နာမ်ဓာတ်ကိုပါ ထည့်သွင်း အကျုံးဝင်ကြောင်းကိုလည်းကောင်း၊ ရုပ်ဓာတ်ထက် နာမ်ဓာတ် က ပိုမိုရှုပ်ထွေးပုံ၊ လျင်မြန်ပုံတို့ကို မှန်ကန်စွာ ဖော်ပြနိုင် ကြောင်းကိုလည်းကောင်း ထင်ရှားသိသာစေလေသည်။

ဒါဝင်ကဲ့သို့ပင် ဗုဒ္ဓကလည်း လူသားအပါအဝင် သတ္တဝါ အားလုံး တိုးတက်ပြောင်းလဲနိုင်ပုံကို အသိအမှတ်ပြုပေသည်။ သို့ရာတွင် ဗုဒ္ဓက ဒါဝင်ကဲ့သို့မဟုတ်ပဲ အထက်သို့ တိုးတက် နိုင်သော သဘောကိုသာမက အောက်သို့လည်း လျှော့နိမ့်သွား နိုင်ကြောင်းပြောဆိုပေသည်။ ဗုဒ္ဓအဘိဓမ္မာတွင် လူကိုအမြင့်ဆုံး အဆင့်အဖြစ် မသတ်မှတ်ပဲ လူ့ထက်မြင့်မားသော အခြေအနေ များ တည်ရှိပုံကို ရှင်းလင်းစွာ ဖော်ပြထား၏။ ဤနည်းအတူ လူ့ထက် ယုတ်နိမ့်သော အတန်းအစားများရှိပုံကိုလည်း အသိ အမှတ် ပြုထား၏။

လူသည် မိမိကိုယ်ကို အောက်သို့ လျှောကျအောင်ဖြစ်စေ၊ အထက်သို့ မြင့်တက်အောင်ဖြစ်စေ မိမိလိုလားသလို ဖန်တီးနိုင်

၏။ လူ၏ရှေ့ရေး အဆင့်အတန်း အနိမ့်အမြင့်ကိုသူကိုယ်တိုင်မှတပါး မည်သည့်သဘာဝနိယာမ၊ မည်သည့်နတ်ဘုရားမျှ မပြုပြင်နိုင်ချေ။ လူ၏ ယခုအခြေအနေသည် လွန်လေပြီးသောအခါက သူကြံစည်ပြောဆိုပြုမူသမျှ၏ အကျိုးဆက်ဖြစ်သည့်နည်းတူ ယခု ကြံစည်ပြောဆိုပြုမူသမျှသည် သူ၏ ရှေ့ရေးကို ဖန်တီးပေးလိမ့်မည်။ သူ့အား အထက်သို့သော်လည်း မတင်ပေးလိမ့်မည်။ အောက်သို့သော်လည်း ဆွဲချပေလိမ့်မည်။

လူ၏ ကြံစည်မှု၊ ပြောဆိုမှု၊ ပြုမူမှုကို ဗုဒ္ဓက ကမ္မ(ကံ)ဟု အမည်ပေးထား၏။ သို့ရာတွင် ကြံစည် ပြောဆို ပြုမူတိုင်းကို ကမ္မဟူ၍ မမှတ်ယူရပေ။ တစုံတခုသောရည်ရွယ်ချက်(စေတနာ)၏ စေ့ဆော်မှုကြောင့် ဖြစ်ပေါ်လာသည့် ကြံစည်ပြောဆိုပြုမူမှုတို့သည်သာ ကမ္မအရာဝင်ပေသည်။ ဤကမ္မသည် လူနှင့်သတ္တဝါအားလုံး၏ သမိုင်းလမ်းကြောင်းကို စိုးမိုးဆုံးဖြတ်သည့် ဥပဒေကြီး ဖြစ်ပေသည်။

ဗြိတိသျှ သမိုင်းဆရာကြီး အားနိုးတွိုင်းဘီက သူ၏စာအုပ် (THE STUDY OF HISTORY)တွင် လူ့ယဉ်ကျေးမှုများ ပေါ်ထွန်းခြင်းနှင့်ယုတ်လျော့ပျက်စီးခြင်း အကြောင်းတရားများကို ဖော်ပြထားသည်။ ယဉ်ကျေးမှုဟူသည် လူက သူ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောပြေပြစ်စွာ ဆက်ဆံနိုင်အောင် ကြိုးပမ်းခြင်း၏ အသီးအပွင့်ဖြစ်၏။ ပြောင်းလဲသွားသော ပတ်ဝန်းကျင်နှင့် အခြေအနေတို့က လူတို့တွင် အခက်အခဲများ ပေါ်ပေါက်လာစေ၏။ တနည်း ပြောရလျှင် လူတို့အား “စိန်” ခေါ်လိုက်၏။ ၎င်းအခက်အခဲများကို လူတို့ကခံစားရပြီး ၎င်းတို့ကို ကျော်လွှားနိုင်အောင်၊ ဖြေရှင်းနိုင်အောင် စဉ်းစား

တွေးကြံကြရ၏။ ပြောဆိုဆွေးနွေးကြရ၏။ ပြုမူဆောင်ရွက်ကြရ၏။ ထိုသို့ပြုလျှင် ယဉ်ကျေးမှု တိုးတက်လာလေသည်။ ထိုသို့မပြုလျှင် ယဉ်ကျေးမှု ဆုတ်ယုတ်သွားသည်။

အထက်ပါ သဘောတရားကိုကြည့်လျှင် လူတို့သည်သူတို့၏ ခံစားချက်(စိတ်)အပေါ်တွင်မူတည်၍ရည်ရွယ်ချက်(စေတနာ) တခုထားရှိကာ စဉ်းစား၊ပြောဆို၊ပြုမူ(ကမ္မ)ကြရာမှ ယဉ်ကျေးမှုများ တိုးတက်လာကြောင်း၊ သို့မပြုမူလျှင် (ကမ္မမရှိလျှင်) ယဉ်ကျေးမှုများ ဆုတ်ယုတ်သွားကြောင်း ထင်ရှားလာလေသည်။ ထို့ကြောင့် လူ့ယဉ်ကျေးမှုကို ကြိုးကိုင်ပဲ့ပြင်ပေးသော အရာအစစ်မှာ ကမ္မနိယာမပင် ဖြစ်ကြောင်း ရဲဝံ့စွာ ဆိုနိုင်ပေသည်။ ဗုဒ္ဓ၏ ပြောင်းလဲမှု ဖြစ်စဉ်၌ သဘာဝ နိယာမ (ရုပ်ဓာတ်)သာမက နာမ်ဓာတ်သဘောကိုလည်း ထည့်သွင်း တွက်ချက်ထားသဖြင့် ဒါဝင်ဝါဒထက် ပိုမို၍ အခြေခံကျပြီး ပိုမို၍ ခိုင်လုံပေသည်။

ဒါဝင်ဝါဒ ပေါ်လာသဖြင့် အခြား ဘာသာတရားများ၏ အုတ်မြစ်သည် ပြင်းစွာ တုန်လှုပ်ချောက်ချားသွားကြောင်း ဖော်ပြခဲ့ပြီ။ ဤအချက်ကိုကြည့်၍ ဗုဒ္ဓဝါဒီတို့အနေဖြင့် ဒါဝင်ဝါဒကို ကြောက်လန့်ရန်သော်လည်းကောင်း၊ ဆန့်ကျင်ရန်သော်လည်းကောင်း မလိုပေ။ အဘယ့်ကြောင့်ဟူမူ ဒါဝင်ဝါဒသည် ဗုဒ္ဓဝါဒ၏ အထောက်အခံသုံးခုဖြစ်သော အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားတို့ကို ဆံချည်တမျှင်မျှပင် မရွေ့လျားစေနိုင်သောကြောင့် ပင်တည်း။ လူသည် မျောက်ကဆင်းသက်လာသည်ဆိုသည်မှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ မမြဲမှု၊

အလိုမကျမှုနှင့် အစိုးမရမပိုင်နိုင်မှု သဘောတို့ကား လောက ဝယ် ထင်ရှားရှိနေမည်သာတည်း။

ဗုဒ္ဓဝါဒီတို့ သတိပြုရန်လိုသော အခြားအချက် တချက်ရှိ သေး၏။ ၎င်းကား ဒါဝင်ဝါဒကို ဗုဒ္ဓအလိုကျဟုဆိုကာဗုဒ္ဓဝါဒ အတွင်းသို့ မရမက ရိုက်သွင်း အတည်မပြုရန်ဖြစ်၏။ ဗုဒ္ဓသည် ဒါဝင်ကဲ့သို့ သိပ္ပံဆရာတဦး မဟုတ်။ ထို့ကြောင့် သူ့တွင် သတ္တဝါအစနှင့် ပတ်သက်၍၊ သတ္တဝါသမိုင်းနှင့် ပတ်သက်၍ မည်သည့်အယူမျှ မရှိချေ။ လောက၏အစ၊ လောက၏အဆုံး စသော သိပ္ပံပြဿနာများကို ဗုဒ္ဓက မည်သည့်အခါမျှ အဖြေ ပေးလေ့မရှိချေ။

အချို့ပုဂ္ဂိုလ်များက သိပ္ပံပညာ၏သဘောတရားများကို ဗုဒ္ဓ ဝါဒ တံဆိပ်ခတ်နှိပ်ပေးပြီး ဗုဒ္ဓဝါဒ၏ သဘောတရားများကို သိပ္ပံပညာဖြင့် ရှင်းလင်းပြရန် ကြိုးစားလျက်ရှိကြ၏။ အကျိုး တရားကား ဗုဒ္ဓဝါဒသည် ပိုမိုတောက်ပြောင် လာခြင်းမရှိပဲ သိပ္ပံဝေါဟာရများနှင့် ထွေးလုံးရစ်ပတ်ရှုပ်ထွေးပြီး ကြိုးမဟုတ် ကြက်မဟုတ် အောက်ကလိကာ ဖြစ်သွားခြင်းပေတည်း။

ကျန်းမာ သန်စွမ်းသူ တယောက်အား လမ်းလျှောက်ရန် တောင်ဝှေး ပေးခြင်းသည် ထိုသူအား ရှုတ်ချသည့် သဘော သက်ရောက်သကဲ့သို့ သူ့အလိုအလျောက် ခိုင်ခိုင်မာမာ ဖြစ် နေသော ဗုဒ္ဓဝါဒကို သိပ္ပံပညာ အဝတ် တန်ဆာများဖြင့် ဆင်ယင် ပေးခြင်းသည် ဗုဒ္ဓဝါဒအား ချီးမြှောက်သည်ထက် နှိမ့်ချဖျက်ဆီးရာသာ ရောက်ပေသည်။ ဗုဒ္ဓဝါဒသည် ၎င်း၏ အမှန်တရားများကို ထူဆောက်ရန် မည်သူ၏ အကူအညီမျှမလို

ချေ။ အမှန်တရားဟူသည် သူ့အလိုအလျောက် ထွန်းတောက်သော သဘောရှိပေသည်။

သိပ္ပံပညာက အရာရာကို သိမြင်နိုင်ခြင်းမရှိ ဆိုသောအချက်ကို သတိချပ်သင့်၏။ သိပ္ပံပညာက မဖြေရှင်းနိုင်သော ပြဿနာများစွာရှိကြောင်း သိပ္ပံဆရာတို့ကိုယ်တိုင် ဝန်ခံခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် သိပ္ပံဆရာမဟုတ်သော သူတို့က သိပ္ပံပညာကို အရာရာတွင် သိမြင်သည့် အရာမျိုး ပြောဆိုခြင်းမှာ မသင့်လျော်ပေ။ တဖန် သိပ္ပံပညာသည် ရပ်တန့်မနေပဲ ပြောင်းလဲနေသဖြင့် တည်ငြိမ်သော စံတခု မဖြစ်နိုင်ချေ။ (တော်လမီ၏ စကြဝဠာ သဘောတရားသည် မှားယွင်းကြောင်း ကိုပါးနီးကပ်စ်ကတွေ့ရှိခဲ့၏။ ကိုပါးနီးကပ်စ်၏သဘောတရားတွင်လိုနေသည်တို့ကို နယူတန်က ဖြည့်စွက်ခဲ့၏။ နယူတန်၏ သဘောတရားမပြည့်စုံမှုကို အိုင်စတိုင်းက သိမြင်ခဲ့၏။) ဤသို့ အမြဲမပြတ် ပြောင်းလဲနေသော သိပ္ပံပညာကို စံထားပြီး ဘာသာတရား၏ အမှားအမှန်ကို ဆုံးဖြတ်၍ ဖြစ်ပါမည်လော။ ဗုဒ္ဓ၏ ကမ္မနိယာမကို မည်သည့် သိပ္ပံပညာနှင့်မျှ ဖမ်းဆီး ဆုပ်ကိုင်မပြနိုင်။ သို့ဖြစ်သောကြောင့် ကမ္မနိယာမကို သိပ္ပံနည်းမကျဟု ပယ်ရမည်လော။

သိပ္ပံပညာ၏ ကိရိယာများသည် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ ယုတ်နိမ့်ခြင်းနှင့် မြင့်မြတ်ခြင်းတို့ကို မဆုံးဖြတ်နိုင်။ လူဟူသည် အဘယ်နည်း ဆိုသော မေးခွန်းကို သိပ္ပံကျမ်းစာတို့က မဖြေဆိုနိုင်။ ဘာသာတရားသည် အဆိုပါ ပြဿနာကို ဆုံးဖြတ်ပေး၏။ အဆိုပါ မေးခွန်းများကို ဖြေရှင်းပေး၏။ ထိုအခြေခံအားဖြင့်ပင် သိပ္ပံပညာ၏ လုပ်ငန်းနှင့် ဘာသာတရား

တို့ ခြားနားကြသည်။ သိပ္ပံပညာကို သိဟန် ဆောင်သော ဘာသာတရားသည် လူညာနှင့်တူ၏။ ဘာသာရေးကို စွက်ဖက်သော သိပ္ပံပညာသည် လူရူပ်နှင့်တူ၏။

သိပ္ပံဆရာတို့သည် ၎င်းတို့၏ ရှာဖွေစူးစမ်းမှု များကိုသာ အာရုံစိုက်ကြသူများ ဖြစ်သဖြင့် ၎င်းတို့နှင့် မပတ်သက်သည် တို့ကို ဝင်ရောက်ပြောဆိုလေ့မရှိ။ ထို့အပြင် ၎င်းတို့အနေဖြင့် အချို့သော ပြဿနာများကို ဖြေရှင်းနိုင်ခြင်း မရှိကြောင်း အမြဲ ဝန်ခံလေ့ရှိကြ၏။ သိပ္ပံပညာကို အကာအကွယ် ယူ၍ ဘာသာတရားကို ဖျက်ဆီးကြသူများမှာ စင်စစ် သိပ္ပံဆရာများ မဟုတ်၊ သိပ္ပံပညာကို တကယ်နားမလည်ပဲ တတ်ယောင်ကား ပြုလေ့ရှိသော ကြားလူများသာ ဖြစ်ကြပေသည်။

တွေးခေါ်ရှင် မှန်သမျှသည် လူနှင့် သူ၏ ပတ်ဝန်းကျင် အကြောင်းကို တွေးကြံ ကြရသည်ချည်း ဖြစ်၏။ ထိုမှအပ တွေးကြံရန် အခြားမရှိ။ အနောက်တိုင်း တွေးခေါ်ရှင်တို့သည် လူ၏။ ပတ်ဝန်းကျင်အကြောင်းကို အလေးထား၍ တွေးကြံ ကြ၏။ ထို့ကြောင့် အနောက်တိုင်းတွင် လူ၏အပြင်ဘက် ပတ်ဝန်းကျင်နှင့် စပ်ဆိုင်သော သိပ္ပံပညာရပ်များ ထွန်းကားလာ၏။ အရှေ့တိုင်း တွေးခေါ်ရှင်တို့ကား လူကို အလေးထား၍ တွေးကြံကြသည်။ ထို့ကြောင့် အရှေ့တိုင်းတွင် လူ၏အတွင်း စိတ်နှင့် စပ်ဆိုင်သော သဘောတရားများ (ဘာသာရေးများ) ထွန်းကားလာ၏။ အနောက်တိုင်းဂုဏ်သည် သိပ္ပံပညာဖြစ်၍ အရှေ့တိုင်း၏ဂုဏ်သည် ဘာသာရေးဖြစ်၏။

သိပ္ပံပညာနှင့် ဘာသာရေးသည်တူညီသော ပညာရပ်နှစ်ခု မဟုတ် "တခုကလူ၏ဗဟိဒ္ဓသဏ္ဍာန်ကို လေ့လာ၍ တခုကလူ၏

အဇ္ဈတ္တသဏ္ဌာန်ကို ရှာဖွေ၏။ ထို့ကြောင့် တခုကိုအခြားတခု၏ မျက်စိဖြင့် ကြည့်မြင် ဆုံးဖြတ်ခြင်း မပြုနိုင်ပေ။ သို့ဆိုလိုက်သဖြင့် ၎င်းနှစ်ခုကို နှိုင်းယှဉ်ခြင်းငှာ မသင့်ဟုဆိုလိုခြင်းမဟုတ်။ နှိုင်းယှဉ်သင့်သည်သာတည်း။ သို့နှိုင်းယှဉ်ရာ၌ အခြေခံသဘောတို့တွင် ၎င်းတို့နှစ်ခုသည် မည်မျှအထိ ကွဲလွဲသည်ကို ရှာဖွေရန်သာ ဖြစ်သင့်၏။ ၎င်းတို့နှစ်ခု၏အကြွင်းမဲ့တူညီမှုကို ပြရန်ကား မကြိုးစားသင့်ချေ။ အဝိုင်းနှင့်လေးထောင့်တို့ ထပ်တူ ညီကြောင်းအဘယ်မည်သောသင်္ချာကဝိတို့သက်သေပြနိုင်အံ့နည်း။

၁၈ နှင့် ၁၉ ရာစုများတွင် သိပ္ပံပညာနှင့် ဘာသာရေးတို့ ကိုက်ညီကြောင်း ရေးသားပြောဆိုမှုတို့သည် ဥရောပ၌ ထွန်းကားခဲ့၏။ အကြောင်းမူ ထိုအချိန်က လူတို့၏စိတ်ဝယ် သိပ္ပံပညာသည် အရာရာကိုမြင်နိုင်သော တန်ခိုးရှိသည်ဟု ထင်မြင်ကြပြီး မည်သည့်အရာမဆို သိပ္ပံပညာ၏ ထောက်ခံမှုရမှယုံကြည်သောကြောင့်ဖြစ်၏။ သို့ရာတွင် သိပ္ပံပညာ၏ အကန့်အသတ်ရှိပုံများနှင့် အားလုံးကို မသိမြင်ပုံများကို သိပ္ပံဆရာတို့ကိုယ်တိုင်ဝန်ခံကြပြီး ကမ္ဘာ့ပရိသတ်ကလည်း သိနေကြပြီး ဖြစ်သောယခုအခါတွင် ဘာသာရေးကို သိပ္ပံပညာဖြင့် သက်သေပြရန်မလိုတော့ပေ။ ၁၉ ရာစုခေတ်၏ဖက်ရှင်ကို ၂၀ ရာစုခေတ်တွင်ဝတ်ဆင်ခြင်းသည် မိမိကိုယ်ကိုမိမိ နိုက်ဘွဲ့ရ သူရဲကောင်းကြီးထင်ပြီး မြင်းစီး၍ လှည့်လည်နေသော ဝတ္ထုထဲမှ "ဒွန်ကွီဇုတ်" နှင့်သာ တူပေသည်။

ဤတွင် ဒါဝင်၏ အောက်ပါစကားရပ်ကိုသတိပြု ဆင်ခြင်သင့်လှ၏။

"ထိုကဲ့သို့ လေးနက် ရှုပ်ထွေးလှသော ပြဿနာများ

(ဘာသာရေးပြဿနာများကိုဆိုလိုသည်) ကို ကျွန်ုပ် အနည်းငယ်မျှပင် ဖြေရှင်းနိုင်သည်ဟု ဟန်မဆောင်လိုပါ။အရာအားလုံး၏ အစမှာ ကျွန်ုပ်တို့ မသိနိုင်ချေ။ ထို့ကြောင့် ကျွန်ုပ်ကိုကျွန်ုပ် ထိုအကြောင်းတို့ကို မသိနိုင်သူ တယောက်အဖြစ်ဖြင့်သာ နှစ်သိမ့်နေမိပါသည်''

အာကာသသည် ကျယ်ပြန့်လှ၏။ သတ္တလောက၏ ဖြစ်စဉ်သည် ရှုပ်ထွေးလှ၏။ ၂၀ ရာစု သိပ္ပံပညာသည် သန်းပေါင်းများစွာသော ကြယ်ကြီးများကိုလည်း တွေ့ခဲ့၏။ မီတာတခုကို အပုံတသန်းပုံလျှင် တပုံမျှသော အတိုင်းအတာ အထိလည်း ခွဲစိတ်နိုင်ခဲ့၏။ သို့သော် သည့်ထက်ကြီးသည်တို့လည်း အသင်္ချေရှိနေသေး၏။သည့်ထက်ငယ်သည်တို့လည်း အနန္တ ရှိနေသေး၏။ မည်သည့်အခါမျှ အဆုံးကို မတွေ့နိုင်ချေ။

ရေတစက်အတွင်းမှာပင် မျိုးဆက်ပြန့်ပွားနေသော၊ အဆက်မပြတ် မွေးဖွားနေသော၊ အဆက်မပြတ် ပျက်စီးနေသော၊ တဦးနှင့်တဦး တိုက်ခိုက်နေသော ပိုးမွှားငယ်ပေါင်း သိန်းချီ၍ ရှိနေပေသည်။ထိုရေစက်တွင်များစွာသောအက်တန်(ATOMS) များ ပါဝင်၏။ အက်တန်တခုသည်လည်း အီလက်ထရွန်း (ELECTRONS)ခေါ်သောသာ၍ငယ်သောမြူများဖြင့်ဖွဲ့စည်းထား၏။ ဟိုက်ထရိုဂျင် အက်တန်တခုတွင် အီလက်ထရွန်းပေါင်း (၇၀၀) ပါ၍ ရေဒီယိုအက်တန် တခုတွင် အီလက်ထရွန်းပေါင်း (၁၆၀,၀၀၀) ပါရှိသည်။၎င်းအီလက်ထရွန်းကိုလည်း သည်ထက်ငယ်သော အစိတ်အပိုင်းများအဖြစ်ခွဲနိုင်သေး၏။ အဆုံးမရှိ။

အာကာသတွင်အရှေ့အနောက် တောင်မြောက်ဟူ၍လည်း

ကောင်း အပေါ်နှင့်အောက်ဟူ၍လည်းကောင်းလုံးဝမရှိ။ လူတို့ ကကိုယ်ထင်ရာကိုအရပ်သတ်မှတ်ထားခြင်းသာဖြစ်၏။အာကာသ ၏ ဗဟိုအချက်သည် နေရာတကာတွင်ရှိ၍ အာကာသ၏ အချင်း သည် ဘယ်မှာမှမရှိချေ။ အာကာသသည် အစမရှိ။အဆုံးလည်း မထင်။ အချိန်ဆိုသည်မှာလည်း အဓိပ္ပာယ်မရှိသော လူ၏ စိတ် ကူးမျှသာ ဖြစ်၏။

ဒါဝင်၏ သဘောတရားအရနှင့် သိပ္ပံဆရာတို့ အလိုအရ သက်ရှိတို့၏ မူလသည် ကော်ကဲ့သို့ စေးကပ်သောကလာပ်စည်း တခုသာရှိသည့် အရာများဖြစ်ကြောင်း ဆိုခဲ့ပြီ။ ထိုအရာတို့သည် အဘယ်နည်း။ သစ်ပင်လော။ တိရစ္ဆာန်လော။ မည်သူမျှ မဆုံး ဖြတ်နိုင်ချေ။ ထိုအရာတို့၏မူလသည် အဘယ်နည်း။ ထိုအရာတို့ သည် မည်သည့်အရာမှ ပေါက်ဖွားခဲ့သနည်း။ မည်သူမျှ မပြော နိုင်ချေ။ ဤအချက်တို့ကို စဉ်းစားလေလေ ဗုဒ္ဓက သတ္တဝါ အစနှင့်ပတ်သက်၍ လုံးဝ မပြောဆိုခဲ့ခြင်းမှာ အဓိပ္ပာယ်ရှိလှ ကြောင်း တွေ့ရှိရလေလေ ဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာတွင် အစဆိုသော မေးခွန်းမရှိချေ။အကြောင်း နှင့် အကျိုးတွင် အစမရှိချေ။ ရှိရှိသမျှသော သက်ရှိသက်မဲ့ အားလုံးသည် အကြောင်းနှင့်အကျိုးတို့၏ ကိုယ်ထင်ဖော်ပြချက် သာ ဖြစ်၏။ မရေမတွက်နိုင်သော အကြောင်းတို့သည် စက္ကန့် တိုင်းဖြစ်နေ၍ မရေမတွက်နိုင်သော အကျိုးတို့သည် ပေါ်လာ ၏။ ထိုအကျိုးတို့သည် သက်ရှိသက်မဲ့ အားလုံးပင်တည်း။တဖန် ထိုအကျိုးတို့သည် အကြောင်းများအဖြစ် ပြောင်းလဲ သွားပြီး အသစ်ဖြစ်သော အကျိုးတို့ကို ပေါ်စေပြန်၏။ ထိုနည်းဖြင့် အကြောင်းအကျိုး တည်းဟူသော ဖြစ်စဉ်သည် မရပ်မနား

သွားလျက်ရှိသည်။ နောက်သို့ ငဲ့စောင်းကြည့်သော် အစကို မတွေ့ရ။ ရှေ့သို့မျှော်ကြည့်သော် အဆုံးကို မမြင်နိုင်ချေ။

ဗုဒ္ဓသည် မည်သည့်အရာကိုမျှ သီးခြား ကြည့်ရှုလေ့မရှိ။ လောကဥ္စ ရှိရှိသမျှသော သက်ရှိသက်မဲ့တို့ကိုလည်းအကြောင်း မဲ့သူ ဖြစ်ချင်သလို ဖြစ်နေသည်ဟု မယူဆ။ အကျိုးတိုင်းတွင် အကြောင်းရှိရမည်။ ထိုအကြောင်း သည်လည်း ထို့အရင်က အကြောင်း၏ အကျိုးဆက်သာဖြစ်သည်။ ဤသို့ စသည်ဖြင့် ရှည်လျားလှသော ကြောင်းကျိုး ဖြစ်စဉ်ကြီးကိုသာ တွေ့ရလေသည်။ အသေးဆုံး မြူမှုန်မှသည် အကြီးဆုံးသောစကြဝဠာတိုင်အောင် အစီအစဉ်မဲ့၊ ကစဉ့်ကလျား ဖြစ်ပျက်နေသည်မဟုတ်။ တိကျသော နိယာမ (LAW)၏ အမိန့်ကို နာခံ၍ ဖြစ်ပျက်နေရသည်။ ထိုနိယာမကား အကြောင်းအကျိုးဆက်သွယ်မှုနိယာမ (LAW OF CAUSATION)ပင် ဖြစ်ပေသည်။

ဤအချက်ကို သိမြင်သောအခါ ဘဝကို "ပုခက်နှင့်ခေါင်း အကြား အဖြစ်အပျက်မျှသာ"ဟု ကျဉ်းမြောင်း ပစ်ခြင်းမှာ မမှန်တော့ပေ။ အကျိုးတိုင်း၌ သူ့အရင်က အကြောင်းရှိရမည် ဖြစ်ပေရာ ဤဘဝသည်လည်း သူ့အရင်ကဘဝအကြောင်း တရားမှ ဆက်သွယ်လာသော အကျိုးဆက်ဖြစ်ကြောင်းယူဆမှသာ သဘာဝကျပေလိမ့်မည်။ ဤသို့သဘာဝကျသောအမြင် မရှိသဖြင့် ဘဝအစနှင့် ပတ်သက်၍ မှားယွင်းသော အယူမှုစိုးပေါ်ပေါက်လာပြီး ရုပ်အဓိက နာမ်အဓိကဟု ငြင်းခုံနေကြခြင်း ဖြစ်ပေသည်။

ရုပ်ဝါဒအရ စိတ်ဆိုသည်မှာ ရုပ်၏အမြင့်ဆုံးတိုးတက်မှုသာ ဖြစ်၏။ သတ္တဝါတို့၏ ရုပ်ခန္ဓာက ပဋိသန္ဓေ တည်ပြီးနောက်

ရုပ်ခန္ဓာတည်ဆောက်မှု ပြည့်စုံသောအခါမှ သိတတ်သောစိတ် ဟူ၍ ဖြစ်ပေါ်လာ၏။ထို့ကြောင့် ရုပ်သည်အဓိကမူလ ဖြစ်သည် ဟု ဆိုကြသည်။

တဖန် အတ္တဝါဒအရ ရုပ်ခန္ဓာ ပြည့်စုံသော်လည်း သူ့အလို အလျောက် သိတတ်သောစိတ် ပေါ်မလာနိုင်။ ရုပ်ခန္ဓာ တည် ဆောက်ပြီးသောအခါ သိတတ်သောစိတ်သည် တစုံတခုသော အရပ်ဒေသမှ ထိုရုပ်ခန္ဓာအတွင်းသို့ ဝင်ရောက်လာ၏။ထိုသို့ဝင် ရောက်လာသည်မှာ အခြားမဟုတ်။ ကိုယ်ခန္ဓာတခုမှတခုသို့ ကူး ပြောင်းလေ့ ရှိသော တည်မြဲသည့် ဝိညာဉ်ပင်တည်း။ထိုဝိညာဉ် ဝင်ရောက်လာသောအခါမှကိုယ်ခန္ဓာသည် အသက်ဝင်လာလေ သည်။

ဗုဒ္ဓသည် အဆိုပါအယူနှစ်မျိုးလုံးကို ပယ်သည်။ အကယ်၍ စိတ်သည် ရုပ်၏တိုးတက်မှုအသွင်တရပ်သာ ဖြစ်သည်ဟုဆိုသော် သိပ္ပံဆရာတို့သည် ဓာတ်စမ်းခန်းများ၌ ရုပ်၏အမြင့်ဆုံးတိုးတက် မှုကို တည်ဆောက်ပြီး သက်ရှိသတ္တဝါတို့ကို ထုတ်လုပ်နိုင်ရာ၏။ သိပ္ပံဆရာတို့သည် ပဋိသန္ဓေတည်နေပုံနှင့် ပတ်သက်သမျှသော အချက်အလက်တို့ကို စေ့စုံစွာ သိကြ၏။ သို့သော် ၎င်းတို့ ကိုယ်တိုင်ကား သက်ရှိသတ္တဝါများဖြစ်အောင် မစွမ်းဆောင် နိုင်ကြချေ။ ထို့ကြောင့် သက်ရှိဆိုသည်မှာ ရုပ်၏တိုးတက်မှု ဖြစ်စဉ်တခု သက်သက်မဟုတ်ကြောင်း ထင်ရှားသည်။

ဗုဒ္ဓကမူ သက်ရှိတခု၏ဖြစ်စဉ်တွင်ရုပ်က အရင်ဖြစ်သည်ဟူ၍ လည်း လက်မခံ၊ စိတ်က အရင်ဖြစ်သည် ဟူ၍လည်းမဆို။ ဗုဒ္ဓ အဘိဓမ္မာအရ ဘဝ၏ပထမဆုံး စိတ်ဖြစ်ရာ အချိန်အခါသည် တစက္ကန့်ကို အပုံပေါင်း ကုဋေများစွာစိတ်လျှင် တစိတ်လောက်

သာကြာ၏။ ထိုအချိန်ကလေးမှာပင် စိတ်ကလေးတခု၊ ထိုစိတ်နှင့်အတူ ဖြစ်လေ့ရှိသော စေတသိက်(၃၃)ခု၊ရုပ်ကလာပ်စည်း (၃) ခုမှစ၍ တည်မိကြသည်။ ထိုသို့ စေတသိက် ရုပ်အစုံတို့ တည်မှုကို သန္ဓေတည်ခြင်းဟု ခေါ်ပေသည်။ ဤ၌ ဘဝ၏အစတွင် ရုပ်ချည်းလည်းမဟုတ်၊ စိတ်ချည်းလည်း မဟုတ်သည်ကို သတိချပ်ရာသည်။

ထိုပဋိသန္ဓေတည်စ ပထမဆုံးသောစိတ်၊ စေတသိက်၊ ရုပ်ကလာပ်အစုငယ်တို့အားအကြီးဆုံးမှန်ပြောင်းဖြင့် ကြည့်ရှုသော်လည်း မမြင်နိုင်ချေ။ ထိုမှတဆင့် တိုးတက်ကြီးထွားလာသောအခါတွင်မှ ကလာပ်စည်းများ ပေါ်လာခြင်းဖြစ်သည်။ ဤတွင် ဗုဒ္ဓ၏အယူသည် ခေတ်သစ်သိပ္ပံပညာနှင့် အံ့သြလောက်အောင် ကိုက်ညီနေသည်ကိုတွေ့ရ၏။ပါဏဗေဒ(BIOLOGY)၏နောက်ဆုံး ရှာဖွေစူးစမ်းမှုအရ ဘဝ၏မူလအခြေခံဖြစ်သော ကလာပ်စည်းငယ်တခုတွင်းမှာပင် သက်ရှိလူတဦး၏ သဘောသဘာဝများ (ရုပ်ဓာတ်နှင့်နာမ်ဓာတ်နှစ်ခုလုံး) ပါဝင်နေသည်ကို တွေ့ရှိရ၏။ ၎င်းကို သိပ္ပံဝေါဟာရဖြင့်(MICROCOSM )ဟု ခေါ်လေသည်။ ၎င်းအချက်ကို ထောက်ဆ၍ လောကအားရုပ်သက်သက် နာမ်သက်သက်အဖြစ် မဟုတ်ပဲ ရုပ်နာမ်လောကအဖြစ် ကြည့်မြင်လေ့ရှိသော ဗုဒ္ဓ၏အမြင်သည် မည်မျှလေးနက်သော အဓိပ္ပာယ်ဆောင်သည်ကို စဉ်းစားဝေဖန် ကြည့်ကြရာသည်။

## အခန်း လေး

# ပထမအကြောင်းပြဿနာ

''ပထမအကြောင်း''အကြောင်း ပြောဆိုခြင်းမှာ အဓိပ္ပာယ်မရှိသည်ကို ပြောခြင်းနှင့်တူပေ၏။ ဤမျှကျယ်ပြန့်သောအာကာသနှင့် ဤမျှရှည်လျားသော အချိန်ကာလတွင် အဘယ်မှာလျှင်အစကို သိနိုင်အံ့နည်း။ အချိန်နှင့်နေရာဆိုသည်မှာပင် လူတို့ကတီထွင် သတ်မှတ်ထားသော သမုတိသစ္စာများသာ ဖြစ်၏။ တကယ့်တကယ်တွင် အဆုံးအစမရှိ ကျယ်ပြန့်သော အာကာသဝယ် အချိန်ဟူ၍လည်းမရှိ။ နေရာဟူ၍လည်း မရှိချေ။

ပထမအကြောင်းအဖြစ် ထာဝရဘုရားကို တင်မြှောက်ကြသော အယူတို့သည် စူးရှသော တက္ကဗေဒနှင့် ယုတ္တိ၏မေးခွန်းများကို မဖြေနိုင်။ ရှေ့နောက်စကား အစီအစဉ်မညီညွတ်သော အခက်အခဲကိုလည်း မကျော်ဖြတ်နိုင်ချေ။ ထိုအယူဝါဒရှင်တို့သည် ဆင်ခြင်တုံတရား၏ ညွှန်တွင်းဝယ် ရှေ့မတိုးသာ နောက်မဆုတ်သာဖြင့် အကြပ်ရိုက်လျက် ရှိရလေသည်။

အချို့ ဘာသာတို့က ထာဝရဘုရားသည် ဘာမှမရှိသည့်အဖြစ်မှ တစုံတခုဖြစ်အောင် ဖန်ဆင်းကြောင်း ဆိုကြသည်။ ၎င်းနှင့်မတူသော အခြားအယူမှာ ဟိန္ဒူဝါဒတွင် တွေ့ရ၏။ ဟိန္ဒူဝါဒ၏ မာတင်လူသာ ဟု ဆိုရလောက်အောင် ရှေးပြဟ္မဏ ဟိန္ဒူဝါဒကို ပြုပြင်မွမ်းမံခဲ့သူ ဆွာမိဒယား နန္ဒကသူ၏ သစ္စတ္ထပကာသ (အမှန်တရား၏ အလင်းရောင်) ကျမ်း

တွင် ကမ္ဘာဖန်ဆင်းပုံကို အောက်ပါအတိုင်း အမေးအဖြေ ပုံစံဖြင့် ဖော်ပြခဲ့၏။ သူ၏အာဘော်ကို ခိုင်မာရန်အတွက် ဝေဒကျမ်း၊ ဥပနိသျှဒ်ကျမ်းတို့ဖြင့် ကိုးကားစီရင်ထား၏။

မေး။ ။ဤကမ္ဘာ လောကသည် ဘုရားသခင်မှ ပေါက်ဖွားခြင်း ဖြစ်ပါသလော။ သို့မဟုတ် အခြား တစုံတခုမှ ဖြစ်ပေါ်လာသလော။

ဖြေ။ ။နိမိတ္တ ကာရဏ ဘုရားသခင်မှ ဖြစ်ပေါ် လာ၏။ သို့သော် ကမ္ဘာလောက၏ ဥပါဒါန ကာရဏကား ရုပ်တရားပင် ဖြစ်သည်။

မှတ်ချက်။ ။နိမိတ္တကာရဏ(AGENTAL CAUSE) ဥပါဒါကာရဏ (MATERIAL CAUSE)

မေး။ ။ရုပ်ကိုကော ဘုရားသခင်ဖန်ဆင်းခြင်းမဟုတ်သလော။

ဖြေ။ ။မဟုတ်ပါ။ ရုပ်၌ အစမရှိပါ။

မေး။ ။အဘယ်အရာ၌ အစမရှိပါသနည်း။

ဖြေ။ ။ဣဿရ(ထာဝရဘုရား) ဇီဝ (အသက်ရှိ)ဝိညာဉ်နှင့် ပကတိ(ရုပ်)တို့သည် အစမရှိပါ။

အထက်ပါ အမေးအဖြေအရ ဘုရားသခင်သည် ပကတိနှင့် ဇီဝကို မဖန်ဆင်းနိုင်ကြောင်း၊ ၎င်းတို့သည် အစမရှိကြောင်း သိရ၏။ ထိုသို့ဆိုလျှင် ထာဝရဘုရား မဖန်ဆင်းနိုင်သော၊ ထာဝရဘုရားနှင့် ထပ်တူဖြစ်သော အရာတို့လည်းရှိ၏ဟု ယူဆစရာဖြစ်သည်။ ဤတွင် ဣဿရ (ထာဝရဘုရား) ကို ပုဂ္ဂိုလ်တယောက်အနေဖြင့် မဟုတ်ပဲ ရုပ်တရားတို့ကို ပြုပြင်ဖန်တီးပေးသော သဘာဝ နိယာမအဖြစ် လွှဲပြောင်း ယူဆသူများ

လည်း ရှိပေသည်။ ၎င်းတို့အနက် ရဟူဒီအဘိဓမ္မာဆရာ စပင်နိုဇာသည် အကျော်ကြားဆုံးဖြစ်သည်။

ဟိန္ဒူဘာသာ၏ အခြား ထူးခြားချက်တရပ် ရှိသေး၏။ ၎င်းကား ဤကမ္ဘာလောကကို သီးခြားဖန်တီးမှုအဖြစ်မယူဆပဲ ယခင်က ပျက်စီးခဲ့သော ကမ္ဘာအဟောင်း၏ အကျိုးဆက်အဖြစ် ယူဆခြင်းဖြစ်၏။ ဣဿျုဝေဒ (ရိဂ်ဗေဒ)ကျမ်း၌ ထို အဓိပ္ပာယ်ဆောင်သော စာပိုဒ်များ ပါရှိ၏။ ဗုဒ္ဓသည်လည်း ဤကမ္ဘာတခုတည်းကို သီးခြားမမှတ်ယူပဲ ဖြစ်ပျက်နေ သော ကမ္ဘာများအကြောင်းဟု အယူရှိပေသည်။

ဗုဒ္ဓ စာပေတို့၌ စကြဝဠာများအကြောင်း တွေ့ရှိရ၏။ စကြဝဠာတခုသည် ယခင်ပျက်စီးခဲ့သော စကြဝဠာအဟောင်းမှ ပြန်လည်ဖွဲ့စည်း၍ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ယခုရှိသော စကြဝဠာသည်လည်း အလားတူပင် ဖြစ်၏။ ဤစကြဝဠာ ပျက်စီးသောအခါတွင် ၎င်းအပျက်အစီးမှ အသစ်ဖြစ် သော စကြဝဠာတို့ ပေါ်ပေါက်လာလိမ့်မည်။ ဤအစဉ်၌ အစအဆုံး မရှိချေ။ ဗုဒ္ဓ၏အလိုအရ စကြဝဠာတို့ တည်ဆောက်ရန်အတွက် ဣဿရဘုရားမလိုပေ။သဘာဝနိယာမများက တည်ဆောက်နိုင် ပေသည်။ ဤအချက်တွင် ဗုဒ္ဓ၏ အယူအဆသည် မျက်မှောက် ခေတ် နက္ခတ္တဗေဒနှင့် တူညီလျက်ရှိလေသည်။

အိန္ဒိယပြည်တွင်ထွန်းကားသောဇိနဘာသာ (ဂျိမ်းဘာသာ) နှင့် သင်္ချ(သင်္ခ်ယ) အဘိဓမ္မာတို့သည် ဣဿရကို ပယ်ကြ၏။ သို့ရာတွင် ၎င်းတို့ကတည်မြဲသော ဝိညာဉ်(အတ္တ)ကိုမူ အတည် ပြုကြပေသည်။ ၎င်းတို့အလိုအရ သစ်ပင်စသော သက်မဲ့တို့၌ပင် အတ္တရှိနေ၏။ မူလက လွတ်လပ်ခြင်း ဂုဏ်နှင့်ပြည့်စုံသည့် အတ္တ

သည် ရုပ်တို့နှင့် နှောင်ဖွဲ့မိသောအခါ လူ စသော အရာများ ဖြစ်ပေါ်လာခဲ့လေသည်။

'ပထမအကြောင်း' နှင့်ပတ်သက်၍အယူအဆရေးရာ၌ဟိုဘက် သည်ဘက်တွင် အစွန်းနှစ်မျိုးကို တွေ့ရသည်။ အစွန်းတခုကား အရာရာ၏ ပထမအကြောင်းအဖြစ် ထာဝရဘုရား (သို့မဟုတ် အတ္တ)ကိုယူ၍ အခြား အစွန်းတခုကား တည်မြဲသော မြူတို့ကို ယူပေသည်။ ဗုဒ္ဓအမြင်နှင့် ဝေဖန်ရသော် အစွန်းနှစ်ခုစလုံးသည် အမှားသာ ဖြစ်ကြသည်။ ဤတွင် ပထမအစွန်းနှင့် ပတ်သက်၍ အတော်အတန် ဆွေးနွေးပြီးဖြစ်ရာ ဒုတိယအစွန်းအကြောင်းကို ဆက်လက် ဖော်ပြပါမည်။

ရုပ်ဝါဒ၏ အဓိပ္ပာယ်ကို ဤသို့ နှစ်မျိုး ဖွင့်ဆိုနိုင်သည်။

(၁) သက်ရှိသက်မဲ့အားလုံးသည် အနုမြူတို့ဖြင့် ဖွဲ့စည်း ထားသည်။ ထိုအနုမြူတို့သည် စကြဝဠာ၏အုတ်များ ဖြစ်ကြပြီး မည်သည့်အခါမျှ မပျက်စီးနိုင်ပဲ အမြဲတည်၏။ အနုမြူများ၌ ဂတိ(သို့မဟုတ်) လှုပ်ရှားခြင်း(MOTION)တည်း ဟူသော အတွင်းသတ္တိတခုရှိရာ နေရာရွှေ့ပြောင်းခြင်းပြုကြ၏။သို့ရာတွင် မည်သည့်အခါမျှ ပျက်စီးခြင်း မရှိချေ။

(၂) ရုပ်၏ ပေါင်းစပ်ဖွဲ့စည်းမှုအမြင့်ဆုံးအဆင့်သို့ရောက် သောအခါ သိခြင်း (စိတ်) ပေါ်ပေါက်လာရ၏။ ထို့ကြောင့် စိတ်ဟူသည်မှာ ရုပ်၏ အမြင့်ဆုံး အသွင်တရပ်သာ ဖြစ်၏။

ရုပ်ဝါဒသည် ဗုဒ္ဓထက်ပင် စော၏။ ဗုဒ္ဓမတိုင်မီက ရှိသော စရဝကသည် ရုပ်ဝါဒီဖြစ်၏။ သို့ရာတွင် သူ၏ဝါဒမှာ အာရုံ ခံစားမှုဝါဒ(SENSUALISM)ထက် မပိုပေ။ ထူးဆန်းသည်မှာ သူသည် ရုပ်ဝါဒီဖြစ်လျက် သူ၏ ဝါဒကိုကောင်းကင်ဘုံမှ ချ

ပေးသော ဝါဒအဖြစ် အယူရှိခြင်းဖြစ်၏။ သူသည် ကျမ်းစာများ မရေးသားခဲ့သဖြင့် သူ၏အလိုကို စေ့စုံစွာမသိရချေ။ သို့ရာတွင် သူ့အကြောင်းကို ပြောဆိုကြသော (သို့မဟုတ်) သူ့အား ချေပကြသော ဟိန္ဒူရသေ့တို့ကမူ သူ၏ ဝါဒအကြောင်းကို အနည်းငယ်ဖော်ပြခဲ့ကြ၏။ ဗြိဟဿပတိမုနိ၏ ပြောပြချက်အရ စရဝက၏ဝါဒမှာအောက်ပါအတိုင်းဖြစ်ကြောင်းသိရလေသည်။

(၁) နတ်ပြည်ဟူ၍မရှိ။ လွတ်မြောက်ခြင်းဟူ၍မရှိ။ နောက်ဘဝ၌ဖြစ်သော ဝိညာဉ်ဟူ၍ မရှိ။

(၂) ဟိန္ဒူတို့၏ မျိုးဇာတ်ခွဲခြားမှု၌ အကျိုးမရှိ။လူ့ဘဝကို လေးပိုင်း ပိုင်းခြားထားခြင်း(အာသျရာမ်)၌ အဓိပ္ပာယ်မရှိ။

(၃) ယဇ်ပူဇော်ရာ၌ သတ်ဖြတ်ခြင်းခံရသော တိရစ္ဆာန်သည် နတ်ပြည်သို့ ထုတ်ချောက်ရောက်သည်ဟု အဆိုရှိ၏။ သို့ဖြစ်လျှင် ယဇ်ပူဇော်သူသည် သူ၏ဖခင်ကို အဘယ်ကြောင့် သတ်ဖြတ်၍ မပူဇော်ပါသနည်း။

(၄) အသက်ရှင် နေချိန်ဝယ် ပျော်ပျော် နေပါ။ လူတယောက်သည် အကြွေးတင်ချင် တင်ပါစေ။ အသက်ရှင်စဉ်၌ ထောပတ်ဖြင့်(ကောင်းမွန်စွာ)စားသောက်ပါ။

(၅) မိမိ၏ဇနီးကိုလည်းကောင်း၊ မိမိ၏ငွေကြေးကို လည်းကောင်း စောင့်ရှောက်သင့်၏။ သို့ရာတွင် မိမိ၏ တည်မြဲရေးအတွက် လိုအပ်လာလျှင် ၎င်းတို့ နှစ်ခုလုံးကိုပင်စွန့်ပစ်လိုက်ပါ။ အဘယ့်ကြောင့်ဟူမူ ငွေနှင့် မိန်းမကို နောက်တွင် ထပ်၍ ရနိုင်သော်လည်း လူ့ဘဝမှာမူ သေလျှင် နောက်ထပ် မရနိုင်သောကြောင့်ဖြစ်၏။ (နောက်ဘဝ မရှိဟု ဆိုလိုသည်)

ဗုဒ္ဓနှင့် တခေတ်တည်း ပေါ်ထွန်းသော ပိဋကတ်လာ

တိတ္ထိဆရာကြီး(၆)ဦးအနက် အဇိတ ကေသကမ္ဗလ၏ နတ္ထိက ဝါဒသည်လည်း ရုပ်ဝါဒပင်ဖြစ်၏။ သူ၏ဝါဒအရပေးလှူခြင်း၏ အကျိုးမရှိ။ ကောင်းမှု မကောင်းမှုပြုခြင်း၏ အကျိုးမရှိ။ ဤ လောကမှအပ အခြားလောကမရှိ။ ဤခန္ဓာကိုယ်သည် မဟာ ဘုတ်လေးပါး၏ အစုအဝေးသာ ဖြစ်၏။ လူသေသောအခါ ကိုယ်တွင်းမှ ပထဝီဓာတ်သည် ပြင်ပမှ ပထဝီဓာတ်နှင့်ပူးပေါင်း သွား၏။ ကိုယ်တွင်းမှ တေဇော၊ အာပေါ၊ ဝါယောတို့လည်း ပြင်ပမှ တေဇော၊ အာပေါ၊ ဝါယောတို့နှင့် ပူးပေါင်းသွား၏။ သိမှုတန်ဆာခြောက်ခုမှအသိခြောက်ပါးသည်လည်း အာကာသ သို့ ရွှေ့ပြောင်းသွားကြကုန်၏။ ထိုအခါ ဤခန္ဓာကိုယ်ကြီးကို သေပြီဟု အမှတ်ထား၍ မီးသင်္ဂြိုဟ်ကြကုန်၏။ နောက်ဆုံးတွင် ခိုအရောင်အဆင်းရှိသော ပြာမှအပ အခြား ဘာမျှ မကျန်ချေ။ (အကျယ်ကို သာမညဖလသုတ်တွင် ကြည့်ပါ)

အိန္ဒိယပြည်မှ အထက်ပါ ရုပ်ဝါဒနှစ်မျိုးအနက် စရဝကာ၏ ရုပ်ဝါဒကား အာရုံခံစားမှုကိုအားပေးခြင်းနှင့် တည်ဆဲဘာသာ အယူများကို တော်လှန်လိုခြင်းတို့မှ ပေါ်ပေါက်လာသော ရုပ် ကြမ်းဝါဒသာဖြစ်၏။ စနစ်တကျ တည်ဆောက်ထားခြင်း မရှိ။ အဘိဓမ္မာ သဘောတရပ်နှင့်လည်း မတူလှချေ။ အဇိတ၏ဝါဒ မှာကား ရုပ်ကြမ်းဝါဒပင် ဖြစ်ငြားသော်လည်း စရဝကာထက် ပို၍ စနစ်တကျရှင်းလင်းချက်များ ပါရှိလေသည်။ဗုဒ္ဓလက်ထက် က ထွန်းကားသောရုပ်ဝါဒမှာ အဇိတ၏ဝါဒပင် ဖြစ်လေသည်။

သို့ရာတွင် ယနေ့ကမ္ဘာတွင် ထွန်းကားသော ရုပ်ဝါဒကား အိန္ဒိယပြည်မှ အခြေတည်ခဲ့သည်မဟုတ်ပဲ ဓေါမပြည်မှ စတင်ခဲ့ ခြင်းဖြစ်ပေသည်။ဓေါမတို့သည် စနစ်တကျ တွေးတောစဉ်းစား

**(တတိယအကြိမ်)**

တတ်သူများဖြစ်ရာ ၎င်းတို့၏ အဘိဓမ္မာသဘောတရားများကို လည်း စနစ်တကျတည်ဆောက်မှု၊ အကွက်ကျကျရှင်းလင်း ဖော်ပြမှုဖြင့် တန်ဆာဆင်လေ့ ရှိကြသည်။ ထို့ကြောင့် ရုပ်ဝါဒကို လည်း ၎င်းတို့အနေဖြင့် အာရုံခံစားမှုဝါဒလောကသာမကပဲ ကမ္ဘာ့အမြင်တခု အဖြစ်သို့ပင် ချဲ့ထွင်နိုင်ခဲ့ကြ၏။ သို့သော် ခေါမတွင် အာရုံခံစားမှုကို အဓိကထားပြီး ဟောပြောသော ရုပ်ဝါဒတို့လည်း ရှိသည်သာဖြစ်၏။ အကျော်ကြားဆုံးကား အက်ပီကူးရပ်စ်ဖြစ်လေသည်။ သူ၏လက်သုံးစကားမှာ ဘဝဆို တာ တိုတိုလေးမို့ ပျော်ပျော်ကြီးနေသွားကြပါစို့ ဟူ၍ ဖြစ်၏။

မျက်မှောက်ခေတ် ရုပ်ဝါဒ၏ မြစ်ဖျားကို ခြေရာခံကြည့် သောအခါ ခရစ်မပေါ်မီ နှစ်ပေါင်း ၅၀၀ခန့်က ခေါမ အဘိဓမ္မာဆရာများကိုတွေ့ရသည်။၎င်းတို့အနက် ဟီရာကလစ် တပ်စ်သည် အရာအားလုံး၏ အတည်မမြဲ ပြောင်းလဲနေပုံကို သင်ကြားသူဖြစ်၏။ (သူ၏ ဝါဒအကြောင်းကို ပြီးခဲ့သော အခန်းတို့တွင်လည်း အတော်အတန် ရေးသားခဲ့ပါသည်။) သူသည် ဓဣကဝါဒီဖြစ်၏။ သူ၏အလိုအရ "ရှိသည်"ဟု ပြော ရလောက်အောင် တည်ငြိမ်သော အရာဟူ၍မရှိ။ မည်သည့် အရာကိုမျှ "ရှိသည်"ဟုမပြောနိုင်။ "ရှိသည်"ဟုဆိုလိုက်သည်နှင့် တပြိုင်နက် ၎င်းသည် လုံးဝပြောင်းလဲသွားပြီ ဖြစ်၏။ ပါမင်း နိုက်ဒီးစ်ဆိုသူကား ဟီရာကလစ်တပ်စ်၏ ဝါဒကို ဆန့်ကျင်ဘက် ပြောဆိုသူဖြစ်သည်။ သူ၏အဆိုများမှာ တက္ကဗေဒ နည်းအရ တည်ဆောက်ထား၏။ မရှိသော အရာအကြောင်းကို မည်သူမျှ မစဉ်းစားနိုင်၊ ပြောလည်းမပြောနိုင်။ ထို့ကြောင့် လူသားတို့ စဉ်းစားပြောဆိုနေသော အရာများမှာ ရှိသောအရာများသာ

ဖြစ်ရမည်။ တကယ့် အမှန်တရားကား မရှိသဘောမဟုတ်၊ အရှိသဘောသာဖြစ်၏။ ဤကား ပါမင်းနိုက်ဒီးစ်၏ ဝါဒပင်တည်း။ ဟီရာကလစ်တပ်စ်၏ ဝါဒအရ လောကတွင် မည်သည့်အရာမျှမတည်မြဲ။ ထာဝစဉ် ပြောင်းလဲ လှုပ်ရှား နေသည်။ ပါမင်းနိုက်ဒီးစ်၏ ဝါဒအရ စကြဝဠာတခုလုံး ရုပ်ပစ္စည်းတို့ဖြင့် ပြည့်နှက်နေသည်။ ဘာမျှ မရှိသော လဟာပြင် ဟူ၍ မည်သည့်နေရာမျှ မရှိချေ။ ဤကမ္ဘာသည်လည်း အချိန်အကန့်အသတ်မရှိသော၊ လှုပ်ရှားပြောင်းလဲမှု မရှိသော၊ ထာဝရတည်နေသော အရှိတရားကြီး ဖြစ်သည်။ အချုပ်ကို ဖော်ပြရလျှင် ဟီရာကလစ်တပ်စ်၏ အလိုမှာ ရုပ်ဝတ္ထု အားလုံး အနိစ္စဖြစ်၍ ပါမင်းနိုက်ဒီးစ်၏အလိုမှာ ရုပ်ဝတ္ထုအားလုံး နိစ္စဖြစ်ပေသည်။

ထိပ်တိုက်ဆန့်ကျင်သော အဆိုပါအယူနှစ်ခုကို ပေါင်းစပ်၍ အနုမြူဝါဒ(ရုပ်ဝါဒ)အဖြစ် အကောင်အထည် ဖော်သူကား ခေါမ အဘိဓမ္မာဆရာတဦးဖြစ်သော လျူစစ်ပတ်စ်ပင်တည်း။ ၎င်းက ပါမင်းနိုက်ဒီးစ်၏ နိစ္စတရားကို အခြေပြု၍ အနုမြူတလေးများသည် အစစ်အမှန်တည်ရှိကြောင်း၊ ခိုင်မြဲကြောင်း၊ မည်သို့မျှ ခွဲခြမ်းချေဖျက်၍ မရကြောင်းဆိုသည်။ အနုမြူကို ခေါမဘာသာဖြင့် အန်တန်ဟု ခေါ်ရာ နောက်ထပ်ခွဲဖျက်၍ မရသောအရာဟု အဓိပ္ပာယ်ထွက်ပေ၏။ သို့သော် ထိုအနုမြူတလေးများသည် ပါမင်းနိုက်ဒီးစ် ပြောသလို မလှုပ်မရှား တည်ငြိမ်နေသည်မဟုတ်။ ဟီရာကလစ်တပ်စ်၏ ဝါဒအတိုင်း မပြတ်ရွေ့ရှားနေသည်။ ဤတွင် ရွေ့ရှားခြင်း ဆိုသည်မှာ နေရာရွေ့ပြောင်းခြင်းကိုသာ ဆိုလို၍ ပျက်စီးခြင်းကို ဆိုလိုသည်

မဟုတ်ကြောင်း သတိချပ်ရာ၏။ ဤဝါဒအရ အရာအားလုံး၏ အခြေခံဖြစ်သော မြူတို့သည် မည်သည့်အခါမျှ မပျက်စီးပဲ အမြဲတည်၏။ ၎င်းတို့ ပေါင်းစပ်မိသောအခါ အချိုးအစား အလိုက် ကမ္ဘာမြေပြင်၊ တောတောင်၊ သစ်ပင်၊ တိရစ္ဆာန်၊ လူ စသော အသွင်များပေါ်လာခြင်း ဖြစ်၏။

အနုမြူဝါဒကို နောက်ထပ် ဆက်လက်ဖြန့်ချီသူကား ခရစ် မပေါ်မီ နှစ်ပေါင်း ၄၂၀ခန့်က ခေါ်မ အဘိဓမ္မာဆရာ ဒီမိုကရစ်တစ်ပ်ဖြစ်၏။ သူက ကမ္ဘာမှစ၍ အားလုံးသော သက်ရှိ သက်မဲ့ ပစ္စည်းတို့သည် သာမန်မျက်စိဖြင့် မမြင်နိုင်သော၊ ခွဲခြမ်းစိတ်ဖြာ၍ မရသော၊ မဖျက်ဆီးနိုင်သော၊ အသေးဆုံး ဖြစ်သော အနုမြူတို့ဖြင့် ဖွဲ့စည်းထားကြောင်း၊ ဝိညာဉ် (သို့မဟုတ်)သိတတ်သောသဘော(သို့မဟုတ်)စိတ်ဆိုသည်မှာ လည်း အနုမြူတို့ဖြင့်သာ ဖွဲ့စည်းထားကြောင်း။ (ဦးနှောက်ကို ဆိုလိုဟန်ရှိသည်) ထိုအနုမြူတို့သည် တခြား အနုမြူတို့ထက် နူးညံ့ သိမ်မွေ့ကြောင်း စသည်ဖြင့် ဟောပြော လေသည်။ ဤဝါဒအရ သက်ရှိသက်မဲ့အားလုံးသည် ရုပ်နိယာမအရသာ ဖြစ်ရာ ၄င်းသည်၏ အခြားမဲ့အတွက် ဘာမျှ စဉ်းစားဖွယ် မလိုပေ။ ဘာသာရေး၊ ယဉ်ကျေးမှု၊ လူ့ကျင့်ဝတ်သည်လည်း အဓိပ္ပာယ်မရှိသော အိပ်မက်များသာ ဖြစ်ကြကုန်၏။ လောက တွင် မြင့်မြတ်ခြင်းနှင့် ယုတ်ညံ့ခြင်း၊ ကောင်းမှုနှင့်မကောင်းမှု ဟူသည် မရှိ။ မေတ္တာတရားကိုလည်း ချီးမွမ်း ထောမနာရန် မလို။ ဒေါသ တရားကိုလည်း ကဲ့ရဲ့ပြစ်တင်ဖို့မရှိ။ လူတယောက် နှင့် ခွေးတကောင်၊ ခွေးတကောင်နှင့် သစ်တုံးတတုံးအတွင်း၌ ဘာမျှ ခြားနားချက်မရှိ။ ရုပ်၏ တိုးတက်မှု မြင့်သည်နှင့်

နိမ့်သည်သာကွာ၏။ အခြားကွဲလွဲချက်မရှိ။ အနုမြူ ဝါဒသည် နောက်ပိုင်းတွင် ရောမသို့ ရောက်သွား၏။ ခရစ် မပေါ်မီ နှစ်ပေါင်း ၉၀ခန့်က ရောမ ကဗျာဆရာ လူခရစ်ရှပ်စ်သည် အနုမြူ ဝါဒီဖြစ်၏။ သူရေးသားသော "သဘာဝအကြောင်း" (DE RERUM NATURA) အမည်ရှိ ကဗျာရှည်ကြီးမှာ ကျော်စောလှသည်။ ထိုကဗျာရှည်ကား ရုပ်ဝါဒနှင့် စိတ်ကူး စိတ်သန်းတို့ကို ဘာသာရေးအား မထိမဲ့မြင် ပြုလိုခြင်းနှင့် ပေါင်းစပ်ထားခြင်းပင်ဖြစ်၏။ ထိုကဗျာရှည်တွင် လူခရစ်ရှပ်စ်က အက်ပီးကူးရပ်စ်၏ ရုပ်ဝါဒ အကြောင်း၊ စကြဝဠာသည် ရုပ်တို့ဖြင့် တည်ဆောက်ထားသည် ဖြစ်ကြောင်း၊ လူသည် သေလျှင် ပြတ်ကြောင်း၊ သေသည်ဆိုသည်မှာ အိပ်ပျော်သွား ခြင်းသာ ဖြစ်၍ ကြောက်ရွံ့ဖွယ် မလိုကြောင်း စသည်ဖြင့် ဖော်ပြထားလေသည်။ ဘာသာရေး ယုံကြည်ချက်များကိုမူ သူက "လူ၏ ကျွန်ပြုခံရခြင်းနှင့် ဆင်းရဲပင်ပန်းခြင်းတို့၏ မူလ" အဖြစ် ရှုတ်ချပြစ်တင်ထားလေသည်။(မှတ်ချက်။ ။ဤသည်တို့ကို အတုလိုက်၍ဘာသာရေးယုံကြည်မှုများကိုအကျိုးမဲ့နှိပ်နယ်လိုသူ တို့ ပေါများလှကြောင်း သတိချပ်ရာသည်။)

အနုမြူဝါဒသည် အကြောင်း အမျိုးမျိုးကြောင့် အလယ် ခေတ်တွင် ခေတ္တမှေးမှိန်သွား၏။ ဤအကြောင်းတို့သည် ခရစ် တော် ပေါ်ပေါက်လာခြင်းနှင့် ခရစ်ယာန်ဘာသာပြန့်ပွားထွန်း ကားလာခြင်းသည် အဓိကဖြစ်ပေသည်။ ထိုသို့ မှေးမှိန် သွား သည်မှာ အလယ်ခေတ် တလျှောက်လုံးပင် ဖြစ်၏။ တဖန် အလယ်ခေတ် ကုန်ဆုံးသော ၁၇ရာစု ခေတ်တွင် ဤအနုမြူ ဝါဒသည် ပြန်လည်ပေါ်ထွန်းလာပြန်၏။ ဤဝါဒကို ပြန်လည်

တူးဖော်သူများကား ပြင်သစ်ပြည်မှ စာရေးဆရာများ ဖြစ်ကြသည်။ ထိုခေတ်က ပြင်သစ်ရှိ သိပ္ပံဆရာနှင့် စာရေး ဆရာတို့သည် စွယ်စုံကျမ်းကြီးတစောင်ကို စုပေါင်းပြုစုကြ၏။ ၎င်းတို့အနက် ထင်ရှားသူများမှာ ဒါလင်ဘတ်၊ ဒိုက်ဒါးရော့၊ ဗော်လတဲနှင့် လာမက်ထရီတို့ ဖြစ်ကြသည်။ သူတို့၏ အဓိက ရည်ရွယ်ချက်မှာ သိပ္ပံပညာနှင့် ဆင်ခြင်တုံတရားပင်ဖြစ်၏။ သိပ္ပံပညာနှင့် ဆင်ခြင်တုံတရားတို့သည် လူလောကအား သာယာသော ကောင်းကင်ဘုံအဖြစ် ဖန်တီးနိုင်မည်ဟု သူတို့က အယူရှိကြသဖြင့် ဘာသာရေးကို ဂျော့ပေးထားကြလေသည်။

ရုပ်ဝါဒအား အရှင်းဆုံးဖော်ပြချက်ကို လာမက်ထရီ ရေးသည့်လူ့ယန္တရား(**L'HOMME MACHINE**) အမည်ရှိစာအုပ်တွင် တွေ့ရ၏။ လာမက်ထရီကရုပ်နှင့်နာမ်တို့ ဒွန်တွဲတည်ရှိမှုကို အသိအမှတ်ပြုသောဂျာမန်အဘိဓမ္မာဆရာကြီးဒစ်စကားတီးစ်၏ အဆိုကို ပယ်၍ ရုပ်တခုသာ ရှိကြောင်း၊ ထိုရုပ်သည် အသေမဟုတ်ပဲ လှုပ်ရှားမှုရှိကြောင်း၊ ထိုရုပ်တို့၏ အရောင် ဟပ်မှုကြောင့် စိတ်ဖြစ်ရကြောင်း၊ အရာရာကို နိယာမတို့ကသာဦးစီးကြောင်းဖြင့် ဖော်ပြထားလေသည်။ ဤရုပ်ဝါဒသည် ဂျာမန်အဘိဓမ္မာ ဆရာ ကားလမတ်စ်၏ လက်ထက်တွင် အထွတ်အထိပ်သို့ ရောက်ခဲ့လေသည်။

မတ်စ်၏ အဓိက တောင်းဆိုချက်ကား သူ၏ ဝါဒသည်သိပ္ပံနည်းကျ ဖြစ်သည်ဟူ၍ ဖြစ်၏။ မတ်စ်ဝါဒသည် ကောင်းကင်ဘုံမှ ချပေးသော အယူမဟုတ်၊ တရားသေ သဘောတရားလည်းမဟုတ်၊ အရာအားလုံးကို ရှိသည့်အတိုင်း ယထာဘူတကျကျ ကြည့်ရှုခြင်းသာ ဖြစ်၏။ မတ်စ် မပေါ်မီ ရာစုများ

ကပင် သိပ္ပံပညာသည် ရှေးဟောင်းကျမ်းစာတို့ကိုထာဝရအမှန်တရားအဖြစ်ကိုးကား လေ့ရှိသောဝါဒ(SCHOLASTICISM) နှင့် လမ်းခွဲခဲ့ရာ ၎င်းသည် မတ်စ်အား ဩဇာညောင်းလေသည်။ ထို့ကြောင့် မတ်စ်က "ငါသည် မတ်စ်ဝါဒီမဟုတ်" ဟု ပြောဆိုခြင်းမှာ သူ၏ ဝါဒကို အဆုံးသတ် မှန်ပြီဟု မယူဆပဲ ဆက်လက်တိုးတက်ရဦးမည်ဆိုသော အဓိပ္ပာယ်ပင် ဖြစ်သည်။

မတ်စ်ဝါဒသည် ဒွန္ဒရုပ်ဝါဒဖြစ်သည်။ မတ်စ်သည် ဒွန္ဒနည်း (DIALECTICAL METHOD)ကိုဟေဂဲလ်ထံမှရရှိ၍ရုပ်ဝါဒကိုမူ ဖြူးဘက်ချ်ထံမှ ရရှိလေသည်။ ဟေဂဲလ်အဖို့ဒွန္ဒနည်းသည် တက္ကနည်း၏ တစိတ်·တဒေသပင် ဖြစ်၏။ သူ၏ အလိုအရ ဆန့်ကျင်ဘက်တို့ ဆန့်ကျင်ရွေ့လျားရာမှ စိတ်၏ တစတစ တိုးတက်မှုသည် ဖြစ်ပေါ်လာ၏။ (ဟေဂဲလ်သည် ရုပ်ကို ဒုတိယထားသော နာမ်ဝါဒီဖြစ်သည်။) စိတ်ကူးတခုသည် အမှန်တရား၏ တစိတ်တပိုင်းကို ကိုယ်စားပြုပြီး ၎င်း၏ဆန့်ကျင်ဘက်စိတ်ကူးသို့ သက်ရောက်စေ၏။ ထိုဆန့်ကျင်ဘက်စိတ်ကူးသည်လည်း အမှန်တရား တစိတ်တပိုင်းဖြစ်၏။ ထိုဆန့်ကျင်ဘက်နှစ်ခု တွေ့ထိတိုက်ခိုက်သောအခါ တတိယ စိတ်ကူးသည်အကျိုးတရားအဖြစ် ပေါ်လာ၏။ ဟေဂဲလ်ကပထမစိတ်ကူးကို ဝါဒ (THESIS) ဒုတိယစိတ်ကူးကို ပတိဝါဒ(ANTITHESIS)၊ တတိယ စိတ်ကူးကို သံဝါဒ(SYTHESIS)ဟု အမည်ပေးလေသည်။ (၎င်းကို မူလ၊ ပဋိပက္ခ၊ သမူဟဟု ပြန်သည်လည်းရှိပါသည်။) ဥပမာ 'ရှိခြင်း' (BEING) ဆိုသော စိတ်ကူးကို ဝါဒဟု ယူဆပါက သူ၏ ဆန့်ကျင်ဘက် ပတိဝါဒအဖြစ်မရှိခြင်း (NOT-BEING) ဆိုသော စိတ်ကူးသည်အလိုအလျောက် ပေါ်လာလိမ့်မည်။ ၎င်း

တို့နှစ်ခုတွေ့ထိတိုက်ခိုက်သောအခါဖြစ်ခြင်း (BECOMING) ဆိုသော စိတ်ကူးသည် သံဝါဒအဖြစ် ထွက်ပေါ် လာပေလိမ့်မည်။ တဖန် ၎င်းသံဝါဒသည်လည်း ဝါဒအဖြစ် ပြန်လည်ဆင်းသက်သွားပြီး အသစ်ဖြစ်သော ပတိဝါဒကို ဖိတ်ခေါ်ကာအသစ်ဖြစ်သော သံဝါဒကို ပေါက်ဖွားစေလိမ့်ဦးမည်။ ဤနည်းဖြင့် ဤအစဉ်သည် ထာဝရ ဆက်လက်ဖြစ်ပေါ်ပြီး နောက်ဆုံး စိတ်ကူးသည် အလုံးစုံ ပြီးပြည့်စုံသော စိတ်ကူး(ABSOLUTE IDEA) သို့ ဆိုက်ရောက်သောအခါတွင်မှ ဤအစဉ်သည် ရပ်နားပေလိမ့်မည်။ (မှတ်ချက်။ အလုံးစုံ ပြီးပြည့်စုံသော စိတ်ကူးသည်ထာဝရဘုရားနှင့် သဘောချင်း အတူတူပင် ဖြစ်၏။) ဤကား ဟေဂဲလ်၏ ဒွန္ဒနည်းအရ စိတ်ကူးစိတ်သန်းများ၏ သူ့အလိုအလျောက်တိုးတက်မှု ဖြစ်စဉ်ပင်တည်း။

ဟေဂဲလ်အတွက် ရုပ်ဖြစ်စဉ်ဆိုသည်မှာ စိတ်ကူး၏ အရိပ်အရောင်မျှသာ ဖြစ်၏။ လူ့သမိုင်းစဉ်သည်လည်း စိတ်ကူး၏ရောင်ပြန်မျှသာဖြစ်၏။ မတ်စ်ကမူ ဟေဂဲလ်၏ ဒွန္ဒနည်းကို ယူသော်လည်း စိတ်ကို အခြေမပြုပဲ ပြောင်းပြန်အားဖြင့် ရုပ်ကို အခြေခံပြုလိုက်၏။ ထို့ကြောင့် သူ၏ အစီအစဉ်မှာ စိတ်ကူးစိတ်သန်းများ၏ သူ့အလိုအလျောက် တိုးတက်မှု မဟုတ်တော့ပဲ ရုပ်၏သူ့အလိုအလျောက် တိုးတက်မှုသာဖြစ်ပေသည်။ မတ်စ်၏ အလိုအရ စကြဝဠာ ဖြစ်စဉ်သည် "ဒွန္ဒပုံစံအတိုင်း၊ အစီအစဉ်တကျ ဖြစ်ပေါ်နေသော ရုပ်ဖြစ်စဉ်" (UNFOLDING OF MATTFR ACCORDING TO THE DIALECTICTAL PATTERN) မျှသာဖြစ်၏။ အချုပ်အားဖြင့် ကားဟေဂဲလ်အတွက် စိတ်ကူးသည် ဒွန္ဒနည်းဖြင့် တိုးတက်နေရာမှ ၎င်း၏

အရိပ်အရောင်သည် ရုပ်၌ထင်ခြင်းဖြစ်၏။ မတ်စ်အတွက်ရုပ်သည် ဒွန္ဒနည်းဖြင့် တိုးတက်နေရာမှ၎င်း၏ အရိပ်အရောင်သည်စိတ်၌ ထင်ခြင်းဖြစ်၏" နည်းတူသော်လည်း အခြေခံမှာ ဆန့်ကျင်၏။ ဤသည်ကို ရည်၍မတ်စ်က"ဟေဂဲလ်၏ အဘိဓမ္မာသည် ခေါင်းနှင့် ရပ်နေ၏။ ၎င်းကို ငါကခြေပေါ်တွင် အရပ်ခိုင်းလိုက်သည်" ဟု ပြောဆိုခြင်းဖြစ်သည်။

ဤအခန်း၏ ရည်ရွယ်ချက်မှာ ရုပ်ဝါဒအကြောင်းရေးသားရန်ဖြစ်ရာ ဒွန္ဒနည်းနှင့်ပတ်သက်၍ အကျယ်အပြန့် ဆွေးနွေးခွင့်မရချေ။အကျဉ်းအားဖြင့်ကားဟေဂဲလ်နှင့် မတ်စ်တို့၏ ဒွန္ဒနည်းသည် ဗုဒ္ဓ၏အကြောင်းအကျိုးနိယာမ(ပဋိစ္စသမုပ္ပါဒ)တရားနှင့် ဆင်ဆင်တူသည်ဟု ဆိုနိုင်၏။ သို့ရာတွင် ဗုဒ္ဓက အရာအားလုံးသည် အကြောင်းအကျိုးတရားအရ ဖြစ်ပျက်ပြောင်းလဲရသည်ဟု ဆိုရာ၌(ဟေဂဲလ်ကဲ့သို့) နာမ်သက်သက်၏ တိုးတက်မှု (မတ်စ်ကဲ့သို့) ရုပ်သက်သက်၏ တိုးတက်မှုတို့ကို အယူမရှိချေ။

ဟေဂဲလ် ဒွန္ဒနည်း၏အခက်အခဲများသည် မတ်စ်၏အဘိဓမ္မာအတွင်းသို့လည်း ပါသွား၏။ ဟေဂဲလ်အဖို့ ဆန့်ကျင်ဘက်တို့၏ တိုက်ခိုက်မှုသည် ရှေ့သို့ တိုးတက်စေသော မောင်းတံဖြစ်၏။ ဤတွင် ဆန့်ကျင်ဘက်များနှင့် ခြားနားချက်များမှာမရှင်းလင်းချေ။ဤအချက်ကိုကရိုစ်ကသူ၏စာအုပ်( WHATIS LI VING AND WHAT IS DEAD OF THE PHILOSOPHY OF HEGEL)၌ ဖော်ပြထား၏။ အလင်းနှင့်အမှောင်တို့သည် ဆန့်ကျင်ဘက်များဖြစ်ကြ၏။ တခုရောက်လျှင် တခုပျောက်ရ၏။ ဆန့်ကျင်ဘက်တို့၏ သဘောကား တခုကို တခု ချေဖျက်ခြင်းပင်တည်း။ သို့ရာတွင် ခြားနားချက်မှာကား တဦးကို တဦး

အလျောက် ဝါဒ၊ ပတိဝါဒ၊ သံဝါဒတို့ ဖြစ်စေသနည်း။ ရုပ်သည် အဘယ့်ကြောင့် ဒွန္ဒအစဉ်အတိုင်းသာ ဖြစ်ပေါ်ရမည်နည်း။ အခြားအစဉ်၊ အခြားနိယာမတို့ဖြင့်လည်း မဖြစ်ပေါ်နိုင်သလော။ ဒွန္ဒနိယာမမှတပါး ရုပ်ကိုလွှမ်းမိုးသည့် အခြင်းနိယာမများကော မရှိနိုင်ပါသလော။

မတ်စ်ဝါဒ၏ ရေသောက်မြစ်သုံးသွယ်ဟု ခေါ်ဆိုကြသော အဓိက အပိုင်းကြီး သုံးခုရှိ၏။ ၎င်းတို့ကား (၁) သဘောတရား(ဒွန္ဒရုပ်ဝါဒ)။ (၂) သမိုင်းအခြေခံ (သမိုင်းဆိုင်ရာရုပ်ဝါဒ)။ (၃) ဝါဒရေး(ဆိုရှယ်လစ်ဝါဒ)တို့ ဖြစ်ကြ၏။ ဤတွင် သမိုင်းဆိုင်ရာ ရုပ်ဝါဒနှင့် ဆိုရှယ်လစ် ဝါဒတို့မှာ ဤစာအုပ်၏ ရည်ရွယ်ချက်၌ အကြုံးမဝင်သဖြင့် ဆွေးနွေးရန်မလိုပေ။ သဘောတရားရေး၏ အစိတ်အပိုင်း နှစ်ခု ဖြစ်သော ဒွန္ဒဝါဒနှင့် ရုပ်ဝါဒတို့တွင်လည်း ဒွန္ဒဝါဒကို ဖော်ပြပြီးဖြစ်သဖြင့် ရုပ်ဝါဒကို ဆက်လက်ဆွေးနွေးပါမည်။

ရုပ်ဝါဒကို သက်ရှိသက်မဲ့အားလုံး၏ အခြေခံ(မူလဓာတ်)အဖြစ် ရုပ်ကိုထား၏။ မတ်စ်တို့ခေတ်အထိဖြစ်သော ဓာတုဗေဒနှင့် ရူပဗေဒကသက်ရှိသက်မဲ့အားလုံးကို ချေဖျက်စိတ်ဖြာကြည့်သောအခါ နောက်ဆုံးတွင်အက်တန်ခေါ် အနုမြူတို့ကိုတွေ့ရှိရလေသည်။အနုမြူကိုကား ခွဲခြမ်းစိတ်ဖြာခြင်းငှာ မစွမ်းခဲ့ကြချေ။ ထို့ကြောင့် အနုမြူကို လောက၏(သက်ရှိသက်မဲ့အားလုံး၏) အငယ်ဆုံး အခြေခံအဖြစ် သတ်မှတ်ခဲ့ကြ၏။ မတ်စ်ကလည်း သိပ္ပံပညာ၏ ထိုသတ်မှတ်ချက် အပေါ်တွင် သူ၏ ရုပ်ဝါဒကို တည်ဆောက်ခဲ့ပေသည်။ သူသည် အငယ်ဆုံးနှင့် အခြေခံအကျဆုံးအနုမြူများကို စကြဝဠာ၏ အုတ်များအဖြစ် ယူဆ

ပြီး တလောကလုံးရှိ သက်မဲ့ အသွင် အမျိုးမျိုး၊ လှုပ်ရှားမှု အမျိုးမျိုး၊ ဖြစ်စဉ်အမျိုးမျိုးကို ထိုအနုမြူတို့၏ အသွင် လှုပ်ရှားမှု ဖြစ်စဉ်များအဖြစ်တင်ပြခဲ့၏။ ထိုအနုမြူတို့၏ လှုပ်ရှားမှု ပုံသဏ္ဍာန်၏ အရိပ် အရောင်တို့သည် စိတ်အဖြစ် ထင်ဟပ်ခြင်း သာ ဖြစ်၏။ ဤကား မတ်စ်၏အယူတည်း။ မတ်စ်သည် သူ၏ အယူကို(ထိုခေတ်က)သိပ္ပံပညာ၏ အမြင့်ဆုံးတိုးတက်မှုများနှင့် စီရင်ထားပြီး သိပ္ပံနည်းကျ ရုပ်ဝါဒဟု အမည်ပေးခဲ့လေသည်။ ၁၇နှင့် ၁၈ရာစု သိပ္ပံပညာသည် မတ်စ်အဆိုများကို ထောက်ခံ နေပေရာ (ထိုခေတ်ထိုအခါအတွက်) မတ်စ်ဝါဒသည် သိပ္ပံ နည်းကျ ဖြစ်မည်မှာ ယုံမှားဖွယ်မလိုချေ။

၁၇၇၆ခုနှစ်တွင် ပါမောက္ခပီဂျီတိတ်ကအောက်ပါအတိုင်း ဟောပြောခဲ့၏။

"ရုပ်ဝတ္ထုဟု ကျွန်ုပ်တို့ခေါ်ဆိုကြသော အရာ၏ အစစ် အမှန်တည်ရှိမှု၊ မဖောက်ပြန်မှုကို စမ်းသပ်ရန်၊ တိုင်းတာရန် အချက်ကား ၎င်းအား လူ၏လုံ့လ ပယောဂဖြင့် ဖျက်ဆီးနိုင် မဖျက်ဆီးနိုင်၊ဖန်ဆင်းနိုင်၊မဖန်ဆင်းနိုင်ကြည့်ရှုရန်ပင်ဖြစ်သည်"

သူ ဆိုလိုသော အဓိပ္ပာယ်မှာ ရုပ်ဝတ္ထုကို (သို့မဟုတ်) ၎င်း၏ အငယ်ဆုံး အစိတ်အပိုင်းဖြစ်သော အနုမြူကို လူတို့၏ ပညာဖြင့် နောက်ထပ် ခွဲခြမ်း စိတ်ဖြာခြင်း၊ အသင် ဖန် ဆင်းခြင်း မပြုနိုင်ခဲ့ပါက ၎င်းရုပ်ဝတ္ထုကို တည်မြဲသောအရာ ဟူ၍ မပြောနိုင် တော့ပေ။ အကယ်၍ ဆိုခဲ့သည့် အတိုင်း ခွဲခြမ်း စိတ်ဖြာခြင်း မပြုနိုင်ခဲ့ပါမူကား ၎င်းရုပ်ဝတ္ထုကို သည် မြဲသည်၊ နိစ္စဓုဝ အမှန်တရား ဖြစ်သည်ဟူ၍ အသိ အမှတ် ပြုရပေလိမ့်မည်။

၁၉ ရာစုခေတ် သိပ္ပံ ပညာသည် အနုမြူ တွင် သာ ရပ်တန့်နေပြီး အနုမြူကို အငယ်ဆုံး မြူအဖြစ် သတ် မှတ်ခဲ့သော်လည်း ၂၀ရာစုခေတ်တွင်ကား ရပ်ဝတ္ထု (သို့မဟုတ်) ပစ္စည်းထု(သို့မဟုတ်)အနုမြူကို လူ၏လုံ့လပယောဂဖြင့် ဖျက်ဆီးချေမှုန်း ပစ်နိုင်ကြောင်း တွေ့ရှိလာပေသည်။ ဤတွေ့ရှိချက်များကို တဆင့်ပြီးတဆင့် လေ့လာ ရသည်မှာ အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပေ၏။ ၎င်းတို့ကို ဆက်လက် မဆွေးနွေးမီ ဒေါက်တာကွန်းနှင့် ရေးသားထားသော စာပိုဒ် တပိုဒ်ကို ပထမ တင်ပြသင့်ပေသည်။

"ပြောင်းလဲလာသော သိပ္ပံပညာ၏ အသွင်အပြင် များစွာရှိသည့်အနက် ပစ္စည်းထုကို လုံးဝ ချေမှုန်း ဖျက်ဆီးပစ်နိုင်သည်ဆိုသောအချက်ကို သိပ္ပံဆရာမဟုတ်သူတို့ အနေဖြင့် ယုံကြည်ရန်ခက်ပေသည်။ ဤအကြောင်းရေးသားကြသော စာရေးဆရာတို့ကလည်း ဟီရိုရှီးမားကဲ့သို့သော မြို့တော်ကြီးတခုလုံးပြာကျစေခဲ့သည်မှာ အနည်းငယ်မျှသော ရုပ်ပစ္စည်းကလေးကို ချေဖျက်ထုခွဲ၍ စွမ်းအင် အဖြစ် ပြောင်းလဲ ပစ်လိုက်သောကြောင့်ဖြစ်ကြောင်း မရပ်မနား ရှင်းပြခဲ့ကြပေသည်။ အချို့ ပုဂ္ဂိုလ်များအဖို့ကား ရုပ်ပစ္စည်းထု ပျောက်ကွယ်သည်ဆိုသော စကားမှာ အသက်ဆုံးရှုံးရမည့် အဓိပ္ပာယ်မျိုး ဖြစ်နေ၏။ အဘယ့်ကြောင့်ဟူမူ ၎င်းတို့အတွက် "ရုပ်ပစ္စည်းထု" နှင့် "အမှန်တရား" ဆိုသော စကားမှာ ထပ်တူညီမျှဖြစ်သောကြောင့်ပေတည်း။"

ရုပ်ဝါဒီတို့အဖို့ ရုပ်၏အသေးဆုံးအခြေခံဖြစ်သော အနုမြူများသည် နိစ္စဓုဝ အမှန်တရားဖြစ်၏။ ဘဝ၏ အစမူလ ဖြစ်၏။ ထို့ကြောင့် သူတို့အဖို့ အနုမြူကို ဖျက်ဆီးပစ်လိုက်ခြင်းသည်

အမှန်တရားနှင့် ဘဝကို ဖျက်ဆီးပစ်သလို ဖြစ်သွားပေသည်။ သူတို့မျက်စိရှေ့တွင် အနှစ်နှစ်အလလ တည်နေခဲ့သော အယူဝါဒရေး 'ဝေရက်'တောင်ကြီးသည် ပြိုလဲသွားပေတော့သည်။ ရုပ်ဝါဒီတို့သည် ကမ္ဘာဦးမှစ၍ တည်နေခဲ့သော သဘာဝမကျသည့် တရားသေအစွဲအလမ်းများကို အပြစ်ဆိုကြ၏။ သို့ရာတွင် သူတို့ကိုယ်တိုင်ကား ရုပ်ဝါဒကိုဘယ်တော့မှမမှားဘူးဟု တရားသေ စွဲလမ်းပစ်လိုက်ကြ၏။ ထာဝရဘုရားကို သူတို့ကငြင်းဆိုခဲ့ကြ၏။ သို့ရာတွင် သူတို့ကိုယ်တိုင်ကား ရုပ်ကို(သို့မဟုတ်) အနုမြူကို ဘယ်တော့မှ မပျက်စီး မဖောက်ပြန်တော့သော ထာဝရဘုရားအဖြစ် တင်မြှောက် အတည်ပြုလိုက်ကြ၏။ တိုတို ပြောရလျှင် သူတို့သည် စိတ်ဝါဒအစွန်းမှ ရုပ်ဝါဒအစွန်းသို့ ခုန်ကူးလိုက်ကြ၏။ ၎င်းတို့၏ မဟာ အမှားကြီးပေတည်း။ (ဤကား စကားချပ်)

အနုမြူအကြောင်းကို ဆက်လက် ဆွေးနွေးကြဦးစို့၊

အနုမြူဆိုသည်မှာ အလွန်အမင်းသေးငယ်လှသည့် ပစ္စည်းဖြစ်၏။

သိပ္ပံဆရာတို့ကအနုမြူတလုံး၏ အရွယ်အစားကို တလက်မ၏ သန်းတရာပုံလျှင် တပုံခန့်ရှိသည်ဟု တွက်ချက်ကြ၏။ သစ်တော်သီး တလုံးသည် ဤကမ္ဘာလုံးမျှ ရှိလျှင် အနုမြူတလုံးသည် သစ်တော်သီးတလုံးမျှ ရှိပေလိမ့်မည်။ ဤမျှ သေးငယ်သော အနုမြူတလုံးကို ၂၀ ရာစုခေတ်တွင် ခွဲခြမ်းစိတ်ဖြာကြည့်ရန် ကြိုးစမ်းခဲ့ကြ၏။ ပထမဆုံး လော့ဒ်ရသာဖို့ဒ်ဆိုသူ၏ စမ်းသပ်ရှာဖွေချက်အရ အနုမြူတိုင်း၏ အလယ်၌ ညူကလိယပ်စ် (NEUCLEUS) ခေါ် ဗဟိုချက်အနှစ်ဝတ္ထုပရမာနုမြူ တခုရှိ

နေကြောင်းတွေ့ရှိရ၏။ ၎င်းအနှစ် ပရမာနုမြူတို့သည် ဓာတ်ဖို (+)ဖြစ်သည်။ ၎င်းဓာတ်ဖိုဖြစ်သော အနှစ်ပရမာနုမြူများအား အီလက်ထရွန်း(ELECTRON)ခေါ် အခြား ပရမာနုမြူများ ကဝိုင်းပတ်၍ပြေးနေကြောင်းတွေ့ရှိရပြန်၏။၎င်းအရံပရမာနုမြူ များသည် ဓာတ်မ (–)ဖြစ်သည်။ အလယ်ဗဟိုချက် ဖြစ်သော ညူကလိယပ်စ်၏အချင်းသည် အနုမြူတလုံးလုံး၏ အချင်းထက် အပုံတသောင်းပုံလျှင် တပုံမျှရှိ၏။(မှတ်ချက်။ ။အနုမြူတလုံး၏ အချင်းမှာ တစ်စင်တီမီတာ၏ ၀.၀၀၀၀၀၀၀၀၁ဖြစ်၏။)

တဖန် ၁၉၁၄ ခုနှစ်သို့ ရောက်သောအခါ ဒိန်းမတ်နိုင်ငံမှ နီးဘိုးဆိုသူ သိပ္ပံဆရာက နေအား ဗဟိုပြု၍ ကမ္ဘာနှင့် အခြား ဂြိုဟ်များသည် တိကျသော လမ်းကြောင်းအတိုင်း ပတ်၍သွား နေသကဲ့သို့ အနုမြူတလုံးတွင်လည်း အနှစ်ပရမာနုမြူအား အရံ ပရမာနုမြူများက တိကျသောလမ်းကြောင်းအတိုင်း လှည့်ပတ် နေကြသည်ဆိုသော အချက်ကိုတွေ့ရလေသည်။

ဤတွေ့ရှိချက်များကို မူတည်၍ သိပ္ပံဆရာတို့ ဆက်လက် စူးစမ်းကြရာ အနုမြူတလုံး၏ပုံသဏ္ဌာန်မှာ ပေါ်ပေါက်လာလေ သည်။ အနုမြူတလုံး၏ အလယ်ဗဟိုတွင် ညူကလိယပ်စ် ခေါ် အနှစ်ပရမာအနုမြူရှိ၍ ၎င်း၌ ဓာတ်ဖိုရှိ၏။ ၎င်းအား အီလက် ထရွန်းခေါ် အရံပရမာနုမြူတို့က ဝိုင်းပတ်ပြေးသွားနေ၏။၎င်း အရံပရမာနုမြူတွင်ဓာတ်မ ရှိ၏။ဤကဲ့သို့ ကွဲပြားခြားနားသော လျှပ်စစ်သတ္တိကြောင့် အရံမြူသည် အနှစ်မြူအား ဘဲဥပုံ လမ်းကြောင်းဖြင့်လှည့်လည်လျက်ရှိလေသည်။ အနှစ်မြူနှင့် အရံ မြူတို့သည် အနုမြူတလုံးလုံးထက် အဆရာခိုင်နှုန်း တသိန်းခန့် သေးငယ်၍ ၎င်းတို့အချင်းချင်းမှာမူ မတိမ်းမယိမ်းပင်ဖြစ်ကြ၏။

အရံမြူနှင့် အနှစ်မြူအကြားတွင် (နေနှင့်ကမ္ဘာအကြားကဲ့သို့) လဟာပြင်အတိဖြစ်၍ မည်သည့် ပစ္စည်းမျှ မရှိချေ။

တဖန် အလယ်ဗဟို၌ ရှိသော အနုမြူ(ညူကလိယပ်စ်)မှာလည်း တမျိုးတည်းမဟုတ်သည်ကို တွေ့ရှိရပြန်၏။အနှစ်မြူတွင် ပရိုတွန် (PROTON) ခေါ် မြူငယ်များနှင့် ညူထရွန် (NEUTRON)ခေါ် မြူငယ်များ ပေါင်းစပ် လှုပ်ရှားနေ၏။ ပရိုတွန်မြူငယ်တွင် လျှပ်စစ်ဓာတ်ဖိုရှိ၍ ညူထရွန်မြူငယ်တွင် လျှပ်စစ်ဓာတ်မရှိ၏။ ထို့ကြောင့် အချုပ်အားဖြင့် ပြောရလျှင် အနုမြူဆိုသည်မှာ ဝတ္ထုပစ္စည်းမရှိသလောက်ဖြစ်ပြီး အာကာသ ဓာတ်ချည်းသက်သက်လောက်နီးပါး ပစ္စည်းတမျိုးဖြစ်ပေသည်။

၁၈၉၅ ခုနှစ်တွင် ဂျာမနီပြည် ဘားဗေးရီးယားပြည်နယ်၌ ဒဗလျူကေရွန်ဂျင်ဆိုသူသည်(X RAY)ခေါ် ဓာတ်ရောင်ခြည် များကို စတင်တွေ့ရှိရ၏။ ၎င်းဓာတ်ရောင်ခြည်များသည် စင်စစ် အီလက်ထရွန်းသံလိုက်လှိုင်းများ (ELECTRO-MAGNETIC WAVES) ဖြစ်ပြီး ရုပ်ဒြပ်ထုကို ထိုးဖောက်၍ သွားနိုင်၏။ အပေါ်ယံရုပ်ဒြပ်ထုကို ၎င်းရောင်ခြည်ဖြင့်ထိုးဖောက် ကြည့်ရှုပါက အတွင်းသို့ မြင်နိုင်၏။ ဤတွေ့ရှိချက် ရုပ်ဒြပ်ထုသည် အနှစ် အသား အခိုင်အမာ မဟုတ်ပဲ အတွင်းသို့ ထိုးဖောက်နိုင်သည် ဆိုသော အချက်ကို ပြသပေသည်။

ထို့နောက်တွင် အခြား ထူးခြားသည့် တွေ့ရှိချက်ကား ဟင်နရီ ဘက်ကွာရယ်လ် ဆိုသူက ရေဒီယို ဓာတ်လှိုင်းထမှု (RADIO ACTIVITY)ကို တွေ့ရှိခြင်းဖြစ်၏။ ရှေးအခါကမူ အနုမြူ၏ တည်ဆောက်ပုံကို မည်သူမျှ မပြုပြင်နိုင်ဟု လူတို့ ယုံကြည်ခဲ့ကြ၏။ သို့ရာတွင် ၂၀ ရာစုခေတ် ရောက်သောအခါ

သဘာဝအတိုင်းတည့်နေသော မြူအချို့သည် အနှစ်ခိုင်မြဲခြင်းမရှိပဲ အနှစ်ထဲမှမြူငယ်များကိုလွှင့်ထုတ်ပစ်တတ်ကြောင်းတွေ့ရှိလာရ၏။၎င်းတို့ပင် ရေဒီယိုဓာတ်လှိုင်းထမှုဟု ခေါ်ဆိုခြင်းဖြစ်၏။ တဖန်သဘာဝအတိုင်းမဟုတ်ပဲ ဓာတ်လှိုင်းထအောင် လူတို့ကလည်း လုပ်ပေးနိုင်ကြောင်း ထပ်မံ တွေ့ရှိရပြန်၏။ ထိုကဲ့သို့ဓာတ်လှိုင်းမထသည့်အဖြစ်မှ(လူတို့က ပြုပြင်သဖြင့်)ဓာတ်လှိုင်းထသည့် အဖြစ်သို့ ရောက်လာသော ဒြပ်ဝတ္ထုများကို ရေဒီယိုအိုက်ဆိုတုပ် (**RIDIO ISOTOPE**)ဟု ခေါ်လေသည်။

၁၉၀၃ ခုနှစ်တွင် ကျူရီဇနီးမောင်နှံတို့က ရေဒီယံဓာတ် (**RADIUM**)သစ်ကို စတင်တွေ့ရှိကြလေသည်။ ၁၉၀၅ ခုနှစ်တွင် သိပ္ပံကဝိ ဒေါက်တာအိုင်စတိုင်းက သူ၏ အထူး အညမညသဘော တရား စာတမ်း (**SPECIAL RELATIVITY THEORY**)ကိုထုတ်ပြန်၍ ၁၉၁၅ ခုနှစ်တွင် တဖန် အထွေထွေ အညမည သဘောတရားစာတမ်း (**GENERAL RELATIVITY THEORY**)ကို ထုတ်ပြန်လိုက်၏။ ဒေါက်တာအိုင်စတိုင်း၏ တွက်ချက်မှုအရ ရုပ်ဝတ္ထုအား အလင်းရောင်၏အမြန်နှုန်းနှစ်ဆနှင့် မြှောက်လျှင် စွမ်းအင်ကို ရမည်ဆိုသော နိယာမကြီး ပေါ်ထွက်လာလေသည်။ ဓာတ်ရောင်ခြည်ကို တွေ့ရှိမှု၊ ဓာတ်လှိုင်းထခြင်းကို တွေ့ရှိမှု၊ ရေဒီယမ်အိုက်ဆိုတုပ်ကို တွေ့ရှိမှုများအား ရူပဗေဒပညာရှင်အားလုံး စိတ်ဝင်စားနေချိန်ဝယ် အိုင်စတိုင်း၏ နိယာပေါ်ထွက်လာသောအခါ ရုပ်ဒြပ်(သို့မဟုတ်)ပစ္စည်းထုကို ချေဖျက်၍ စွမ်းအင်အဖြစ် ပြောင်းလဲနိုင်မည်ဟု သိပ္ပံပညာရှင်တို့ ပိုမိုယုံကြည်လာရလေတော့သည်။

ဤယုံကြည်ချက်ကို အကောင်အထည် ပေါ်လာအောင်

ကြီးစွာအထောက်အပံ့ပြုသည်ကား ၁၉၃၂ ခုနှစ်တွင် ချက်ဒွစ် အမည်ရှိ သိပ္ပံဆရာက ညူထရန်မြူငယ်ကို တွေ့ရှိမှုပင် ဖြစ်၏။ အဆိုပါ ညူထရန်မြူငယ်သည် တစက္ကန့်လျှင် တမိုင်နှုန်းအရှိန် ဖြင့် ပြေးလွှားနေကြောင်းတွေ့ရ၏။ ဤတွင် သိပ္ပံဆရာတို့သည် ယူရေနီယံ ၂၃၅ (URANIUM 235)အတွင်းရှိ အနုမြူအနှစ် ကို ၎င်းညူထရံမြူငယ်ဖြင့် ပစ်ပတ်ဖြိုခွဲရန် ကြိုးပမ်းကြလေ တော့သည်။ ယူရေနီယံ ၂၃၅ အနုမြူ၏ အနှစ်ကို တစက္ကန့် တမိုင်နှုန်းပြေးလွှားနေသော ညူထရံမြူငယ်ဖြင့် ပစ်လိုက်သော အခါ အနှစ်သည် လွင့်စင်သွားပြီး အခြားအနုမြူအနှစ်ကိုသွား တိုက်လေ၏။ တဖန် အတိုက်ခံရသော အနှစ်မှာလည်း လွင့်စင် သွားပြီး အခြား အနုမြူ၏ အနှစ်ကို သွားတိုက်ပြန်၏။ ဤသို့ အားဖြင့် ဆင့်ကဲဆင့်ကဲပဲ့ကြွေသွားကြသော မြူငယ်များသည် ၁၊၃၊၉၊ ၂၇၊၈၁၊၂၄၃၊ ၇၂၉၊ ၂၁၈၇၊ ၆၅၆၁၊ ၁၉၆၈၃ စသည်ဖြင့် အဆပေါင်းများစွာ တိုးပွားသွား၏။ ဤသို့ အနုမြူ များ ပဲ့ကြွေလွင့်စင်သွားသဖြင့် ဒြပ်ဝတ္ထု(သို့မဟုတ်) အနုမြူ များသည် ကြေမွ ဆိတ်သုဉ်းသွားပြီး စွမ်းအင် (အား) အဖြစ် ကူးပြောင်းသွားလေသည်။ စွမ်းအင်ဆိုသည်မှာ အခြားမဟုတ်။ အလွန်ကြီးမားသော အလင်းရောင်နှင့်အပူဓာတ်ပင်တည်း။ ထို့ ကြောင့်အနုမြူ၏ဆင့်ကဲပေါက်ကွဲမှုကိုထိန်းချုပ်မထားပဲအတိုင်း အဆမရှိခွင့်ပြုလိုက်ပါက မည်မျှကြီးမားပြင်းထန်သော စွမ်းအင် (သို့မဟုတ်)အလင်းရောင်နှင့်အပူဓာတ် ရရှိမည်ကို ခန့်မှန်းကြည့် ကြရာသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အနုမြူဆိုသည်မှာ အနှစ် မြူနှင့် အရံမြူတို့ ပေါင်းစပ်ထားသော ဝတ္ထုပစ္စည်း မရှိပဲ

အာကာသ၏ ခေတ်သက်နီးပါးဖြစ်သည်။ ဤမျှသေးငယ်သော အနှစ်မြူနှင့် အရံမြူတို့ကို ညူထရွန်မြူငယ်ဖြင့် ပစ်ခတ်ဖို့ခွင်းလိုက်သောအခါ ပစ္စည်းထုဟူ၍လုံးဝမရှိတော့ပဲ ပျောက်ကွယ်သွားပြီး အလင်းရောင်နှင့် အပူဓာတ်သာ ကျန်ခဲ့တော့သည်။ ၁၉ ရာစုခေတ်ကမူ ရုပ်ပစ္စည်း၏အခြေခံဖြစ်သော အနုမြူသည် မပျက်စီးနိုင်၊ အမြဲထာဝရတည်သည် စသည်ဖြင့် ယူဆခဲ့ကြ၏။ ယခုမူ ၎င်းအနုမြူများကို ဖျက်ဆီး ဖြိုခွဲနိုင်သည်ကို တွေ့လာရသဖြင့် ၎င်းအနုမြူတို့သည် အချိန်အားဖြင့်ရော နေရာအားဖြင့်ပါ မတည်မြဲသော ပစ္စည်းများဖြစ်ကြောင်း ထင်ရှားလာလေတော့သည်။

၁၉ ရာစုခေတ် သိပ္ပံပညာနှင့် ၂၀ ရာစုခေတ် သိပ္ပံပညာတို့သည် မြင်ကွင်းရောလုပ်ငန်းရည်ရွယ်ချက်ပါ လုံးဝခြားနားသွားပြီဖြစ်၏။ ၁၉ ရာစုခေတ်က အနုမြူကို အမြဲတည်သော 'အရှိတရား' ဟု ယူဆခဲ့ကြ၏။ ၂၀ ရာစုခေတ်တွင်မူ အနုမြူကိုပျက်စီးတတ်သော 'အဖြစ်တရား' အဖြစ် ပြောင်းလဲယူဆကြ၏။ ၁၉ ရာစုခေတ် ရူပဗေဒသည် စကြဝဠာအား ရုပ်နှင့်ရုပ် လှုပ်ရှားမှုအဆောက်အအုံကြီး အဖြစ် လေ့လာခဲ့ကြ၏။ ၂၀ ရာစုခေတ် ရူပဗေဒကမူ စကြဝဠာအား စွမ်းအင်နှင့် စွမ်းအင် လှုပ်ရှားမှုအဆောက်အအုံကြီးအဖြစ် လက်ခံ လေ့လာကြ၏။ ၁၉ ရာစုခေတ် သိပ္ပံပညာသည်ရုပ်ဝတ္ထုကို လေ့လာ၏။ ၂၀ရာစုခေတ် သိပ္ပံပညာကမူ စွမ်းအင်ကို လေ့လာ၏။ ၁၉ ရာစုခေတ်သည် အစိုင်အခဲကို လေ့လာ၏။ ၂၀ ရာစုခေတ်သည် သဘောသဘာဝကို လေ့လာ၏။

၂၀ ရာစုခေတ် ရူပဗေဒတွင် အဓိကကြီးမားသော တွေ့ရှိချက်ကြီးနှစ်ရပ်ရှိ၏။ ၎င်းတို့ကား....

(၁) ရုပ်ပစ္စည်း၏အခြေခံဖြစ်သော အနုမြူကို အကြွင်းမဲ့ ချေဖျက်ပြီး စွမ်းအင်အဖြစ် ပြောင်းလဲပစ်နိုင်သည်။

(၂) တဖန် စွမ်းအင်ဆိုသည်မှာလည်း ဓာတ်လှိုင်းပြန့်လွင့်ခြင်းသဘောဖြင့် ကုန်ခန်းသွားလေ့ရှိသည်။ (ဥပမာ ဓာတ်လှိုင်းပျံ့လွင့်ခြင်း ထာဝစဉ်ဖြစ်ပေါ်နေသော နေပေါ်၌ဆိုလျှင် ရုပ်ပစ္စည်းထုသည် တစက္ကန့်လျှင် တန်ချိန်လေးသိန်းမျှ ချုပ်ငြိမ်း ပျောက်ကွယ်လျက်ရှိသည်။

သို့ဖြစ်လေရာ ရုပ်၏ ပင်မအခြေခံဖြစ်သော အနုမြူတို့သည် ခိုင်မာသိပ်သည်းသော သဘော၊ တည်ငြိမ်သောသဘော မရှိပဲ ဖြစ်ပျက် ပြောင်းလဲမှုနိယာမ၏ လက်အောက်ခံတို့သာ ဖြစ်ကြလေသည်။ စကြဝဠာတွင်လည်း ရုပ်ဆိုသော သဘောထက် စွမ်းအင်နှင့် ဓာတ်လှိုင်းပြန့်လွင့်ခြင်းသဘောသည် သာ၍ပေါ်လွင်လာလေသည်။ စင်စစ် ၎င်းစွမ်းအင်၏ သဘောကိုလည်း မည်သူမျှ တိတိကျကျ ပြောနိုင်သည်မဟုတ်။ လက်တွေ့အလုပ်လုပ်၍ ရနိုင်ရန်အတွက် သိပ္ပံဆရာတို့သည် ၎င်းကို တခါတရံ ရုပ်အမှုန့်အစ သဘောဖြင့် ဖြစ်စေ၊ ဓာတ်လှိုင်း ပျံ့လွင့်ခြင်း သဘောဖြင့်ဖြစ်စေ အဓိပ္ပာယ် ဖော်ယူရလေသည်။

ဒေါက်တာအိုင်စတိုင်း၏ အညမည သဘောတရားအရ အချိန်အားဖြင့် တည်မြဲခြင်း၊ နေရာအားဖြင့် တည်မြဲခြင်းတို့သည် အဓိပ္ပာယ်မရှိလှချေ။ တခုနှင့်တခု နှိုင်းယှဉ်ခြင်းဖြင့်သာလျှင် နေရာနှင့်အချိန်ကိုယူဆရ၏။ အကယ်စင်စစ် တိကျသည် မဟုတ်ပေ။ တဖန် ဟိုင်ဆင်ဘာ့ဂ်၏ သဘောတရားအရလည်း

သဘာဝဓမ္မ၏ အဖြစ်အပျက် အပြောင်းအလဲများကို ဂဏန်းဖြင့် တိုင်းထွာဖော်ပြရန် မဖြစ်နိုင်ဟု ဆိုလိုလေသည်။ သို့ဖြစ်သော ကြောင့် ရုပ်ပစ္စည်းထုကို တည်ငြိမ်သောအဖြစ်၊ တိကျသော အဖြစ်၊ မပြောင်းလဲသောအဖြစ်ဖြင့်ယူဆခြင်းမှာ လုံးဝမှားယွင်း ကြောင်း။ မတည်ငြိမ်သောအဖြစ်၊ မတိကျ မရေရာသောအဖြစ် အမြဲမပြတ် ပြောင်းလဲနေသောအဖြစ်ဖြင့် ယူဆမှသာ တနေ့ တခြား မှန်ကန်ကြောင်း ထင်ရှားလာနေပေသည်။ ထို့ကြောင့် ကမ္ဘာကျော် ယထာဘူတ ပညာရှင် ဘားထရန်း ရပ်ဆဲလ်က "ယခင်က ခေါင်းပိတ်ထုထယ်ရှိတတ်လို့ ယူဆခဲ့တဲ့ ရုပ်ပစ္စည်းကို အခုဆို ဘာမျှမရှိတဲ့ လဟာပြင်အဖြစ် ကူးပြောင်း နားလည် လာကြပြီ"ဟု ဆိုခဲ့ခြင်း ဖြစ်ပေသည်။

၂၀ ရာစုခေတ်၏ရှေ့ဆောင်နက္ခတ္တဗေဒဆရာကြီး အက်ဒင် တန်က ရုပ်စကြဝဠာဆိုသော စကားကို စွန့်ပယ်၍ သင်္ချာ စကြဝဠာ (MATHEMATICAL UNIVERSE) ဟုပြောင်း လဲ ခေါ်ဝေါ်ခဲ့၏။ ဤဝေါဟာရကိုပင် သိပ္ပံဆရာတို့ လက်ခံ သုံးစွဲလျက် ရှိကြလေသည်။ အဓိပ္ပာယ်ကား စိတ်ကူးစိတ်သန်း အားဖြင့်သာ နားလည်နိုင်သော စကြဝဠာဟု ဆိုလိုပေသည်။ ဤတွင် သင်္ချာ၏သဘောကို ဥဒါဟရုဏ်အဖြစ် တင်ပြပါအံ့။ "မျဉ်းစကြောင်းတွင် အလျားရှိ၍အနံမရှိ။ မျက်နှာပြင်တခုတွင် အလျားနှင့်အနံရှိသော်လည်း ထုထယ်မရှိ"စသည်ဖြင့် သင်္ချာက ဖွင့်ဆိုထား၏။ဤဖွင့်ဆိုချက်များကိုပညာရှင်တို့က သစ္စာ တရား ဟုမှတ်ယူကြ၏။ ဤတွင် စဉ်းစားဖွယ်ရှိသည်မှာ အဆိုပါဖွင့်ဆို ချက်များအတိုင်း လက်တွေ့တကယ် တည်ဆောက်နိုင်ခြင်းရှိမရှိ ဆိုသော အချက်ပင်တည်း။ ထိုသို့ စဉ်းစားသောအခါ အလျား

သာရှိ၍ အနံမရှိသော မျဉ်းကြောင်း (သို့မဟုတ်) အလျားနှင့် အနံသာရှိ၍ ထုထယ်မရှိသော မျက်နှာပြင်ဟူ၍မည်သည့်ပန်းချီဆရာ၊ မည်သည့်ဗိသုကာဆရာမျှ မတည်ဆောက် မရေးဆွဲနိုင်ကြောင်း ထင်ရှားလာလေသည်။ ထို့ကြောင့် သင်္ချာ၏ သစ္စာတရားတို့သည် တကယ်လက်တွေ့၌မရှိပဲ စိတ်ကူး စိတ်သန်းဖြင့်သာ တည်ဆောက်နိုင်သောသဘောများဖြစ်၏။သင်္ချာစကြဝဠာဟု ဆိုရာ၌လည်း ဤစကြဝဠာကို အကောင်အထည် ပုံပန်းသဏ္ဌာန်ရှိသော ရုပ်ဝတ္ထုပစ္စည်းတို့ဖြင့်ဖွဲ့စည်းအပ်သည့်သဘောထက် စိတ်ကူးစိတ်သန်းဖြင့်သာ နားလည်အပ်သည့် သဘောကို ဆိုပေသည်။

အထက်ပါ အချက်အလက်တို့ကိုလေ့လာကြည့်ခြင်းအားဖြင့် ရုပ်ကို အရာအားလုံး၏ အခြေခံပဓာနထားသော ရုပ်ဝါဒသည် သိပ္ပံပညာနှင့် မကိုက်ညီလှတော့ကြောင်းတွေ့ရလေ၏။ မော်စကိုမြို့မှထုတ်ဝေသော မတ်စ်ဝါဒကျမ်းစာ ( FUNDA MENTALS OF MARXISM-LENINISM )တွင်ခေတ်သစ်ရူပဗေဒကရှေးခေတ်အနုမြူဝါဒီတို့ယုံကြည်နားလည်သလိုအနုမြူသည် ရိုးရိုးရှင်းရှင်း ဖြစ်သော၊ခွဲခြမ်းစိတ်ဖြာ၍မရသော၊ မလှုပ်မရှားသော ဟာခုမဟုတ်ပဲ ရှုပ်ထွေးနက်နဲသော အရာတခုဖြစ်ကြောင်း ဖော်ပြပေ၏။ သိပ္ပံဆရာတို့က ဒြပ်စင်တခု၏မြူကို အခြားဒြပ်စင်တခု၏မြူအဖြစ်သို့ ပြောင်းလဲနိုင်ကြောင်းကိုလည်း ပြသခဲ့ပြီးဖြစ်၏။ ဥပမာ။ ။ယူရေနီယံ အနုမြူကို ပလူတိုနီယံ အနုမြူအဖြစ် ပြောင်းလဲနိုင်၏။'' (စာ ၃၀) ဟု ရေးသားထား၏။

တဖန် ၎င်းကျမ်းစာ၌ပင်''မတ်စ်၏ရုပ်ဝါဒ၌သုံးစွဲထားသည့် ရုပ်ဆိုသော ဝေါဟာရမှာ အသွင်အမျိုးမျိုးရှိသော အမှန်

တရားကိုဆိုလိုရင်းဖြစ်ပေသည်။ရုပ်ဆိုရာ၌ပါဝင်ဖွဲ့စည်းနေသော သေးငယ်သည့် မြူများကိုသာ မဆိုလိုပေ။ ၎င်းသည် မဆုံးနိုင်သောစကြာဝဠာအတွင်းမှမဆုံးနိုင်သောကမ္ဘာများကိုလည်းဆိုလိုပေသည်။ အခိုးအငွေ့နှင့် ဖုံတိမ်တိုက်တို့ကိုလည်း ဆိုလိုပေသည်။ နေနှင့် အခြားဂြိုဟ်များ ပါဝင်သော ကျွန်ုပ်တို့၏ စကြာဝဠာကိုလည်းဆိုလိုပေသည်။ ကမ္ဘာနှင့် တကွပါဝင်သောကျွန်ုပ်တို့၏ စကြာဝဠာကိုလည်းဆိုလိုပေသည်။ ရေဒီရေးရှင်းခေတ်ရောင်ခြည်ကိုလည်းဆိုလိုပေသည်။ လျှပ်စစ်သံလိုက်ခေတ်၊ညှုကလီယားနှင့်သံလိုက်မြေပြင်တို့ကိုလည်း ဆိုလိုပေ၏" (စာ ၂၉၊ ၃၀) ဟု ရုပ်၏ အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုထားသည်။

ထိုစာပိုဒ်တွင် ဆက်လက်ရေးသားထားပြန်သည်မှာ "ကျွန်ုပ်တို့၏ စိတ်မှအပဖြစ်ပြီး စိတ်နှင့်ကင်းလွတ်စွာ တည်ရှိသောအရာမှန်သမျှသည် ရုပ်သဘာဝ ဖြစ်ပေသည်။" (စာ ၃၀) EVERY THING EXISTING OUTSIDE AND INDEPENDENT OF OUR MIND IS OF A MATERIAL NATURE ဟူ၍ဖြစ်၏။ ဤဖွင့်ဆိုချက်အတိုင်းဆိုလျှင် ရုပ်၏ အဓိပ္ပာယ်မှာ မတန်တဆ ကျယ်ပြန့်သွားပေသည်။ ရုပ်ဟူသော ဝေါဟာရနှင့် မလုံလောက်နိုင်တော့ချေ။ စကြာဝဠာသည်ကျယ်ပြန့်လှ၏။ရုပ်ထွေးနက်နဲလှ၏။ ထို့ကြောင့် လူ့စိတ်မှအပဖြစ်ပြီး လူ့စိတ်နှင့်ကင်းလွတ်စွာ တည်ရှိသောအရာများစွာရှိသည်မှာအမှန်ဖြစ်၏။၎င်းတို့ကို လူ့စိတ်နှင့်ကြံဆ၍မရ။ နားလည်း မလည်နိုင်။ သို့ရာတွင် ၎င်းတို့သည် ရုပ်မဟုတ်သည်မှာလည်း သေချာ၏။ ထို့ကြောင့် လူ့စိတ်နှင့်ကင်းလွတ်စွာ တည်ရှိနေသော ရုပ်၏သဘောသဘာဝလည်း မဟုတ်သောအရာ

များ လောကတွင် မြောက်မြားစွာရှိနေကြောင်းရဲရဲတင်းတင်း အသိအမှတ်ပြုဖို့ လိုပေလိမ့်မည်။

"ထင်ရှားလာသည့်မှာ သိပ္ပံပညာအားလုံး အနေဖြင့် ဖြစ်စေ၊ သိပ္ပံပညာတခုစီအနေဖြင့်ဖြစ်စေ၊ သူတို့ မဖြေရှင်းနိုင်သော ပြဿနာများကို ကျွန်ုပ်တို့ထံတင်သွင်းနေကြပေသည်။ ဖီလော်ဆော်ဖီ၏ အလုပ်မှာ ၎င်းပြဿနာများကို ကိုင်တွယ်ရန် ဖြစ်သည်"(ဂျေအက်စ်ဟောလ်ဒိန်း)

"အစစ်အမှန်တည်ရှိသောအရာသည်သာသဘာဝကျသည်" (THE REAL IS THE RATIONAL) ဟု ဆိုလျှင် ယခု ရှိသမျှ တွေ့သမျှကိုသာ အမှန်တရားအဖြစ် ယူဆပြီး နှစ်သိမ့်ကျေနပ်နေကြပေလိမ့်မည်။ရှေ့သို့တိုးတက်ရှာဖွေရန်မလို တော့ပေ။ဤနည်းဖြင့် တိုးတက်မှုကို မရနိုင်ပေ။ အကယ်၍ "သဘာဝကျသော အရာသည် အစစ်အမှန် ဖြစ်နိုင်သည်" (THE RATIONAL IS THE REAL)ဟု ယူဆပါမူကား ယခု တကယ်မရှိသေးသော်လည်း တွေးခေါ်မြော်မြင်မှုသဘော၌ သဘာဝကျသည်တို့ကိုရှာဖွေလာရပေလိမ့်မည်။ ထိုသို့ရှာဖွေလာသည်နှင့်အမျှမသိသေးသောအရာ၊မတွေ့သေးသောအရာတို့ ထိုသိလာတွေ့လာရပေလိမ့်မည်။ တိုးတက်မှုရလာပေလိမ့်မည်။ မတ်စ်၏သဘောထားသည် ဤဒုတိယသဘောထားမျိုးပင် ဖြစ်ပေသည်။ရုပ်ဝါဒီသည် ထာဝရဘုရားအားငြင်းပယ်သော်လည်း ရုပ်ကို 'စကြဝဠာ၏ ပထမအကြောင်း'အဖြစ် တင်မြောက်၏။ ဗုဒ္ဓကမူမူလအကြောင်းနှင့် ပတ်သက်၍ တစုံတရာ အယူမရှိချေ၊ ဗုဒ္ဓသည် လောကကိုကြည့်ရာ၌ ရုပ်နာမ်လောကအဖြစ်ဖြင့်သာ ကြည့်မြင်သူဖြစ်သည့်အပြင် ဖြစ်ပျက်ပြောင်းလဲသော နိယာမ၏

အမြဲဖြစ်မှုကို အမိကထားပေရာ အစအဆုံးပြဿနာသည် သူ့အတွက်မရှိပေ။ ဗုဒ္ဓသည် ဖြစ်မှုပျက်မှုအစဉ်ကိုသာ နေရာတိုင်း၌ တွေ့ရသည်။ ဤအစဉ်၌ အစလည်း မရှိ။ အဆုံးလည်း မထင်ချေ။ သို့ဖြစ်သောကြောင့် လောက၏ ပထမအကြောင်းအဖြစ် ထာဝရဘုရားကို အသိအမှတ်ပြုသူများနှင့်ရော၊ ရုပ်ကို အသိအမှတ်ပြုသူများနှင့်ပါ ဗုဒ္ဓက သဘောမတူချေ။

ဗုဒ္ဓဝါဒသည် သဘာဝကိုရှိသည့်အတိုင်း၊ ကမ္ဘာမြေကြီးကို ရှိသည့်အတိုင်း၊ သတ္တဝါများကို ရှိသည့်အတိုင်းလူကိုရှိသည့်အတိုင်း ကြည့်မြင်လေ့ရှိသည်။ ၎င်းတို့၏နီးကပ်သောအကြောင်းတရားများကိုမူ ရှာဖွေလေ့ရှိ၏။ သို့ရာတွင် အစအဆုံးဖြစ်သော အကြောင်းတရားကိုမူ မရှာဖွေ၊ မစူးစမ်းပေ။

ဗုဒ္ဓဝါဒ၌ ဖန်ဆင်းမှုအယူများမရှိသကဲ့သို့ ရုပ်ဝါဒကိုလည်း လက်မခံပေ၊ အကြောင်းနှင့်အကျိုးဆက်သွယ်မှုတရားသည် အခြေခံနိယာမကြီး ဖြစ်ပေသည်။ အကြောင်းနှင့်အကျိုးဆက်သွယ်မှုတရား၌ အစသည်လည်းကောင်း၊ အဆုံးသည်လည်းကောင်း ပြဿနာမပေါ်တော့ပေ။ အချိန်နှင့်အာကာသသည်အဆုံးအစ မထင်သကဲ့သို့ အကြောင်းအကျိုးဆက်သွယ်မှုတွင်လည်း အဆုံးအစမထင်ချေ။ ဤစကြဝဠာသည် ယခင်စကြဝဠာ၏အကျိုးဆက်ဖြစ်သကဲ့သို့ ဤစကြဝဠာတည်းဟူသော အကြောင်းတရားကြောင့် နောင်တွင်အကျိုးတရားအဖြစ် စကြဝဠာအသစ်အသစ်ဖြစ်ပေလိမ့်ဦးမည်။ စင်စစ်သော်ကား ဤဖြစ်စဉ်တို့သည် ဖြစ်ခြင်း၊ ပြောင်းခြင်း၊ ယိုယွင်းခြင်း၊ ပျက်စီးခြင်း၊ အသစ်မွေးဖွားခြင်းတည်းဟူသောဆုံးစမထင်သည့်သံသရာစက်ဝိုင်း(အနမတဂ္ဂသံသရာ)ပင် ဖြစ်ပေသည်။

## အခန်း ငါး

# ယုံကြည်မှုပြဿနာ

ခေတ်လူသား၏ စိတ်ဓာတ်ကို လွှမ်းသူတို့ကား ဗုဒ္ဓ၊ ခရစ်၊ မဟာမက်နှင့် ရာမကရစ်ရှုနတို့ မဟုတ်ကြတော့ချေ။ ရုဆိုး၊ မတ်စ်၊ ဒါဝင်နှင့် စပင်ဂလာတို့သာ ဖြစ်ကြကုန်၏။ ဘာသာမဲ့ခြင်းသည် မျက်မှောက်ခေတ်၏ ထင်ရှားသော အမှတ်တံဆိပ်ဖြစ်၏။ ရှေးလူကြီးတို့က ဘာသာရေးကို ကိုင်းရှိုင်းကြပါဟု ပြောသောအခါ ခေတ်လူတို့က ရယ်မော၍ ဘာသာမရှိခြင်းသည် ၂၀ ခေတ်၏ အလှအပဖြစ်ပါသည်ဟု ပြောဆိုကြကုန်၏။

ယခုအခါ ဘာသာရေး ယုံကြည်မှုနှင့်ပတ်သက်၍ များစွာအငြင်းအခုံ ဖြစ်နေကြလေသည်။ များစွာသော ခေတ်လူတို့က ဘာသာရေး ယုံကြည်မှုဆိုသည်မှာ လူ့စိတ်ကို တစုံတခုသော အစွဲအလမ်းဖြင့် တုပ်နှောင်လိုက်ခြင်း ဖြစ်ကြောင်း၊ ထိုသို့ အတုပ်အနှောင်ခံရသဖြင့် လူတို့၏ တိုးတက်မှုကို ပိတ်ဆို့ရာရောက်ကြောင်း၊ လူသည် မည်သည့် ယုံကြည်မှုတွင်မျှ အခြေမစိုက်သင့်ပဲအမြဲရွေ့လျားနေသင့်ကြောင်းပြောဆိုကြလေသည်။ ဤအတိုင်းဆိုပါလျှင်လူသည်သူ့ကိုယ်သူလည်းဘာမှန်းသိဖို့မလို။ သူ ဘယ်နေရာတွင်ရှိသည်ကိုလည်း နားလည်ဖို့မလို။လေ၌ လွင့်သောငှက်မွှေးကဲ့သို့ထာဝစဉ်လွင့်ပါးနေရမည့်သဘောပင်တည်း

ဤသို့ကား မဖြစ်သင့်။ လူတွင် ယုံကြည်မှု အမြင်တခုတော့ ရှိရမည်သာဖြစ်၏။ စင်စစ် ဘာသာရေး ယုံကြည်မှုဆိုသည်မှာ အများ နားလည်နေသလို အပေါ်ယံ အယောင်အဆောင် တို့ကို ခေါ်သည် မဟုတ်။ လူ့လောကအား ကြည့်မြင်ရန် အခြေခံဖြစ်သော အဘိဓမ္မာ အမြင်တရပ်ကို သာ ဆိုလို ပေသည်။ ဤအမြင်ကို အခြေပြု၍ သူသည် တွေ့သမျှသော အတွေ့ အကြုံများ၊ အဖြစ်သနစ်များ၊ အနိမ့် အမြင့်များ၊ အကောင်းအဆိုးများကို ပိုင်းခြားဝေဖန်ရန် ဖြစ်၏။ သို့ဝေဖန် ပြီးနောက် မကောင်းသည်၊ မသင့်သည်တို့ကို ရှောင်ရှားရန် ဖြစ်၏။ ကောင်းသည်၊ သင့်သည်တို့ကို ခံယူရန်ဖြစ်၏။ ကောင်း သည် သင့်သည်ဆိုရာ၌လည်း ကိုယ့်အတွက်သာကြည့်၍ ဆုံး ဖြတ်ရန်သာမဟုတ်။ အများအတွက် ကောင်းကျိုးကျေးဇူး ဖြစ် ထွန်းရန်လည်း ထာဝရ ထည့်သွင်းတွက်ချက်ရမည် ဖြစ်၏။

ခေတ်လူသား၏စိတ်တွင် အစဉ် ပဋိပက္ခ ဖြစ်နေသည်ကား ဆင်ခြင်တုံတရားနှင့် ယုံကြည်မှုတို့ဖြစ်၏။ ဘာသာရေးတို့ကို လေ့လာကြည့်သောအခါ သဘာဝမကျသည့်အရာ အမြောက် အမြားတွေ့ရ၏။ ၎င်းတို့ကို ယုံကြည်ရမည်လော၊ မယုံကြည်ရ မည်လော။ ဤကား အဓိက ပြဿနာတည်း။ ၎င်းတို့ကိုယုံလျှင် ဆင်ခြင်တုံတရားနှင့် မကိုက်ညီသည်တို့ကို လက်ခံရာ၏။ ၎င်း တို့ကို မယုံကြည်လျှင် ဘာသာရေးကို ပစ်ပယ်ရာကျ၏။ ဤ အချက်နှစ်ခုသည် အငြင်းအခုံ ဖြစ်နေကြလေသည်။

ဤပြဿနာကို ဖြေရှင်းရန်ကား နည်းလမ်းတခုသာ ရှိ၏။ ၎င်းနည်းလမ်းမှာ ဆင်ခြင်တုံတရား၏ စွမ်းရည်သတ္တိ မည်မျှ ရှိသည်ကို နားလည်အောင် ကြိုးပမ်းခြင်းဖြစ်ပေသည်။

မျက်မှောက်ခေတ်တွင် ဆင်ခြင်တုံတရားနှင့် သိပ္ပံပညာတို့သည် သီးခြားမဟုတ်ကြချေ။ ဆင်ခြင်တုံတရားက "သဘာဝမကျ" ဟု ပယ်သည်တို့မှာ သိပ္ပံပညာနည်းဖြင့် သက်သေပြ၍မရသည်တို့ဖြစ်ကြ၏။ ဆင်ခြင်တုံတရားက "သဘာဝကျသည်" ဟု လက်ခံသည်ကို သိပ္ပံပညာနည်းဖြင့် သက်သေပြနိုင်သည်တို့ဖြစ်ကြ၏။ဤတွင် အရေးအကြီးဆုံး အချက်တခုကို မှတ်သားရန်ရှိသည်။သိပ္ပံနည်းကျအမြင်ဆိုသောဝေါဟာရသည်ရေပန်းစားလှသော်လည်း သိပ္ပံနည်းကျ အမြင်ဆိုသည်ကို နားလည်သူများမှာ နည်းပါးလှပါ၏။ ထိုထက် ပို၍နည်းသည်မှာ သိပ္ပံနည်းကျ အမြင် တကယ်ရှိသူများဖြစ်၏။ လူများစုမှာကား သိပ္ပံပညာ၏ သဘောမှန်ကို နားမလည်ပဲ(သို့မဟုတ်) နားလည်အောင် မကြိုးပမ်းပဲ သိပ္ပံပညာဟုဆိုသည်နှင့် တပြိုင်နက် လက်ခုပ်လက်ဝါးတီးရန် အဆင်သင့် ဖြစ်နေကြလေသည်။

ယနေ့အချိန်ဝယ် လူတို့သည် ဘာသာရေးဆိုင်ရာ ကျမ်းများစွာကို သိပ္ပံနည်းမကျဟု ပယ်လိုက်ကြ၏။တဘက်တွင်လည်း အချို့သော ပုဂ္ဂိုလ်တို့က ဘာသာရေးကို သိပ္ပံနည်းကျကျ တည်ဆောက်ရမည်ဟု တောင်းဆိုလာကြ၏။ သို့ဖြစ်သောကြောင့် သိပ္ပံပညာနှင့်ပတ်သက်၍ အောက်ပါ အချက် (၄) ချက်ကို တင်ပြလိုပါသည်။

(၁) ပထမဆုံး တကယ့်သိပ္ပံဆရာတို့၏ မွန်မြတ်လှသော စိတ်ထားကိုသိရန် လိုပေ၏။ သိပ္ပံဆရာတို့သည် ဓာတ်ခန်းအတွင်းသို့ ဝင်ရောက်မိသည်နှင့် တပြိုင်နက် သာမန်လူသားတဦး၏ အစွဲအလမ်းများ၊ သက္ကာယဒိဋ္ဌိများ၊ မာန်မာနများ အထင်ကြီး ဘဝင်မြင့်ခြင်းများ ပပျောက်သွား၏။ သူသည်

သူ၏အမှားကို ပြင်ဆင်ရန် အသင့်ဖြစ်နေ၏၊ ဆန့်ကျင်ဘက်အဆိုများကို ခံယူရန်၊ လေးစားရန် ထက်သန်နေ၏။ တိုးတက်ရှာဖွေရန် အာရုံညွတ်နေ၏ (သမိုင်းဆရာသည် သူ၏စာအုပ်များအကြား ရောက်သွားသည်နှင့် တပြိုင်နက် သူ၏လူမျိုးစွဲကို မေ့ပစ်လိုက်ရမည်။ လူရှုန်)

သိပ္ပံပညာသည် တည်နေသော အရာမဟုတ်။ တရက်နှင့်တရက်မတူ။ အသစ်တွေ့လာသမျှ အဟောင်းကို စွန့်ပစ်ရ၏။ သို့ကြောင့် ယနေ့ မှန်သော သိပ္ပံအဆို တခုသည် ၎င်းနှင့် ဆန့်ကျင်ဘက် အထောက်အထားများ တွေ့လျှင် မနက်ဖြန်၌ အမှားဖြစ်သွားရ၏။ ယနေ့ မမှန်သေးသော အဆိုတခုသည် မနက်ဖြန်တွင် မှန်လာနိုင်၏။ ထို့ကြောင့် သိပ္ပံဆရာတို့သည် အမှားကို စွန့်ပယ်၍ အမှန်ကို ဝန်ခံရန်ကို ဦးမလေးကြချေ။ သိပ္ပံနည်းကျ အမြင်အကြောင်း ပြောဆိုလေ့ရှိသည်ကိုလည်း ဤသဘောထားမျိုးမွေးမြူရန် လိုအပ်လှ၏။

(၂) ဒုတိယအားဖြင့် သိပ္ပံပညာအစစ်နှင့် သိပ္ပံပညာအတု (SCIENCE AND PSEUDO-SCIENCE) ကို ခွဲခြားရန်လို၏။ သိပ္ပံနည်းကျအမြင်ကို လိုလားသည်ဆိုသူတို့က တခါတရံသိပ္ပံဆရာအစစ်တို့ပင် မနှစ်သက်သော တောင်းဆိုမှုများကို ပြုလေ့ရှိသည်။ ပြဿနာတရပ်နှင့် ပတ်သက်၍ သူတို့က သိပ္ပံနည်းကျသော ယုတ္တိတို့ကို တောင်းဆိုရာ၌ တကယ် လက်ဆုပ်လက်ကိုင် ပြုနိုင်သော ယုတ္တိကိုသာ အမှန်အဖြစ် သတ်မှတ်ကြ၏။ သူတို့၏ တောင်းဆိုချက်မှာ လက်တွေ့ မျက်တွေ့ သက်သေပြချက် (CERTAINTY) ဖြစ်၏။

ဥပမာ၊ လူ၌ အတိတ်ဘဝ အနာဂတ်ဘဝရှိသည်ဆိုသော

အဆိုနှင့်ပတ်သက်၍ သူတို့က လက်ဆုပ်လက်ကိုင် ပြနိုင်သော သက်သေ သာဓကကို တောင်းဆိုကြ၏။ ဤပြဿနာတွင် အဘယ်မှာလျှင် လက်ဆုပ်လက်ကိုင် မြင်ရတွေ့ရသော သက်သေကို ပြနိုင်ပါအံ့နည်း၊ ပြနိုင်သည်တို့ မှာလည်း လက်တွေ့ မြင်ရတွေ့ရသော သဘောမဟုတ်ပဲ ဆင်ခြင်တုံတရားဖြင့် ကြံဆ ကြည့်နိုင်သောဖြစ်နိုင်ချက်(BROBABILITY)များသာ ဖြစ်၏။ ဖြစ်နိုင်ချက်ကိုလက်မခံဟု ပယ်မည်ဆိုသော် သိပ္ပံပညာတခုလုံး ကိုပင် ပယ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် သိပ္ပံပညာ သည်ပင် ဖြစ်နိုင်ချက်အပေါ်တွင် တည်ဆောက်ထားရသော ကြောင့်တည်း။

သိပ္ပံပညာ၏ အခြေခံစည်းများကို အင်္ဂလိပ်ဘာသာဖြင့် (POSTULATES)ခေါ်၏။ ၎င်းဝေါဟာရ၏ အဓိပ္ပာယ်ကို အဘိဓာန်၌အထောက်အထားမရှိပဲ အမှန်ဟု ယူဆထားသည့် အချက်များဟု အဓိပ္ပာယ်ဖွင့်ဆိုထား၏။ ထိုစည်းများအနက် သာဓကအဖြစ် တခုကိုသာ ဖော်ပြပါမည်။ ၎င်းကားသဘာဝ၏ တပြေးညီစွာဖြစ်မှုသဘော(UNIFORMITY OF NATURE) ပင် ဖြစ်၏။

သိပ္ပံပညာက သဘာဝကို အကြောင်းမဲ့၊အစီအစဉ်မဲ့ ရှုပ်ရှုပ် ထွေးထွေး သူဖြစ်ချင်သလိုဖြစ်နေသည်ဟု မယူဆ။ အကြောင်း အကျိုးဖြင့် အစီအစဉ်တကျဖြစ်ပျက်နေသော သဘောဟုသာ နားလည်ထား၏။ သာဘာဝနိယာမတခုသည်လည်း တနေရာ၌ ဤသို့ဖြစ်၍ တခြားတနေရာ၌ ထိုသို့ဖြစ်တတ်သောသဘောမရှိ။ နေရာတိုင်း၌ တမျိုးတည်းသော သဘောကိုသာ ဆောင်ပေ၏။ ဥပမာ၊ မြေကြီး၏ ဆွဲငင်အားသည် အာရှတိုက်တွင်သာ ရှိ၍

ဥရောပတိုက်တွင် မရှိသည်မဟုတ်။ မြေတပြင်လုံးတွင်ရှိနေ၏။ ၎င်းကို သဘာဝ၏ တပြေးညီစွာ ဖြစ်မှုသဘောဟု ခေါ်၏။ သဘာဝသည် ဤသို့တပြေးညီစွာ ဖြစ်ခြင်းမရှိပဲ တနေရာနှင့် တနေရာ ခြားနားသည်ဆိုပါက "အပင်ပေါ်မှ ကြွေကျသော သစ်သီးသည် တရုတ်ပြည်တွင်အောက်သို့ကျ၍ ပီရူး ပြည်တွင် အပေါ်သို့ ပျံတက်ပေလိမ့်မည်။"

သဘာဝ၏ တပြေးညီစွာဖြစ်မှုသဘောသည် သိပ္ပံပညာ၏ အခြေခံအုတ်မြစ်ကြီးဖြစ်၏။ ထိုသဘောကိုယုံကြည်ပါက သိပ္ပံပညာသည် မည်သည့် စမ်းသပ်မှု၊ မည်သည့် အဆိုပြုချက်ကိုမျှ ပြုလုပ်နိုင်မည်မဟုတ်။ ဤသဘောကိုမှားသည်ဟုယူဆပါကယခု ရှိသမျှသော သိပ္ပံပညာ၏ အသိဉာဏ်တို့သည် နတ်သမီးပုံပြင်မျှသာ ဖြစ်ပေလိမ့်မည်။ ကောင်းပြီ၊ သို့ဆိုလျှင် ယနေ့ယုံကြည်ယူဆနေသော ယင်းသဘောသည် မနက်ဖြန် မှန်လိမ့်မည်ဟု မည်သူ သက်သေပြနိုင်ပါမည်နည်း။ မည်သူမျှ မုချပိုင်ပိုင်ခပြော နိုင်ချေ။ မည်သူမျှ လက်ဆုပ်လက်ကိုင် မပြနိုင်ချေ။ သိပ္ပံဆရာတို့အနေနှင့်လည်း ယနေ့တိုင်အောင် မြေကြီး၏ဆွဲအားရှိခဲ့သည် ကိုထောက်၍ မနက်ဖြန်လည်း ရှိတန်ရာသည်ဟု ဖြစ်နိုင်ချက်ဖြင့် လက်ခံရခြင်းသာဖြစ်၏။ လက်ဆုပ်လက်ကိုင်ပြနိုင်မှအမှန်ဟုယူဆ မည်ဆိုသော် တောမျောက်သည် မြေပျောက်မည်အထင်နှင့်မြေ ပြင်ကို တည့်သုံးခါ အိပ်ရာမှထ၍ စမ်းဘိသကဲ့သို့ မြေကြီး၏ ဆွဲအားရှိကြောင်း နေ့တိုင်းစမ်းသပ်ပြီးမှ ယုံကြည်ရပေလိမ့်မည်။

အချုပ်အားဖြင့်ဆိုလိုသည်ကား သိပ္ပံပညာအတုကလက်တွေ့ သက်သေသာဓကကိုတောင်းဆိုသော်လည်း သိပ္ပံအစစ်ကမူ ဖြစ် နိုင်ချက်များကို လက်ခံထားပေသည်။ အချို့သောအရေးကြီးလှ

သည့် သိပ္ပံပညာ၏ အခြေခံစည်း နိယာမတို့မှာ လက်တွေ့မျက်တွေ့များ မဟုတ်ပဲ ဖြစ်နိုင်ချက်များသာ ဖြစ်ကြပေသည်။ သိပ္ပံပညာကို လက်တွေ့မျက်တွေ့ စည်းဝိုင်းအတွင်းသာ သွတ်သွင်းထားလိုက်ပါမူ အဆမတန် ကျဉ်းမြောင်းသွားမည်ဖြစ်ပြီး မည်သည့် တိုးတက်မှုမျှ ရရှိတော့မည် မဟုတ်ချေ။

သိပ္ပံနည်းကျ အမြင်ရှိသည်ဆိုသော ခေတ်လူသားများကမူ ဤအချက်ကို မစဉ်းစားချေ။ (သို့မဟုတ်) မသိမြင်ချေ။ သူက သူ၏ မေးခွန်းတိုင်းအား တိကျသော လက်ဆုပ်လက်ကိုင်ပြရန် တောင်းဆိုနေ၏၊ လက်ဆုပ်လက်ကိုင်မပြနိုင်လျှင် မမှန်ဟု ယူဆကာ ပယ်လေ့ရှိ၏။ သူသည် သူ့အသိအမြင်၏ ကျဉ်းမြောင်းသောအဖြစ်ကိုဖြစ်စေ၊ သူ့ပတ်ဝန်းကျင်ရှိ မသေချာ မရေရာမှုအရိပ်သင်္ကေတများကိုဖြစ်စေ သတိမမူချေ။

အောက်ပါ မေးခွန်း(၆)မျိုးကို သတင်းစာမှ ကြေငြာ၍ အဖြေများ တောင်းခံကြည့်သည် ဆိုပါစို့။

(က) ၁၃×၁၃ သည် မည်မျှနည်း။

(ခ) လိမ္မော်သီးသည် မည်သည့် အရောင် ရှိသနည်း။

(ဂ) အလောင်းဘုရား ဦးအောင်ဇေယျသည် မည်သည့် ခုနှစ်တွင် မွေးဖွားသနည်း။

(ဃ) သစ်သီးများသည် မြေပေါ်သို့ အဘယ့်ကြောင့် ကြွေကျပါသနည်း။

(င) ဗုဒ္ဓသည် ဓမ္မစကြာတရားကို မည်သည့် အခါတွင် ဟောကြားပါသနည်း။

(စ) နောက်ဘဝ ရှိပါသလော။

အဖြေတို့သည် အောက်ပါအတိုင်း ဖြစ်လာစရာ ရှိပေသည်။

(တတိယအကြိမ်)

(က) '၁၃×၁၃ သည် ၁၆၉'ဎင်းကိုမှန်ကန်သည်ဟု ယူဆကြလိမ့်မည်။ (သင်္ချာနည်းအရ သက်သေပြနိုင်သည်။)

(ခ) လိမ္မော်သီးသည် အဝါရောင်ရှိ၏' ၎င်းကိုလည်း မှန်ကန်သည်ဟု ယူဆကြလိမ့်မည်။ (မျက်စိဖြင့် မြင်နိုင်သည်) သို့သော် ဖီလော်ဆော်ဖီကို လေ့လာဘူးသူတို့ကမူ '၎င်းသည် မှန်စရာရှိပါသည်။သို့သော် ၎င်း၏ အမှန်အမှားမှာ အာရုံဖြစ်သောမျက်စိပေါ်တွင် တည်ရှိပါသည်။''ဟု ပြောပြလိမ့်မည်။

(ဂ) ''အလောင်းဘုရား ဦးအောင်ဇေယျသည် သက္ကရာဇ် ၁၇၁၄ ခုနှစ်တွင် မွေးဖွားပါသည်။ ၎င်းကို အချို့လူတို့က ရာဇဝင်ဖြစ်ရပ်တခုဖြစ်၍ လုံးဝ မှန်ပါသည်။ ဟာဗီး၏ မြန်မာ့ရာဇဝင် စာမျက်နှာ(၁၂၆)တွင် ပါရှိပါသည်ဟု ဖြေကြလိမ့်မည်။သို့သော် ရာဇဝင်ဖြစ်ရပ်တိုင်း မှန်သည်မဟုတ်။ရာဇဝင်ဆိုသည်မှာ ရာဇဝင်ဆရာ၏ အမှတ်အသားသာဖြစ်၏။ ရာဇဝင်ဆရာ၏ အမှတ်အသားမှာလည်း မှားယွင်းနိုင်၏။ ထို့ကြောင့် ၎င်းကို မှန်စရာရှိပါသည်ဟုသာ ပြောနိုင်ပေလိမ့်မည်။

(ဃ) ''သစ်သီးများသည် မြေကြီး၏ ဆွဲငင်အားကြောင့် ကြွေကျရပါသည်။'' ၎င်းကို များစွာသော လူတို့က လုံးဝမှန်သည်ဟု လက်ခံကြလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ၎င်း၌ သိပ္ပံပညာအမှတ်တံဆိပ် ပါသောကြောင့်ဖြစ်၏။ အထက်တွင် ရှင်းလင်းဖော်ပြခဲ့သည့်အတိုင်း မြေကြီး၏ဆွဲငင်အားဆိုသည်မှာလည်း စင်စစ်အားဖြင့် မနက်ဖြန်အတွက် မသေချာသော ဖြစ်နိုင်ချက်သာ ဖြစ်ပါသည်။

(င) ''ဗုဒ္ဓသည် ဓမ္မစကြာတရားကို ဝါဆိုလပြည့်နေ့တွင် ဟောကြားတော်မူပါသည်။''များစွာသောပုဂ္ဂိုလ်တို့က ၎င်းကို

ဟုတ်တန်ရာ၏ဟုသာ ဆိုကြမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆို သော် ၎င်းသည် ဘာသာရေးကျမ်းစာ၌ ပါသည့်အချက် ဖြစ် သောကြောင့်တည်း၊ ဘာသာရေးကျမ်းစာများကို ယုံတမ်း ဒဏ္ဍာရီမျှသာ ထင်ကြသည် မဟုတ်လော။ သို့သော် သေသေ ချာချာ စဉ်းစား ကြည့်သောအခါ ဤအချက်သည်လည်း ဦးအောင်ဇေယျ၏ မွေးသက္ကရာဇ်ကဲ့သို့ ရာဇဝင်ဖြစ်ရပ်တခုသာ ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်၏။ နှစ်ခုစလုံး ရာဇဝင်ဆရာ၏ အမှတ်အသားပေါ်တွင် တည်ရှိ၏။ ဦးအောင်ဇေယျ၏ မွေး သက္ကရာဇ်သည် မှန်နိုင်မှားနိုင်သလောက်ပင် ဓမ္မစကြာ ဟော သောအခါသည်လည်း မှန်နိုင်မှားနိုင်ပေသည်။

(စ) "ယခုဘဝ၏ သဘောသဘာဝများကို ထောက်၍ နောက်ဘဝရှိကြောင်း သိရပါသည်။" ဤတွင် ဘာသာရေး ကိုင်းရှိုင်းသူတို့က ၎င်းသည် ဘုရားဟောဖြစ်၍ မှန်ကန်သည်ဟု သံသယကင်းကင်းနှင့် ယုံကြည်၏။ အချို့ပုဂ္ဂိုလ်တို့ကမူ ၎င်းကို မှန်ကောင်းမှန်လိမ့်မည်ဟု ယူဆကြပေလိမ့်မည်။ ဘာသာရေး အယုံအကြည်မရှိသူတို့ကမူ ၎င်းကို ခန့်မှန်းခြေ သက်သက်ပဲဟု ပယ်ကြပေလိမ့်မည်။

ဤအမေးအဖြေ လေ့ကျင့်ခန်းများက အောက်ပါအချက် များကို ပြသပေသည်။

အဖြေများတွင် မှန်သည်ဟု တထစ်ချဆိုနိုင်သည်ထက် ဖြစ် နိုင်သည်တို့ကသာ များကြောင်း တွေ့ရ၏။ မေးခွန်း(၆)မျိုး အနက် ပထမတမျိုးကိုသာ တကယ်မှန်သည်ဟု ပြောနိုင်ပြီး ကျန်(၅)မျိုးမှာကား မှန်စရာဖြစ်နိုင်ချက်သာဖြစ်ပေသည်။ သို့ သော်လည်း (ခ)၊(ဂ)၊(ဃ)၊(င)နှင့်(စ)ကိုလည်း မှန်သည်ဟု

ယူဆထားကြရ၏။ ထိုသို့ ယူဆချက်များကြောင့် လက်ဆုပ်လက်ကိုင်(လက်တွေ့မျက်တွေ့)သက်သေပြနိုင်ခြင်းမရှိ။ ဖြစ်နိုင်ချက်အရ လက်ခံခြင်းဖြစ်၏။

ဤတွင် အချက်တခုမှာ 'ထင်ရှားလာ'သည်။ လက်တွေ့သက်သေပြ၍ မရနိုင်သည်တို့ကို ယုံကြည်မှုဖြင့် လက်ခံရ၏။

အလင်းရောင်သည် လှိုင်းများ ဖြစ်သည်ဆိုသော အဆိုကို သိပ္ပံဆရာတို့က လက်ခံ၍ အချိန်နှင့် ငွေကြေးအကုန်အကျများစွာခံပြီး စမ်းသပ် လေ့လာမှုများပြုခြင်းသည် ယုံကြည်မှုအရ ပြုလုပ်ခြင်းဖြစ်၏။ တနိုင်ငံနှင့် တနိုင်ငံ သဘောတူ စာချုပ်စာတမ်းတခုကိုလက်မှတ်ရေးထိုးကြသောခေါင်းဆောင်ကြီးများသည် ယုံကြည်မှုအရ ပြုလုပ်ခြင်းဖြစ်၏။ ပလိပ်ရောဂါကာကွယ်ဆေးထိုးနှံပေးသော ဆရာဝန်များနှင့် အထိုးနှံခံသော ပုဂ္ဂိုလ်များသည် ယုံကြည်မှုအရ ပြုလုပ်ခြင်းဖြစ်၏။ သူတို့၏ အပြုအမူနောက်တွင် တစုံတခုသော ယုံကြည်မှု၊ တစုံတခုသောသဘောတရား၊ တစုံတခုသော အဆိုပြုချက်တို့ရှိနေ၏။ ၎င်းယုံကြည်မှု၊ သဘောတရား၊ အဆိုတို့အနက် အချို့ကို သိပ္ပံနည်း၊ သင်္ချာနည်းတို့ဖြင့် သက်သေပြနိုင်သော်လည်း အချို့ကို မပြနိုင်ချေ။

စူးစမ်းလေ့လာမှုများကိုပြုလေလေ၊သိပ္ပံပညာရော ဘာသာရေးပါ ကျဉ်းမြောင်းသည့် လက်တွေ့မျက်တွေ့စက်ဝိုင်းအတွင်းတွင်သာ အလုပ်လုပ်နေ၍ မဖြစ်နိုင်ကြောင်း ထင်ရှားလာလေလေဖြစ်၏။ ပင်လယ်မျက်နှာပြင်ပေါ်ရှိ အမှိုက်သရိုက်တို့နှင့်သာ နှစ်သိမ့်မနေပဲ ရေအောက်သို့ ငုပ်လျှိုး၍ ဖြူစင်သန့်ရှင်းသော ပုလဲ ရတနာများကို ရှာဖွေရသကဲ့သို့၊ အပေါ်ယံဖြစ်သော လက်တွေ့မျက်တွေ့ အလွှာကိုခွာ၍ အတွင်းရှိဖြစ်နိုင်ချက်ကမ္ဘာ

မှ သစ္စာတရားတို့ကိုလည်း ရှာဖွေသင့်သည်သာ ဖြစ်ပေသည်။

(၃) တတိယအားဖြင့် သိပ္ပံပညာနှင့် ဖီလော်ဆော်ဖီတို့၏ အခြေခံကျသော ခြားနားချက်များကို မှတ်သားရန်ဖြစ်၏။

(မှတ်ချက်။ ။ဖီလော်ဆော်ဖီကို မြန်မာဘာသာအားဖြင့် အဘိဓမ္မာ၊ ဒဿန၊ အနုမာန၊ လောကအမြင်၊ ဆင်ခြင်တုံပညာ၊ တက္ကဗေဒ စသည်ဖြင့် အထွေထွေအပြားပြား ပြန်ဆိုသည်ကို တွေ့ရပါသည်။ ဤစာအုပ်ရှေ့ပိုင်း အချို့နေရာတို့တွင်လည်း အဘိဓမ္မာဆိုသော စကားဖြင့် လက်ခံသုံးစွဲခဲ့ပါသည်။ ဤအခန်းတွင်မူ ဖီလော်ဆော်ဖီဟူ၍သာ သုံးနှုန်းပါမည်။ ဖီလော်ဆော်ဖီဟု ဆိုခြင်းအားဖြင့် အနောက်တိုင်း အတွေးအခေါ်တို့ကို အဓိက ရည်ညွှန်းကြောင်း သိသာစေရန် ဖြစ်ပါသည်။)

သိပ္ပံပညာသည် သဘာဝ၏ ပြဿနာရပ်များကို သက်သေသာဓက၊ ယုတ္တိ၊ ခန့်မှန်းချက်၊ စမ်းသပ်မှု စသည့် နည်းလမ်းများဖြင့် ချဉ်းကပ်အဖြေရှာခြင်းဖြစ်၏။ သိပ္ပံပညာသည် ဖီလော်ဆော်ဖီ မဟုတ်ပေ။ တနည်းဆိုရလျှင် သိပ္ပံပညာသည် ဆင်ခြင်တုံ့ ပညာတရပ် မဟုတ်သဖြင့် တစုံတခုသော အယူအမြင်၊ တစုံတခုသော ဝါဒ သဘောတရားတို့ကို ချမှတ်လေ့မရှိချေ။ သိပ္ပံပညာ၏ နည်းလမ်းများနှင့် ရှာဖွေတွေ့ရှိချက်များသည် အယူအဆ သဘောတရားတို့ကို တည်ထောင်လေ့မရှိ။ ပို၍ရှင်းလင်းစွာ ပြောရလျှင် သိပ္ပံပညာ၌ သဘာဝနှင့် ပတ်သက်၍လည်းကောင်း၊ လူနှင့် ပတ်သက်၍လည်းကောင်း မည်သည့် အယူအဆမျှ မရှိချေ။

အနုမြူ၏ သဘောသဘာဝကို လေ့လာရှာကြံသော ရူပဗေဒဆရာသည် လူ့ဘဝနှင့်ပတ်သက်၍ မည်သို့သော သဘော

တရားကိုမျှ တည်ထောင်ခြင်း မပြုနိုင်ပေ။ တည်ထောင်ရန်လည်း မလိုပေ။ ထိုနည်းတူပင် ကမ္ဘာကျော် ဓာတုဗေဒဆရာသည်လည်း တရားဥပဒေ၊ လူ့ကျင့်ဝတ်၊ ဘာသာရေး စသည်တို့နှင့်ပတ်သက်၍ တစုံတခုသော အယူအမြင်တို့ကို ချမှတ်ခြင်း မပြုနိုင်ချေ။ သိပ္ပံပညာသည် တခြား၊ ဖိလော်ဆော်ဖီသည် တခြားဖြစ်၏။

သို့ရာတွင် သိပ္ပံပညာသည် လူ၏အတွေးအခေါ် အယူအဆတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဩဇာလွှမ်းမိုးလေ့ရှိ၏။ အချို့ ဖိလော်ဆော်ဖီများသည် သိပ္ပံပညာနှင့် လုံးဝပတ်သက်ခြင်း မရှိသော်လည်း အချို့မူ သိပ္ပံပညာကို မှီခိုအားထားလေ့ရှိ၏။အချို့တွေးခေါ်ရှင်တို့သည်၎င်းတို့၏အတွေးအခေါ်များကို ခိုင်မာအောင် တည်ဆောက်ရာ၌ သိပ္ပံပညာ၏တွေ့ရှိချက်များကို အသုံးချလေ့ရှိကြ၏။ ဥပမာအားဖြင့် ဆာအက်ဒင်တန်နှင့် ဘာထရန်ရပ်ဆဲလ်တို့ကို ကြည့်နိုင်သည်။

သိပ္ပံပညာနှင့် ဖိလော်ဆော်ဖီနှစ်ခုစလုံးမှ ကောင်းနိုးရာရာကိုယူ၍ ရောစပ်ပြီး ဖိလော်ဆော်ဖီတခုကို တည်ဆောက်ရာ၌ သိပ္ပံပညာကို ရှိသည့်အတိုင်း ခံယူကိုးကားခြင်းသည် အရေးမကြီးလှသော်လည်း သိပ္ပံပညာကို မိမိ၏ အဇ္ဈာသယအလိုသို့ ဆွဲ၍ဖော်ပြခြင်းသည်ကား မှားယွင်းပေသည်။ ထိုကဲ့သို့သော သဘောတရားများမှာ စင်စစ် သိပ္ပံပညာလည်း စစ်စစ်မဟုတ်။ ဖိလော်ဆော်ဖီဟုလည်း မဆိုသာ။ ထို(သဘောတရားများ၏ အရင်းအမြစ်သည် သိပ္ပံပညာတည်း ဟူသော မြေကြီးပေါ်၌ အမြစ်တွယ်လျက် ရှိသော်လည်း အပေါ်၊ အကိုင်းအခက်များ

မှာကား ဖိလော်ဆော်ဖီတည်းဟူသော တိမ်တိုက်အတွင်းသို့ ဝင်လျက်ရှိလေသည်။)

သိပ္ပံပညာ၏ လက်တွေ့ ရှာဖွေ တွေ့ရှိမှုများအပေါ်တွင် လူသားအနွယ်တရပ်လုံး မှီခိုအားထားပြုနေရသော ယခုခေတ် အခါတွင် သိပ္ပံပညာကို ကိုးကားခြင်းသည် သဘာဝကျပေမည်။ သို့ရာတွင်သိပ္ပံပညာ၏ ရှာဖွေတွေ့ရှိချက်တခုကို မူတည်၍ မိမိလိုရာ အဓိပ္ပာယ်ပြန်ဆိုမှုများကိုကား သတိပြုရမည် ဖြစ်ပေသည်။ ဤနေစကြဝဠာသည် နဂါးငွေ့တန်းကြီး၏ အလယ်တည့်တည့်တွင်မရှိပဲ အစွန်နားတွင်တည်ရှိသည်ဟု သိပ္ပံပညာကဆို၏။ သက်သေသက္ကာယများစွာလည်း ထုတ်ဖော်ပြသခဲ့၏။ ဤအချက်ကို အချို့ပုဂ္ဂိုလ်တို့ကယူ၍ လူနှင့် တိရစ္ဆာန်တို့သည် ဤနေစကြဝဠာ ကဲ့သို့ပင် မတော်တဆ ကို့ယို့ကားယား ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု အဆိုပြုကြသည်။ ဤအဆိုကို သိပ္ပံပညာ၏အဆိုဟု ယူဆရန်မဖြစ်နိုင်ပေ။ အချို့ပုဂ္ဂိုလ်တို့ကလည်း သိပ္ပံအားကိုးဖြင့် စကြဝဠာအတွင်းတွင် ရုပ်တို့သာရှိ၍ စိတ်ဟူ၍မရှိဟု ဟောပြောကြလေ့သည်။ သိပ္ပံပညာက စကြဝဠာ၌ စိတ်ဟူသော သဘောတရားမရှိဟု ဘယ်တုန်းကမှ မပြောခဲ့ပေ။ မပြောခဲ့သည့်အပြင် စိတ်ပါဝင်စားစွာ ရှာဖွေပါလျှင် စိတ်၏တည်ရှိမှုကို ထောက်ခံသော သိပ္ပံပညာ အချက်အလက်များစွာပင် ရရှိနိုင်လေသည်။ ဤသည်တို့ကို ထောက်ဆ၍ သိပ္ပံပညာကို ကိုးကားထားသော သဘောတရားအတိုင်း အမှန်မဟုတ်သည်ကိုလည်းကောင်း၊ သိပ္ပံပညာ အသုံးအနှုန်းတို့ဖြင့် စီရင်ထားသော စာအုပ်တိုင်း တိုးတက်သော ကျမ်းစာမဟုတ်သည်ကိုလည်းကောင်း ဂရုပြုသင့်ကြပေသည်။

(၄) စတုတ္ထအားဖြင့် သိပ္ပံပညာ၏လုပ်ထုံးလုပ်ငန်းများကို လေ့လာရန်နှင့်၎င်းတို့၏မလုံလောက်မှုကို ကြည့်ရှုရန်ဖြစ်သည်။

သိပ္ပံပညာဟူသည် အဘယ်နည်း။

သိပ္ပံပညာဟူသည် အဖြေရှာသော နည်းလမ်းပင်ဖြစ်သည်။

**SCIENCE IS A METHOD OF SEARCH**

ဤသို့အဖြေရှာရာ၌ ပရမ်းပတာ ဖရိုဖရဲမဟုတ်ပဲစနစ်တကျ အစီအစဉ်တကျ ပြုလုပ်ရ၏။ ပုဂ္ဂလိကအယူအဆများ၊သဘောထား ဒိဋ္ဌိများ၊ အမုန်းအမှတ်မဲ့ အထင်အတွေးများကို ပယ်၍ မုချ ဖြစ်သော ယုတ္တိပေါ်တွင် အခြေပြုကာ ယထာဘူတကျသော ဆုံးဖြတ်ချက်များကို ရရှိအောင် တွေ့သမျှ သက်သေသာဓက များကို ဂရုတစိုက် ထိန်းသိမ်းရ၏။ စင်ကြယ်အောင်ပြုရ၏။ ရှိသည့်အတိုင်း ကြည့်ရ၏။ ဤနည်းဖြင့် ရရှိခဲ့သော ဆုံးဖြတ် ချက်တို့မှာ လူတိုင်းအတွက် ခိုင်လုံခြင်းရှိရပေသည်။

နှစ်ပေါင်းများစွာပင် သိပ္ပံပညာ၏ လုပ်နည်းလုပ်ထုံးများကို ဝိသေသမှ ကြံဆယူသော တက္ကဗေဒနည်း (**INDUCTIVE LOGIC**)အဖြစ် ထင်မှတ်ခဲ့ကြလေသည်။ ဝိသေသမှ ကြံဆယူ သော သဘော ဟူသည်ကား အခြားမဟုတ်။ ပြဿနာတရပ် ပေါ်လာသောအခါ ၎င်းပြဿနာနှင့် ပတ်သက်သမျှသော အချက်အလက်များကို စုဆောင်း၍ ၎င်းအချက်အလက်များကို နှိုင်းယှဉ်ချိန်စက်ပြီး နိယာမ(ဥပဒေသ)တရပ် ဖော်ထုတ်ခြင်းပင် ဖြစ်သည်။ဤနည်းလမ်း၌ နှိုင်းယှဉ် ချိန်စက်ခြင်း (**ANALYSIS**) သည် အလွန်အရေးကြီးပေသည်။ ဤနည်းလမ်းကို ရှင်းလင်း အောင် အောက်ပါ အဆင့်များအတိုင်း လေ့လာသင့်ပေသည်။

(က) ပြဿနာ (**PROBLEM**) အဖြေရှာကြံရန် လိုအပ်

နေသော ပြဿနာတရပ်ကို တွေ့ရှိရခြင်း။ (ဥပမာ၊ လူများ၌ ကင်ဆာရောဂါ အဘယ့်ကြောင့်ဖြစ်သည်ကို သိလိုခြင်း။)

(ခ) အချက်အလက်စုဆောင်းခြင်း( ACCUMULATION OF DATA) ဤပြဿနာနှင့် စပ်ဆိုင်သော အချက်အလက်များကို စုဆောင်းခြင်း(ဥပမာ၊ ကင်ဆာရောဂါရှိသည်ဟု ထင်ရသောသူများအား စုဆောင်းခြင်း။)

(ဂ) ပဏာမလေ့လာမှုနှင့် နှိုင်းယှဉ်ချိန်စက်မှု (PRELIMINARY OBSERVATION AND ANALYSIS)ရရှိထားသော အချက်အလက်များကိုလေ့လာချိန်ဆခြင်း၊ ပေါ်လွင်သည်တို့ကို ယူခြင်း၊ မပေါ်လွင်သည်တို့ကို နုတ်ပယ်ခြင်း (ဥပမာ၊ ကင်ဆာရောဂါရှိသည်ဟု ထင်ရသူများအား လေ့လာခြင်း၊ ၎င်းတို့ပြုလေ့ရှိသော အလေ့အကျင့်များကို စုံစမ်းခြင်း၊ ဤသို့ စုံစမ်းခြင်းဖြင့် ရောဂါသည်တို့ကို ဆေးလိပ် အလွန်အကျွံသောက်သူများ၊ အရက်အလွန်ကျွံသောက်သူများ၊ အလုပ်ပင်ပန်းလွန်းသူများ၊ အနေအထိုင် ညစ်ပတ်သူများ စသောအကြောင်းကို တွေ့ရှိရပေလိမ့်မည်။ ကင်ဆာရောဂါရှိသည်ဟု ထင်ရသော်လည်း တကယ် မရှိသူများကို ဖယ်ရှားပစ်ရမည်။)

(ဃ) ခန့်မှန်းချက်အဆို(HYPOTHESIS)ဤအဆင့်သည်ကား အထက်ပါစုံစမ်းလေ့လာမှုများကိုအခြေပြု၍ ဤပြဿနာ၏ အဖြေကို ခန့်မှန်းရသည်။ (ဥပမာ၊ ကင်ဆာရောဂါဖြစ်သူများအနက် အများအားဖြင့် ဆေးလိပ်အလွန်အကျွံသောက်သူများကို တွေ့ရ၏။ ထို့ကြောင့် ဆေးလိပ် အလွန်အကျွံသောက်ခြင်းသည် ကင်ဆာရောဂါကို ဖြစ်စေတတ်၏ဟူသော အဖြေကို ခန့်မှန်းထုတ်ဖော်ရသည်။

(င) အဆိုကို စမ်းသပ်ခြင်း (VERIFICATION) ဤအဆင့်တွင် ရရှိသော အဆို မှန် မမှန် စမ်းသပ်ကြည့်ရ၏။ (ဥပမာ၊ ကင်ဆာရောဂါရှိသူတယောက်ကို ဆေးလိပ် အလွန်အကျွံသောက်ခိုင်း၏။ သူ၏ ရောဂါမှာ ပိုမို ဆိုးရွားလာလျှင် ဆေးလိပ်သည် ကင်ဆာ၏ အကြောင်းရင်းဖြစ်သည်ဟု ဆိုနိုင်လေတော့သည်။)

(စ) နိယာမချမှတ်ခြင်း(GENERALIZATION)အထက်ပါ စမ်းသပ်ချက်အပေါ်တွင် မူတည်၍ ပြဿနာနှင့်ပတ်သက်သော အဖြေကို ရရှိသောအခါ နိယာမကို အတည်တကျမှတ်ရလေသည်။(ဥပမာ၊ ဆေးလိပ် အလွန်အကျွံ သောက်ခြင်းသည် ကင်ဆာရောဂါကို ဖြစ်စေသည်ဟု ကြေငြာခြင်း။)

အထက်ပါနည်းများကို ဝိသေသမှ ကြံဆယူခြင်း ဟူသော တက္ကဗေဒနည်းကိုအခြေပြုသည့် သိပ္ပံပညာ၏ လုပ်ထုံးပင်တည်း။ ဤလုပ်ထုံးအရ ပြဿနာတခု၏ အဖြေကိုရှာကြံရာ၌ သာဓက အချက်အလက်များအပေါ်တွင် မူတည်ရ၏။ သာဓက အချက်အလက်များလေလေ အဖြေမှာ ခိုင်လုံလေလေဖြစ်၏။

ဥပမာ—

| | | | |
|---|---|---|---|
| မြန်မာပြည်မှ | ကျီးတို့ | မဲနက်သောအရောင်ရှိကြ၏။ | |
| အိန္ဒိယပြည်မှ | ။ | ။ | ။ |
| တရုတ်ပြည်မှ | ။ | ။ | ။ |
| အင်္ဂလန်ပြည်မှ | ။ | ။ | ။ |
| အမေရိကန်ပြည်မှ | ။ | ။ | ။ |

(စသည်ဖြင့် သာဓက များစွာ)

ထို့ကြောင့် (ကမ္ဘာပေါ်ရှိ ကျီးတို့သည် မည်းနက်သော အရောင်ရှိကြ၏။ (အဖြေ)

ဤဆင်ခြင်တုံနည်း၌ သာဓက အထောက်အထားများလေ ခိုင်မာလေဖြစ်ရာ အမှန် အမှား သာဓကများ အပေါ်တွင် တည်နေ၏။ အဘယ့်ကြောင့်ဟူမူ အဖြေကို သာဓကအများက ပေးသောကြောင့်ပင်တည်း။ ဤနည်း၌ ပြဿနာတရပ်ကို ချဉ်း ကပ်ရာတွင် မူလက မည်သည့် အယူအဆ၊ မည်သည့်သဘော တရားကိုမျှ ရှိနှင့်ရန်မလိုချေ။ ကျီးသည် နက်သည် (သို့မဟုတ်) ဖြူသည်ဟု ကြံဆထားရန် မလိုချေ။ သာဓကများက အလို အလျောက် အဖြေပေးလိမ့်မည်။ ဤတွင် အခက်အခဲရှိလာ သည်မှာ သာဓက မှန်သမျှကို ကုန်စင်အောင် စုဆောင်းဖို့ မဖြစ်နိုင်ခြင်းပင်တည်း။ ကမ္ဘာပေါ်ရှိ ကျီးမှန်သမျှကို တကောင် မကျန် လိုက်ကြည့်ဖို့ မဖြစ်နိုင်။ တွေ့သမျှ မြင်သမျှသော ကျီးတို့က နက်နေသဖြင့်သာ ကမ္ဘာပေါ်ရှိ ကျီးအားလုံးဟု မှန်းဆ၍ ကောက်ချက်ချရခြင်းပင် ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့်ပင် တခါတရံတွင် ဆန့်ကျင်ဘက် သာဓကများတွေ့သောအခါ မူလအဖြေသည် မခိုင်လုံဖြစ်သွား တတ်လေသည်။ (ဥပမာ၊ ဩစတြေလျတိုက်၌ ကျီးအဖြူများကို တွေ့ရခြင်း)

သိပ္ပံပညာ၏ ဤလုပ်ထုံးမှာ . မုချ သာဓကများပေါ်တွင် သာ မှီခို အားထားရ၏။ ဖီလော်ဆော်ဖီ ဝေါဟာရဖြင့် (**POSITIVISTIC**)ဟု ခေါ်နိုင်သည်။အချုပ်မှာ မုချအမှန်တွေ့ ရသော သာဓက အချက်အလက်တို့က ထောက်ခံမှု(သို့မဟုတ်) လက်တွေ့စမ်းသပ်တွေ့ရှိရမှု အမှန်ဟု သတ်မှတ်ရ၏။ ထိုသို့

မဟုတ်လျှင် မမှန်(သို့မဟုတ်)မမှန်နိုင်ဟုပယ်ရသည်။ ဤနည်းအားဖြင့် သိပ္ပံပညာသည် (အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း) တဖြည်းဖြည်း လက်တွေ့ကမ္ဘာနှင့် ဗဟိဒ္ဓသဏ္ဍာန်များကိုသာ အသိအမှတ်ပြုရသော အခြေသို့ ဆိုက်ရောက်ခဲ့လေသည်။

သို့ရာတွင် ဤသို့ လက်တွေ့မျက်တွေ့ စည်းဝိုင်းအတွင်းတွင်သာ အလုပ်လုပ်၍ မဖြစ်နိုင်တော့ကြောင်း သိပ္ပံပညာ၏ အခြေအနေ မြင့်မားလာလေလေ သိပ္ပံဆရာတို့ သိမြင်လာလေလေ ဖြစ်ခဲ့လေသည်။ လက်တွေ့မျက်တွေ့နှင့်သာ လက်ပွန်းတတီး ပြုနေရသောကြောင့် အခက်အခဲများ ပေါ်လာ၏။ (အထက်တွင် အတော်အတန် ရှင်းခဲ့ပါသည်။)

သိပ္ပံပညာ၏ လက်တံသည် အဆမတန် ရှည်လျားခဲ့ပြီးဖြစ်၏။ သိပ္ပံပညာ၏ ခြံဝင်းအတွင်းတွင် သင်္ချာမှသည် တက္ကဗေဒအထိ၊ ဓာတုဗေဒမှသည် လူ့စရိုက်လေ့လာမှုအထိ ပါဝင်နေ၏။ ဤပညာရပ်များအားလုံးအတွက် ဤလုပ်ငန်းတခုသာ ပြဋ္ဌာန်းရန်မှာ လုံးဝမဖြစ်နိုင်တော့ပေ။

၂၀ ရာစုခေတ်တွင် သိပ္ပံပညာ (သို့မဟုတ်) သိပ္ပံပညာ၏ လုပ်ထုံး လုပ်နည်းကို လက်တွေ့ မျက်တွေ့ သက်သေအဖြစ် သတ်မှတ်ရန် အလွန် ခက်ခဲလာပေသည်။ ဥပမာတခုကိုသာ ကြည့်ပါ။ အနုမြူဗုံးသည် လက်တွေ့စမ်းသပ်မှုမှ ဖြစ်ပေါ်လာသော ရလဒ်တခု မဟုတ်။ သင်္ချာတွက်ကိန်းများမှ ရရှိသော အဖြေသာ ဖြစ်သည်။အနုမြူဗုံးထုတ်လုပ်ရန်အတွက်ဒေါက်တာအိုင်စတိုင်း အမှူးပြုသော သိပ္ပံကဝိတို့သည် စာရွက်နှင့်ခဲတံကိုသာ အမြဲ သုံးခဲ့ကြသည်။ (ထို့ကြောင့်ပင် မဟုတ်လော၊ ဒေါက်တာအိုင်စတိုင်းအား ဓာတ်ခွဲခန်းမရှိသော သိပ္ပံကဝိဟု

ကမ္ဘာက ခေါ်ကြသည်။ ကမ္ဘာ့ သိပ္ပံလောကအား ကြောက်မက်ဖွယ် တုန်လှုပ်ချောက်ချားစေခဲ့သော အိုင်စတိုင်း၏ သဘောတရားတို့သည် ဖန်ပြွန်နှင့်ငရဲမီးတို့မှပေါ်ထွက်လာသည်မဟုတ်။ ကြီးမားသော စိတ်သတ္တိ၏ အသီးအပွင့်သာ ဖြစ်ကြကုန်သည်။)

သိပ္ပံပညာနှင့်ပွန်းတီးခြင်းမရှိသောပုဂ္ဂိုလ်တို့ကသိပ္ပံပညာ၏ တီထွင်ချက် မှန်သမျှသည် ကြိုတင်ကြံဆမှု၊ စနစ်တကျလုပ်ကိုင်မှု၊ လက်တွေ့စမ်းသပ်မှုတို့ကြောင့် ဖြစ်ရသည်ဟု ထင်မှတ်ကြကုန်၏။ ဤအထင်မှာ မှားပေသည်။ တခါတရံ သိပ္ပံဆရာတို့သည် အမှတ်တမဲ့တွေ့ရှိခြင်း၊ ရုတ်တရက် အသိဉာဏ်ပေါ်လာခြင်းတို့ကြောင့်လည်း၊ တီထွင်မှုများ ပြုလုပ်ခဲ့ကြ၏။ ထိုကဲ့သို့သော အမှတ်မထင် တီထွင်မှုများမှာ မနည်းလှပေ။ တခါတရံတွင်လည်း အချို့ပုဂ္ဂိုလ်တို့မှာ ထူးဆန်းစွာ ရုတ်တရက် အကြံအစည်တို့ ပေါ်လာတတ်၏။ အသိအမြင်များ ထင်လာတတ်၏။

ထိုအကြံအစည်များ၊ထိုအသိအမြင်များသည် အဘယ်ဒေသမှ ပေါ်လာပါသနည်း။ ဤမေးခွန်း၏အဖြေကို လူ၏အတွင်းသဏ္ဍာန်၌ ထိုးဖောက်ရှာဖွေရမည် ဖြစ်သည်။ ဤမေးခွန်းသည် သာမည အပေါ်ယံ မေးခွန်းတခုမဟုတ်ချေ။ ဤမေးခွန်း၌ လူ၏အတွေ့အကြုံ၊ လူ၏စရိုက်၊ လူ၏ဉာဏ်အင်အား၊ လူ၏ အနှစ်သာရ အားလုံး အကျုံးဝင်နေပေသည်။ ဤမေးခွန်းကို ဖြေနိုင်ရန်အတွက် အခြားမေးခွန်းများကို ထပ်၍မေးရန် လိုလာပေသည်။

လူသည် အဘယ်နည်း။

စကြဝဠာသည် အဘယ်နည်း။

သိပ္ပံပညာနှင့်ပတ်သက်၍ အထက်တွင်ပြခဲ့သော အချက်

(၄)ချက်မှ ကောက်ချက်(၄)ချက်ကို ချမှတ်နိုင်ပေသည်။
ငင်းတို့ကား–

(၁) သိပ္ပံပညာရှင်တို့၏ စိတ်ဓာတ်သည် တစုံတခုသော အယူအစွဲ၌ အခြေမစိုက်ပဲ အမှန်တရားကိုရှာကြံရန်၊ လေ့လာရန်၊ ဝန်ခံရန် အစဉ်အမြဲ ကိုင်းညွတ်နေသည်။

(၂) သိပ္ပံပညာ အတုက မည်သည့် ပြဿနာတွင်မဆို လက်တွေ့မျက်မြင် သာဓကကိုသာ တောင်းဆိုကြသော်လည်း သိပ္ပံပညာအစစ်ကမူ ဖြစ်နိုင်ချက်သဘောများကို လက်ခံသည်။ သိပ္ပံပညာ၏ အရေးကြီးသော အခြေခံစည်းများမှာ ဖြစ်နိုင်ချက် သဘောတို့သာဖြစ်သည်။

(၃) သိပ္ပံပညာနှင့် ဖီလော်ဆော်ဖီတို့သည် တခြားစီဖြစ်ကြသည်။ သိပ္ပံပညာကို ကိုးကားသောအချို့ဖီလော်ဆော်ဖီတို့သည် သိပ္ပံပညာ၏ အာဘောဂတို့ အမှန်အတိုင်း မဟုတ်ပဲ လိုရာခေါ်၍ ဖော်ပြထားသည်။

(၄) လက်တွေ့ သာဓကကိုသာ အခြေခံ အားပြုသော သိပ္ပံပညာ၏ လုပ်ထုံးမှာ မလုံလောက်တော့ချေ။ ထို့ကြောင့် သိပ္ပံပညာရှင်တို့သည် အခြား လုပ်နည်းကိုင်နည်းများကိုလည်း ရှာကြံတီထွင်၍ အသိအမှတ်ပြုလာကြသည်။

ဤအခန်းကိုယုံကြည်မှုပြဿနာဟု ခေါင်းစည်းတပ်ထား၏။ ဤအခန်းအစတွင် ယုံကြည်မှုနှင့် ဆင်ခြင်တုံတရားတို့ ပဋိပက္ခဖြစ်နေပုံကိုလည်းကောင်း၊ ဆင်ခြင်တုံတရားသည် သိပ္ပံပညာကို ဆရာတင်၍ သိပ္ပံပညာပြောရာကို အမှန်ဟု လက်ခံလေ့ရှိပုံကိုလည်းကောင်း ဖော်ပြခဲ့ပြီးနောက် သိပ္ပံပညာ၏ သဘောသဘာဝမှန်များ၊ သိပ္ပံပညာကို မှားယွင်းစွာ ထင်မြင်ယူဆပုံ

များ၊ လိုရာဆွဲ၍ အနက်အဓိပ္ပာယ်ကောက်ပုံများ၊ သိပ္ပံပညာ ကိုယ်တိုင်၏ မပြည့်စုံပုံများ၊ ဖြစ်နိုင်ချက်ကို လက်ခံရပုံများ စသည်တို့ကို ဆွေးနွေးခဲ့လေသည်။ အဆိုပါ ဆွေးနွေးချက် အားလုံး၏ ရည်ညွှန်းလိုသော အဓိပ္ပာယ်မှာ ဤသို့တည်း။

ဆင်ခြင်တုံတရားသည် ဘာသာရေး ယုံကြည်မှုများကို မမှန်၊ သဘာဝမဆန်၊ သိပ္ပံနည်းမကျ စသည်ဖြင့်ပယ်၏။

ဆင်ခြင်တုံတရား၏ ဆရာသည် သိပ္ပံပညာဖြစ်၏။

သိပ္ပံပညာသည် ပြီးပြည့်စုံသော ပညာမဟုတ်။ သိပ္ပံပညာ သည် လက်တွေ့မျက်တွေ့ကိုသာ အတည်ပြုသောပညာမဟုတ်။ သိပ္ပံပညာသည် ပြဿနာအားလုံးကို ဖြေရှင်းနိုင်သော ပညာ မဟုတ်။ ဤသို့သော သဘောရှိသော ဆရာ (သိပ္ပံပညာ) ၏ အန္တေဝါသိက တပည့် (ဆင်ခြင်တုံတရား) သည် အရာရာကို အမှားအမှန် ဆုံးဖြတ်နိုင်သည့် စွမ်းရည်သတ္တိ ရှိမည်မဟုတ်။ သိမြင်နိုင်သော အရည်အချင်းမရှိ။ မိမိမျက်စိဖြင့် မမြင်ရသော ကြောင့် မဖြစ်နိုင်ဟု ပယ်မည်ဆိုလျှင် ၎င်းသည် ရေတွင်းထဲမှ ဖားသူငယ်၏ အသိဉာဏ်မျှသာ ဖြစ်သည်ဟု ဆိုရချိမ့်မည်။

အထက်ပါတင်ပြချက်တို့၏ သဘောရင်းမှာ သိပ္ပံပညာအား နှိပ်နယ်ရန်မဟုတ်။ အကျိုးမဲ့ အချည်းနှီးပြုရန်မဟုတ်။(က)သိပ္ပံ ပညာသည် အရာရာကို ဖြေရှင်းနိုင်စွမ်းမရှိကြောင်း (ခ)သိပ္ပံ ပညာက လက်တွေ့ မျက်တွေ့ကိုသာမကပဲ ဖြစ်နိုင်ချက်များ ကိုလည်း အရေးယူလက်ခံလေ့ရှိကြောင်းတို့ကို ထင်ရှားစေရန် သာ ဖြစ်ပေသည်။ ဤအချက်တို့ကို ကမ္ဘာသိ ပုဂ္ဂိုလ်များ ကိုယ်တိုင်ပြောဆိုပြီး ဖြစ်၏။ မတ်စ်ဝါဒတို့ ထောက်ခံရေးသား လေ့ရှိသော ဗြိတိသျှ အဘိဓမ္မာဆရာပါမောက္ခ ဂျေဘီအက်(စ်)

ဟော(လ်)ဒိန်းက ဘာသာရေးအတွင်း၌ သိပ္ပံပညာ၏စမ်းသပ် ဝေဖန်မှုနှင့် ကင်းလွတ်စွာ တည်ရှိသော အမြူတေတခုရှိကြောင်းဖြင့် ရေးသားခဲ့၏။ ဒေါက်တာ စီအီးအမ်(မ်)ဂျုဒ်က လည်း ဤသို့ မှတ်ချက်ချခဲ့၏။

"သိပ္ပံပညာသည် အရာအားလုံးအကြောင်းကို အနည်းငယ်စီပြောပြရန် အရည်အချင်းရှိပေ၏။ သို့ရာတွင် ၎င်းသည် အရာအားလုံးအကြောင်းကို အလုံးစုံပြောပြရန် မတတ်နိုင်ပေ။ တခါတရံ အချို့အရာများအကြောင်း (ဥပမာ လူ့စိတ်အကြောင်း) ကိုလည်းကောင်း ပြောပြသောအချက်မှာ အရေးပါသည်တို့သာ ဖြစ်ပေသည်။"

ပါမောက္ခ အက်ဒင်တန်က ဤသို့ပြောခဲ့၏။

"ကမ္ဘာအကြောင်းကို ပြဆိုသော သဘောတရား၏ အမြင့်ဆုံး အခြေခံကို လူသား၏စိတ်ဖြင့် နားလည်နိုင်သော စကားရပ်ဖြင့် ဖော်ပြခြင်းငှာ မတတ်ကောင်းပေ။"

ဝီလျံဂျိမ်း(စ်)ကလည်း ဤသို့ဆိုသေး၏။

"ကျွန်ုပ်အနေနှင့် ပြောရလျှင် နောက်ဆုံးတွင် ကျွန်ုပ်သည် တက္ကဗေဒကို လုံးဝအကြွင်းမဲ့ စွန့်ပစ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ တက္ကဗေဒသည် လူ့ဘဝတွင် အလွန်အဖိုးတန်လှသော်လည်း အဆုံးစွန်ဖြစ်သော အမှန်တရား(ပရမတ္ထသစ္စာ)ကို နားလည်ရန်ကြိုးစားရာ၌ကား အသုံးမဝင်ချေ။ အမှန်တရားကို သင် နှစ်သက်သောဝေါဟာရဖြင့် ခေါ်ပါ။သို့ရာတွင် အမှန်တရားသည် တက္ကဗေဒထက်ပို၍ တက္ကဗေဒ၏ အပေါ်တွင်တည်ပြီး တက္ကဗေဒကို ဝန်းရံထားပါသည်၊"

ဗုဒ္ဓဝါဒသည် ကမ္ဘာ့ဘာသာများအနက် ဆင်ခြင်တုံတရား

ကို အားအပေးဆုံးဖြစ်၏။ ဤအချက်ကို အရှေ့ပိုင်း၌ အတော်အတန်ရှင်းပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓဝါဒပါ အချက်အလက်များအားလုံးသည် ဆင်ခြင်တုံတရားနှင့် ကိုက်ညီသည်ဟူ၍ကားမဖြစ်နိုင်ပေ။ ဆင်ခြင်တုံတရားဖြင့် ထောက်ဆတိုင်းတာရန် မဖြစ်သည်တို့လည်း ဗုဒ္ဓဝါဒ၌အများအပြားပင်ရှိပေသည်။

ဣဿရဖန်ဆင်းရှင်ကိုအယူမရှိခြင်း၊ သဘာဝအပြင်ဘက်မှ ပုဂ္ဂိုလ်တဦးဦးအား ကိုးကွယ်မှုမပြုခြင်း၊ မြဲသော ဝိညာဉ်ကို လက်မခံခြင်း၊ ကိုယ်တိုင်ကြိုးပမ်းအားထုတ်မှုကို အလေးပေးခြင်းတို့၌ ဗုဒ္ဓဝါဒသည် ခေတ်အမီဆုံး သိပ္ပံပညာ၊ တက္ကဗေဒ၊ ဆင်ခြင်တုံတရားတို့နှင့် ကိုက်ညီပေ၏။ ဤအချက်ကိုယူ၍ အချို့ပုဂ္ဂိုလ်များကဗုဒ္ဓဝါဒကို ရုပ်ဝါဒအဖြစ် လိုရာဆွဲပြီး ဖော်ပြကြ၏။ အနောက်တိုင်းမှအချို့စာရေးဆရာများကလည်းဗုဒ္ဓဝါဒနှင့် ရုပ်ဝါဒအတူတူပင်ဖြစ်သည်ဟု ရေးသားပြောဆိုလေ့ ရှိကြ၏။

အမှန်အားဖြင့် ဗုဒ္ဓဝါဒသည် ရုပ်ဝါဒမဟုတ်ပေ။ ၎င်း၏ ထိပ်တိုက်ဆန့်ကျင်ဘက်သာတည်း။

ဗုဒ္ဓဝါဒသည် ရုပ်ဝါဒဖြစ်ဘိမူ ၎င်းဝါဒပါ အချက်အလက်များအားလုံးကို ရုပ်နည်းဖြင့် (သိပ္ပံပညာဖြင့်၊ တက္ကဗေဒဖြင့်) သက်သေပြ၍ ရနိုင်ရာသည်။ ဤသို့ကားမဟုတ်။ ဗုဒ္ဓဝါဒ၏ အရေးအကြီးဆုံးသောအခြေခံသဘောတရားတို့သည် လက်တွေ့သက်သေပြချက်အတွင်း၌ အကြုံးမဝင်ကြချေ။ ထိုသဘောတရားတို့ကား ဖြစ်နိုင်ချက်ပေါ်တွင်ကြည့်၍ ယုံကြည်မှုဖြင့် လက်ခံကြရလေသည်။ ဥဒါဟရုဏ်အားဖြင့် အောက်ပါတို့ကို ဖော်ပြလိုပေသည်။

(တတိယအကြိမ်)

(၁) ဗုဒ္ဓသည်သဗ္ဗညုတဉာဏ်ရှင်ဖြစ်သည်ဆိုသောအချက်။ သဗ္ဗညုတဉာဏ်ရှင် ဆိုသည်မှာ အရာရာကို သိနိုင်စွမ်းရှိသည်ဟု အဓိပ္ပာယ်ရှိ၏။ အရာရာကို သိနိုင်စွမ်းရှိသူဟူ၍ သိပ္ပံနယ်ပယ်၌ (သို့မဟုတ်) သာမန် လူသားနယ်ပယ်၌ မရှိချေ။ ထို့ကြောင့် ၎င်းကို သာမန်အသိဉာဏ်ဖြင့် လက်ခံခြင်း မပြုနိုင်ပေ။ အချို့က သဗ္ဗညုတဉာဏ်ရှိသလား။ ရှိယင် သက်သေပြပါဟု တောင်းဆိုကြ၏။

သဗ္ဗညုတဉာဏ်ရှိကြောင်း မည်သည့်နည်းနှင့်မျှ သက်သေပြ၍ မဖြစ်နိုင်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ဒြပ်ဝတ္ထုနယ်ပယ်၌ မရှိသောကြောင့်တည်း။သို့ဖြစ်လျှင် မည်သို့ယုံကြည်လက်ခံရမည်နည်း။ အထက်တွင် ဖော်ပြသည့်အတိုင်းသဗ္ဗညုတဉာဏ်၏ ဖြစ်နိုင်ချက်ကို လေ့လာရန်ဖြစ်၏။ ဗုဒ္ဓ ဟောကြားထားသော တရားဓမ္မများကို ကြည့်ပါ။ ဤမျှလေးနက်မှန်ကန်သော၊ ဤမျှစနစ်ကျသော တရားဓမ္မများကို သာမန်လူအနေဖြင့် ဟောပြောရန် ခဲယဉ်းလှ၏။ တဖန်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ကိုလည်း ကြည့်ပါဦး။ ဤမျှ ကြီးမားသော စွန့်လွှတ်မှုများကို ပြုလုပ်ရန်၊ ဤမျှခဲယဉ်းသော အကျင့်အကြံများကို ကျင့်ကြံရန်၊ ဤမျှ သိမ်မွေ့မွန်မြတ်သော ဘဝကို ထူထောင်ရန်၊ ဤမျှ ချိုသာနက်နဲသောစကားတို့ကိုပြောရန်၊ ဤမျှ ချစ်ခင်ကြင်နာသော စိတ်ထားကို မွေးမြူရန် သာမန် လူအတွက် မတတ်ကောင်းချေ။ ဤသို့သောအချက်အလက်များကို စဉ်းစားဝေဖန်၍ ဗုဒ္ဓသည် သာမန်လူတယောက် မဟုတ်ကြောင်း (သို့မဟုတ်) သဗ္ဗညုတဉာဏ်ရှင်ဖြစ်ကြောင်း (သို့မဟုတ်) ဘုရားစင်စစ်ဖြစ်ကြောင်း ယုံကြည်လက်ခံရလေသည်။

သဗ္ဗညုတဉာဏ်ကို သက်သေပြမှဗုဒ္ဓကိုယုံကြည်မည်ဆိုသော သူအတွက်ကား ကမ္ဘာပျက်သော်လည်း ယုံကြည်ရန် အခွင့် ရမည် မဟုတ်ပေ။

(၂) ကံ ကံ၏ အကျိုးရှိသည်ဆိုသောအချက်။ ဗုဒ္ဓ၏ကမ္မ သဘောတရားသည် သိပ္ပံပညာ၏ အကြောင်းအကျိုး တရားနှင့် ဆင်ဆင်တူသော်လည်း ထပ်တူညီမျှမဟုတ်ချေ။ ဗုဒ္ဓ၏ ကမ္မဝါဒ သည် ယခုရေတ်သီးစား ယခုရေတ်သီးစပ်သော သဘောတရား မဟုတ်။အကြောင်းတခုတွင် အကျိုးတရား ချက်ချင်းပေါ်သည် လည်းရှိသည်။ အချိန်ကြာမြင့်မှ ပေါ်သည်လည်းရှိသည်။ အချို့ အကြောင်းများ(အကြောင်းဆိုရာ၌ပြုမူချက်များကိုဆိုလိုသည်) သည် ယခုဘဝတွင်အကျိုးပေါ်ခွင့်မရသဖြင့် နောင်ဘဝတွင်မှ ပေါ်ရ၏။ထို့ကြောင့် ဗုဒ္ဓ၏ကမ္မဝါဒသည်ပုခက်နှင့်ခေါင်းကြား တွင်သာ နယ်သတ်ထားသော သဘောမဟုတ်။

ယခုရေတ်သီးစား ယခု ရေတ်သီးစပ်သောသဘောတရားကို လူတိုင်းနားလည်၏။ ယခုမီးခဲကိုင် ယခု မီးပူလောင်သော သဘောကို လူတိုင်းလက်ခံ၏။ ဗုဒ္ဓ၏ ကမ္မဝါဒကို သည်အတိုင်း ဆိုလျှင် လက်မခံနိုင်မည့်သူ ရှိမည်မဟုတ်။ သို့ရာတွင် သည် အတိုင်း မဟုတ်သည်ကား အထင်အရှားဖြစ်၏။ ဗုဒ္ဓသည် ယခု ဘဝတွင်သာ မူတည်သည်မဟုတ်။ ဘဝများစွာ၏ ဆက်လက် ဖြစ်ပေါ်မှု (သံသရာ)ကို အယူရှိသူသာတည်း။

ထိုသံသရာကို သက်သေပြနိုင်ပါသလော။ သက်သေဆိုရာ၌ သိပ္ပံပညာ အတုက တောင်းဆိုသော လက်ဆုပ်လက်ကိုင်ကား မပြနိုင်။ သိပ္ပံပညာဒဿနိက လိုလားသော ဖြစ်နိုင်ချက်သဘော

များကိုကား များစွာ ပြနိုင်၏။(နောက်တွင် ထင်ရှားလိမ့်မည်) ထိုဖြစ်နိုင်ချက် သဘောတို့ကို ဝေဖန် စောကြော၍ နောင်ဘဝကို ယုံကြည်လက်ခံရလေသည်။

နောင်ဘဝကို လက်ဆုပ်လက်ကိုင်ပြမှ ဗုဒ္ဓ၏ ကမ္မဝါဒကို ယုံကြည်မည်ဆိုသော သူအတွက်ကား ဓူဝံကြယ် မြေခသော်လည်း ယုံကြည်ရန် အခွင့်ရမည် မဟုတ်ချေ။

(၃) နိဗ္ဗာန်သည် အစစ်အမှန် ငြိမ်းအေးသော သုခ ဖြစ်သည်ဆိုသောအချက်။

နိဗ္ဗာန်သည် ဘုံတခု မဟုတ်။ မိမိ၏ အတွင်းသဏ္ဍာန်၌ ခံစားရသော သုခ ချမ်းသာဖြစ်သည်။ ဗုဒ္ဓ၏စကားဖြင့်ဆိုရလျှင် နိဗ္ဗာန်သည် တလံမျှရှိသော ဤခန္ဓာကိုယ် အတွင်း၌သာရှိသည်။ နိဗ္ဗာန်ရှိရာ အရပ်ဒေသသို့ဂြိုဟ်တုၤဒုံးပျံဖြင့်သွားရောက်ခြင်းငှာ မတတ်ကောင်းသကဲ့သို့ နိဗ္ဗာန်သဘော သဘာဝ အရောင်အဆင်း အနံ့အရသာတို့ကိုလည်း ဖန်ပြွန်အတွင်း ထုတ်ဖော်ပြသခြင်းငှာ မဖြစ်နိုင်ချေ။

ဗုဒ္ဓအဘိဓမ္မာအရ လူ့စိတ် မူလသဘောသည် ဖြူစင်ကြည်လင်နေ၏။ ထိုစိတ်ကို စေတသိက်တို့က အရောင်ဆိုးပေးသောကြောင့် နောက်ကျိညစ်ပေသွားရ၏။ တရားဘာဝနာ လေ့ကျင့်အားထုတ်မှု၏ ရည်ရွယ်ချက်သည် အဆိုပါ ညစ်ပေနေမှုများကို စင်ကြယ်အောင် ပွတ်တိုက်ဆေးကြောပစ်ရန်ဖြစ်သည်။

သာမန် လူသားတို့သည် နိဗ္ဗာန်၏အမြိုက်အရသာကိုခံစားဘူးခြင်း မရှိသဖြင့် နားလည်နိုင်မည် မဟုတ်သော်လည်းဆင်တူသဘောများကိုမူ သဘောပေါက်နိုင်ကြမည်ပသည်။ လူတိုင်း၏

စိတ်သည် လိုချင်တပ်မက်မှု (လောဘ)ကြောင့်လည်းကောင်း၊ အလိုမကျမှု (ဒေါသ)ကြောင့်လည်းကောင်း၊ အမြင်မမှန်ရမှု (မောဟ)ကြောင့်လည်းကောင်း၊ အချိန်ရှိသရွေ့ ဆင်းရဲပင်ပန်း ခံနေကြရ၏။ အဆိုပါ အကြောင်း(၃)ခုကို စိတ်တွင်းမှ နုတ်ပယ်ပစ်နိုင်သောအချိန်သည် (မည်မျှပင်တို တောင်းစေကာမူ) ငြိမ်းအေးမှုသုခနှင့် ပြည့်စုံလှပေသည်။ စိတ်ကို ညစ်ညူးစေသော ဤအကြောင်း (၃)ခုကို နုတ်ပယ်လိုက်လျှင်ပင် ဤမျှငြိမ်းအေးပါလျှင် အကြောင်းအားလုံးကိုနုတ်ပယ်ပစ်နိုင်သော အခြေအနေတွင် ရရှိမည့် ငြိမ်းအေးမှုကား ပြောဖွယ်မရှိပြီ။

မည်သည့်ဘာသာတွင်မဆို စိတ်၏ ငြိမ်းအေးမှုနှင့် ပတ်သက်၍ သဘောတရားနှင့် ကျင့်စဉ်များရှိကြ၏။ အတိုအကျဉ်းကိုသာ ဖော်ပြပါမည်။

ဟိန္ဒူဘာသာအရ လူတိုင်း၏ ရုပ်ခန္ဓာအတွင်း၌ အတ္တတခုစီ ရှိကြ၏။ ထိုအတ္တသည် ဖန်ဆင်းရှင် (ဗြဟ္မာ) အစိတ်အပိုင်းဖြစ်သဖြင့် ဖြူစင်ငြိမ်းအေးသောသဘောရှိ၏။ သို့ရာတွင်ထိုအတ္တမှာ ကိလေသာ အညစ်အကြေးတို့ဖြင့် ပေကျံနေသဖြင့် မိမိ၏ မူလသဘောကွယ်ပျောက်သွား၏။ ထိုကိလေသာတို့ကိုပယ်ဖြတ်သုတ်သင်လိုက်သောအခါ အတ္တသည် မူရင်းဗြဟ္မာနှင့် ပူးပေါင်းသွားပြီး ဖြူစင်ငြိမ်းအေးသောအဖြစ်သို့ ရောက်ရှိသွားလေသည်။

ဇိန (ဂျိမ်း) ဘာသာအရ အတ္တသည် ရုပ်နှင့်ရောထွေး နှောင်ဖွဲ့မိသဖြင့် ဒုက္ခဆင်းရဲမျိုးစုံကို ခံစားရ၏။ အတ္တသည် ရုပ် (ကိလေသာ)မှ လွတ်သောအခါ လွတ်လပ်ခြင်း၊ ငြိမ်းအေးခြင်း၊ ဖြူစင်ခြင်းစသော ဂုဏ်တို့ ပေါ်လွင်လာသည်။

ခရစ်ယာန်ဘာသာနှင့်အစ္စလာမ်ဘာသာအရလူသည် မိမိ၏ အဘ ဘုရားသခင်(ဂေါ့ဒ်၊ခိုဒါ)အား ချစ်ခင်ကြည်ညိုပြင်းပြစွာဖြင့် ဆုတောင်းပတ္ထနာများပြုခြင်း၊ ဘုရားသခင် ပြဋ္ဌာန်းထားသောကျင့်ဝတ်များအတိုင်း ကျင့်ကြံနေထိုင်ခြင်းတို့ဖြင့် မိမိ၏ အတွင်းစိတ်သန္တာန်ကို ဖြူစင်အောင်ပြုသင့်၏။ ထိုသို့ဖြူစင်ပြီးသောစိတ်သည် ဘုရားသခင်၏ကယ်တင်ခြင်းကိုခံယူရလေသည်။

အဆိုပါသဘောတရားနှင့် ကျင့်စဉ်များကို လေ့လာကျင့်ကြံသောဘာသာဝင်တို့သည် အနည်းနှင့်အများ စိတ်၏ငြိမ်းအေးမှုကိုရရှိကြ၏။ ထိုသို့ဖြစ်ခြင်းမှာ စိတ်ကို ကိလေသာတို့ဖြင့်မစပ်ယှက်စေပဲ ထားနိုင်သောကြောင့် ဖြစ်၏။ စိတ်သည် ကိလေသာအညစ်အကြေးနည်းလေလေ မူလသဘောဖြစ်သော ငြိမ်းအေးကြည်လင်မှုမှာ ပေါ်လွင်လေလေဖြစ်၏။ ဤသို့သောခံစားရမှုများကိုဝိညာဏအတွေ့အကြုံ(**SPIRITUAL EXPEREINCE**) ဟု ခေါ်ကြလေသည်။

"စိတ်သည် ရုပ်တရားနာမ်တရားတို့၏ ရှေ့ဆောင်ကြီးမှူးဖန်တီးသူဖြစ်၏။ အကြင်သူသည် မကောင်း ယုတ်မာသော စိတ်ဖြင့် ပြုသော်လည်းကောင်း၊ ပြောသော်လည်းကောင်း၊ လှည်းဘီးသည် နွား၏ ခြေရာနောက်သို့ လိုက်သကဲ့သို့ ဆင်းရဲခြင်းသည်ထိုသူ၏နောက်သို့ထက်ကြပ်မကွာလိုက်လေ၏"(ဓမ္မပဒ ၁)

ဤသို့သဘောရှိသော စိတ်ကို ချုပ်ထိန်းခြင်းသည် ချမ်းသာသုခကို ဖြစ်စေ၏။ ငြိမ်းအေးမှုကို ဖြစ်စေ၏။ ထို့ကြောင့် ဗုဒ္ဓက ဤသို့ ဟောကြားထား၏။

"နှိမ်နင်းရန် ခဲယဉ်းထသော၊ လျင်မြန်ထသော၊ မိမိတို့အလိုရှိရာ အာရုံတို့၌ သက်ရောက်ကျရောက်စားလေ့ရှိထသောစိတ်

ကို နှိမ်နင်းသောသူကား မြတ်၏။ နှိမ်နင်းထားသောစိတ်သည် ချမ်းသာကိုဆောင်၏။" (ဓမ္မပဒ_၃၅)

နိဗ္ဗာန်ကို လက်ဆုပ်လက်ကိုင် ပြသခြင်း မပြုနိုင်သော်လည်း ၎င်း၏ ဖြစ်နိုင်သောသဘောသဘာဝတို့ကိုမူအထက်ပါအတိုင်း ဆင်ခြင်မျှော်ဆ ကြည့်နိုင်လေသည်။ဤသို့မျှော်ဆကြည့်ခြင်းဖြင့် ကိလေသာ အညစ်အကြေးတို့မှ အပဖြစ်သောစိတ်ကြောင့်ရအပ် သည့်ချမ်းသာသုခသည်နိဗ္ဗာန်ပင်တည်းဟုဘဝင်ကျကျလက်ခံနိုင် ပေသည်။နိဗ္ဗာန်ကိုမျက်စိဖြင့်မြင်ရမှ ဗုဒ္ဓဝါဒကို ယုံကြည်မည်ဆို သောသူအတွက်ကား တောင်ထိပ်ကြာပေါက်၊ အနောက်နေ ထွက်သော်လည်း ယုံကြည်ရန် အခွင့်ရမည် မဟုတ်ချေ။

ဗုဒ္ဓသည် ဆင်ခြင်တုံတရားကို လက်ကိုင်ပြုရန် ကာလမ အမျိုးသားတို့အား ဟောကြားခဲ့သည်မှာ မှန်၏။ သို့ရာတွင် ဤအကိုးအကားကိုသာ ဘုရားဟောလုပ်ပြီး ဗုဒ္ဓက အရာရာကို လက်တွေ့မျက်တွေ့ သက်သေပြနိုင်မှယုံကြဟု ဟောခဲ့သယောင် ယောင် ရေးသားခြင်းမှာကား ဗုဒ္ဓဝါဒကို အမှန်အတိုင်းဖော်ပြ ရာမရောက်ချေ။ ဗုဒ္ဓက ဆင်ခြင်တုံတရား အကြောင်းကို ဟောသည့်နည်းတူ ယုံကြည်မှု အကြောင်းကိုလည်း မကြာခဏ ဟောခဲ့ပေသည်။

ဆင်ခြင်တုံတရားနှင့် လိုက်၍မမီသည်တို့ကို ယုံကြည်မှုဖြင့် လက်ခံရန်ဖြစ်သည်။ မိမိကိုယ်တိုင် မတွေ့သေး၊ မသိသေးသော် လည်းသူတပါးတို့ တွေ့နေ သိနေခြင်းကို ကြည့်၍လည်းယုံကြည် နိုင်၏။ဤသည်ကို ရည်၍ မိလိန္ဒပဉှာ၌ ဤသို့ပြဆိုထား၏။

"မင်းမြတ်၊ ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည် တပါးသော သူတို့၏ ကိလေသာမှ လွတ်လပ်သောစိတ်ကို ရှုမြင်၍ သောတာပတ္တိဖိုလ်၌ လည်းကောင်း၊ သကဒါဂါမိ ဖိုလ်၌ လည်းကောင်း၊ အနာဂါမိဖိုလ်၌လည်းကောင်း၊ အရဟတ္တဖိုလ်၌လည်းကောင်း ကောင်းစွာ ပြေးဝင်ယုံကြည်၏။ မရောက်သေးသော မဂ်ဖိုလ်သို့ရောက်ခြင်းငှာ၊ မရသေးသောမဂ်ဖိုလ်ကိုရခြင်းငှာ၊မျက်မှောက်မပြုရသေးသောမဂ်ဖိုလ်ကိုမျက်မှောက်ပြုရခြင်းငှာ အားတက်မှုကို ပြုလုပ်၏" (သမ္ပက္ခန္ဒနလက္ခဏာသဒ္ဓါပညာ)

ယုံကြည်မှုသည် လူသားများအား များစွာသော တိုးတက်မှုတို့ကို ရရှိစေခဲ့၏။ တိုင်းပြည်နိုင်ငံ အသီးသီးတွင် ယုံကြည်မှုကိုယ်စီဖြင့်ဝါဒစီမံကိန်းများ ချမှတ်၍ တိုးတက်ကြီးပွားအောင် ကြိုးစားကြရမည်။ မြန်မာနိုင်ငံတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် ပြည်သူတရပ်လုံး သာယာဝပြောသော လူ့ဘောင်သစ်တရပ်ကို ထူထောင်နေ၏။ ဤတွင် သာယာဝပြောသောခေတ်သို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် ရောက်စေနိုင်သည်ဆိုသော ယုံကြည်မှုသည် အခြေခံ အင်အားဖြစ်၏။ မမြင်ရသေးသော အနာဂတ်ကို ယုံကြည်မှုဖြင့် ကြိုးပမ်းလုပ်ကိုင်မှုသည် လူသား၏ တိုးတက်မှု လမ်းကြောင်းကြီးဖြစ်ပေသည်။

"လူသား၏ အင်အားနှင့် စွမ်းအင် မှန်သမျှသည် သူ၏ ယုံကြည်မှုကြောင့် ရရှိခြင်းဖြစ်၏။ ယုံကြည်မှုရှိသူသည် သန်စွမ်း၏။ သံသယရှိသူသည် ချိနဲ့၏။ ခိုင်မာသော ယုံကြည်မှုသည် ကြီးကျယ်သော ဆောင်ရွက်ချက်များ၏ ရှေ့ပြေးပေတည်း။"

(ရော်ဘတ်မ်ကလင်စ်)

လက်တွေ့ ဘဝတွင် ကြီးမားသော လုပ်ငန်းများသည် ယုံကြည်မှုတွင်သာ အခြေခံပြုကြပေသည်။ (စခဲလ်ဂျိလ်)

ဗုဒ္ဓဝါဒတွင် အများ ထင်သကဲ့သို့ ဆင်ခြင်တုံတရားနှင့် ယုံကြည်မှုတို့၏ ပဋိပက္ခများမရှိချေ။ ဗုဒ္ဓသည် နှစ်ခုစလုံးကို မျှတသုံးစွဲရန် ဆုံးမခဲ့၏။ ဆင်ခြင်တုံတရားဖြင့် ခွဲခြမ်းစိတ်ဖြာနိုင်သည်တို့ကို ခွဲခြမ်းစိတ်ဖြာကြည့်ရာ၏။ ထိုသို့ ခွဲခြမ်းစိတ်ဖြာခြင်း မပြုနိုင်သည်တို့ကိုကား ဖြစ်နိုင်ချက် အပေါ်တွင် မူတည်၍ ယုံကြည်မှုဖြင့် လက်ခံကြရန် ဖြစ်ပေသတည်း။

## အခန်း ခြောက်

# အနိစ္စနှင့် ဒုက္ခ

လူသားအား မျှော်လင့်ချက် အပေးဆုံးအချိန်မှာ ၂၀ ရာစုခေတ်အစပိုင်းပင်ဖြစ်သည်။ ထိုအချိန်တွင် ကမ္ဘာသည် တည်ငြိမ်အေးဆေးနေ၏။ ဆက်လက်၍လည်း ငြိမ်းအေးမည့် လက္ခဏာများကို တွေ့ရ၏။ လူပေါင်းများစွာတို့ကစစ်ဟူသော ဝေါဟာရသည် လူရိုင်းခေတ်အတွင်းကသာ သုံးခဲ့သော ပေါရာဏတခုအဖြစ် ထင်မှတ်ကြလေသည်။ ရှေ့သို့ မျှော်ကြည့်လေသော် လူသားသည် ငြိမ်းအေးသာယာ၍ အတိုင်းအဆမရှိ ဖွံ့ဖြိုးတိုးတက်သော ရွှေခေတ်သို့ မကြာမတင် ရောက်ရတော့မည်ဟု မျှော်လင့်ချက် ထားကြလေသည်။

လူ့အသိဉာဏ်တိုးတက်မှုအတွက် မျှော်လင့်ချက်၊ ပညာရေးတိုးတက်မှုအတွက် မျှော်လင့်ချက်၊ ယဉ်ကျေးမှု တိုးတက်မှုအတွက် မျှော်လင့်ချက်၊ သိပ္ပံပညာ ဝိဇ္ဇာပညာတို့ တိုးတက်မှုအတွက် မျှော်လင့်ချက်၊ ဆေးပညာ တိုးတက်မှုအတွက် မျှော်လင့်ချက် (အတိုချုပ်ဆိုရလျှင်) လူသား၏ အနာဂတ်အတွက် မျှော်လင့်ချက်သည် ရှေ့ရေးကို စဉ်းစားသူတိုင်း ဦးနှောက်ကို စိုးမိုးနေ၏။ ဤမျှော်လင့်ချက်ကို ခိုင်မာစေရန် တိုးတက်မှုများ

ကလည်း မျက်စိအောက်မှာပင် တခုပြီးတခု တဆင့်ပြီးတဆင့် ပေါ်ပေါက်လာနေပေ၏။ နှစ်စဉ်နှစ်တိုင်းပင် စက်မှုလုပ်ငန်း၏ အံ့သြဖွယ်များကို တွေ့မြင်ကြရ၏။ ဆီမီးများနေရာတွင် ဓာတ်ငွေ့မီးများက အစားဝင်ခဲ့၏။ ဓာတ်ငွေ့မီးများအစား လျှပ်စစ်မီးများပေါ်လာ၏။ လမ်းပေါ်တွင် မော်တော်ကားများ ဥဒဟို ပြေးနေကြ၏။ လေယာဉ်ပျံဟုခေါ်ကြသော အရာဝတ္ထုသည် မိုးကောင်းကင်သို့ ပျံတက်သွား၏။ အရှိန်နှုန်းတိုးတက်နေသော ရထားတို့သည် မြေပြင်၏ အကွာအဝေးကို ချုံ့ပစ်လိုက်၏။ မြို့များတွင် တယ်လီဖုန်းခေါ်သံများ ဆူညံနေ၏။ မာကိုနီသည် ကြိုးမဲ့ကြေးနန်းကို တီထွင်အောင်မြင်ပြန်၏။

ရှေ့ဆက်၍ များစွာတိုးတက်ရန် ရှိသေးသည်ဟု လူတို့က ပြောကြ၏။ သိပ္ပံဆရာတို့၏ဦးနှောက်နှင့် စမ်းသပ်ခန်းအတွင်းမှ ရရှိသော အဖြေများကို လူ့ဘောင်သို့ ချပြီး အသုံးပြုပါက အနာဂတ်သည် သည့်ထက်တိုးတက်လာလိမ့်ဦးမည်ဟု ဆိုကြ၏။ လူတို့ သန်းပေါင်းများစွာ ချီ၍ ထားခဲ့သော "စိတ်ကူးယဉ် အိပ်မက်"ကို ၂၀ ရာစု သိပ္ပံပညာက လက်တွေ့ အကောင်အထည် ဖော်ပေးသည့်နှယ်ရှိပေ၏။ မြေပေါ်တွင် ကောင်းကင်ဘုံပေါ်ပေါက်ရန် အချိန်နီးပြီဟု ယူဆရ၏။ ပင်လယ်မှ၊ နေမှ၊ အရာဝတ္ထုမှ ထုတ်ဖော်၍ ရသော စွမ်းအင်တို့ကို လူတို့က အသုံးချရန်ဖြစ်၏။ သဘာဝကို လူသားက ချုပ်ကိုင်ဖမ်းဆီး၍ အစေခံပြုရန် ဖြစ်၏။ ထိုအချိန်တွင် လူ၏ဘဝ တည်ရှိမှုအတွက် ရုန်းကန်ရခြင်းသည် ပြီးဆုံးခြင်းသို့ ရောက်လိမ့်မည်။ ဆင်းရဲခြင်း၊ နာကျင်ခြင်း၊ ဝမ်းနည်းခြင်းတို့သည်

ဝတ္ထုစာအုပ် အတွင်းမှ စကားလုံးများသာ ဖြစ်ကြလိမ့်မည်။ မည်သည့်အရာမဆို ခလုတ်ကိုနှိပ်ရုံဖြင့်ရနိုင်သော ထိုခေတ်တွင် လူသားသည် ပင်ပန်းသော အလုပ်အကိုင် ထမ်းပိုးမှ လုံးဝ ကျွတ်လွတ်ပေတော့မည်။

ဤစိတ်ကူးများကို သိပ္ပံပညာက များစွာ ဖြည့်ဆည်းပေး ခဲ့၏။ လူတို့ထင်သည်ထက် ပို၍ စောစီးစွာပင် ဖြည့်ဆည်းပေး ခဲ့၏။ ၁၉၀၀ ပြည့်နှစ်တွင် ထုတ်ဝေသော(မျှော်လင့်ခြင်းများ) အမည်ရှိ စာတမ်းတွင် ကမ္ဘာကျော် စာရေးဆရာကြီး အိပ်ချ် ဂျီဝဲလ်က သိပ္ပံပညာနှင့်ပတ်သက်၍ များစွာသော အချက်တို့ကို နိမိတ်ဖတ်ခဲ့၏။ ထိုနိမိတ်ဖတ်ချက်တို့မှာ အံ့သြဖွယ် ကောင်း လောက်အောင် မှန်ကန်လာသည်ကို တွေ့ရပေသည်။သို့ရာတွင် သူက ထိုနိမိတ်ဖတ်ချက်များသည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် လောက်မှ ဖြစ်နိုင်မည်ဟု ဆိုခဲ့လေသည်။ သိပ္ပံပညာက သူ၏ နိမိတ်ဖတ်ချက်များကို သူထင်သည်ထက် နှစ် (၅၀) စော၍ အကောင်အထည်ဖော်စေခဲ့၏။ ဤမျှမကသေး သူက လက်တွေ့ မဖြစ်နိုင်ဟု အထင်ရှိခဲ့သော လေယာဉ်ပျံကိုလည်း တီထွင်နိုင် ခဲ့၏။ သူလုံးဝမပြောခဲ့သော အနုမြူစွမ်းအင်ကိုလည်း ရှာဖွေ အသုံးချနိုင်ခဲ့၏။ အတိုချုပ်အားဖြင့်ကား သိပ္ပံပညာသည် လူ သား၏ အစေအပါးကောင်း ပီသစွာ လူ့အကျိုးစီးပွားအတွက် များစွာသော အရာဝတ္ထုများကို အပတ်တကုတ် ကြံဆ၍ ထုတ်လုပ်ပေးခဲ့လေသည်။

သိပ္ပံပညာ၏ ကျေးဇူးကြောင့် ရာစုနှစ်ဝက်လောက်အတွင်း မှာပင် လူသားသည် များစွာသော စွမ်းပကားကို ရရှိလာ

ခဲ့၏။ သူသည် မြင်းကောင်ရေ ထောင်ပေါင်း များစွာ၏ အင်အားကို ပိုင်ဆိုင်လာ၏။ သူ၏ အံ့ဩဖွယ်ကောင်းသော ကိရိယာများကြောင့်သူသည် ဒဏ္ဍာရီထဲမှ ဘီလူးကြီးများထက် ပင် ပို၍ သန်စွမ်းလာ၏။ သူ၏ယာဉ်များသည် လေထက်ပင် မြန်စွာ သွားလာနိုင်၏။ သူ၏လက်နက်များသည် အသံထက် ပင် အဟုန်ပြင်းစွာ ပစ်ခတ်နိုင်၏။ သူ့တွင် မြေကြီးအတွင်း မိုင်ပေါင်းများစွာ တူးဆွနိုင်သော ဆူးတောင်များရှိလာ၏။ လူ၏ဘဝသည် ရှေးစကားများတွင်ပါသော နတ်ဘုံနတ်နန်း များနှင့် တူလာပေသည်။

လူသားတို့၏ မျှော်လင့်ချက်ကို ထောက်ခံအားပေးသော တွေးခေါ်ရှင်တို့လည်း ၁၈ ရာစုခေတ်ကပင် ပေါ်ပေါက်လာ ခဲ့၏။ ၎င်းတို့၏ဝါဒကို အကောင်းဘက်သာကြည့်သော သဘော တရားဟု ခေါ်ကြလေသည်။ ၎င်းတို့က လူ့ဘဝသည် ဆင်းရဲ ပင်ပန်း နာကျင်မှုများနှင့် ပြည့်နှက်လျက်ရှိကြောင်း အသိ အမှတ်ပြုကြ၏။ သို့ရာတွင် ၎င်းပင်ပန်းဆင်းရဲခြင်းမှ ချမ်းသာ ခြင်းသို့ရောက်အောင် လူ့လုံ့လပယောဂဖြင့် ကြိုးပမ်းပြုပြင် နိုင်ပေသည်။ လူသည် သူ့ကိုယ်သူ ကယ်တင်ရမည် ဖြစ်၏။ လူသည် သူ၏ အရှင်သခင်ဖြစ်၏။ ဤတွေးခေါ်ရှင်များက လူ သည် ဆင်ခြင်တုံတရားရှိသောသူဖြစ်သဖြင့် သဘာဝအားဖြင့် စိတ်ရင်းကောင်းရှိသည်ဟု ယူဆကြ၏။ သိပ္ပံပညာ တိုးတက် လာသည်နှင့်အမျှ လူ့အသိဉာဏ်သည်လည်း တိုးတက်လာပြီး ဆင်းရဲပင်ပန်းခြင်း၊ ပဋိပက္ခဖြစ်ခြင်း၊ စစ်ခင်း သတ်ဖြတ်ခြင်းတို့ သည် လူ့ဘောင်မှ အပြီးသတ် ပျောက်ကွယ်သွားကြလိမ့်မည် ဟု ၎င်းတို့က အယူရှိကြလေသည်။

သိပ္ပံပညာဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်လိမ့်မည်ဟု မျှော်လင့်ကြသူများနှင့် လူသားအား ဆင်ခြင်တုံတရားရှိသည်ဟု ထင်ကြသူများအား ကြီးစွာတုန်လှုပ်ချောက်ချားစေသည်ကား ၁၉၁၄ ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခြင်းပင်တည်း။ ဆင်ခြင်တုံတရားရှိသော လူသားတို့သည် တဦးနှင့်တဦး သတ်ဖြတ်သုတ်သင်ကြ၏။ တဦး၏နယ်ပယ်ကို တဦးက လုယက်ယူငင်ကြ၏။ စစ်မြေပြင်တို့၌ သွေးချောင်းစီးသွား၏။ အရိုးတောင်လိုပုံနေ၏။ ရိုးရိုး မီးလျှံများသည် ကောင်းကင်ဘုံသို့ ထိုးဖောက်သွား၏။ အပြစ်မဲ့သော ပြည်သူပြည်သားများသည် သန်းချီ၍ သေကြေကြ၏။ စစ်ပြီးသော အခါတွင် တပ်မကြီး ၃ ခုကျန်ခဲ့၏။ ၎င်းတို့ကား (၁)အလုပ်လက်မဲ့တပ်မ (၂)အကျိုးအကန်း တပ်မနှင့် (၃)လင်သေသားသေ မုဆိုးမတို့၏ တပ်မများပင်တည်း။

အနိဋ္ဌာရုံတို့သည် အကောင်းကိုသာ မျှော်လင့်ခဲ့သော ပုဂ္ဂိုလ်များ၏ နှလုံးဆိုင်ကို ဆွဲကိုင်မွှေ့ယမ်းလိုက်၏။ လေးနက်သော မေးခွန်းများသည် သူတို့၏ဦးနှောက်ကို တီးခေါက်ကြလေတော့သည်။ သိပ္ပံပညာက လူ့ဘောင်ကို နတ်ဘုံနတ်နန်းဖြစ်အောင် ဖန်တီးလိမ့်မည်ဆိုသည်မှာ မှန်ပါသလော။ လူသည် ဆင်ခြင်တုံတရားနှင့် တကယ်ပြည့်ဝပါ၏လော။

စစ်ပြီးခေတ်အခြေအနေတို့က လူသည် ဆင်ခြင်တုံတရားနှင့် မပြည့်ဝကြောင်း ကောင်းစွာ ပြသခဲ့၏။ စစ်နိုင်သော နိုင်ငံများသည် စစ်ရှုံးသော ဂျာမနီပြည်အား ဝိုင်းဝန်းဖိနှိပ်ကြသည်။ ဗာဆေးစာချုပ်ချုပ်ယူ၍ အခွင့်အရေးများစွာ တောင်း

ယူကြ၏။ ဂျာမနီကိုနာလန်မထူနိုင်အောင် ညှစ်ဖျစ်ကြ၏။ နိုင်ငံပေါင်းစုံ အသင်းကြီးကလည်း ဗာဆေးစာချုပ်ကို ပြုပြင်မပေးနိုင်ခဲ့ပေ။ တဘက်တွင်လည်း သန်းပေါင်းများစွာသော လူသားတို့မှာ ဆင်းရဲမွဲတေနေ၏။ စားရမဲ့သောက်ရမဲ့ တော်ပြတ်နေကြ၏။ ရောဂါဘယ ထူပြောလှ၏။ ပညာမဲ့ခြင်း လွှမ်းမိုးနေ၏။ ဤအချက်တို့ကိုမူ မည်သူမျှပြုပြင်ရန် မကြိုးစားခဲ့ချေ။

ဤသို့မပြုပြင်နိုင်သောကြောင့်လည်း ဆင်းရဲတော်မွတ်သော လူတို့သည် ဟစ်တလာနှင့် အပေါင်းပါတို့နောက်သို့ လိုက်ကြကုန်၏။ အန္တရာယ်ကြီးမားသော အယူဝါဒတို့၏ ကျေးကျွန်ဖြစ်ကြကုန်၏။ ရလဒ်ကား အထူးပြောဖွယ်မလိုပြီ။ ဒုတိယကမ္ဘာစစ်သည် ပထမကမ္ဘာစစ်ထက် ပို၍ကျယ်ပြန့်၏။ ပို၍သေကြေကြ၏။ ပို၍ ပျက်စီးကြ၏။ နော်မန်ကားဆင်း(စ်)၏တွက်ပြချက်အရ ဟစ်တလာရေးသော (မိန်းကင့်ဖ်)စာအုပ်ပါ စာလုံးတလုံးအတွက် လူပေါင်း (၁၂၅) ယောက် သေကြရ၏။ တမျက်နှာအတွက် လူပေါင်း (၄၇၀၀)သေကြေကြ၏။တခန်းအတွက် လူပေါင်း(၁၂၀၀၀၀၀) သေကြေရ၏။

ဤသို့ ဒုတိယကမ္ဘာစစ်ကြီးနှစ်ကြိမ်ဖြစ်ပွားရပြီးနောက်ဤမျှအတိဒုက္ခ ရောက်ခဲ့ရပြီဖြစ်သော်လည်း စစ်သည် လူ့လောကမှ မကွယ်ပျောက်သေးချေ။ မဖြစ်သေးသော တတိယကမ္ဘာစစ်ကို ကြောက်ရွံ့နေရသည့်အထဲမှာပင် ဖြစ်ပွားနေသော ဒေသလိုက် ကန့်သတ်စစ်ပွဲများကြောင့် နေ့စဉ်နှင့်အမျှ သေကြေပျက်စီးနေကြရ၏။ တဘက်တွင်လည်း လူများစု၏ ဆင်းရဲတော်မွတ်မှု၊ အသိပညာ ကင်းမဲ့မှုတို့မှာ သည်းထန်လှလေသည်။

လူသားတို့သည် ရာဇဝင် သင်ခန်းစာများကို ဆင်ခြင်၍ ယခု တွေ့နေရသော အခက်အခဲများကို ညီညွတ်စွာ စုပေါင်း ဖြေရှင်းသင့်ပါလျက် ထိုသို့ မပြုနိုင်ကြပေ။

လူ့လောက၌ မကောင်းသည်၊ မသင့်သည်တို့ကို လူသားတို့က ငြိမ်းအေးသာယာစွာ ပြောင်းလဲပြုပြင်နိုင်ပါက၊ လူ့ယဉ်ကျေးမှုသည် တိုးတက်ရ၏။ ထိုသို့ မပြုပြင်နိုင်ပါက ဆူပူလှုပ်ရှားခြင်း၊ အကြမ်းဖက်ခြင်း၊ သွေးထွက်သံယို ဖြစ်ခြင်းတို့ ပေါ်ပေါက်လာရ၏။ ပထမနှင့် ဒုတိယစစ်တို့ မဖြစ်မီ အချိန်များတွင် လူ့လောက၌ ဆင်းရဲငတ်မွတ်မှု၊ ပညာမဲ့မှုတို့ သည်းထန်လှ၏။ သို့ရာတွင် ၎င်းတို့ကို လူသားတို့က ပူးပေါင်းညီညွတ်စွာ မဖြေရှင်းနိုင်ခဲ့ကြပေ။ သို့ မဖြေရှင်းနိုင်သဖြင့် လူပေါင်းများစွာတို့သည် စစ်ကိုထွက်ပေါက်အဖြစ် မိုက်မဲစွာ အားကိုးအားထား ပြုခဲ့ကြလေသည်။ ဤကား မဖောက်မပြန် မှန်ကန်စွာ ဖြစ်လေ့ရှိသော သမိုင်း၏ နိယာမ တရပ်ပေတည်း။

ယနေ့ခေတ် အခြေအနေတို့က လူတို့၏ တွေးခေါ်ယူဆပုံကို အခြေခံမှစ၍ ပြောင်းလဲရန် လိုအပ်နေပြီ ဖြစ်ကြောင်း ကျယ်လောင်စွာ သတိပေးလျက် ရှိလေသည်။ လူသည် မိမိ၏ တကိုယ်တည်း အတွက်သာ စဉ်းစားနေ၍ မဖြစ်နိုင်တော့ကြောင်း တနေ့တခြား ထင်ရှားလာပေ၏။ ယနေ့အခါတွင် မည်သည့်ပုဂ္ဂိုလ်မျှ သီးခြားကင်းလွတ်စွာ ရပ်တည်ခြင်းငှာ မဖြစ်နိုင်တော့ပေ။ အပြည်ပြည်၏ ဖြစ်ရပ်နှင့် အခြေအနေတို့သည် မွေးကင်းစကလေးငယ်မှသည် သေခါနီးအဘွားအို၊ အဘိုးအိုတို့အထိ အားလုံးအပေါ် တနည်းမဟုတ်တနည်း ဩဇာသက်ရောက်

နေပေ၏။ ထို့ကြောင့် ယနေ့ကာလတွင် အသိဉာဏ်ရှိသူ မှန်သမျှသည် ငါ့သား၊ ငါ့မယား၊ ငါ့ရပ်၊ ငါ့ရွာ၊ ငါ့လူမျိုး၊ ငါ့တိုင်းပြည်တို့လောက်သာ စဉ်းစား၍ မဖြစ်တော့ပေ။ ကမ္ဘာသည် အိမ်ထောင်စုကြီးတခုသဖွယ် ဖြစ်လာ၏။ အိမ်ထောင်စုသားတယောက်၏ ပြဿနာသည် အိမ်ထောင်စုဝင် အားလုံး၏ ပြဿနာတည်း။

ယနေ့ ကမ္ဘာသည် နယ်ချဲ့ခြင်း၊ လောဘရမ္မက်ကြီးခြင်း၊ ဖိစီးနှိပ်စက်ခြင်း၊ အကောက်ကြံခြင်း၊ လိမ်လည်လှည့်ဖြားခြင်းတို့ကို မလိုလားတော့ပေ။ လူသားအားလုံး၏ ငြိမ်းချမ်းပျော်ရွှင်ရေးအတွက် တဦးနှင့်တဦးနားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ခြင်းကိုသာ တမ်းတပေသည်။ ထိုတမ်းတချက်ကို ဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ စစ်သည် ဝေးသွားပေလိမ့်မည်။ ထိုတမ်းတချက်ကို ဖြည့်ဆည်းမပေးနိုင်သည်နှင့်အမျှ စစ်သည် နီးလာပေလိမ့်မည်။

လူ့သမိုင်းကို ငဲ့စောင်းကြည့်လိုက်လျှင် လူသားအဖို့ ချမ်းသာသော အကွက်သည် ဆင်းရဲသောအကွက်နှင့် မယှဉ်သာအောင် နည်းလှကြောင်း တွေ့ရမည်ဖြစ်၏။

လူ့သမိုင်းဟူသည် လူတို့၏သွေး၊ ချွေး၊ မျက်ရည် တို့ဖြင့် ရေးသားရခြင်း ဖြစ်သည်ဟုဆိုသော် လျော်ကန်သည်သာဖြစ်၏။ လူ့သမိုင်းဟူသည် ဒုက္ခ၏ သမိုင်းပင်တည်းဟုဆိုသော် သင့်မြတ်သည်သာဖြစ်၏။ လူပေါ်စ အခြေတွင် လူသားအား ရေ၊ မီး၊ သားရဲတိရစ္ဆာန်၊ ငလျင်၊ မိုးကြိုးစသော သဘာဝ အင်အားစုတို့က ဖိစီးနှိပ်စက်ခဲ့၏။ ထို့နောက်တဖန် အသိုက်အဝန်းနှင့်

(တတိယအကြိမ်)

နေတက်လာသော အခြေတွင်လည်း ကြီးနိုင်ငယ်ညှဉ်းဝါဒအရ အချင်းချင်း နှိပ်စက်ညှဉ်းပန်းကြ၏။ ထို့နောက် တဖန် မြို့ပြ ပြည်ရွာများ ပေါ်ထွန်းလာသော အခါတွင်လည်း စစ်ဘေး စစ်ဒဏ်များကြောင့် ပျက်စီးဆုံးရှုံးကြရ၏။

လွန်ခဲ့သော ငါးနှစ်လောက်က နော်ဝေးပြည်မှ စာရင်း အင်း တွက်ချက်သောစက်ဖြင့်တွက်ကြည့်ရာ နှစ်ပေါင်း ၅၅၆၀ အတွင်း စစ်ပွဲပေါင်း ၁၄၅၃၁ ပွဲဖြစ်ပွားခဲ့ကြောင်း တွေ့ရှိ လေသည်။ ပျမ်းမျှခြင်းအားဖြင့် တနှစ်လျှင် စစ်ပွဲပေါင်း ၂ ဒသမ ၆၁၃၅ ပွဲ ဖြစ်လေသည်။ ၁၉၄၅ ခုနှစ်မှ ၁၉၆၅ ခု နှစ်အထိ နှစ်ပေါင်း ၂၀ အတွင်း ဖြစ်ပွားသော စစ်ပွဲပေါင်း မှာ ၄၀ တိတိ ဖြစ်လေသည်။

သမိုင်းစာအုပ်ကို တရွက်ချင်းလှန်ကြည့်ပါက ရှေးဟောင်း လူမျိုးများအကြောင်း ရေးသားထားသည်ကို တွေ့ရလိမ့်မည်။ အီဂျစ်တို့၏ ခမ်းနားပုံများ၊ ဘေဘီလုံတို့၏ ထယ်ဝါပုံများ၊ အဆီးရီးယားတို့၏ရဲရင့်ပုံများ၊ မီးဒီးနှင့် ပါရှန်တို့၏ ကြီးကျယ် ပုံများ၊ တရုတ်တို့၏ယဉ်ကျေးပုံများ၊ အာရိယန်တို့၏ နက်နဲပုံ များ၊ ဖိနီရှန်တို့၏ စွန့်စားပုံများ၊ ခေါမတို့၏ အတွေးအခေါ် များ၊ ရောမတို့၏ အင်ပါယာများ၊ ရဟူဒီတို့၏ညီညွတ်ပုံများ၊ ထို့နောက် ဆက်၍ မဟာမေဒင်တို့အကြောင်း၊ အလယ်ခေတ် အကြောင်း၊ ခရစ်ယာန်ကျောင်းတော်၏ ဩဇာရှိပုံအကြောင်း၊ တိုင်းငယ် ပြည်ငယ်များ ပေါ်ပေါက်လာပုံ အကြောင်း၊ ကြီးကျယ်သော မင်းဆက်များအကြောင်း၊ မွန်ဂိုနှင့် တာတာတို့ အကြောင်း၊ အမေရိကန်နှင့် ပြင်သစ် တော်လှန်ရေးများ

အကြောင်း၊ နပိုလီယန်အကြောင်း၊ စက်မှု အရေးတော်ပုံ အကြောင်း၊ ၁၉ ရာစုခေတ် အမျိုးသားရေးဝါဒအကြောင်း၊ နယ်ချဲ့စနစ်အကြောင်း၊ ကမ္ဘာစစ်ပွဲများ အကြောင်း စသည် တို့ကို တွေ့ရှိရပေလိမ့်မည်။

သို့သော် ၎င်းတို့ကား ယနေ့ မရှိကြတော့ပြီ။ ၎င်းတို့၏ အကြောင်းမှာ စာအုပ်နှင့် ပြတိုက်များတွင်သာ တွေ့ရတော့သည်။ ၎င်းတို့ တည်ဆောက်ခဲ့သော အဆောက်အအုံများမှာ အပျက်အစီး အစုအပုံများသာ ဖြစ်ကြတော့သည်။ ၎င်းတို့၏ ကြီးကျယ်ခမ်းနားပုံမှာလည်း ပုံပြင်သဖွယ်သာ ရှိတော့သည်။ သမိုင်းစာအုပ်တွင် တွေ့ရသမျှမှာ လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟတို့သာ ဖြစ်ကြကုန်၏။ လူသား၏ သတ်ဖြတ် ညှဉ်းဆဲမှုတို့သာ ဖြစ်၏။ လူသား၏ ဖျက်ဆီးလုယက်ခြင်းတို့သာ ဖြစ်၏။ထို့ကြောင့်ပင် သမိုင်းဆရာကြီး ဂစ်ဘွန်းက လူ့သမိုင်း ဟူသည် လူတို့၏ ရာဇဝတ်ပြစ်မှု၊ ရက်စက်မှုနှင့် မိုက်မဲမှုများ အကြောင်း မှတ်တမ်းပင် ဖြစ်ချေသည်ဟု ရေးသားခဲ့ခြင်း ဖြစ်ပေသည်။

လူတယောက် ဖြစ်ပေါ်လာရန် အကြောင်းပေါင်းများစွာ လိုအပ်ပေ၏။ လူဖြစ်လာသောအခါတွင်လည်း ကျန်းမာ သန် စွမ်းပြီး အရွယ်ရောက်လာစေရန် အကြောင်းပေါင်း များစွာ လိုအပ်ပေ၏။အရွယ်ရောက်လာ သောအခါတွင်လည်း စားဝတ် နေရေး အဆင်ပြေရန် အကြောင်းပေါင်းများစွာ လိုအပ်ပေ ၏။ စားဝတ်နေရေး အဆင်ပြေသော်လည်း အခြားစိတ်မချမ်း သာဖွယ်ရာ များစွာ ရှိနေသေး၏။ (ဥပမာ အချစ်ရေး

အဆင်မှုပြေမှု၊ သားရေးသမီးရေးအဆင်မပြေမှု၊ လူမှုဆက်ဆံရေး အဆင်မပြေမှု၊ ရာဇဝတ်ပြစ်ဒဏ်သင့်မှု၊ ရှုံးသွပ်မှုစသည်) ဤသို့သော အကြောင်းခြင်းရာတို့ကို ထောက်ဆ၍ လူ့လောကသည် ဒုက္ခ၏ အသိုက်အမြုံသာ ဖြစ်သည် ဆိုသော စကားမှာ မငြင်းပယ်နိုင်ပေ။

ဗုဒ္ဓ၏ သင်ကြားချက်များအားလုံးကို ခြုံ၍ ကြည့်သော် အနှစ်သာရအားဖြင့် သစ္စာလေးပါးကိုသာ တွေ့ရပေသည်။ဤသစ္စာလေးပါးကား ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂတို့တည်း။ ဗုဒ္ဓသည် ပြောင်းလဲမှုတို့ အစဉ်မပြတ် တရစပ် ဖြစ်ပေါ်နေသော အရာအားလုံးကိုလည်းကောင်း၊ တဘဝပြီးတဘဝ ဆက်လက်ဖြစ်ပေါ်နေရသော သတ္တဝါ အားလုံးကိုလည်းကောင်း၊ သေချာစေ့ငုစွာ လေ့လာသုံးသပ်ပြီးနောက် အလုံးစုံခြုံသော ဤသစ္စာလေးပါးကို ချမှတ်ခဲ့ခြင်း ဖြစ်လေသည်။

ဤသစ္စာလေးးပါအနက် ဒုက္ခသစ္စာသည် အရင်းအမြစ်ဖြစ်၏။ ဒုက္ခရှိနေခြင်းတည်းဟူသော အချက်ပေါ်တွင် မူတည်၍ ဒုက္ခ၏ အရင်းအမြစ် (သမုဒယ)၊ ဒုက္ခ၏ ငြိမ်းရာချုပ်ရာ (နိရောဓ)၊ ဒုက္ခ၏ ချုပ်ငြိမ်းကြောင်း(မဂ္ဂ)တို့ကို ရှာဖွေရ၏။

ဒုက္ခနှင့် ပတ်သက်၍ ဗုဒ္ဓက ဤသို့ဟောကြားခဲ့၏။

"ဘဝဆက်လက်ဖြစ်ပေါ်မှု (သံသရာ)သည် အစမထင်ချေ။ ဤသံသရာအတွင်းတွင် လှည့်လည်ယင်း သင်တို့ ငိုကြွေးသောကြောင့် ကျဆင်းရသော မျက်ရည်နှင့် သမုဒ္ဒရာ လေးစင်းမှ ရေစက်ရေပေါက်တို့သည် မည်သူက များပြားသည်ဟု ထင်ကြသနည်း။ မိခင်သေသောကြောင့် ကျသည့်မျက်ရည်၊ သားသေ

သောကြောင့်ကျသည့်မျက်ရည်၊သမီးသေသောကြောင့်ကျသည့် မျက်ရည်၊ ဆွေမျိုးသေသောကြောင့် ကျသည့်မျက်ရည်၊ ပစ္စည်း ဉစ္စာဆုံးပါးသောကြောင့် ကျသည့်မျက်ရည်၊ မချစ်မနှစ်သက်သူ နှင့် အတူနေရသောကြောင့် ကျသည့်မျက်ရည်၊ ချစ်နှစ်သက်သူ နှင့် ကွဲကွာရသောကြောင့် ကျသည့်မျက်ရည်၊ ဤသို့အားဖြင့် ဘဝအဆက်ဆက် သင်တို့ ငိုကြွေးသောကြောင့် ကျသော မျက်ရည်တို့သည် သမုဒ္ဒရာ လေးစင်းတွင်းမှ ရေစက်ရေပေါက် တို့ထက် ပိုမိုများပြားပေသည်'' (သံယုတ္တနိကာယ်)

စင်စစ်သော်ကား ဗုဒ္ဓ၏စကားရပ်ကို မည်သူမျှ ငြင်းပယ် နိုင်သည် မဟုတ်ပေ။ ဤစကားရပ်၏ မှန်ကန်ကြောင်းကိုပြသ ရန် ဝေးဝေးလံလံ သက်သေရှာနေစရာမလို။ မိမိကိုယ်တိုင်၏ ဘဝနှင့် အခြားသူများ၏ ဘဝကို မိနစ်အနည်းငယ်မျှ ဆင်ခြင် ကြည့်ရုံမျှဖြင့် ထင်ရှားနိုင်ပေသည်။ လူသားအနွယ်ကြီး တရပ် လုံးကိုခြုံ၍ စဉ်းစားကြည့်ပါမူကား ပို၍ရှင်းလင်းပေလိမ့်မည်။

ဗုဒ္ဓဝါဒတွင် ဂိုဏ်းအမျိုးမျိုး၊ အယူအဆ အမျိုးမျိုးရှိနေ ၏။ ဗုဒ္ဓဝါဒကို ကောက်ယူပုံများနှင့် အဓိပ္ပာယ် ဖွင့်ပုံများမှာ လည်း မတူကြပေ။ မည်သို့ဖြစ်စေ ဗုဒ္ဓဝါဒီအားလုံးက တညီ တညွတ်တည်း လက်ခံကြသော သုတ္တန်တခုကားရှိ၏။ ၎င်းကား ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ဣသိပတနခေါ် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦးတို့အား ပထမဆုံး ဟောကြား တော်မူသော ဓမ္မစကြာသုတ် (တရားစကြာ လှည့်လည်ခြင်း) ပေတည်း။ အဆိုပါသုတ်၏ အချုပ်သဘောမှာ အောက်ပါ အတိုင်း ဖြစ်သည်။

"ကျွန်ုပ် ဤသို့ ကြားဘူးပါသည်။ တနေ့တွင် မြတ်စွာဘုရားသခင်သည် ဗာရာဏသီပြည်ရှိ ဣသိပတနခေါ် မိဂဒါဝုန်တောဌ် (သမင်တေားမဲ့သောတော)၌ ပဥ္စဝဂ္ဂီ ရဟန်းငါးပါးအား ဤသို့ ဟောကြားတော်မူပါသည်။

"ရဟန်းတို့၊ ရှောင်ကြဉ်အပ်သော အစွန်းနှစ်ဘက်သည်ရှိ၏။ ၎င်းအစွန်းနှစ်ဘက်ဟူသည် အဘယ်နည်း။ ပထမအစွန်းကား အာရုံခံစားခြင်းဖြင့် ချမ်းသာမှုကိုရှာသော အစွန်းဖြစ်၏။ ၎င်းသည် အောက်ကျသော၊ အများပြုနေကျဖြစ်သော၊ အမြတ်မရှိသော သာမန်လူတို့၏ကျင့်စဉ်ဖြစ်၏။ ဒုတိယ အစွန်းကား မိမိကိုယ်တိုင် အလွန်အမင်း ချုပ်ချယ်အပင်ပန်းခံကာ ကျင့်ကြံခြင်းဖြင့် ချမ်းသာမှုကိုရှာသော အစွန်းဖြစ်၏။ ၎င်းသည် နာကျင် ပင်ပန်းသော၊ အမြတ်မထွက်သော၊ တန်ဖိုးမရှိသော ကျင့်စဉ်ဖြစ်၏။ တထာဂတ၏ အလယ်အလတ် လမ်းစဉ်သည် အဆိုပါ အစွန်းနှစ်မျိုးကို ရှောင်ကြဉ်၏။ အလယ် အလတ် လမ်းစဉ်ဟူသည် အဘယ်နည်း။ ၎င်းသည် အင်္ဂါရှစ်မျိုးပါသော လမ်းစဉ်ဖြစ်၏။ ထိုအင်္ဂါရှစ်မျိုးကား မှန်သောအမြင်၊ မှန်သော စိတ်ထား၊ မှန်သောအလုပ်၊ မှန်သောစကား၊ မှန်သောအသက်မွေးမှု၊ မှန်သောကြိုးစားမှု၊ မှန်သောအောက်မေ့မှု၊ မှန်သော တည်ကြည်မှုတို့ ပေတည်း။

"ဤကား ဒုက္ခသစ္စာဖြစ်၏။ မွေးခြင်းသည် ဒုက္ခဖြစ်၏။ အိုခြင်းသည်ဒုက္ခဖြစ်၏။ နာခြင်းသည် ဒုက္ခဖြစ်၏။ မချစ် မနှစ်သက်သော အရာတို့နှင့် ဆက်ဆံရခြင်းသည် ဒုက္ခဖြစ်၏။ ချင်ခင်နှစ်သက်သော အရာတို့နှင့် ကွေကွင်းရခြင်းသည် ဒုက္ခဖြစ်၏။

အလိုမကျခြင်းသည် ဒုက္ခဖြစ်သည်။ အချုပ်အားဖြင့်ကား ခန္ဓာကိုယ်ကို ဖြစ်စေသော အစုငါးခုသည် ဒုက္ခဖြစ်၏။''

''ဤကား သမုဒယသစ္စာဖြစ်၏။ (ဒုက္ခသည်) တပ်မက်မှုတဏှာကြောင့် ပေါ်ပေါက်ရ၏။ တပ်မက်မှုသည် ဘဝအသစ်တို့ကို ဖြစ်စေ၏။ သာယာမှုကိုဖြစ်စေ၏။ စိတ်ဆန္ဒကိုဖြစ်စေ၏။ ဤမှ ထိုမှ ပျော်ရွှင်မှုကိုရှာကြံစေ၏။ တပ်မက်မှု သုံးမျိုးကား၊ အာရုံများကို တပ်မက်မှု၊ ဘဝ ဆက်လက် ဖြစ်ပေါ်ခြင်းကို တပ်မက်မှုနှင့် ဘဝပြတ်စဲမှုကို တပ်မက်မှုတို့ပေတည်း။''

''ဤကား နိရောဓ သစ္စာဖြစ်၏။ တပ်မက်မှုကို အပြီးတိုင်ငြိမ်းသတ်ရပ်စဲလိုက်ခြင်းဖြင့် ဒုက္ခသည်ပြီးဆုံးခြင်းသို့ရောက်၏။''

''ဤကား မဂ္ဂသစ္စာဖြစ်၏။ ဒုက္ခကိုငြိမ်းစေသော လမ်းစဉ်၏ အင်္ဂါရှစ်ပါးသော်ကား မှန်သောအမြင်၊ မှန်သောစိတ်ထား၊ မှန်သောစကား၊ မှန်သော အလုပ်၊ မှန်သော အသက်မွေးမှု၊ မှန်သောကြိုးစားမှု၊ မှန်သောအောက်မေ့မှု၊ မှန်သော တည်ကြည်မှုတို့ပေတည်း။''

ဗုဒ္ဓသည် ဤသုတ္တန်ဖြင့် သူ၏ဝါဒကိုစတင်တည်ထောင်ခဲ့၏။ ဤသုတ္တန်ဖြင့်ပင် လောက၌ မည်သည့်အရာ မဆို ဒုက္ခနှင့် ပြွမ်းတည်းနေကြောင်း ကြေငြာခဲ့၏။ ဤသုတ္တန်သည်ပင် ယနေ့တိုင်အောင် ဗုဒ္ဓဝါဒ၏ လှိုင်းကြီးသဖွယ် ဖြစ်၏။ ထို့ကြောင့် ဤသုတ္တံန်ကိုဗုဒ္ဓဝါဒ မိတ်ဆက်(သို့မဟုတ်)ဗုဒ္ဓဝါဒ၏ အနှစ်ဟု ခေါ်ဆိုသော် သင့်လျော်အံ့ထင်သည်။

ဒုက္ခဆိုသောစကားကို မျာ:စွာသော ပုဂ္ဂိုလ်တို့က ဆင်းရဲခြင်းဟု ပြန်ဆိုကြ၏။ အင်္ဂလိပ်စာရေးဆရာတို့ကလည်း ၎င်းကို

(SORROW SUFFERING PAIN)စသည်ဖြင့်အဓိပ္ပာယ် ဖွင့်ဆိုကြ၏။ ဤသို့အဓိပ္ပာယ်ဖွင့်ကြသဖြင့် ဗုဒ္ဓဝါဒကို ဆင်းရဲဝါဒ ( PESSIMISM )အဖြစ် ထင်မှတ် ကြသူများလည်း မနည်းလှပေ။ စင်စစ် ဤပြန်ဆိုမှုနှင့် ဖွင့်ဆိုမှုတို့ကို လုံးဝမှားသည်ဟု မဆိုနိုင်သကဲ့သို့ပင် လုံးဝမှန်သည်ဟုလည်း မဆိုနိုင်ပေ။

ဗုဒ္ဓက ဒုက္ခ အကြောင်းပြောရာ၌ လူ့ဘဝတွင် ချမ်းသာခြင်းဟူ၍ လုံးဝမရှိဟုမပြောခဲ့ပေ။ မပြောသည့်အပြင် အင်္ဂုတ္တရနိကာယ်၌ အိမ်ထောင်သည်၏ ချမ်းသာခြင်းနှင့် ရဟန်း၏ ချမ်းသာခြင်း၊ အာရုံများကြောင့် ရသော ချမ်းသာခြင်းနှင့် အာရုံများကိုစွန့်၍ရသော ချမ်းသာခြင်း၊ စွဲလမ်းမှု၏ ချမ်းသာခြင်းနှင့် စွန့်လွှတ်မှု၏ ချမ်းသာခြင်း၊ ရုပ်၏ ချမ်းသာခြင်းနှင့် စိတ်၏ ချမ်းသာခြင်းတို့ကို ခွဲခြားပြသခဲ့ပေသည်။ သို့ရာတွင် ဤချမ်းသာခြင်းများသည် ဒုက္ခ၌သာ အကြုံးဝင်ကြောင်းဟုလည်း ဖော်ပြခဲ့သည်။ လူတို့နားလည်ထားကြသော ဆင်းရဲခြင်းမျိုးဟူ၍ မြူမျှပင်မရှိသောစျာနချမ်းသာကိုပင် ဗုဒ္ဓက ဒုက္ခဟု သတ်မှတ်ခဲ့သည်ကိုလည်းအထူးမှတ်သား ဖွယ် ဖြစ်ပေသည်။

ဒုက္ခကိုနားလည်အောင် အနိစ္စနှင့်တွဲ၍ လေ့လာရန်လိုအပ်၏။ ဗုဒ္ဓက လူ့ဘဝကို ဒုက္ခဟုဆိုရာ၌ ဆင်းရဲခြင်းကြောင့်ထက် မတည်မြဲသော သဘောကြောင့်သာ ဖြစ်ပေသည်။ မတည်မြဲသော အရာသည် သုခလော၊ ဒုက္ခလောဟု ဗုဒ္ဓက မေးသောအခါ ရဟန်းတို့က ဒုက္ခသာဖြစ်ပါသည်ဟု ဖြေကြကုန်၏။ ဤအမေးနှင့်အဖြေသည် ဒုက္ခအကြောင်းနားလည်ရန် အကောင်းဆုံးနှင့် အတိုဆုံးဖွင့်ဆိုချက် ဖြစ်ပေသည်။

ဓမ္မစကြာသုတ်၌ ဗုဒ္ဓက မွေးခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို ဒုက္ခဟုသတ်မှတ်ခဲ့ပါ၏။ ပါဠိပညာရှင် မစ္စက်(စ်)ရိုင်း(စ်)ဒေးဗစ်(စ်)၏ အလိုအားဖြင့် အဆိုပါ ဒုက္ခများကို ယခုခေတ် သိပ္ပံနှင့် ဆေးပညာရှင်များက တွန်းလှန်ကုစားရန် ကြိုးစားနေကြရာ ဗုဒ္ဓနားလည်သောဒုက္ခသည် ၎င်းတို့ထက် ပိုပေလိမ့်မည်ဟုဆို၏။ ဤစကားမှန်၏၊ ဗုဒ္ဓသည် ဤဒုက္ခများကို ဖော်ပြခြင်းမှာ သာမန်လူတို့ အလွယ်တကူ နားလည်သဘောပေါက်စေရန်သာဖြစ်၏။ ထိုထက်ပို၍ နက်ရှိုင်းသော ဒုက္ခကိုလည်း ဓမ္မစကြာသုတ်မှာပင် ဆက်လက် ဟောကြား ထား၏။ ဤကား ရတာမလို လိုတာမရသောဆန္ဒမပြည့်ဝမှုပင် တည်း။

ဗုဒ္ဓက လူ့လောက၏ အစစ်အမှန်တည်ရှိမှုများ၊ ဖြစ်ပျက်မှုများ၊ အောင်မြင်မှုများကို မျက်ကွယ်ပြုခဲ့သည် မဟုတ်ပေ။ လူ၏မေတ္တာ၊ ကရုဏာ၊ ရည်ရွယ်ချက်၊ အသိဉာဏ်စသည်တို့ကို အသိအမှတ်ပြုပေ၏။ (ဗုဒ္ဓသည် ဝေဒန္တဝါဒီကဲ့သို့ ဤကမ္ဘာလောကအား အစစ်အမှန်မရှိသော မာယာမျှသာ ဖြစ်သည်ဟု မည်သည့်အခါမျှ မပြောခဲ့ပေ။) သို့ရာတွင် ဤလူ့လောကတွင် မည်သည့်အရာမျှမတည်မြဲ။ ထိုသို့ မတည်မြဲသည်တို့ကို ခင်တွယ်ခြင်း၊ မွတ်သိပ်ခြင်း၊ ရှာကြံခြင်းတို့သည် ဒုက္ခသာ ဖြစ်၏။ ဤကား ဒုက္ခ၏ အဓိပ္ပာယ်တည်း။

လူသည် တည်မြဲသော အရာကို အလိုရှိ၏။ ငါ့ဥစ္စာဟု ပြောနိုင်သောအရာကို အလိုရှိ၏၊ မိမိ နှစ်သက် မြတ်နိုးသည်တို့ကို ကိုယ်နှင့်မကွာ သိမ်းပိုက်ထားလို၏။ လူသည် သားမယား၊

ဥစ္စာစည်းစိမ်၊ ရာထူးဂုဏ်သိမ်၊ ပညာအရည်အချင်း စသည်တို့ကို လွန်စွာ တပ်မက် မြတ်နိုးသဖြင့် ၎င်းတို့ကိုမရရအောင် အပတ်တကုတ်လေ့လာရှာကြံရ၏။ ရှာကြံ၍မရလျှင် ဆင်းရဲခြင်းဖြစ်ရ၏။ ရှာကြံ၍ရပြန်လျှင်လည်း ၎င်းတို့ကို အမြဲမပြတ်သိမ်းဆည်းပိုက်ထုပ်ထားလိုသည်။ သို့ရာတွင် မည်သည့် လူပုဂ္ဂိုလ်မျှ ထိုသို့ သိမ်းဆည်းထားခွင့် မရခဲ့ချေ။ မမြဲခြင်း တည်းဟူသော နိယာမက သူမြတ်နိုးသည်တို့ကို သူ့ထံမှ အတင်းအဓမ္မ လုယူသွားခဲ့သည်သာဖြစ်၏။ ထို့ကြောင့် လူတို့သည် အလိုမကျပေ။ ထို့ကြောင့် ဒုက္ခဖြစ်ကြပေသည်။

ဗုဒ္ဓအဘိဓမ္မာသည် ဒုက္ခကိုရှုထောင့်သုံးမျိုးမှ ကြည့်မြင်ထား၏။ ထိုသို့ ကြည့်မြင်သောအခါ ဒုက္ခ၏ အဓိပ္ပာယ်အမျိုးမျိုးမှာ ပေါ်လွင်လာလေသည်။ ၎င်းရှုထောင့်သုံးမျိုးကား....

(၁) ရိုးရိုးဆင်းရဲခြင်းအဖြစ် ကြည့်ခြင်း (ဒုက္ခ-ဒုက္ခ)

(၂) ပြောင်းလဲမှုအဖြစ် ကြည့်ခြင်း (ဝိပရိဏာမဒုက္ခ)

(၃) စီမံဖန်တီးမှုအဖြစ် ကြည့်ခြင်း (သင်္ခါရဒုက္ခ)

ရိုးရိုးဆင်းရဲခြင်း(လူတိုင်း မြင်နိုင်သော ဆင်းရဲခြင်း)ကား မွေးခြင်း၊ အိုခြင်း၊နာခြင်း၊ သေခြင်း အစရှိသည်တို့ကို ခေါ်ဆိုခြင်းဖြစ်၏။ ဤဆင်းရဲခြင်းများကို ဖြေရှင်းရန် သိပ္ပံနှင့် ဆေးပညာရှင်တို့ ကြိုးပမ်းအားထုတ်လျက် ရှိသည်မှာ မှန်၏။ သို့ရာတွင် ၎င်းတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို အချိန်ရွှေ့ဆိုင်းထားရန်သာတတ်နိုင်၍ လုံးဝနှိပ်ကွပ်ရန်ကားတတ်နိုင်မည်မဟုတ်ပေ။ မည်သို့ဖြစ်စေ၊ ၎င်းတို့၏ လုံ့လပယောဂကြောင့် လူသားတို့သည် ကျန်းမာခြင်း၊ အနာကင်းခြင်း၊ အသက်ရှည်

ခြင်းတို့ကို ခံစားရသည်မှာကား အထင်အရှားပင် ဖြစ်ပေသည်။ ဤကျေးဇူးကား ကြီးမားလှ၏။ တဘက်မှကြည့်ပြန်လျှင်မူ ဤသို့ ဆေးပညာတိုးတက်မှုကြောင့်ပင် ဆင်းရဲဒုက္ခများ ပိုလာရသည်လည်း ရှိ၏။ ဥပမာ၊ အိန္ဒိယပြည်၊ တရုတ်ပြည် စသော တိုင်းပြည်တို့တွင် မွေးနှုန်းမြင့်မား၊ သေနှုန်းကျဆင်းသွားသဖြင့် အဆမတန် တိုးတက်လာသော လူဦးရေပြဿနာကို ရင်ဆိုင်နေရ၏။ တဖန် ဆေးပညာသည် ကျန်းမာရေး အခြေခံဗီဇ ညံ့ဖျင်းသူတို့အား အသက်ဆက်ပေးခဲ့သဖြင့် ကမ္ဘာပေါ်တွင် ကျန်းမာရေးချို့တဲ့၍ လူ့ဘဝကိုရင်မဆိုင်နိုင်သူများ၊ သူတပါးအပေါ် မှီခိုနေရသော ဒုက္ခိတသတ္တဝါများ တနေ့တခြား တိုးပွားလာခဲ့၏။

ဒုက္ခကိုပြောင်းလဲမှုအဖြစ်ကြည့်ခြင်းကား အထက်တွင်လည်း အနည်းငယ်ဖော်ပြခဲ့၏။ ၎င်းမှာ ဒုက္ခကိုအနိစ္စနှင့်တွဲ၍ ကြည့်မြင်ခြင်းဖြစ်သည်။ လူသားတို့သည် ပျော်ရွှင်ဖွယ်ခံစားမှု၊ ပျော်ရွှင်ဖွယ် အခြေအနေတို့ကို ရံဖန်ရံခါ ကြုံကြိုက်ကြရ၏။ သို့ရာတွင် ၎င်းခံစားမှုနှင့် အခြေအနေတို့သည် အမြဲတည်တံ့နေကြသည် မဟုတ်ပေ။ ထိုသို့ အတည်မမြဲ ပြောင်းလဲသွားသောအခါ မိမိနှစ်သက် မြတ်နိုးသည်တို့ကို လက်လွှတ် ဆုံးရှုံးရသဖြင့် စိတ်ဒုက္ခရောက်ခြင်း၊ ဆင်းရဲပင်ပန်းခြင်းတို့ကို ခံစားရလေသည်။

အထက်ပါ ဒုက္ခနှစ်မျိုးမှာ သူ့အလိုအလျောက်ပင် ထင်ရှားပြီး လောက၏ နေ့စဉ် အဖြစ်အပျက်များပင်ဖြစ်သဖြင့် လူတိုင်း လက်ခံနိုင်ကြပေသည်။ တတိယအမျိုးအစားဖြစ်သော သင်္ခါရ ဒုက္ခမှာကား အဘိဓမ္မာသဘောအရဖြစ်၍ လူတိုင်း အလွယ်တကူ သဘောမပေါက်နိုင်ပေ။ သင်္ခါရဒုက္ခအကြောင်းကို လေ့

လာရန် ပထမဦးစွာ အစုငါးစု (ခန္ဓာငါးပါး)ကို သိဖို့ လိုလေသည်။ ၎င်းတို့အကြောင်းကို အနည်းငယ်စီ ဖော်ပြပါမည်။

ပထမ အစုကား ရုပ်၏အစုဖြစ်၏။ ရုပ်၏အစုတွင် ခက်မာခြင်း၊ ပူနွေးခြင်း၊ ယိုစီးခြင်း၊ လှုပ်ရှားခြင်း (ပထဝီ၊တေဇော၊ အာပေါ၊ဝါယော) တည်းဟူသော ဓာတ်ကြီးလေးပါး ပါဝင်သည်။ ဓာတ်ကြီးတပါးစီတွင် အဆင်း၊ အနံ့၊ အရသာ၊ အသံနှင့် ထိတွေ့မှု (ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ဖောဋ္ဌဗ္ဗ) ဟူသော အင်အားအလျှင်ငါးမျိုး ပါဝင်ကြ၏။ သိမှုတန်ဆာများဖြစ်ကြသော မျက်စိ၊ နား၊ နှာ၊ လျှာနှင့် ကိုယ်ခန္ဓာတို့သည်လည်း ရုပ်၏အစုတွင် ပါဝင်ကြသည်။

ဒုတိယအစုကား ခံစားမှု၏အစု ဖြစ်၏။ ဤအစုတွင် သိမှုတန်ဆာနှင့် အသိခံဝတ္ထုတို့ ထိတွေ့သောကြောင့် ဖြစ်ပေါ်လာသော ခံစားမှုခြောက်မျိုး ပါဝင်သည်။ ၎င်းခြောက်မျိုးကား မျက်စိနှင့် အဆင်း၊ နားနှင့် အသံ၊ နှာနှင့် အနံ့၊ လျှာနှင့် အရသာ ကိုယ်ခန္ဓာနှင့် အတွေ့၊ စိတ်ဝတ္ထုနှင့် အတွေးအကြံ ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်၏။

တတိယအစုမှာ မှတ်သားမှုအစုဖြစ်၏။ ခံစားမှုကဲ့သို့ပင် မှတ်သားမှုသည်လည်း ခြောက်မျိုး အပြားရှိ၏။ သိမှုတန်ဆာဖြင့် အသိခံဝတ္ထုတို့ ထိတွေ့သောကြောင့် ဖြစ်ပေါ်လာသော ခံစားမှုများကို မှတ်သားခြင်းသည် ဤအစု၏ လုပ်ငန်းပေတည်း။

စတုတ္ထအစုကား ပြုပြင်မှုအစုဖြစ်၏။ ပြုပြင်မှု ဆိုသည်မှာ

ရည်ရွယ်၍ပြုလုပ်သော ကောင်းမှု၊ မကောင်းမှု အားလုံးပါဝင်၏။ တနည်းဆိုရလျှင် ကံ(ကမ္မ)သည် ဤအစု၌ ပါဝင်၏။

ပဉ္စမအစုကား သိမှု၏အစု ဖြစ်၏။ သိမှုတခုတွင် သိမှုတန်ဆာတခုနှင့် အသိခံဝတ္ထုတခုစီ ရှိကြသည်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့သည် သိမှုတန်ဆာများဖြစ်ကြ၍ အဆင်း၊ အသံ၊ အနံ့၊ အရသာနှင့် အတွေ့တို့သည် အသိခံဝတ္ထုများဖြစ်ကြ၏။

အထက် ဖော်ပြပါ အစုငါးစု (ရုပ်အစု၊ ခံစားမှု၏အစု၊ မှတ်သားမှု၏အစု၊ ပြုပြင်မှု၏အစု၊ သိမှု၏အစု)တို့ ပေါင်းစပ်ဖွဲ့စည်းထားခြင်းကို ယူ၊ သတ္တဝါ စသည်ဖြင့် ပညတ်အားဖြင့် ခေါ်ဆိုရ၏။ မောင်ဘ၊ မောင်မြ စသည်အားဖြင့် နာမည်တပ်ထားရ၏။ ငါ၊ သူတပါး စသည်အားဖြင့် ထင်မှတ်ရ၏။ စင်စစ်သော်ကား ငါဟူ၍ ခေါ်ရလောက်အောင် အနှစ်သာရ ခိုင်မြဲသော ဝတ္ထုပစ္စည်းမျိုး လုံးဝမရှိပေ။ မည်သည့် လူ သတ္တဝါမဆို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ဤအစုငါးခုကိုသာ တွေ့ရမည်ဖြစ်၏။ ဤအစုငါးခုမှအပ အခြားဖြစ်သော အရာဟူ၍ လုံးဝမရှိပေ။ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ အသက်၊ ဝိညာဉ်၊ လိပ်ပြာ၊ အတ္တ၊ အဝန်းအဝိုင်း၊ အတိုအရှည်၊ အလုံးအပြား၊ အချောအလှ၊ အကောင်းအဆိုး ဆိုသည်တို့မှာ စင်စစ်အားဖြင့် အစုငါးခုကိုသာ လူတို့က သတ်မှတ်ထားကြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် မိလိန္ဒပဉှာ၌ ဤသို့ ပြဆိုပေ၏။

"မင်းမြတ်၊ ဤအတူသာလျှင် ဆံပင် တို့ကိုလည်းကောင်း၊ အမွေးတို့ကိုလည်းကောင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊

အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြေး၊ အဖျင်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ သည်းခြေ၊ ပြည်၊ သလိပ်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့ကိုလည်းကောင်း၊ ဦးထိပ်၌ ဦးနှောက်ကိုလည်းကောင်း၊ အစွဲပြု၍ ရုပ်ကိုလည်းကောင်း၊ ဝေဒနာ ကိုလည်းကောင်း၊ သညာကိုလည်းကောင်း၊ သင်္ခါရတို့ကိုလည်းကောင်း၊ ဝိညာဉ်ကိုလည်းကောင်း အစွဲပြု၍ ငါ့အားလည်း နာဂသေနဟူသော အရေအတွက်၊ နာဂသေနဟု သမုတ်ခြင်း၊ နာဂသေနဟူသော အခေါ်အဝေါ်၊ နာဂသေနဟူသော အမည်သာ ဖြစ်ပေ၏။ စင်စစ်သော်ကား ဤနာဂသေနဟူသော မဖောက်မပြန် မှန်သော အနက်သဘောအားဖြင့် ပုဂ္ဂိုလ်သတ္တဝါကို မရကောင်းပေ။”

(ပညတ္တိပဉှာ)

ဤအစုငါးခုကို လူတို့က လူ၊ သတ္တဝါ၊ သူ၊ ငါဟု ထင်ကြကုန်၏။ မိန်းမ၊ ယောကျ်ားဟု ထင်ကြကုန်၏။ ထိုသို့ ထင်မှတ်ပြီးနောက် ငါ့သား၊ ငါ့မယား၊ ငါ့ဆွေမျိုး၊ ငါ့မိတ်ဆွေဟု လွန်စွာ သိမ်းပိုက်ကုန်၏။ စင်စစ်သော်ကား ဤအစုငါးခုသည် ဘာမျှမဟုတ်။ အကြောင်းပေါင်းများစွာ တိုက်ဆိုင်ဆုံဆည်းမိချိန်ဝယ် အကောင်အထည် သဏ္ဌာန်အားဖြင့် ပေါ်လာပြီး ထိုအကြောင်းများ ပျက်ပြယ်သောအခါ ပြိုကွဲပျက်စီးသွားမည့် ယာယီအစုအဝေးသာ ဖြစ်ချေသည်။ ရေပွက်ပမာတည်း။ ဤခန္ဓာကိုယ်သည် နှစ်ပေါင်း ငါးဆယ် တရာ တည်တံ့သည်ဟု အချို့က အထင်ရှိကြ၏။ အမှန်အားဖြင့် ဤခန္ဓာကိုယ်အတွင်း၌ ဖွဲ့စည်းပေါင်းစပ်နေသော ဓာတ်သဘာဝတို့သည် စက္ကန့်

တိုင်း အချိန်တိုင်း၌ ချုပ်ငြိမ်း ပျက်စီးလျက် ရှိ၏။ အသစ် ပေါက်ဖွားလျက်ရှိ၏။ ထို့ကြောင့် ခန္ဓာကိုယ်သည် ဆက်လက် ဖြစ်ပေါ်မှု အစဉ်မျှသာ ဖြစ်၍ တည်တံ့သော အတုံးအခဲကြီး မဟုတ်ပေ။ သင်္ခါရဒုက္ခဟူသည်ကား အခြားမဟုတ်။ ဤဖြစ် ပျက်မှု အစဉ်ဖြစ်သော အစုငါးစု (ခန္ဓာငါးပါး)ကို ငါဟု အထင်ရောက်ခြင်း၊ လွန်စွာ သိမ်းပိုက် မြတ်နိုးခြင်းတို့ကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခကို ခေါ်ခြင်း ဖြစ်၏။

အစုငါးစုကို မည်သူမျှ အစိုးမရချေ။ မိမိက ပူစေလိုသော် လည်း သူတို့က အေးတတ်သည်။ မိမိက အေးစေလိုသော်လည်း သူတို့က ပူတတ်သည်။ မိမိက မဖြစ်စေလိုသော်လည်း သူတို့က ဖြစ်တတ်သည်။ မိမိက ဖြစ်စေလိုသော်လည်း သူတို့က မဖြစ်ပဲ ရှိတတ်သည်။ ဤသို့ အစိုးမရသော အစုငါးစု (တနည်းဆိုရ လျှင်) ဤသို့ မတည်မြဲသော အစုငါးခုကို စွဲလမ်းသိမ်းပိုက် ခြင်းသည် ဒုက္ခသာ ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓက မမြဲ သော အရာသည် ဒုက္ခသာဖြစ်သည်ဟု ဟောကြားတော်မူခြင်း ဖြစ်သည်။

လောကတွင် လူ ဟူ၍ ဖြစ်လာရာ၌ အရေးအကြီးဆုံး ဖြစ်သော စားဝတ်နေရေး အဆင်ပြေမှုအတွက်အပတ်တကုတ် ကြိုးပမ်းအားထုတ်ကြရ၏။ လူသား၏ ကြိုးပမ်းမှု ဟူသမျှသည် ဤ စားဝတ်နေရေးအတွက်သာ ဦးတည်ကြကုန်သည်။ ဤသို့ ကြိုးပမ်းရခြင်းသည် ဆင်းရဲပင်ပန်းလှ၏။ ထို့ကြောင့်ပင်ဗုဒ္ဓက စားဝတ်နေရေးသည် အခြေခံဒုက္ခ၊ (အာဟာရ ပရိယေသန မူလကဒုက္ခ)ဟု မိန့်မြွက်ခဲ့ခြင်း ဖြစ်ပေသည်။ တဖန် စားဝတ်

နေရေးအားလုံး အဆင်ပြေ၍ မကြောင့်မကြ မတောင့်မတ နေရသော သူတို့တွင်လည်း ဒုက္ခသည် ရှိနေသည်သာ ဖြစ်၏။ စားဝတ်နေရေးနှင့် မပတ်သက်သော စိတ်ဆင်းရဲ ပင်ပန်းဖွယ် တို့သည် လူတို့၌ ရှိနေ၏။ ဥပမာ ကာမစိတ်ဓာတ်၊ မနာလို ဝန်တိုတတ်သော စိတ်ဓာတ်၊ အမျက်ကြီးတတ်သောစိတ်ဓာတ်၊ တုပြိုင်ဆိုင်တတ်သော စိတ်ဓာတ် စသည်တို့ကို စဉ်းစားရာ သည်။ စားဝတ်နေရေး အဆင့်အတန်း မြင့်မားသော ဥရောပ တိုက်နှင့် အမေရိကပြည်တို့တွင် မိမိကိုယ်ကို သတ်သေ ကြသူ များမှာ များပြားလှ၏။ ထိုသို့ သတ်သေသူများ ဥရောပတိုက် တွင် နှစ်စဉ် ခုနစ်သောင်းခန့် ရှိ၍ အမေရိက ပြည်တွင် နှစ် သောင်း ရှစ်ထောင်ခန့် ရှိ၏။ ပြင်သစ်ပြည် ပဲရစ်မြို့တွင် အီဖဲလ် မျှော်စင်ကြီးရှိရာ ထိုမျှော်စင်ကြီးပေါ်မှ ခုန်ချသေကြသူ များ ပြားလှသဖြင့် ပဲရစ်မြူနီစီပါယ်အဖွဲ့မှ ကာကွယ်ရန် အစီအစဉ် များ ပြုလုပ်နေရသည်ဟု သိရ၏။ ထိုတိုင်းပြည်တို့တွင် စိတ္တဇ ရောဂါသည်များ များပြားလှပြီး စိတ္တဇဆေးရုံများမှာ အမြဲ တမ်း လူနာတို့ဖြင့် ပြည့်နှက်နေသည်ဟု သိရလေသည်။

လူ့စိတ် အတွင်း၌ ကိန်းအောင်းနေသော အနုသယ ကိလေသာခေါ် မကောင်းယုတ်ညံ့သော စိတ်ရိုင်း စိတ်မိုက် များသည်စိတ္တဇရောဂါ၏အခြေအမြစ် ဖြစ်သည်ဟု ဆိုကြ၏။စိတ် ပညာရှင် ဒေါက်တာဆစ်ဂမန်ဖရိုက်၏ အလိုအားဖြင့် လူများ သည် အနုသယကိလေသာများကို နှိပ်ကွပ်၍ ယဉ်ကျေးလာကြ သော်လည်း ၎င်းကိလေသာများသည် လုံးဝ ချုပ်ငြိမ်းမသွား ပဲ လူ့စိတ်၏ အောက်လွှာမှ မကောင်းစိတ်များသည် စိတ်၏

အပေါ်လွှာနှင့် ပဋိပက္ခဖြစ်ကြပြီး လူတို့တွင် စိတ်မချမ်းသာခြင်း၊ စိတ်မတည်ငြိမ်ခြင်း စသော ရောဂါ ဝေဒနာများကို ခံစားကြရလေသည်။ ထို့ကြောင့်ပင် အီတာလျံ စာရေးဆရာ အီဗိုလာက ဒုက္ခကို စိတ်မငြိမ်သက်မှု၊ စိတ်ဂဏှာမငြိမ်မှု၊ စိတ်ယောက်ယက်ခတ်မှု စသည်ဖြင့် အနက်ပြန်ဆိုခြင်း ဖြစ်လေသည်။

ဗုဒ္ဓ၏ ဒုက္ခသဘောတရားသည် လူ့လောက အတွက်သာ မဟုတ်ချေ။မတည်မြဲသော အရာမှန်သမျှ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ အားလုံး ဒုက္ခသာ ဖြစ်ပေသည်။ အချို့က လူ့ဘဝကို ဒုက္ခဟု နားလည်သော်လည်း ဗြဟ္မာလောကကိုမူ ထာဝရ သုခအဖြစ် မှတ်ထင်ကြလေသည်။ ဗြဟ္မာ လောကတွင် လူတို့ ကြုံတွေ့ရသော အိုခြင်း၊ နာခြင်း စသော ဒုက္ခများ ရှိကောင်းမှ ရှိပေလိမ့်မည်။ အသက်လည်း အဆုံးအစ မထင်လောက်အောင် ရှည်ကောင်း ရှည်ပေလိမ့်မည်။ အဆင်းလည်း ရင်သတ်ရှုမောလောက်အောင် လှကောင်း လှပေလိမ့်မည်။ သို့ရာတွင် ဗြဟ္မာသည် အဆုံးသို့ ရောက်ရပေလိမ့်မည်။ တနေ့တွင် ပျက်စီးရပေလိမ့်မည်။ မည်မျှ ကြာကြာခံသည် ဖြစ်စေ၊ မည်မျှ အေးငြိမ်းသည် ဖြစ်စေ၊ မတည်ကြသော သဘောရှိကြသော အရာ မှန်သမျှ ဒုက္ခ၌သာ အကျုံးဝင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓက ဤသို့ မိန့်ဆိုခဲ့၏၊ "အချင်းတို့၊ ဗက ဗြဟ္မာသည် မသိလေစွတကား၊ ဗြဟ္မာကိုယ်နှင့်တကွ ဗြဟ္မာပြည်သည် မြဲ၏။ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ တဖန် ဖြစ်ခြင်း မရှိဟု အယူမှား၏" (သံယုတ္တနိကာယ်) "လောက၌ ရဟန်း

**(တတိယအကြိမ်)**

ပုဂ္ဂိုလ်၊ သူမြတ်၊ နတ်ဗြဟ္မာ၊ မာရ်နတ်တို့သည် တစုံတယောက်သော သူမျှပင် မအိုခြင်း၊ မနာခြင်း၊ မသေခြင်း၊ မပျက်စီးခြင်းတို့ကို တောင့်တ၍ မရနိုင်ကုန်။" (အင်္ဂုတ္တရနိကာယ်)

ဗုဒ္ဓသည် ဒုက္ခအကြောင်း ဟောကြားသော်လည်း လူ့ဘဝသည် ဆင်းရဲမှု အတိပြီး၍ လုံးဝအသုံးမကျဟုကား မဆိုပေ။ မဆိုသည့်ပြင် လူ့အဖြစ်သည် ရခဲလှ၏ ဟုပင် မြွက်ကြားခဲ့သည်။ ဗုဒ္ဓ၏ အလိုအရ လူသည် စကြဝဠာ၏ ဝင်ရိုး ဖြစ်၏။ လူသည် အကောင်း အဆိုး၊ အနိမ့်အမြင့်တို့၏ လမ်းခုလတ်တွင် တည်ရှိ၏။ လူ့အဖြစ်သို့ ရရှိသူသည် မှန်ကန်သော တရားဓမ္မကို သိမြင်ရန် အခွင့်အလမ်းရှိ၏။ မှန်ကန်သော တရားဓမ္မကို အားထုတ်နိုင်ရန် အခြေအနေရှိ၏။ ထို့ကြောင့် ဗုဒ္ဓဝါဒသည် လူ့ဘဝကို တန်ဖိုးမထားသော စိတ်ပျက်ဝါဒ မဟုတ် သည်ကို သတိပြုရာ၏။

ဗုဒ္ဓ မတိုင်မီနှင့် ဗုဒ္ဓခေတ်က အိန္ဒိယ သားတို့သည် ဒုက္ခအကြောင်းကို အတော်အတန်သိမြင်ကြ၏။ မစ္စစ်ရိုင်းစ် ဒေးဗစ်စ်၏ အလိုအရ ဟိန္ဒူ ဥပနိသျှဒ် ကျမ်းများတွင် ဒုက္ခ ဟူသော ပုဒ် စုစုပေါင်း အကြိမ် (၅၀)မျှ တွေ့ရသည်ဟု သိရ၏။ ဤသို့ အိန္ဒိယသားများသည် ဒုက္ခကို သိမြင်ဟောကြား ကြခြင်းမှာ စစ်ဘေး စစ်ဒဏ်များ ခံစားရသောကြောင့်လည်းကောင်း၊ စွတ်စို ထိုင်းမှိုင်းသော ရာသီဥတုကြောင့်လည်းကောင်း ဖြစ်သည်ဟု အချို့က ရေးသားကြ၏။ စင်စစ် ဤအဆိုသည် အခြေအမြစ်မရှိလှချေ။

စစ်ဘေးစစ်ဒဏ်ကို ဥရောပသားတို့သည် အိန္ဒိယ သားတို့

ထက် ပို၍ခံကြရကြောင်း သမိုင်းတွင် တွေ့ရနိုင်သည်။ဒုက္ခကိုသိမြင်ခြင်းမှာ ချမ်းသာ ဆင်းရဲနှင့်မဆိုင်ပေ။ အရပ် ဒေသနှင့်လည်း မဆိုင်ပေ။ ဥပမာ၊ အင်ပိုင်ယာ ရှင်ဘုရင် ကေရာဇ် ဖြစ်သော မားကပ်(စ်) ဩရဲလီးယပ်(စ်)၊ ခရစ်ယာန် ပုပ်ရဟန်းမင်းကြီး တတိယမြောက် အင်နိုးဆင့်၊ အဘိဓမ္မာ ဆရာကြီး ရှိုပင်ဟောတို့သည်လည်း ဒုက္ခအကြောင်း အထိုက်အလျောက် သိမြင် နားလည်ကြသူများ ဖြစ်ကြသည်။ ရာသီဥတုအားဖြင့် လည်း အိန္ဒိယပြည်သည် ဥရောပထက်ပို၍ ကောင်းမွန်ပေသည်။ ထို့ကြောင့် အိန္ဒိယသားတို့ ဒုက္ခကို သိမြင်ခြင်းမှာ သူတို့၏ ကိုယ်ပိုင် ဆင်ခြင် ဝေဖန်မှုအရသာ ဖြစ်၍ ရာသီဥတုကြောင့် မဟုတ်ကြောင်း ထင်ရှားပေသည်။ ဤအချက်ကို ဆား. ချား(လ်)(စ်) အဲလျော့ ကဲ့သို့သော ပညာရှင်တို့က ထောက်ခံကြပေသည်။

အချို့ပုဂ္ဂိုလ်တို့က ဗုဒ္ဓဝါဒကို စိတ်ပျက် အားလျော့သော ဆင်းရဲ ဝါဒ သက်သက်အဖြစ် ရေးသားကြ၏။ ဤရေးသား ချက်မှာ မမှန်ပေ။

လန်ဒန် ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ ဗုဒ္ဓ ကျမ်းပြုဆရာခရစ်စမတ်ဟမ်းဖရေးက ဤသို့ ရေးသားထား၏။ "မသိနားမလည်သူများက ဗုဒ္ဓဝါဒကို စိတ်ပျက်သော ဝါဒဟု ဆိုကြကုန်၏။ ဤအဆိုမှန်ပါက (မှန်လည်းမမှန်ပါ) ဗုဒ္ဓဝါဒ နောက်လိုက်များ ဖြစ်ကြသော သီဟိုဠ်ပြည်၊ မြန်မာပြည်၊ယိုးဒယားပြည်၊ ကမ္ဘောဒီးယားပြည်တို့မှ လူအပေါင်းတို့သည် ကမ္ဘာပေါ်၌ အပျော်ရွှင် အချမ်းမြေ့ဆုံး ပုဂ္ဂိုလ်များ ဖြစ်နေကြသည့် အချက်မှာ ထူးဆန်းလှပေသည်။"

ဟိန္ဒူ ဘာသာနှင့် ဗုဒ္ဓဘာသာ ကျမ်းကို ရေးသားသူ ချား(လ်) (စ်)အဲလျော့ကလည်းအောက်ပါအတိုင်းဖော်ပြခဲ့၏။

“ဗုဒ္ဓဝါဒကို စိတ်ပျက်အားလျော့သော ဝါဒအဖြစ် မကြာခဏ ဖော်ပြကြ၏။ သို့သော် ဤဖော်ပြချက်သည် မှန်ပါ၏လော။ စိတ်ပျက် အားလျော့သော ဝါဒဟူသည်မှာ ကမ္ဘာလောကကြီးသည် အလွန်တရာ ဆိုးရွားလှပြီး မည်သည့်အရာမဆို မကောင်းမှုတို့သာ ဖြစ်သည်ဆိုသောအယူဟု အဘိဓာန်၌ ဖွင့်ဆိုထား၏။ လေးလေးနက်နက် ပြောရလျှင် ထိုအယူသည် ဗုဒ္ဓ၏ အယူမဟုတ်ချေ”

များစွာသော ပုဂ္ဂိုလ်တို့က ဒုက္ခအကြောင်းကိုပြဆိုသည်မှာ ဗုဒ္ဓဝါဒတခုသာ ဖြစ်သည်ဟု ထင်မှတ် ရေးသားကြကုန်၏။ အမှန်မှာ ဤသို့မဟုတ်ချေ။ ဘာသာတရားမှန်သမျှတို့၏အခြေခံသည် လောက၏မမြဲမှု၊အနှစ်သာရမရှိမှု၊ဆင်းရဲမှု၊ မတည်ငြိမ်မှု၊ မပြည့်ဝမှုတို့ကို သိမြင်ခြင်းပင်ဖြစ်သည်။ဤသို့သိမြင်၍ လူ့ဘဝထက်အထက်တန်းကျသော၊ လူ့ဘဝထက် အနှစ်သာရရှိသော အခြေအနေများကို ရှာကြံခြင်းသည်ဘာသာတရားတို့၏အဓိကလုပ်ငန်း ဖြစ်သည်။ ဤနေရာ၌ ချား(လ်)(စ်) အဲလျော့၏ အောက်ပါ စကားရပ်သည် မှတ်သားဖွယ်ဖြစ်၏။

“ဘာသာရေး၏ သာ၍ မြင့်မားသော ပုံစံများမှာ ဒုက္ခတည်ရှိမှုတွင် အခြေခံပေသည်။ သို့ရာတွင် ၎င်းတို့၏တန်ဖိုးမှာ အဆိုပါဒုက္ခကို ပယ်ဖျောက်နိုင်သော စွမ်းအင်၌ တည်ရှိပေသည်။ ရောဂါကိုကု၍ မရနိုင်တော့ဟုသာ ပြောတတ်သော

ဆရာဝန်သည် အောင်မြင်မည် မဟုတ်သကဲ့သို့ပင် ဘာသာရေး တခုတွင်လည်း စိတ်ပျက်သော သဘောမျှသာ မဖြစ်နိုင်ပေ။"

ဤစာပိုဒ်၏ အဓိပ္ပာယ်အချုပ်ကား ဤသို့ဖြစ်၏။ ဘာသာရေး မှန်သမျှသည် ဒုက္ခအကြောင်းကို ပြဆိုရ၏။ သို့သော် ထိုသို့ပြရုံဖြင့် မပြီးပဲ ဒုက္ခမှ လွတ်မြောက်ရာ တရားကိုလည်း ဖော်ထုတ်ရသည်။ မည်သည့် ဘာသာတွင်မဆို ဤအချက်မှာ ထင်ရှားပေသည်။

အိန္ဒိယပြည်၌ ပေါ်ထွန်းသော ဘာသာများသည် ဒုက္ခ၏ တည်ရှိမှုကို အခြေခံကြကြောင်း အားလုံးသိပြီး ဖြစ်ကြသည်။ ဟိန္ဒူဘာသာ၏ ကျမ်းရင်းများဖြစ်ကြသော ဥပနိသျှဒ်ကျမ်းတို့တွင် လူ့လောက၏ ဒုက္ခများကို ပြဆိုထားသည်။ ထိုကျမ်းတို့၏ အလိုအရ ရုပ်ခန္ဓာအတွင်းရှိ အတ္တ(အတ္တမန်)သည် မူလနေရာဖြစ်သော ထာဝရဘုရား (ဗြဟ္မာ) နှင့် ပူးပေါင်းမိသော အခါတွင်မှ အလုံးစုံသော ငြိမ်းအေးချမ်းသာမှုကို ရရှိပေလိမ့်မည်။ ဇိန(ဂျိမ်း)ဘာသာအရလည်း အတ္တသည် ရုပ်တို့၏နှောင်ဖွဲ့ခြင်းကိုခံရပြီး ကိလေသာ အညစ်အကြေးတို့ လိမ်းကျံနေသဖြင့်ဆင်းရဲခြင်း၊အိုခြင်း၊နာခြင်း၊သေခြင်း၊အသစ်မွေးဖွားခြင်းတို့ ဖြစ်ပေါ်နေရလေသည်။ ဗုဒ္ဓဝါဒအရမူ ဤလူ့ဘဝသာမက နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သည်လည်း ဒုက္ခဘုံများသာ ဖြစ်ကြလေသည်။ အိန္ဒိယဘာသာများအတွက် ဒုက္ခသည် သူ့အလိုလို ထင်ရှားပြီး သက်သေပြရန် မလိုသော အမှန်တရား (SELF-EVIDENT TRUTH) တခုဖြစ်ပေသည်။ဒုက္ခကိုပြဆိုခြင်းသည် အိန္ဒိဘာသာများ၏ ထင်ရှားသောအမှတ်အသားဖြစ်

၏။ထို့ကြောင့် ဒေါက်တာ အဲလဘတ်စကွိုက်ဇာက သူ၏စာအုပ် INDIAN THOUGHT AND ITS DEVELOPEMENT ၌ အိန္ဒိယဘာသာများကို ကမ္ဘာနှင့်ဘဝများ ကို ပယ်သော အယူများ(WORLD AND LIFE NEGATON)ဟုကင်ပွန်း တပ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

စင်စစ်အားဖြင့် အိန္ဒိယ ဘာသာများသာမက အခြား ဘာသာအားလုံး အလားတူပင် ဖြစ်ကြလေသည်။ အထူးသဖြင့် ခရစ်ယာန်ဘာသာတွင် ဤအချက်မှာ ထင်ရှားသည်၊ ခရစ်တော်၏ သင်ကြားချက်များကို လေ့လာကြည့်ပါက ဤကမ္ဘာ လောကသည် တန်ဖိုးရှိလှသည်မဟုတ်ကြောင်း တွေ့ရပေမည်။ ဘုရားသခင်၏ နိုင်ငံတော်သည် အမြတ်ဆုံးဖြစ်၍ လူသည် ထိုနိုင်ငံတော်သို့ရောက်အောင် ကြိုးပမ်းရမည်ဖြစ်၏။ ထိုနိုင်ငံ တော်တွင်းမှ ထာဝရ ငြိမ်းအေးချမ်းသာမှုကိုရရှိနိုင်ပေလိမ့်မည်။

တခါက သခင်ခရစ်တော်သည် လူငယ်တဦးအား သူ၏ ဥစ္စာပစ္စည်းအားလုံးကို စွန့်ကြဲလိုက်ရန်၊ ထိုသို့စွန့်ကြဲလိုက်ပါက သူ့အတွက် ပစ္စည်းဥစ္စာများသည် ကောင်းကင်ဘုံ၌ စုဆောင်း ပြီး ဖြစ်လိမ့်မည်ဖြစ်ကြောင်းတို့ကို ပြောဆိုခဲ့လေသည်။ (သျှင် မာကုကျမ်း)။ မိမိတွင် ရှိသမျှကို မစွန့်သေးသမျှ ထိုသူသည် ငါ၏တပည့် မဖြစ်နိုင်ဟုလည်း မိန့်ကြားခဲ့သည်။ (သျှင်လုကာ ကျမ်း)။ ဤကမ္ဘာအား လည်းကောင်း၊ ဤကမ္ဘာအတွင်းရှိ ပစ္စည်း ဥစ္စာများကို လည်းကောင်း၊ မချစ်ခင်ကြနှင့်။ ၎င်း တို့ကို ချစ်ခင်သူအား ဖခင် (ဘုရားသခင်)သည် ချစ်လိမ့်မည် မဟုတ်ဟုလည်း မိန့်မြွက်ခဲ့သည်။ (သျှင်ယောဟန်ကျမ်း)

"ဗုဒ္ဓဝါဒတွင် ဒုက္ခသည် အခြေခံဖြစ်၏။ ပဓာနလည်းဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက ဤသို့ဟောခဲ့လေသည်။ ဒုက္ခကိုသိမြင်သူသည် ဒုက္ခ၏ဖြစ်ပေါ်ရာ အကြောင်းကိုလည်းကောင်း၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ အဖြစ်ကိုလည်းကောင်း၊ ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်စေတတ်သောလမ်းကိုလည်းကောင်း သိမြင်နိုင်ပေသည်" (သံယုတ္တနိကာယ်)

အကယ်၍ အချက်သုံးခုမရှိလျှင် ဤကမ္ဘာ၌ ဗုဒ္ဓသည် ပွင့်တော်မူမည်မဟုတ်။ ဗုဒ္ဓ၏ တရားတော်သည်လည်း ထွန်းလင်းမည် မဟုတ်။ ထိုအချက်သုံးခုကား မွေးခြင်း၊ အိုခြင်း၊ သေခြင်းတို့ပင်တည်း။

ဒုက္ခအကြောင်းကိုသိမြင်သည်ဆိုရာ၌ စိတ်ညစ်ညူးနေသည်ကို ဆိုလိုသည်မဟုတ်ချေ။ စင်စစ်သော်ကား ဒုက္ခအကြောင်းကို အမှန် သိမြင်သူသည် ပျော်ရွှင်ချမ်းမြေ့နေသည်သာ ဖြစ်ပေသည်။ အဘယ့်ကြောင့်ဟူမူ သူသည် ပြောင်းလဲမှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုဟူသမျှကြောင့် တုန်လှုပ်ချောက်ချားခြင်း မရှိတော့ပဲ တည်ငြိမ်နေသောကြောင့်ပေတည်း။ ဒုက္ခကိုသိမြင်သူသည် စိတ်ညစ်ညူးရန်မလိုပေ။ ဒုက္ခ၏ အရင်းအမြစ်ကိုရှာဖွေ၍ ဒုက္ခကိုဖယ်ရှားပစ်ရန်သာ အားထုတ်ဖို့ရှိပေသည်။

ထေရဂါထာနှင့် ထေရီဂါထာတို့တွင် ဗုဒ္ဓ၏သင်ကြားချက်များကို လိုက်နာကျင့်ကြံသောကြောင့် အေးငြိမ်းချမ်းသာမှုကို ရရှိကြကုန်သော ဘိက္ခုနှင့် ဘိက္ခုနီတို့အကြောင်းကို ရေးသားမှတ်တမ်းတင်ထားလေသည်။ ကောသလမင်းကြီးကလည်း ဗုဒ္ဓ

အား ဤသို့လျှောက်ထားဘူး၏။ "အရှင်ဘုရား၊ အရှင်ဘုရား၏ သာသနာတော်၌ အလွန်ရွှင်လန်းကုန်သော၊အလွန်တက်ကြွကုန်သော၊ အလွန်မွေ့လျော်၍ ကြောင့်ကြမဲ့ ဖြစ်ကုန်သော ရဟန်းတို့ကို တပည့်တော် မြင်ရပါ၏"။ (ဓမ္မစေတီယသုတ်)

ဗုဒ္ဓဝါဒသည် မျက်မှောက်တဝမှာပင် လူတို့အား များစွာသော အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေခဲ့၏။ ထို့ကြောင့် ပါမောက္ခနာရဆူက "ဗုဒ္ဓဝါဒသည် ကမ္ဘာ့လူဦးရေသန်းပေါင်းငါးရာခန့်အား စိတ်ပျော်ရွှင်မှုနှင့် စိတ်အားတက်ကြွမှုကို ပေးခဲ့သည့်အပြင် ဒုက္ခဘေးဆိုး အမျိုးမျိုးကို ကျော်လွှား လွတ်မြောက်စေပြီး ကောင်းမွန်သော၊ ကြင်နာတတ်သော၊ စေတနာထက်သန်သော၊ မှန်ကန်သော၊ မေတ္တာထားရှိသော လူများအဖြစ်သို့ ရောက်စေခဲ့၏"ဟု မှတ်ချက်ချခြင်း ဖြစ်လေသည်။

ဗုဒ္ဓဘာသာ၏ ကြီးမားသော ဂုဏ်ကျေးဇူးမှာ လူတို့တွင် အလှအပခံစားမှုနှင့် အနုပညာဆိုင်ရာ အသိဓာတ်များ မွေးမြူပေးခဲ့ခြင်း ဖြစ်လေသည်။ ဗုဒ္ဓဘာသာထွန်းကားသော နေရာတိုင်း၌ အနုပညာမြောက်သော စေတီပုထိုးများ၊ ကြီးကျယ်သော ဝိဟာရများ၊ လှပသော ထူပါရုံများ ပေါ်ပေါက်ခဲ့၏။ အိန္ဒိယပြည်၌ ရှေးဟောင်းသုတေသနဌာန ညွှန်ကြားရေးဝန် ဂျေအိချ်မာရှယ်၏ အဆိုအရ ဗုဒ္ဓဘာသာရေးဆိုင်ရာ ပန်းပုလက်ရာများသည် ရှေးဟောင်းကမ္ဘာတွင် အလှအပဆုံးဖြစ်ကြောင်း သိရလေသည်။ တရုတ်ပြည်၊ ဂျပန်ပြည် စသည်တို့ရှိ လှပ ခန့်ညားဆုံး အဆောက်အအုံများမှာလည်း ဗုဒ္ဓဘာသာ

ဘုရားကျောင်းများပင် ဖြစ်သည်။ အဂျန္တာလိုဏ်ဂူရှိ ပန်းချီ လက်ရာများမှာလည်း သမိုင်းတွင်ခဲ့လေသည်။

အနုပညာသာမက ဗိသုကာအတတ်နှင့် ပန်းပုအတတ်၊ ဆေးရေးအတတ်နှင့် တံဆိပ်ထုအတတ်များလည်း ဗုဒ္ဓဘာသာကြောင့် များစွာတိုးတက်ခဲ့သည်။ အိန္ဒိယပြည်၏ ဆေးပညာ အတိုးတက်ဆုံးသောကာလမှာ ဗုဒ္ဓဘာသာ ထွန်းကားချိန်ပင် ဖြစ်သည်။ အသောကမင်း လက်ထက်တွင် လူနှင့်တိရစ္ဆာန်များအတွက် ဆေးရုံများ နေရာအနှံ့အပြားတွင် တည်ဆောက်ခဲ့ရာ ဆေးပညာ လေ့လာမှုလည်း ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာလေသည်။ ကျော်ကြားသော ဆေးကျမ်းပြုဆရာ စရကသည် ဗုဒ္ဓဘာသာဘုရင် ကနစ်ရှက၏ သမားတော်ကြီး ဖြစ်၏။ နာဂဇုနအမည်ရှိဆေးပညာရှင်သည်လည်း ပေါင်းခံခြင်း စသော အတတ်များကို ရှာကြံတွေ့ရှိ၍ ဓာတုဗေဒပညာကို တိုးတက်စေခဲ့သည်။ ယခုတိုင်အောင် အသုံးပြုလျက်ရှိသော အခြေခံ ဆေးပညာကျမ်းစာကို ဗုဒ္ဓဘာသာပညာရှင် ဝဂ္ဂဘတ္တက ရေးသား စီရင်ခဲ့လေသည်။

ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသော ဘုရင်များသည် ကြီးကျယ်သော ဆည်မြောင်း တာတမံများနှင့် လမ်းပန်းများကို တည်ဆောက်လေ့ရှိကြ၏။ ထို့ကြောင့်ပင် တည်ဆောက်မှု(အင်ဂျင်နီယာ)အတတ်သည်လည်း တိုးတက်လာလေသည်။ ဝင်္ဂနာဂနှင့် သူ၏တပည့် ဓမ္မကိတ္တိတို့သည် တက္ကဗေဒဆိုင်ရာ ကျမ်းများကို ပြုစုခဲ့ကြသည်။ ဝရရုစိ၊ ဇေယျဓိတိယ၊ ဝါမဏ၊ စန္ဒရတို့သည် သဒ္ဒါနည်းဆိုင်ရာ ကျမ်းများကို ပြုစုခဲ့ကြသည်။ ဝိရာဓိနှင့်

အမရသီဟတို့သည် စာလုံးအက္ခရာများကို တီထွင်ကြသည်။ နာလန္ဒာတက္ကသိုလ် အစရှိသော ဗုဒ္ဓယဉ်ကျေးမှုဌာနများတွင် သိပ္ပံနှင့် ဝိဇ္ဇာပညာရပ်များ လေ့လာကြသည်။

အရှေ့တိုင်းပညာရှင် သီအိုဒိုဘင်းပေး၏အဆိုအရ အိန္ဒိယပြည် ယဉ်ကျေးမှုသည် အနှစ်သာရအားဖြင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုပင် ဖြစ်လေသည်။

တရုတ်ပြည်၌ ဗုဒ္ဓဘာသာအမြစ်တွယ်လာသောအခါ ပညာဉာဏ်ကြီးကျယ်သော လူဆင်ဆန်၊ ချူဇီးနှင့် ဝမ်ယန်မင်း စသည့် ပုဂ္ဂိုလ်များ ပေါ်ခဲ့လေသည်။ ပါမောက္ခချိန်ဘာလင်က ရေးသားထားသည်မှာ ဤသို့ ဖြစ်၏။

"ဂျပန်ပြည်၏ ပညာရေးနှင့် ဆင်းရဲနွမ်းပါးသူများအား စောင့်ရှောက်ရေးအတွက် ဗုဒ္ဓဘာသာက အနုပညာနှင့် ဆေးပညာများကို သယ်ဆောင်ခဲ့သည်။လူတို့၏နေထိုင်သွားလာမှုကို ပံ့ပိုးပေးခဲ့သည်။ကဗျာနှင့် ပြဇာတ်တို့ကို ဖန်ဆင်းပေးခဲ့သည်။ နိုင်ငံရေး၊လူမှုရေးနှင့် အသိဉာဏ်ရေး လှုပ်ရှားမှုများကို ဩဇာသက်ရောက်ခဲ့သည်။ အတိုချုပ်အားဖြင့် ပြောရလျှင် ဂျပန်ပြည်အား လူလားမြောက်အောင် သင်ကြားပေးသည့် ဆရာမှာ ဗုဒ္ဓသာသာပင် ဖြစ်လေသည်"

လက်ဖ်ကေဒီယိုဟန်းကလည်း ဤသို့ ရေးသားထား၏။

"ဗုဒ္ဓဘာသာက ဂျပန်ပြည်၏ ယဉ်ကျေးမှုအပေါ် လွှမ်းမိုးခဲ့သော ဩဇာအရှိန်အဝါသည် ကြီးကျယ်လေးနက်များပြား၍ မရေတွက်နိုင်ကြောင်း ဝန်ခံရပေမည်။ ဗုဒ္ဓဘာသာက ဆင်းရဲသူနှင့်ချမ်းသာကြွယ်ဝသူအားလုံးကို ဩဇာသက်ရောက်ခဲ့သည်။

အုပ်ချုပ်သူများနှင့် တရားဥပဒေများကို ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ဗုဒ္ဓဘာသာက ဂျပန်ပြည်သို့ ကြင်နာမှု တည်းဟူသော တရားတော်ကို ယူဆောင်ခဲ့သည်။ ထိုကြင်နာမှုသည် လူတို့အား ယဉ်ကျေးစေသော တန်ခိုးသတ္တိပင် ဖြစ်ပေသည်။ ဗုဒ္ဓဘာသာက သူ့အသက်ကို လေးစားရန်နှင့် တိရစ္ဆာန်များအား ကြင်နာရန် သင်ကြားပေးသည့်အပြင် အနုပညာနှင့် လက်မှုပညာများကိုလည်း ထူထောင်ပေးခဲ့သည်။အဆောက်အအုံအတတ်၊ဆေးရေးအတတ်၊ ပန်းပုအတတ်၊ တံဆိပ်ထုအတတ်၊ ပုံနှိပ်အတတ်၊ ဥယျာဉ်စိုက်ပျိုးမှုအတတ်၊(အတိုချုပ်ဆိုရလျှင် လူ့ဘဝကို လှပစိုပြေသော ပညာရပ်အားလုံး)သည် ဂျပန်ပြည်၌ ဗုဒ္ဓဘာသာကြောင့် ထွန်းကားခဲ့သည်။ သို့ရာတွင် ဗုဒ္ဓဘာသာ၏ အကြီးဆုံးတန်ဖိုးကား ပညာရေးပင်တည်း။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများသည် စာသင်ကျောင်းများပင်ဖြစ်သည်။ တဖြည်းဖြည်း တိုင်းပြည်၏ပညာရေးစနစ်သည်ပင် ဗုဒ္ဓဘာသာ၏ လုံးဝတာဝန် ဖြစ်လာလေသည်။ လူ့ကျင့်ဝတ်လည်း တိုးတက်လာလေသည်။ ဂျပန်ပြည်အား ယဉ်ကျေးစေခဲ့သော ဗုဒ္ဓဘာသာ၏ အရှိန်အဝါများကို အသေးစိတ်ရေးရလျှင်ကား စာအုပ်အတွဲပေါင်းများစွာ ဖြစ်လာပေလိမ့်မည်၊”

ဤကဲ့သို့ လူသားတို့အား မျက်မှောက်ဘဝ၌ပင် စိတ်ချမ်းသာ ပျော်ရွှင်မှုကိုပေး၍ စိတ်အားတက်ကြွစွာ တိုးတက်မှုကို ရှာကြံစေရန် ဖန်တီး ပေးနိုင်စွမ်းရှိသော ဗုဒ္ဓဘာသာသည် အဘယ်မှာလျှင် စိတ်ပျက်ဖွယ်ရာ ဆင်းရဲဝါဒသက်သက် ဖြစ်နိုင်ပါအံ့နည်း။

## အခန်း ခုနစ်

# သံသရာ

ပထမအကြောင်း ပြဿနာအခန်းတွင် ဖော်ပြခဲ့သော ရုပ်ဝါဒ အရ လူ သို့မဟုတ် သက်ရှိသတ္တဝါသည်မျိုးတို့၏(ရုပ်၏)မတော် တဆ ပေါင်းစပ်မှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်၏။ စိတ်ဆို သည်မှာလည်း ၎င်းရုပ်၏ ဖွဲ့စည်းမှုအမြင့်မားဆုံးအချိန်တွင် ရုပ် ၏ အရောင်ဟပ်မှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်၏။ ဤဝါဒ အရ လူနှင့် တိရစ္ဆာန်၊ တိရစ္ဆာန်နှင့် အရာဝတ္ထု အတွင်း၌ မည်သည့် ခြားနားချက်မျှမရှိ။ စိတ်ခံစားမှု၊ အလှုအပဖန်တီးမှု၊ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းမှု စသည်တို့ကြောင့် လူသည် တိရစ္ဆာန်ထက် ပို၍ မမြင့်မြတ်။ ရုပ်၏ တိုးတက်မှု နိမ့်သည်နှင့် မြင့်သည်သာ ကွာ၏။ အခြား ကွဲလွဲချက် မရှိ။ အားလုံးသည် ရုပ်တုံးရုပ်ခဲမျှသာတည်း။

ဤဝါဒအရ လူအပါအဝင် သက်ရှိတို့သည် သေသည်၏ အခြားမဲ့၌ ဘာမျှ မဖြစ်နိုင်တော့ချေ။ သေလျှင်ပြတ်၏။ နောင်

ဘဝ ဟူ၍ မရှိ။ နောင်ဘဝ မရှိသဖြင့် ငရဲ၊ နတ်ပြည် စသည်တို့ မရှိ။ ဘာသာရေးဆိုသည်မှာလည်း လူရည်လည်တို့က လူအတို့အား လှည့်ပတ်ဖြားယောင်း၍ စားသောက်ရန် တီထွင်ထားသော အညာအဖျန်းသက်သက်သာတည်း။

အချို့ စာရေးဆရာတို့က ဗုဒ္ဓဝါဒကို ရုပ်ဝါဒဆန်ဆန် ဖြစ်အောင် ရေးသားကြ၏။ ၎င်းတို့က ဗုဒ္ဓဝါဒသည် ပစ္စုပ္ပန်ဝါဒသက်သက် ဖြစ်ကြောင်း၊ ပစ္စုပ္ပန်ဆိုသည်မှာ ဗုဒ္ဓဝါဒ၏ အလိုအားဖြင့် ပုခက်နှင့် ခေါင်းအကြား ကာလသာ ဖြစ်ကြောင်း၊ သုသာန်၏ အခြားဘက်သို့ မျှော်ကြည့်ရန် မလိုကြောင်း၊ ဗုဒ္ဓဝါဒသည် မူလက ယံခုဘဝဝါဒ ဖြစ်ကြောင်း၊ နောက်မှ ဘုန်းကြီးရဟန်းတို့က နောင်ဘဝဝါဒအဖြစ် ဖန်တီးလိုက်ကြကြောင်း၊ ထိုအခါမှ ဗုဒ္ဓဝါဒအတွင်းသို့ ငရဲ၊နတ်ပြည် စသည်တို့ ဝင်လာကြောင်း စသည်ဖြင့် ရေးသား ဖော်ပြကြ၏။ ဤသို့ ရေးသားလေ့ရှိသူများအနက် ပါဠိပညာရှင် မစ္စက်(စ်) ရိုင်း(စ်)ဒေးဗစ်(စ်)သည် အထင်ရှားဆုံး ဖြစ်လေသည်။

ဤအရေးအသားများကြောင့် ဗုဒ္ဓဝါဒနှင့်ပတ်သက်၍ အယူအဆများ ရှုပ်ထွေးလာ၏။ ဗုဒ္ဓဝါဒတွင် နောင်ဘဝ ရှိ မရှိဆိုသော ပြဿနာလည်း ပေါ်လာ၏။ ထို့ကြောင့် ဤပြဿနာကို ဖြေရှင်းရန် လိုအပ်လာလေသည်။

ဗုဒ္ဓဘာသာတွင် ဂိုဏ်းကွဲပေါင်း များစွာ ရှိသော်လည်း ဂိုဏ်းအားလုံးက နောင်ဘဝကို အယူ ရှိကြလေသည်။ ဘဝဆက်လက်၍ဖြစ်ပေါ်မှု(သံသရာ)နှင့် ပြုလုပ်မှု(ကမ္မ)သည် ဗုဒ္ဓဝါဒ၏ ဝင်ရိုးဖြစ်ပေသည်။ ၎င်းတို့မရှိလျှင် ဗုဒ္ဓဝါဒ မရှိနိုင်ပေ။

၁၈၉၁ ခုနှစ်က ဗုဒ္ဓကျမ်းပြုဆရာ သီအိုဆိုဖီအသင်း ဥက္ကဋ္ဌ၊ အမေရိကန်လူမျိုး၊ ကာနယ်အော့(လ်)ကော့သည် ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက လက်ခံနိုင်မည့် အချက်တို့ကို စိစစ်၍ အခြေခံဗုဒ္ဓဝါဒ ယုံကြည်ချက်များ အမည်ရှိ စာတမ်းကို ရေးဆွဲခဲ့လေသည်။ ၎င်းစာတမ်းတွင် အချက်(၁၄)ချက် ပါဝင်၏။ ၎င်းတို့အနက် လိုအပ်သော အချက်တို့ကို မူရင်းနံပါတ်အရ ဖော်ပြလိုက်ပါသည်။

(၅) သကျမုနိက သင်ကြား ခဲ့သည်မှာ အဝိဇ္ဇာ သည် တဏှာကိုဖြစ်စေတတ်၏။ တဏှာသည်ဘဝဆက်လက်ဖြစ်ပေါ်မှု၏ အကြောင်းဖြစ်၏။ ဘဝဆက်လက်ဖြစ်ပေါ်မှုသည် ဒုက္ခ၏ အကြောင်းရင်းပင်တည်း။

(၆) အဝိဇ္ဇာကို ပယ်သတ်လိုက်သောအခါ ဘဝဆက်လက်ဖြစ်ပေါ်မှု၏ အပြစ်အာဒိနဝများကိုသိမြင်လာ၏။ ဘဝ ဆက်လက် ဖြစ်ပေါ်မှုကို ပယ်သတ်တားမြစ်ရန် လိုအပ်ပုံကိုလည်း သူမြင်လာ၏။ အဝိဇ္ဇာက မှားယွင်းပြီး သဘာဝ ကျသည့် လူတွင် တဘာဝသာရှိသည်ဆိုသောအမြင်ကိုပေါ်ပေါက်စေ၏။

တဖန် ၁၉၄၅ခုနှစ်တွင် လန်ဒန် ဗုဒ္ဓဘာသာ အသင်း၏ တာဝန်ပေးချက်အရ ၎င်းအသင်း၏ ဥက္ကဋ္ဌ ခရစ်စမတ်ဟန်းဖရေး ရေးဆွဲသောစည်းမျဉ်း(၁၂)ချက် စာတမ်းပါ နံပါတ်(၂)တွင်လည်း ဘဝဆက်လက်ဖြစ်ပေါ်မှု(သံသရာ)ကိုအခြေခံအဖြစ် ဖော်ပြထား၏။ အထက်ဖော်ပြပါ စာတမ်း(၂)ခုကို မြန်မာပြည်အပါအဝင် အပြည်ပြည်ရှိဗုဒ္ဓဘာသာဂိုဏ်းများက လက်ခံကြသည်ဟု ဆုံးဖြတ် ထားကြပေသည်။ ဤအချက်ကို

ကြည့်၍ ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက ဘဝဆက်လက်ဖြစ်ပေါ်မှု (သံသရာ)ကို အခြေခံယုံကြည်ချက်အဖြစ် ထားကြောင်း ထင်ရှားပေသည်။ သံသရာ မရှိလျှင် သံသရာမှ ထွက်မြောက်ရာ တရား(နိဗ္ဗာန်)ဟူ၍ မရှိနိုင်ပေ။ ထို့ကြောင့် သံသရာကို ငြင်းပယ်ခြင်းသည် သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို ငြင်းပယ်ခြင်းမည်၍ နိဗ္ဗာန်ရောက်ကြောင်းတရား ဖြစ်သော ဗုဒ္ဓဝါဒကို အခြေခံမှ တူးဖြိုပစ်ခြင်းမည်ပေသည်။ မဟာယာနသုတ္တန်တခုတွင် လာရှိသော အောက်ပါစကားရပ်သည် အလွန်ထင်ရှားပေသည်။

"သံသရာရှိသော နေရာတွင် နိဗ္ဗာန်ရှိနိုင်သည်။ နိဗ္ဗာန်ရှိသော နေရာမှသာ သံသရာရှိနိုင်သည်။" (လင်္ကာဝတ္တာရသုတ်)

ဗုဒ္ဓ၏ဟောကြားချက်များအနက် များစွာသော သုတ္တန်တို့တွင် သံသရာအကြောင်းကို အထင်အရှား ပြဆိုထား၏။ ဤသည်တို့ကို ဘုရားဟောမဟုတ်ဟု ပယ်ရန်ကား ဖြစ်နိုင်မည်မဟုတ်ချေ။ ဗုဒ္ဓမြတ်စွာသည် ဝါတော်(၄၅)ဝါ ကာလပတ်လုံး အဆက်မပြတ် ဟောကြားခဲ့သည်မှာ ဓမ္မစကြာ၊ အနတ္တလက္ခဏနှင့် ကာလာမသုတ္တန်တို့လောက်သာ မဟုတ်ချေ။ ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပထမဆုံး ကျူးရင့်တော်မူသော စကားမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

"ငါသည် ခန္ဓာအိမ်ကို ပြုလုပ်သည့်လက်သမားကို ရှာဖွေခဲ့ရာ သဗ္ဗညုတဉာဏ်ကို မရသဖြင့် ဘဝများစွာ သံသရာကာလပတ်လုံး ကျင်လည်ရပြီး အဖန်ဖန် ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲလှ၏။

"ခန္ဓာအိမ်ကို ဆောက်လုပ်သည့် တဏှာလက်သမား၊ ယခု ငါသင့်ကို တွေ့ပြီ။ သင်သည် ငါ၏ ခန္ဓာအိမ်ကို နောက်ထပ် ဆောက်ရလိမ့်မည်မဟုတ်။ သင်၏အိမ် အခြင်အားလုံးကို ငါ ချိုးဖျက်ခဲ့ပြီ။ အိမ်အထွတ်ကိုဖျက်ခဲ့ပြီ။ ငါ၏ စိတ်သည် ပြုပြင် စီရင်မှုကင်းသည့် နိဗ္ဗာန်သို့ ဆိုက်ရောက်ပြီ။ အရဟတ္တဖိုလ်သို့ ရောက်ပြီ။"

"အနေကဇာတိ သံသာရံ"အစရှိသော အထက်ပါ ဗုဒ္ဓ၏ ပထမဂါထာသည် ဘဝဆက်လက်ဖြစ်ပေါ်မှုကို အထင်အရှား ပြဆိုပေသည်။ အထူးသဖြင့် ၎င်းဂါထာတွင် ပါရှိသော (၁) ဘဝများစွာ သံသရာကာလပတ်လုံး ကျင်လည်ခဲ့ရပြီ ဆို သော စကားရပ်၊ (၂) အဖန်ဖန် ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲ၏ဆိုသော စကားရပ်၊ (၃)သင်သည် ငါ၏ခန္ဓာအိမ်ကို နောက်ထပ် ဆောက်ရလိမ့်မည်မဟုတ် ဆိုသော စကားရပ်က ဗုဒ္ဓသည် ဘဝဆက်လက်ဖြစ်ပေါ်မှုကိုအယူရှိကြောင်း (တနည်း အားဖြင့်) ဗုဒ္ဓ၏ကမ္မဝါဒသည် ပုခက်နှင့် ခေါင်းအကြားတွင် သာ ဆိုလိုသည်မဟုတ်ကြောင်း ရှင်းလင်းစွာ ပြဆိုပေသည်။ ၎င်းအပြင် သံသရာနှင့်ပတ်သက်သော ဗုဒ္ဓ၏ ဟောကြားချက် များစွာလည်း ရှိသေးသည်။ မန္တလေးမြို့ မြန်မာဗုဒ္ဓဘာသာ အသင်းမှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော "ဗုဒ္ဓ၏အလင်း ရောင်"လစဉ်စာစောင် ၁၉၆၃ခု ဖေဖော်ဝါရီလထုတ် စာ မျက်နှာ(၃၂)တွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် လက်ထောက် ညွှန် ကြားရေးဝန်ဦးလှမောင် (မဟာဝိဇ္ဇာ၊မဟာသိပ္ပံ၊ဥပဒေဘွဲ့)က သံသရာနှင့်ပတ်သက်၍ ဗုဒ္ဓဟောကြားချက်များမှ ထင်ရှားသည် တို့ကို အောက်ပါအတိုင်း ဖော်ပြခဲ့ပေသည်။

(၁) သောတာပန် ပုဂ္ဂိုလ်သည် မြင့်မြတ်သော ဘုံတွင် ၇ကြိမ်သာ မွေးဖွားရသည်။

(က) အဘိဓမ္မာပုဂ္ဂလပညတ္တိ၊ စာ၁၁၉(ဆဋ္ဌသံဂါယနာ)

(ခ) အင်္ဂုတ္တရနိကာယ၊ တတိယအုပ်၊ ပထမတွဲ၊ စာ ၂၂၉၊ ၂၃၄။

(ဂ) ခုဒ္ဒကနိကာယ၊ ခုဒ္ဒကပါဌ၊ စာ ၆၊ ၃၁၃။

(၂) သတ္တဝါတို့သည် တဘဝပြီးတဘဝ ကျင်လည်ကြရကုန်၏။

(က) အဘိဓမ္မာပုဂ္ဂလပညတ္တိ၊ စာ ၁၅၉၊ ၁၆၀၊ ၁၆၉၊

(ခ) အင်္ဂုတ္တရနိကာယ၊ပထမတွဲ၊စာ၄၄၁၊၄၄၃။

(ဂ) ဒီဃနိကာယမှ(အောက်ပါသုတ်များ)

(၁) သီလက္ခန္ဓဝဂ္ဂမှ

ဗြဟ္မဇာလသုတ်(နံပါတ် ၁)

သာမညဖလသုတ်(နံပါတ် ၂)

သုဘသုတ်(နံပါတ် ၁၀)

(၂) ပါထိက ဝဂ္ဂမှ

ဥဒုမ္ဗရိကသုတ်(နံပါတ် ၂)

သမ္ပသာဒနိယသုတ် (နံပါတ် ၅)

(ဃ) မဇ္ဈိမ နိကာယမှ (အောက်ပါသုတ်များ)

(၁) မူလပဏ္ဏာသ ပထမ ဝဂ္ဂမှ

သယဘေဝရသုတ်၊ အပိုဒ် ၅၂၊၅၃၊၅၄(နံပါတ်၄)

မဟာသတိပဋ္ဌာနသုတ်၊ အပိုဒ် ၁၃၁(နံပါတ် ၁၀)

**(တတိယအကြိမ်)**

(၂) မူလပဏ္ဏာသ(ဒုတိယ ဝဂ္ဂ)မှ
မဟာသီဟနာဒသုတ်၊အပိုဒ်၁၅၄၊၁၆၀(နံပါတ်၂)

(၃) မူလပဏ္ဏာသ (တတိယ ဝဂ္ဂ)မှ
ပါသရာသိသုတ်၊ အပိုဒ် ၂၇၀။

(၄) မူလပဏ္ဏာသ(စတုတ္ထ ဝဂ္ဂ)မှ
မဟာအဿပုရသုတ်၊ အပိုဒ် ၄၃၄(နံပါတ်၆)

(၅) မူလပဏ္ဏာသ(ပဉ္စမဝဂ္ဂ)မှ
သာလေယျကသုတ်၊အပိုဒ် ၄၃၈၊ ၄၄၁၊ ၄၄၂၊
(နံပါတ် ၁)

(၆) မဇ္ဈိမပဏ္ဏာသ (ပထမ ဝဂ္ဂမှ)
ကုက္ကုရဝတိကသုတ်၊ အပိုဒ် ၇၉၊ (နံပါတ် ၇)

(၇) မဇ္ဈိမပဏ္ဏာသ (ဒုတိယ ဝဂ္ဂမှ)
နာဠကပဏသုတ်၊ အပိုဒ် ၁၂၇ (နံပါတ် ၈)

(၈) မဇ္ဈိမပဏ္ဏာသ (စတုတ္ထ ဝဂ္ဂမှ)
ဃဋိကာရသုတ်၊ အပိုဒ် ၂၉၂ (နံပါတ် ၁)
မဃဒေဝသုတ်၊ အပိုဒ် ၃၁၆ (နံပါတ် ၃)

(မှတ်ချက်။ ။ရည်ညွှန်းချက်များမှာ ဆဋ္ဌသင်္ဂါယနာမူ ကျမ်းစာမျက်နှာများဖြစ်သည်။)

အထက်ပါ အထောက်အထားများအရ ဗုဒ္ဓသည် ဘဝ ဆက်လက်ဖြစ်ပေါ်မှု (သံသရာ) ကို အယူရှိ ဟောပြောသူ ဖြစ်ကြောင်း သိသာထင်ရှားပေသည်။

နောင်ဘဝရှိသည်ဆိုသော ယုံကြည်မှုသည် လွန်စွာအိုမင်းခဲ့ပြီဖြစ်သော လူသား၏ အခြေခံ ယုံကြည်မှုတပါး ဖြစ်၏။ ဤယုံကြည်မှုသည် လူသား၏ သဘာဝ စိတ်ဓာတ်တမျိုးလည်း ဖြစ်၏။ ခေတ်အဆက်ဆက်ကပင် အတိုင်းတိုင်း အပြည်ပြည်မှ လူအပေါင်းတို့သည် ဤသို့ ယုံကြည်ခဲ့ကြ၏။ ကမ္ဘာတွင် ကျော်ကြားလှသော တွေးခေါ်ရှင်ကြီးများကလည်း ဤသို့ယုံကြည်ဟောပြောရေးသားခဲ့ပေသည်။ ရှေးခေတ် အီဂျစ်တို့သည်လည်းကောင်း၊ ခေါ်မ ရောမတို့သည်လည်းကောင်း၊ အိန္ဒိယ၊ တရုတ်၊ ပါရှန်းလူမျိုးတို့သည်လည်းကောင်း နောင်ဘဝကို ယုံကြည်ခဲ့ကြပေ၏။ ဘာသာတရားများအနက် ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာ၊ ဆစ်(ခ်)ဘာသာ စသော အိန္ဒိယဘာသာများသည် နောင်ဘဝရှိခြင်းတည်းဟူသော အုတ်မြစ်ပေါ်တွင် တည်ဆောက်ထားကြ၏။ ခရစ်ယာန်များအနက် PRISCILLONS SIMONISTS MANICHEANS, MARCIONITES စသော ဂိုဏ်းဝင်များ၊ အစ္စလာမ်များအနက် (SUFI) ဂိုဏ်းဝင်များ၊ ရဟူဒီများအနက် (KABALISTS KARAITES) စသော ဂိုဏ်းဝင်များသည် နောင်ဘဝကို အယူရှိကြသည်။ ရှေးဟောင်းပညာရှင်များအနက် အင်ပီဒေါ့ကလီး(စ်)၊ ပလေတို၊ ပိုက်သဂေါ့ရပ်(စ်)၊ ပလိုတီနပ်(စ်)၊ ဗာဂျီ(လ်) စသည်တို့သည်လည်းကောင်း၊ ခေတ်ပညာရှင်များအနက် ဘရန်နိုး၊ စခဲလင်း၊ လိဘနစ်(ဇ်)၊ ရှူပင်ဟော၊ ဖလန်မာရီယန်၊ အီမာဆန်၊ ကာလိုင်း၊ အက်ဒီဆန်၊ လူသာ၊ ဘာဘန်တဲ၊ ဟင်နရီဖို့ဒ် စသည်တို့သည်လည်းကောင်း၊ ကျော်ကြားသော ခရစ်ယာန်တွေးခေါ်ရှင်များဖြစ်ကြသည့် ဒီး(န်)အင်ဂဲ၊

ဖော့(စ်)ဒစ်၊ ဝဲသားဟက်၊ ဒေါက်တာ ပေါလ်တီးလစ်ချ်တို့သည်လည်းကောင်း၊ ကဗျာ့ဝိဒူများဖြစ်ကြသည့် ဝေါ့ဝှစ်(တ်)မင်း၊ ဆွင်းဘန်း၊ ဟင်နလေးမောရစ်(စ်)၊ ကစ်ပလင်၊ မင်းစဖီး၊ ရှိဆက်တီ စသည်တို့သည်လည်းကောင်း နောက်ဘဝကိုယုံကြည်ကြပေသည်။ ကမ္ဘာကျော် အနောက်တိုင်း အဘိဓမ္မာဆရာနှင့် စာရေးဆရာပေါင်း (၂၅၀) ကျော်သည် နောက်ဘဝကို ယုံကြည်သူများ ဖြစ်ကြလေသည်။

နောက်ဘဝကို ယုံကြည်မှုသည် လူတို့၏ ပင်ကိုယ်ဆန်းစစ်တွေးခေါ်မှုအရ ပေါ်လာခြင်းဖြစ်၏။ မည်သူက ပြော၍ မည်သူက ဟော၍မှမဟုတ်ချေ။ လူသည် အသိဉာဏ်ကို အသုံးပြုတတ်စကပင် မေးခွန်းတခုကို အစဉ်တစိုက် မေးခဲ့၏။ ၎င်းမေးခွန်းကား "လူတယောက်သည် ဤဘဝသို့ မရောက်မီသည့်အရင်က တစုံတခု ဖြစ်ခဲ့ဘူးသလား။လူသေပြီးသောအခါ တစုံတခု ဖြစ်ရန်ရှိသလား။သို့တည်းမဟုတ် လူသည် သည်ဘဝတွင် စပြီး သည်ဘဝတွင် ဆုံးသလား" ဟူ၍ ဖြစ်၏။ များစွာသော လူတို့က လူသည် သည်ဘဝတွင် စပြီး သည်ဘဝတွင် ဆုံးသည် မဟုတ်။ ယခင်ကဖြစ်ခဲ့သလို သေပြီးနောက်တွင်လည်း ဖြစ်ဦးမည်ဟု ယုံကြည်ကြ၏။ ဤကား နောင်ဘဝကို ယုံကြည်မှု၏ အစပေ။

ယခုခေတ်သည် သိပ္ပံပညာခေတ်ဖြစ်၏။ထို့ကြောင့် လူသားသည် မည်သည့် အယူအဆမဆို သိပ္ပံပညာဖြင့် ချိန်ထိုးကြည့်ပြီး သက်သေ အထောက်အထားရှိမှ ယုံကြည်လေ့ရှိ၏။ သက်သေအထောက်အထား မရှိသည်တို့ကိုမူ မယုံကြည်ကြချေ။ ဘဝ

ဆက်လက်ဖြစ်ပေါ်မှု (သံသရာ)ကိုလည်း ၎င်းတို့က သက်သေမပြနိုင်သဖြင့် သိပ္ပံနည်း မကျဟုဆိုကာ မယုံကြည်လိုကြချေ။ ဤတွင် သိပ္ပံဆိုသော ဝေါဟာရနှင့် သက်သေဆိုသော ဝေါဟာရတို့ကို လေ့လာဆင်းစစ်ဖို့ လိုလာပေသည်။သိပ္ပံပညာဟူသည် အဘယ်နည်း။ သက်သေဆိုသည်မှာ အဘယ်နည်း။ (၎င်းတို့ကို ယုံကြည်မှု ပြဿနာအခန်းတွင် အကျယ်ဆွေးနွေးခဲ့ပြီ) သိပ္ပံပညာအတုက လက်တွေ့ မျက်တွေ့ သက်သေသာဓကကိုတောင်းဆိုသော်လည်း သိပ္ပံပညာအစစ်ကမူ ဖြစ်နိုင်ချက် သက်သေကိုလည်း လက်ခံလေ့လာပေသည်။ နေ့စဉ်ဘဝရှိခြင်းနှင့် ပတ်သက်၍ ဖြစ်နိုင်ချက် သက်သေများကိုလည်း များစွာ ဖော်ထုတ်ပြနိုင်ပေသည်။

ပထမ စဉ်းစားသင့်သည်မှာ လူအချင်းချင်းတွင် တဦးနှင့်တဦး မတူ ထူးခြားသည့်အချက်များ ရှိနေခြင်းပင်။ အချို့မှာ မွေးကတည်းကအကျိုး၊ အကန်း၊ အဆွံ့၊ အအ, ဖြစ်လာခဲ့ရ၏။ ဤကိစ္စများကို မိဘများကြောင့်ဟု ပြောလိုက ပြောပေလိမ့်မည်။ စင်စစ် ဤအဖြေသည် မခိုင်လုံလှချေ။ တမိပေါက်အတွင်းမှာပင် တဦးနှင့်တဦး အကျင့်စရိုက်ချင်း၊ စိတ်ရင်းစိတ်ထားချင်း၊ ရည်ရွယ်ချက်လုပ်ငန်းစဉ်ချင်း ကွာခြားသည်ကို တွေ့ရပေသည်။ သားသမီးများသည် မိဘနှင့်တူသည် ဆိုသည်မှာ များသောအားဖြင့် ရုပ်ဆင်းအင်္ဂါတွင်သာ တူလေသည်။ စိတ်ဓာတ်နှင့် အစွမ်းအစမှာ မတူသည့်ပြင် တခါတရံတွင် ဖြောင့်ဖြောင့်ပင် ဆန့်ကျင်တတ်ပေသည်။ ဆရာ၊ ဆရာမ သားသမီးတို့သည် စာသင်လိုစိတ် ခေါင်းပါးခြင်း၊ သာမန်လူတို့၏

သားသမီးများသည် အတီး အမှုတ် အက အခုန် ထူးချွန်ခြင်း စသော သာဓကများကို မကြာခဏ တွေ့ရတတ်ပေသည်။ ဤသို့ဖြစ်ရသည်မှာ ယခုဘဝနှင့် များစွာ မသက်ဆိုင်ပဲ ယခင်ဘဝ၏ အကျိုးဆက်ဖြစ်ကြောင်း ယူဆမှုသာ သဘာဝကျပေလိမ့်မည်။

မျက်မှောက်ခေတ်ရူပဗေဒတွင်စွမ်းအင်၏တည်မြဲခြင်းနိယာမ (LAW OF CONSERVATION OF ENERGY) သည် အခြေခံတခု ဖြစ်၏။ ထိုနိယာမအရ စွမ်းအင်များ အသွင်ပြောင်းသောအခါ စွမ်းအင်တမျိုးမှာ ပျောက်ကွယ်သွားခဲ့သော်လည်း အခြားအသွင်ဖြင့် စွမ်းအင်တမျိုးဖြစ်ပေါ်လာ၏။ ဤသို့ ပြောင်းလဲရာ၌ စွမ်းအင်မှာ ပျက်ပြယ်သွားခြင်းမရှိပေ။ စွမ်းအင်တမျိုး ဆုံးရှုံးလျှင် ၎င်းနှင့်ညီမျှသော အခြားစွမ်းအင်တခု ဖြစ်ပေါ်လာမြဲဖြစ်၏။

အထက်ပါ သဘောတရားအရ လူတဦးသေဆုံးသောအခါတွင်လည်း သူ၏စိတ်ပိုင်းဆိုင်ရာ စွမ်းအင်တို့သည်လည်း အသွင်သစ်ဖြင့် ဆက်လက်ဖြစ်ပေါ်လာနိုင်ကြောင်း ထင်ရှားပေသည်။ သေခြင်းဆိုသည်မှာ ရုပ်ခန္ဓာကိုယ် အလုပ် မလုပ်တော့ခြင်းပင် ဖြစ်၏။ ရုပ်ခန္ဓာမှာ အလုပ်မလုပ်တော့သော်လည်း လူ၏ ပြင်းထန်လှသော တပ်မက်မှုအင်အား စွမ်းအင်သည် မသေမပျောက်ပဲ ဆက်လက်ဖြစ်ပေါ်လာလေ့ရှိပေသည်။ ၎င်းမှ ဘဝသစ်ဖြစ်ခြင်းပေတည်း။ စင်စစ် တပ်မက်မှုအင်အားစွမ်းအင် (စိတ်ဓာတ်စွမ်းအင်)သည် အနုမြူထက်လည်းကောင်း၊ လျှပ်စစ်ဓာတ်ထက်လည်းကောင်း ပိုမိုပြင်းထန်ပေသည်။

လူရည်ချွန် ပညာရှိ (GENIUS) တို့၏ အရွယ်နှင့် မလိုက် ထူးချွန်မှုများသည်လည်း ၎င်းတို့၏ ယခင်ဘဝမှ အထုံပါရမီများကိုညွှန်ပြပေသည်။ အသက်(၃)နှစ်မှ (၄)နှစ် အရွယ်တွင် ကဗျာဆရာ၊ ဂီတဆရာဖြစ်လာကြသူများ၊ ကျောင်းသို့ မလိုက်ပဲ သင်္ချာကဝိ ဖြစ်လာကြသူများမှာ ဦးနှောက်ဉာဏ် ကောင်းသောကြောင့် သက်သက်မဟုတ်ပေ။ ၎င်းတို့ထက် ဦးနှောက်ဉာဏ်ကောင်းသော သူများလည်း များစွာရှိပေသည်။ ၎င်းတို့ ဤသို့ ထူးချွန်ထွန်းပေါက်ရခြင်းမှာ ယခင်ဘဝ၏ အကျိုးဆက်ဖြစ်ကြောင်း ယူဆမှုသာ အဖြေမှန် ရရှိပေသည်။ ၎င်းပုဂ္ဂိုလ်များအနက် အချို့ကိုသာ သာဓကအဖြစ်ဖော်ပြလိုက်ပါသည်။

(၁) ဂျာမန်လူမျိုး ဘီသိုဗင်သည် အသက်(၄)နှစ်မပြည့်မီကပင် သီချင်းစပ်ဆိုနိုင်၏။

(၂) အမေရိကန်ပြည်မှ ဝီလျံဂျိမ်းဆစ်ဒစ်သည် အသက်(၂)နှစ်အရွယ်မှာပင် အရေးအဖတ် တတ်မြောက်သည်။

(၃) ဒတ်ထန်သည် (၄)နှစ်မှာပင် ဂရိဘာသာနှင့် လက်တင်ဘာသာကို ကောင်းမွန်စွာ ရေးတတ်ဖတ်တတ်၏။

(၄) စတူးအက်မီးလ်သည် (၃)နှစ် အရွယ်မှာပင် ဂရိဘာသာကို ဖတ်တတ်ပြီး (၆)နှစ်အရွယ်မှာ ရောမ ရာဇဝင်တစောင်ကို ရေးခဲ့၏။

(၅) ဘဘင်တန်မတ်ကောလေးသည် ၆ နှစ်အရွယ်တွင် ကမ္ဘာ့သမိုင်း အကျဉ်းစာစောင်ကို ရေးခဲ့၏။

(၆) မိုးဇတ်သည် (၆)နှစ် မပြည့်မီမှာပင် သီချင်းစပ်နိုင်၏။

(၇) ဗော်လတဲသည် (၃)နှစ်အရွယ်မှာပင် ဒဏ္ဍာရီဝတ္ထုများကို ဖတ်ရှုနိုင်၏။

(၈) ဗြိတိသျှ သံအမတ်တဦးဖြစ်သူ ဝီလျံ ဟာမီလ်တန်သည် ၃ နှစ်အရွယ်ကပင် ဟေဗြဲ(ဟီဘရူး) ဘာသာကို တတ်မြောက်ခဲ့၏။ သူသည် အသက် ၇နှစ်အရွယ်တွင် ဟေဗြဲဘာသာကို သင်ကြားနေသော တက္ကသိုလ်ကျောင်းသားတဦးထက်ပို၍ တတ်မြောက်သည်ကို တွေ့ရ၏။ အသက် (၁၂)နှစ်အရွယ်တွင် သူသည် ပါရှန်၊ အူရဒူ၊ဟင်ဒူစတန်နီ အပါအဝင် ဘာသာစကားပေါင်း ၁၂မျိုးကို ပြောဆိုနိုင်၏။

(၉) အင်္ဂလိပ် စာရေးဆရာကြီး ဆာအာသာကွန်နင်ဒွိုင်းလ်က သူ့မိတ်ဆွေ ဝတ်လုံတော်ရတဦး၏ သမီးငယ်သည် ရုတ်တရက် ဂရိဘာသာကိုရေးတတ်လာကြောင်း ရေးခဲ့ဘူး၏။ ၎င်းပြင် တခါတွင်လည်း သူ့ထံ နာမည်ကျော် ဆရာဝန်တဦးက ၎င်း၏ ကလေးတယောက်မှာ အလယ်ခေတ် ပြင်သစ်ဘာသာကို အတော်အတန် ရေး တတ် နေ သော ကြောင့် ဤကိစ္စကို မည်သို့ ထင်မြင်ယူဆသည်ကို စာရေးမေးမြန်းဘူးကြောင်း ရေးသားဘူး၏။

(၁၀) မြန်မာပြည်တွင်လည်း အင်္ဂလိပ် လက်ထက်က (၆)နှစ်သားအရွယ် မောင်ထွန်းကြိုင်သည် ပိဋကတ်တော်များကို နှုတ်တိုက် အာဂုံဆောင်နိုင်ခဲ့၏။ ၎င်းအား ပိဋကတ်မောင်ထွန်းကြိုင်ဟု ခေါ်ကြလေသည်။ ၎င်း၏ အကြောင်းမှာ မြန်မာပြည်သာမက တကမ္ဘာလုံးသို့ပင် ကျော်ကြားခဲ့ပေသည်။

သင်္ချာပညာဘက်တွင် အရွယ်နှင့်မလိုက်အောင် ထူးချွန်နေသော ကလေးများကိုလည်း မကြာခဏ တွေ့မြင် ကြားသိနေရ၏။ ဤထူးချွန်မှုများသည် ယခင်ဘဝ၏ အကျိုးဆက်များသာ ဖြစ်သည်ဟု ယူဆရန်မှလွဲ၍ အခြားနည်းလမ်းမရှိချေ။တနည်းဆိုရလျှင် ဘဝဘဝမှ ပါရမီကြောင့်ဟု ဆိုလိုသည်။ ဦးနှောက် ဉာဏ်ကောင်းသောကြောင့်ဟု ဆိုရန်ကား လုံးဝ မဖြစ်နိုင်ပေ။ မည်မျှဉာဏ်ကောင်းသည်ဆိုစေ ဤမျှ ငယ်ရွယ်နုနယ်ချိန်ဝယ် ဤမျှ ကြီးကျယ်စွာ မတတ်မြောက်နိုင်ချေ။ အခြား တဘက်မှ စဉ်းစားကြည့်လျှင်လည်း ၎င်းတို့နှင့်ဉာဏ်ရည်တူသော ကလေးမှန်သမျှ ၎င်းတို့ကဲ့သို့ပင် ထူးချွန်ရလိမ့်မည်။ ဤသို့ကားမဟုတ်။ ဉာဏ်ကောင်းသော ကလေးတိုင်း မထူးချွန်။ တစုံတခုကို ထူးချွန်စွာ တတ်မြောက်သော ကလေးတိုင်းလည်း နေရာတိုင်းတွင် ဉာဏ်ကောင်းသည် မဟုတ်ချေ။

ဘဝဆက်လက်ဖြစ်ပေါ်မှု၏ ထင်ရှားသော အခြားသာဓကများမှာ လွန်ခဲ့သောဘဝကိုပြန်ပြောနိုင်သော လူဝင်စားများပင်တည်း။ မြန်မာပြည်၊ အိန္ဒိယပြည် စသော အရှေ့တိုင်းနိုင်ငံများတွင် လူဝင်စားများကို မကြာခဏတွေ့ရှိရသည်။အနောက်တိုင်းတွင်လည်း လူဝင်စားများ ရှိပေသည်။အနောက်တိုင်းတွင်ကား ၎င်းလူဝင်စားကိစ္စများကို အသေးစိတ် မေးမြန်းစုံစမ်းခြင်း၊မှန်မမှန် စစ်ဆေးခြင်းများကို ကျွမ်းကျင်သော သုတေသနပညာရှင်များက ဆောင်ရွက်ကြသည်။ ဗာဂျီးနီးယားတက္ကသိုလ်မှ ဒေါက်တာလန်းစတီးဗင်ဆန်သည် ၎င်းကိစ္စမျိုး(၄၄)ခုကို အသေးစိတ် သုတေသနပြု၍ စာအုပ်တအုပ်ရေးခဲ့ရာ ထိုစာအုပ်

အတွက် ဝီလျံဂျိမ်းဆုကိုပင် ရရှိခဲ့လေသည်။ ထိုစာအုပ်ထုတ်ဝေပြီးနောက် သီဟိုဠ်ပြည်မှ ဂျာနတိလက အမည်ရှိ မိန်းကလေးတဦးသည် နောက်ဘဝကို ပြောပြနိုင်ကြောင်း ကြားသိရသဖြင့် ဒေါက်တာစတီဗင်ဆန်ကိုယ်တိုင် သွားရောက် မေးမြန်းစုံစမ်းရာ အားလုံး မှန်ကန်ကြောင်း တွေ့ရှိရလေသည်။ ၎င်းအမေးအဖြေများကို သီဟိုဠ်ရေဒီယိုမှ (၁)နာရီမျှ အသံလွှင့်ပေးခဲ့၏။

အနောက်တိုင်းတွင် ကျော်ကြားလှသော ကိစ္စ တခုမှာ ဘရိုက်ဒီမာဖီ၏ အဖြစ်အပျက်ပင်ဖြစ်၏။ မစ္စက်ရု(သ်)ဆင်းမွန်းအမည်ရှိ အမျိုးသမီးတဦးအား အိပ်မွေ့ချ၍ မေးမြန်းရာ၌ ၎င်းက သူသည် ယခင်ဘဝက အိုင်ယာလန်ပြည်တွင် နေထိုင်သော ဘရိုက်ဒီမာဖီ ဖြစ်ကြောင်းနှင့်တကွ ထိုဘဝ၏ အဖြစ်အပျက် အကြောင်းအရာများကို အစုံအလင်ပြောပြလေသည်။ ၎င်းတို့ကို သုတေသီတို့က စစ်ဆေးကြည့်ရာ အားလုံး မှန်ကန်ကြောင်း တွေ့ရလေသည်။ ဤအဖြစ်အပျက်ကို မော်ရင်ဘားရင်းစတိန်းက "ဘရိုက်ဒီမာဖီရှာပုံတော်"အမည်ဖြင့် စာအုပ်တအုပ် ရေးသား ထုတ်ဝေရာ အလွန် ကျော်ကြားပြီး အရောင်းရ တွင်လေသည်။ ၎င်းစာအုပ်ကို (၅)လ အတွင်း ၁၀ ကြိမ်ပြန်လည်ရိုက်နှိပ်ရပြီး စာအုပ်ရေပေါင်း(၂၀၅၅၀၀)မျှ ရောင်းရလေသည်။

လူဝင်စားများနှင့် ပတ်သက်၍ ကမ္ဘာတွင် ထင်ရှားသော အောက်ပါ သာဓကအချို့ကို ထုတ်နုတ် ဖော်ပြလိုက်ပေသည်။

အီတလီလူမျိုး(ဗိုလ်ကြီး)ဘက်တစ္စတာ၏ ဇနီးသည် ရောမမြို့၌ သမီးကလေးတယောက်ဖွားမြင်ရာ သူ့အား ဘလန့်(ခ်)

ဟု အမည်မှည့်ခေါ်ကြ၏။ ဘာလန့်(ခ်)အား စောင့်ရှောက် ထိန်းသိမ်းရန် ပြင်သစ်စကားပြော (ဆွစ်လူမျိုး)မာရီ အမည်ရှိ ကလေးထိန်း တယောက်ကို ငှားထားကြ၏။ မာရီသည် ဘာလန့်(ခ်)အား ပြင်သစ် ကလေးချော့ သီချင်းတပုဒ်ကို ကောင်းစွာ သင်ပေး၏။ ဘာလန့်(ခ်)ကလည်း ၎င်းသီချင်းကို လွန်စွာ နှစ်ခြိုက်လေသည်။ ကံဆိုးရှာသဖြင့် ဘာလန့်(ခ်)သည် ကလေးဘဝကပင် ကွယ်လွန်လေရာ ကလေးထိန်း မာရီသည် လည်း သူ၏ တိုင်းပြည်ဖြစ်သော ဆွစ်ဇာလန်သို့ ပြန်သွား လေသည်။

ဘာလန့်(ခ်)သေဆုံးပြီးနောက် (၃)နှစ်ခန့် ကြာသောအခါ ဗိုလ်ကြီးကတော်သည် ပဋိသန္ဓေရှိပြန်၏။ ပဋိသန္ဓေ (၄)လခန့် ရှိသောအခါတွင် ထူးဆန်းသော အဖြစ်တခု ဖြစ်ပွားလေ သည်။ တနေ့တွင် ဗိုလ်ကတော်သည် မအိပ်သော အိပ်မက် တခုကို မြင်မက်လေသည်။ (မအိပ်သောအိပ်မက်ဟု ဆိုရခြင်းမှာ ၎င်းသည် အိပ်မက်တခုဟု ထင်ရန်ရှိသော်လည်း ဗိုလ်ကတော် ကိုယ်တိုင် ထိုသို့ ဖြစ်ပျက်စဉ်က သူသည် လုံးဝမအိပ်ပဲ နိုးနေ သည်ဟု အခိုင်အမာ ပြောခဲ့သောကြောင့်ပင်ဖြစ်၏။) အိပ်မက် ထဲတွင် (ဗိုလ်ကတော်၏ အဆိုအရ တကယ်ပင်)မာရီ ပေါ် လာပြီး ဗိုလ်ကတော်အား "မေမေ၊ ကျွန်မပြန်လာတော့မယ်" ဟု ပြောလေသည်။ ဗိုလ်ကြီးကမူ ဤအဖြစ်အပျက်ကို မယုံ တဝက် ယုံတဝက် ဖြစ်နေလေသည်။ သို့နှင့် ၁၉၀၆ ခု ဖေဖော်ဝါရီလတွင် ဗိုလ်ကတော်သည် သမီးကလေးတယောက် ကို ဖွားမြင်လေသည်။ ဤသမီးကလေးမှာ ကွယ်လွန်ခဲ့သော

သူ့အမ ဘလန့်(ခ်)နှင့် ချွတ်စွပ်တူနေသဖြင့် သူ့ကိုလည်း ဘလန့်(ခ်)ဟုပင် နာမည်ပေးခဲ့ကြလေသည်။

အမဖြစ်သူ ဘလန့်(ခ်) ကွယ်လွန်ပြီး၍ (၉)နှစ်အကြာ ညီမဖြစ်သူ ဘလန့်(ခ်) ခြောက်နှစ်အရွယ် ရောက်သောအခါ အလွန် ထူးဆန်းသော အဖြစ်အပျက်တခု ဖြစ်ပျက်လေသည်။ တနေ့တွင် ဗိုလ်ကြီးနှင့် ဗိုလ်ကတော်တို့သည် စာကြည့်ခန်းတွင်ထိုင်နေကြစဉ် ဘလန့်(ခ်)အိပ်ပျော်နေသော အခန်းတွင်းမှ (ကွယ်လွန်သော ဘလန့်(ခ်)သီဆိုလေ့ရှိသော)ပြင်သစ်ကလေး ချော့သီချင်းသီဆိုသံကို ကြားရလေသည်။ ၎င်းတို့နှစ်ယောက် အပြေးအလွှား သွားကြည့်ကြသောအခါ ဘလန့်(ခ်)သည် အိပ်ရာပေါ်တွင် ထိုင်ပြီး ဆိုနေသည်ကို တွေ့ရ၏။ ၎င်း သီချင်းကို သူ့အား မည်သူမျှ သင်မထားကြပေ။ ဗိုလ်ကတော်က သူ့သမီးအား ဘာဆိုနေသည်ကို မေးမြန်းကြည့်ရာ ဘလန့်(ခ်)က ပြင်သစ်သီချင်းတပုဒ် ဆိုနေကြောင်း ပြောပြလေသည်။ ထိုအခါ ဗိုလ်ကြီးသည် ၎င်းသီချင်းကို မည်သူ သင်ပေးကြောင်း မေးသောအခါ ဘလန့်(ခ်)က မည်သူမျှ သင်မပေးပဲ သူ့အလိုလို တတ်ခဲ့ကြောင်း ပြောပြလေသည်။

ဤအဖြစ်အပျက်နှင့် ပတ်သက်၍ ဗိုလ်ကြီး ဘက်တစ္စတာက ဤသို့ နိဂုံးချုပ်ခဲ့လေသည်။

"ဤအဖြစ်အပျက်မှာ တကယ် အမှန်ဖြစ်ကြောင်း ကျွန်ုပ် သက်သေခံပါသည်။ စာဖတ်သူသည် ဤအဖြစ်အပျက်နှင့် ပတ်သက်ပြီး မိမိနှစ်သက်သလို ကောက်ချက်ချနိုင်ပါ၏။ ကျွန်ုပ်၏ ကောက်ချက်မှာကား သေသူများ ပြန်လာတတ်သည်ဟူ၍ ဖြစ်ပါသည်။"

လီဗာပူမြို့မှ ဆရာဝန်တဦးသည် လက်ကရှိုင်းယားမှအင်နီဘိတ်ကားအမည်ရှိ အိမ်စေတဦးအား အိပ်မွေ့ချ၍ မေးမြန်းရာ သူသည် အလွန် ကောင်းမွန်သော ပြင်သစ်ဘာသာဖြင့် စကားပြောလေသည်။ သူသည် ယခင်က ပြင်သစ်ဘာသာကိုလည်း မသင်ဘူး၊ ပြင်သစ်ပြည်သို့လည်း မရောက်ဘူးသည့်အပြင် ပညာလည်း အခြေခံမျှသာ ရှိလေသည်။ သူက သူ၏အမည်သည် မာရီ(လ်)ပါကပ်ဆီဖြစ်ကြောင်း၊ သူ၏ ခင်ပွန်းအမည်မှာ ဂျူးလီး(စ်)ဖြစ်ကြောင်းတို့ကို ကရားရေလွှတ် ပြောပြလေသည်။ အိပ်မွေ့ချပြီးသောအခါတွင်ကား သူသည် ပြောသမျှကို အိပ်မက်မက်နေသည်ဟု ထင်နေပြီး ပြင်သစ်စကားလည်း လုံးဝ မပြောတတ်တော့ချေ။

အိပ်မွေ့ချစဉ်က သူနေသော လမ်းကို ပြင်သစ်ပြည်ရှိ နော်တာဒိန်း ဘုရားရှိခိုးကျောင်းအနီးမှ ရှူးဒီစိန့်ပျာလမ်းဟု ပြောဆို၏။ လူထုသတင်းစာ ကိုယ်စားလှယ်က ဤကိစ္စကို စုံစမ်းသောအခါ ထိုလမ်းကို မတွေ့ရချေ။ သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း (၁၇၀) ခန့်ကမူ ထိုနာမည်ဖြင့် လမ်းမျိုးရှိခဲ့ကြောင်း သိရ၏။

အိပ်မွေ့ချစဉ်က သူသည်လက်ဖက်ရည်ဆိုသည်မှာမည်သည့်အရာမှန်း မသိကြောင်း ပြောပြခဲ့၏။ လွန်ခဲ့သော နှစ်ပေါင်း (၁၇၀) ခန့်က ပြင်သစ်ပြည်တွင် လက်ဖက်ရည်မရှိသေးသောက်ဖြစ်ကြောင်း တွေ့ရ၏။

ဤအချက်များကို ထောက်ဆ၍ အင်နီဘိတ်ကား သည် လွန်ခဲ့သောနှစ်ပေါင်း (၁၇၀) ခန့်က ပြင်သစ်အမျိုးသမီးတဦး ဝင်စားသူဖြစ်ကြောင်း သုတေသီတို့ နိဂုံးချုပ်ကြလေ သည်။

တက္ကသိုလ်မှ သိပ္ပံဘွဲ့ထူးရရှိထားသော ပညာတတ် အမျိုးသမီးတဦးက သူ၏သားငယ် ဒေးဗစ်၏ အလွန်ထူးဆန်းသော အဖြစ်အပျက်များကို ရေးသား မှတ်တမ်း တင်ခဲ့လေသည်။ ဒေးဗစ်၏ အဖြစ်အပျက်မှာ အောက်ပါအတိုင်း ဖြစ်လေသည်၊

ဒေးဗစ်သည် ၄ နှစ်အရွယ်မှစ၍သူ၏ကစားဖော်တယောက်အကြောင်း ပြောလေ့ရှိ၏။ ထိုကစားဖော်မှာ မည်သူမှန်း မသိရချေ။ ဒေးဗစ်က သူ့အား မင်းသမီးကလေးဟု ခေါ်လေ့ရှိ၏။ ဒေးဗစ်သည် တစုံတခု အခက်အခဲ ပြဿနာပေါ်တိုင်း မင်းသမီးကလေးကို တိုင်ပင်ရဦးမည်ဟု ပြောလေ့ရှိ၏။

ဒေးဗစ် အသက် ၇ နှစ်အရွယ်ရောက်သောအခါ သူ၏မိခင်နှင့်အတူ ရောမမြို့တွင်နေသော အဘွားထံသို့ အလည်သွားကြ၏။ သူတို့သည် နာမည်ကျော် ရှေးဟောင်း သုတေသနပညာရှင်တဦးနှင့်အတူ မကြာမီက တူးဖော်ထားသော ရောမတောအိမ်တခုသို့ သွားကြည့်ကြ၏။ ၎င်းအိမ်မှာ နေပယ်(လ်)မြို့၏ ဆင်ခြေဖုံးအရပ်တွင် ရှိလေသည်။ ဒေးဗစ်သည် ထိုအဆောက်အအုံသို့ ရောက်ကတည်းက စိတ်လှုပ်ရှားပြီး ဟိုပြေးဒီလွှား ဖြစ်နေလေသည်။ နောက်ဆုံး၌ သူသည် ရောမ ရေချိုးကန်တခုကို တွေ့လေသည်။ ၎င်းကန်မှာ ၁၂ ရာသီ အရုပ်များ ထွင်းထား၏။ ၎င်းတို့ကို ဒေးဗစ်က သေသေချာချာကြည့်ပြီး "ဒါ ကျွန်တော်တို့ ရေချိုးကန်ပဲ။ နွားရုပ်က ကျွန်တော့်အရုပ်။ ငါးရုပ်က မားကပ်(စ်)ရဲ့အရုပ်" ဟု ပြောပြီး သည်းထန်စွာ ငိုကြွေးလေသည်။

တခါတွင်လည်း ဒေးဗစ်တို့သည်ဂန်းဆေးအရုပ်ရှိကျောက်ဂူများကို ကြည့်ရှုကြ၏။ ၎င်း ကျောက်ဂူများမှာ ယခင်က

အကျဉ်းသားများ ထားရန် အသုံးပြုခဲ့၏။ ဒေး ဗစ် သည် ကျောက်နံ့ရံတနေရာတွင် ခေါက်ကြည့်ပြီး ၎င်းနံ့ရံအောက်တွင် ဂူတလုံးရှိသေးကြောင်း၊ ၎င်းဂူထဲတွင် လူငယ်တယောက်အား ပိတ်ပြီး သတ်ခဲ့ကြောင်း ပြောပြလေ၏။ အာဏာပိုင်များက လည်း ၎င်းဂူမရှိဟု ငြင်း၏။ ဒေးဗစ်ကလည်း အခိုင်အမာ ပြော ၏။ နောက်ဆုံးတွင် အာဏာပိုင်တို့က ဒေးဗစ်ပြောစကား မှန်မမှန် စုံစမ်းရန် အုတ်နံ့ရံကို ဖြိုပြီးကြည့်ကြရာ ဒေးဗစ်ပြော သည့်အတိုင်းပင် ဂူတလုံးကို အုတ်နံ့ရံဖြင့် ပိတ်ဆို့ထားခြင်း ဖြစ်ကြောင်း တွေ့ရလေသည်။ ထိုနံ့ရံကို ဖြိုကြည့်သောအခါ ဂူအတွင်းတွင် အရိုးစုတခု တွေ့ရလေသည်။

ဒေးဗစ် အသက် ၁၄ နှစ်ခန့်ရောက်သောအခါ သူ၏မိခင်က သူ့အား ပြတိုက်သို့ခေါ်သွားရာ ဒေးဗစ်က ရှေးခေတ် အီဂျစ်လူမျိုးတို့ လူသေထည့်သော ကျောက်ခေါင်းတခု ကို ကြည့်ပြီး ၎င်းကျောက်ခေါင်းအောက်တွင် စာသုံးလုံးရှိလိမ့်မည် ဟု ပြောပြ၏။ မိခင်ဖြစ်သူက ထိုစာများကို အရေးခိုင်းရာ ဒေးဗစ်က ခဲတံဖြင့် အီဂျစ် ၎က်ရုပ် စာလုံးသုံးလုံးကိုရေးပြပြီး "အဲဒါ ကျွန်တော် နာမည်ပဲ။ ဒီကျောက်ခေါင်းတွေကို ကျွန် တော်စစ်ဆေးရတယ်။စစ်ဆေးပြီး ကျေနပ်ယင် အဲဒီလိုလက်မှတ် ရေးထိုးရတယ်" ဟု ပြောပြလေသည်။

ဤထူးဆန်းလှသော အဖြစ်အပျက်များကို ရှင်းပြရန် နည်း လမ်းကား လူသည် တဘဝပြီးတဘဝ ဆက်လက် ဖြစ်ပေါ်နေ သည်ဆိုသော အချက်မှတပါး အခြားမရှိချေ။

ဟန်ဂေရီပြည်တွင် ရှေ့နေတဦးသည် သူ၏ ဇနီးနှင့်အတူ ဒင်ညူမြစ်တလျှောက် ပျားရည်ဆမ်းခရီး ထွက်ခဲ့ကြ၏။ ရီဂျင်စဘက်မြို့ အနီးသို့ ရောက်သောအခါ ရှေ့နေကတော်သည် စိတ်အလွန်တရာ လှုပ်ရှားလာသည်ကို တွေ့ရလေသည်။သူသည် ရီဂျင်စဘက်မြို့သို့ မရောက်မီ လမ်းခရီးတလျှောက်၏ ရှုခင်းရှုကွက်များကို (သူယခင်ကမရောက်ဘူးပဲ) အားလုံး မှန်စွာ ပြောပြနိုင်လေသည်။ သို့နှင့် ရီဂျင်စဘက်မြို့သို့ရောက်သောအခါ ရှေ့နေကတော်သည် ထိုမြို့ရှိ ရဲတိုက်ကြီးတခုသို့ သွားကြည့်ရန် စိတ်ဆန္ဒပြင်းပြစွာ ပေါ်လာပြီး သူ၏ခင်ပွန်းအား တိုက်တွန်းလေသည်။ ထိုရဲတိုက်သို့ သွားသောအခါတွင်လည်း သူကိုယ်တိုင်ပင် လမ်းပြရှေ့ဆောင်ပြီး သွားလေသည်။

ရဲတိုက်သို့ရောက်သောအခါ ရှေ့နေကတော်က ရဲတိုက်စောင့်အား အခန်းတခန်းကို လိုက်ပြရန်ပြော၏။ ရဲတိုက်စောင့်သည် အံ့သြသွားပြီး ထိုအခန်း၏သော့မှာ မည်သည့်နေရာတွင်ရှိမှန်းမသိကြောင်း ပြောပြ၏။ ထိုအခါ ရှေ့နေကတော်က သော့ထားရာအခန်းကို ညွှန်ပြသဖြင့် အားလုံး သွားကြည့်ကြရာ သံချေးတက်နေသော သော့တွဲတခုကို တွေ့ကြရ လေ သည်။ ရှေ့နေကတော်သည် သော့တချောင်းကို အမြန်ရွေးပြီးသူကြည့်လိုသော အခန်းကို ဖွင့်လိုက်လေသည်။ထိုအခန်းထဲတွင် အရိုးစုတခုကို တွေ့ရလေ၏။ ထိုအခါ ရှေ့နေကတော်က ၎င်းအရိုးစုကို ညွှန်ပြပြီး “အဲဒါ ကျွန်မပဲ၊ ကျွန်မ ဒီနေရာမှာ အသတ်ခံခဲ့ရတယ်”ဟု ပြောပြလေသည်။

လွန်ခဲ့သော ဘဝကို ပြန်ပြောနိုင်သည့် ထင်ရှားသောအခြား သာဓကတခုမှာ အိန္ဒိယပြည်မှ သကုန္တလာဒေဝီ အမည်ရှိ အမျိုးသမီးတဦး ဖြစ်ပေသည်။ သူသည် အသက် ၁၀ နှစ် အရွယ် ရောက်သောအခါ ၇၂မိုင်ဝေးသော မြို့တမြို့တွင် နေခဲ့ ရသော သူ၏ ယခင်ဘဝကို အစုံအလင် ပြန်ပြောလေသည်။

ဘဝ ဆက်လက် ဖြစ်ပေါ်မှုကို အထောက်အထားပြုသော အခြားအချက်တခုမှာ လူတို့တွင် တွေ့လျှင်တွေ့ချင်း သွေးသား ရင်းချာပမာ ချစ်ခင်သွားမှု၊ တွေ့လျှင်တွေ့ချင်း ရန်သူသဖွယ် မုန်းတီးရွံရှာမှု စသည်တို့ပင်ဖြစ်၏။ တခါတရံ လူတဦးသည် အခြားတဦးကို မြင်လျှင်မြင်ချင်း မုန်းတီးနေတတ်၏။ သူသည် ထိုပုဂ္ဂိုလ်ကို တခါမျှလည်း မမြင်ဘူး၊ မတွေ့ဘူး၊ မုန်းတီးရန် မည်သည့် အကြောင်းခြင်းတမျှလည်း မရှိချေ။ သူ ဘာကြောင့် မုန်းသည်ကိုလည်း သူကိုယ်တိုင် မသိချေ။ ဒေါက်တာဖဲ(လ်) ဆိုသူအား သောမတ်စ်ဘရောင်းကပေးသော အောက်ပါစာတို ကလေးမှာ အလွန်ထင်ရှားပေသည်။

"I DO NOT LOVE THEE, Dr.FALL THE REASON WHY, I CAN NOT TELL" (EVERYMANS ENCY CLOPADIA)

အဓိပ္ပာယ်ကား "သင့်ကို မြင်လျှင်မြင်ချင်း ကျွန်ုပ်တွင် မချစ် မနှစ်မြို့သောစိတ် ပေါ်လာပါသည်။ ဒေါက်တာဖဲ(လ်)။ မည် သည့် အကြောင်းကြောင့် ဤသို့ ဖြစ်ရသည်ကို ကျွန်ုပ်မပြော တတ်ပါ" ဟူ၍ ဖြစ်၏။ စင်စစ်သော်ကား သောမတ်စ်ဘရောင်း နှင့် ဒေါက်တာဖဲ(လ်)တို့သည် ယခင် ဘဝဘဝများက တဦး နှင့်တဦး မသင့်မြတ်၊ မချစ်ခင်သောသူများ ဖြစ်ခဲ့ကြ ပေလိမ့်

(တတိယအကြိမ်)

မည်။ ထိုဘဝ၏ စိတ်ဓာတ်သည် ဤဘဝ၏ စိတ်အလွှာအောက်ဝယ် မသိစိတ်အဖြစ် တည်နေခဲ့ပြီး ဒေါက်တာဖဲ(လ်) တည်းဟူသော မြင်ကွင်းကို တွေ့လျှင် တွေ့ချင်း ထကြွလာကြခြင်းသာ ဖြစ်ပေသည်။ မြန်မာစကားရိုးရိုးနှင့် ပြောရလျှင်ကား ဟိုဘဝက ရေစက်ကြောင့်ဟူလို။

လွန်ခဲ့သော ဘဝ၏ အမှတ်အသားများသည် လူ့စိတ်၏ အောက်အလွှာ၌ မသိစိတ်အဖြစ် ကိန်းဝပ်နေကြ၏။ ၎င်း မသိစိတ်များသည် လှုံ့ပေးသော ရှုခင်း (သို့မဟုတ်) အဖြစ်အပျက် (သို့မဟုတ်) အကြောင်း အရာများကို တိုက်ဆိုင်သော်အခါ၌ အထက်လွှာသို့ တက်လာကြပြီး သိစိတ်အဖြစ် ပေါ်ပေါက်လာကြလေသည်။

ယခု အခါတွင် ကမ္ဘာအရပ်ရပ်ရှိ စိတ်ပညာ အသင်းများသည် ဤသို့နောက်ဘဝကိုသိနိုင် ပြောနိုင်သော ကိစ္စရပ်များကို အလေးဂရုပြုလျက် လေ့လာလျက် ရှိကြပေသည်။ ၎င်းတို့၏ လေ့လာတွေ့ရှိချက်အရ ထိုအဖြစ်အပျက်များကို ရှင်းပြရန် ယခု ဘဝနှင့် မလုံလောက်ကြောင်း၊ နောက်ဘဝကို ယူဆမှသာ သဘာဝကျကြောင်း ထင်ထင်ရှားရှား တွေ့လာရပေသည်၊ ဤကိစ္စများကို ကြည့်ခြင်းအားဖြင့် စဉ်းစားတွေးခေါ်ဉာဏ်ရှိသူတိုင်းအဖို့ လူတို့၌ နောက်ဘဝဟူ၍ရှိကြောင်း၊ ထိုဘဝ၏ အဖြစ်အပျက်များကို အကြောင်းတိုက်ဆိုင်သော အခါတွင် ပြန်ပြော ပြနိုင်ကြောင်းစသော အချက်တို့ကို သံသယ မဖြစ်တော့ချေ။

သိပ္ပံပညာ တိုးတက်လာမှုကြောင့် (အထူးသဖြင့် ဒါဝင်၏ အရေးအသားများကြောင့်) 'ပစ္စုပ္ပန် ဟူသည် အတိတ်မှ

တရွေ့ရွေ့ ဖြစ်ပေါ်လာခြင်းဖြင့် အနာဂတ်သို့ ရွေ့လျား သွားကြောင်းကို လူတိုင်းလက်ခံကြပေသည်။ ဤဖြစ်စဉ်သည် ယခု တွေ့မြင်နေကြရသော သစ်ပင် ပန်းမန်များ၊တိရစ္ဆာန် များ၊အရာဝတ္ထုများအားလုံးအတွက် မှန်ပေသည်။ လူ့သမိုင်း အတွက်လည်း မှန်ပေသည်။ ဆရာဝန် တယောက်သည် လူနာ ၏ ရောဂါဝေဒနာကို အကဲဖြတ်ရာ၌ လူနာ၏ လွန်ခဲ့သော အချိန်က အခြေအနေကိုလေ့လာရပေသည်။ အဘယ့်ကြောင့် ဟူမူ လူနာ၏ ယခုရှိသော ရောဂါ ဝေဒနာသည် ယခင်က ရှိခဲ့သော အခြေအနေတို့ကြောင့် ပေါ်ပေါက်ရခြင်းဖြစ်သော ကြောင့်တည်း။

လူ့ဘဝသည်လည်း ထိုနည်းအတူဖြစ်၏။ လူသည် မနေ့က ရှိခဲ့သောကြောင့် ယနေ့ရှိရ၏။ ယနေ့ရှိသောကြောင့် မနက် ဖြန်တွင် ရှိလိမ့်မည်။ နောက်သို့ တရက်ပြီးတရက် ဆုတ်၍စဉ်း စားသွားပါက နောက်ဆုံးတွင် လူသည် မိခင်၏ ဝမ်းတွင်း ပဋိသန္ဓေနေသောရက်ကို ပြန်ရောက်ပေလိမ့်မည်။ ထိုသို့ပဋိသန္ဓေ နေရခြင်းသည် ယခင်က အကြောင်းမရှိပဲ မတော်တဆ ရုတ် တရက်ဖြစ်ရသည်ဟူ၍ ယူဆရမည်လော။ ထိုသို့ကား သဘာဝ မကျချေ။ ယခုသည် ယခင်ကြောင့်ဟူသော အခြေခံနိယာမကြီး အရ ပဋိသန္ဓေနေခြင်း (ယခု ဘဝ၌ ပထမဆုံးစ၍ ဖြစ်ခြင်း) သည်လည်း ယခင်ဘဝတည်းဟူသော အကြောင်း တရားမှ ဆက်လာသော အကျိုးဆက် ဖြစ်လာသည်မှာ သဘာဝကျလှ ပေသည်။ ထိုနည်းတူပင် ရှေ့သို့ တရက်ပြီးတရက် ဆက်ပြီး စဉ်းစားသွားပါကလည်း နောက်ဆုံးတွင် သေဆုံးသောရက်သို့ ဆိုက်ရောက်ပေလိမ့်မည်။ ထိုသို့သေဆုံးသောအခါ ပြီးပြတ်သွား

ပြီဟု ယူဆရမည်လော။ ထိုသို့ကား သဘာဝ မကျချေ။ အနာဂတ်သည် ပစ္စုပ္ပန်ကြောင့်ဟူသော အခြေခံ နိယာမကြီး အရ သေခြင်း (ယခုဘဝတွင် နောက်ဆုံးဖြစ်ခြင်း) သည်လည်း နောက်ဘဝ၌ အသစ်ပြန်လည် ဖြစ်ပေါ်ခြင်း တည်းဟူသော အကျိုးကို ပေါ်ပေါက်စေသည်မှာ သဘာဝ ကျလှပေသည်။ ထို့ကြောင့် လူ၏ဘဝသည် ပုခက်နှင့် သုသာန် အကြားတွင် သာမဟုတ်။ လူသည်ပုခက်၏ ဟိုမှာဘက်မှလာပြီး သုသာန်၏ ဟိုမှာဘက်သို့ ဆက်၍သွားဦးမည်သာဖြစ်ကြောင်း ထင်ရှား လှပေသည်။

ဗုဒ္ဓကျမ်းပြုဆရာ ခရစ်စမတ်ဟန်ဖရေးက လူ့ဘဝကို လမ်း ဘေးရှိ ထမင်းဆိုင်နှင့် ဥပမာပေး၍ ဖော်ပြခဲ့၏။ ထိုထမင်း ဆိုင်တွင် ခေတ္တနားနေကြသူများသည် ဝင်ပေါက် (မွေးဖွား ခြင်း)မှ ဝင်လာကြပြီးညှော်ခန်း(ဘဝ)၌ လူမျိုးစုံတွေ့ဆုံကြ၏။ တဦးနှင့်တဦး ပေါင်းသင်း ဆက်ဆံကြ၏။ စကားစမြည် ပြော ကြ၏။ မိတ်ဖွဲ့ကြ၏။ ရန်ဖြစ်ကြ၏ ။မုန်းတီးကြ၏။ ထိုသို့ တွေ့ ဆုံကြုံကြိုက်ပြီးနောက် အချို့မှာ ထွက်ပေါက် (သေခြင်း)မှ ထွက်ခွာ သွားကြပြီး အချို့လည်း ကျန်နေခဲ့လေသည်။ ကျန် နေလူတို့လည်း အချိန်တန်လျှင် ထွက်သွားကြပြန်၏။ ဝင်ပေါက် မှ ဝင်လာသူများလည်း မစဲ။ ထွက်ပေါက်မှ ထွက်သွားသူများ လည်းမနည်း။ ထမင်းဆိုင်တွင်ကား ထာဝရ အသက်ဝင်ပြီး ဆူညံလျက် ရှိလေသည်။

အချုပ် အားဖြင့်ကား ဗုဒ္ဓဝါဒသည် သံသရာကို အခြေ ပြုသောဝါဒဖြစ်သည်။ ဗုဒ္ဓဝါဒက လူ့ဘဝကို သေလျှင် ပြတ် သည်ဟု မယူဆပဲ မိမိပြုခဲ့သော အလုပ်(ကမ္မ)အလိုက် ဘဝက

အသစ် အသစ် ဆက်လက်ဖြစ်ပေါ်နေသည်ဟု ယူဆပေသည်။ ထိုသို့ ဆက်လက် ဖြစ်ပေါ်အောင် ဖန်တီးသူကား အသက်ရှင်နေလိုသော တဏှာပင်တည်း။ ၎င်းတဏှာကို ပယ်သတ်နိုင်သော အခါတွင်မှသာ လူသည် ဘဝသစ် ဖြစ်ပေါ်ခြင်း စက်ဝိုင်းမှ ကျွတ်လွတ် ပေလိမ့်မည်။

ဘဝသစ် ဆက်လက် ဖြစ်ပေါ်မှုနှင့် ပတ်သက်၍ လက်တွေ့မျက်တွေ့ သာဓကမျိုး၊ အခုငရုတ်သီး●ား အခုငရုတ်သီးစပ်ဆိုသော သက်သေမျိုး၊ နှစ်နှင့် နှစ်ပေါင်း လေး ဆိုသော အထောက် အထားမျိုး ထုတ်မပြနိုင်သော်လည်း ပညာရှိတို့၏ (တနည်းအားဖြင့် သိပ္ပံပညာရှင်တို့၏) ဆင်ခြင်တုံ တရားဖြင့် ဘဝင်ကျကျ လက်ခံနိုင်သော ဖြစ်နိုင်ချက် သက်သေများကား မြောက်မြားစွာ ရှိပေသည်။ အချို့ကိုလည်း အထက်တွင် ထုတ်ဖော် ပြခဲ့ပါသည်။ အဆိုပါ သာဓကများကို လေ့လာ ဆင်ခြင်ကြည့်လျှင် ဘဝဆက်လက် ဖြစ်ပေါ်မှု တကယ်ပင်ရှိသည် ဆိုသော အချက်မှာ ထင်ရှားလာပေလိမ့်မည်။ ဤအချက်ကို သိမြင်ရေးအတွက် အစွဲအလမ်း ကင်းကင်းနှင့် ယထာဘူတ ကျကျ တွေးခေါ် ကြည့်ဖို့သာ လိုပေသည်။

ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာတို့သည် သံသရာကို အခြေပြုကြပေသည်။ သံသရာ ရှိမရှိ ဆိုသော ပြဿနာမှာ ၎င်းတို့အတွက် မပေါ်ချေ။ ၎င်းတို့ နှစ်ခုသည် သံသရာ၌ တူညီကြပေသည်။ ၎င်းတို့ ကွဲလွဲသည်ကား သတ္တဝါများမည်သို့ သံသရာလည်ရသည်ဆိုသော အချက် (တနည်းအားဖြင့် အတ္တရှိ မရှိဆိုသောအချက်) တွင်သာ ဖြစ်ပေသည်။

●

## အခန်း ရှစ်

# ကမ္မနှင့် အနတ္တ

ကမ္ဘာ့ ဘာသာကြီး အားလုံးလိုလိုပင် လူသည် သေလျှင် ပြတ်သည်ဆိုသော အဆိုကို လက်မခံကြပေ။ လူသည် သေပြီး နောက် တစုံတခု ဖြစ်ရဦးမည်ဟူ၍ကား အားလုံးသဘောတူ ကြ၏။ ၎င်းတစုံတခု ဖြစ်ပုံ ဖြစ်နည်းတွင်သာ ကွဲလွဲကြပေသည်။

ခရစ်ယာန်နှင့်အစ္စလာမ် ဘာသာများအရလူသေသောအခါ ဝိညာဉ်သည် မသေပဲ ကျန်နေ၏။ ၎င်းဝိညာဉ် များသည် ဘုရား သခင်၏ နောက်ဆုံးတရားစီရင်သော နေ့တွင် အသီး သီးလာရောက် အစစ်ဆေး ခံကြရမည်ဖြစ်၏။ ၎င်းတို့အား ဘုရား သခင်က စစ်ဆေး၍ မိမိတို့ ပြုသော ကောင်းမှု မကောင်းမှုအလိုက် ထာဝရသုခ (ကောင်းကင်ဘုံ) သို့မဟုတ် ထာဝရ ဒုက္ခ(ငရဲ)သို့ အသီးသီး ပို့ပေးလိမ့်မည်။ ၎င်းဘာသာ များတွင် ဤနောက်ဆုံး တရားစီရင်မည့် နေရာကို ကောင်းစွာ ယုံကြည်ကြပေသည်။

ဟိန္ဒူဘာသာအရ ဤကမ္ဘာ အပါအဝင် သက်ရှိ သက်မဲ့ အားလုံးသည် ဖြစ်ပျက်ပြောင်းလဲမှု စက်ဝိုင်းအတွင်းမှ သမုတိ သစ္စာများသာတည်း။ အကယ်စင်စစ် ပရမတ္ထအားဖြင့် အနှစ်

အသား ခိုင်မာစွာ ထာဝရ တည်ရှိသည်ကား ပရမတ္တခေါ်။ ထာဝရ ဘုရားနှင့်လူတို့၏ ကိုယ်ခန္ဓာအတွင်းမှ အတ္တ(အတ္တမန်) များသာဖြစ်၏။ စင်စစ်သော်ကား အတ္တသည် ထာဝရဘုရား၏ အစိတ်အပိုင်းသာ ဖြစ်သဖြင့် အမှန်ရှိခြင်း၊ သိတတ်ခြင်း၊ လွတ်လပ်ခြင်း (ဆတ်ချစ် အာနန္ဒ)ဂုဏ် သတ္တိနှင့် ပြည့်စုံ၏။သို့ရာတွင် ၎င်းအတ္တသည် ရုပ်ခန္ဓာနှင့် နှောင်ဖွဲ့မိပြီး မောဟ အဝိဇ္ဇာ ဖုံးလွှမ်းနေသဖြင့် မိမိ၏ ဘဝအမှန်ကို မသိမြင်ပဲ ရှိနေလေသည်။ ထို့ကြောင့်ပင် ရုပ်ခန္ဓာဆုံးသောအခါ အတ္တသည် အခြားခန္ဓာ အိမ်တခုသို့ ဝင်ပြီး သတ္တဝါ အသစ် ဖြစ်စေ၏။ ဤနည်း အားဖြင့် ရုပ်နှင့် နှောင်ဖွဲ့မိနေသော အတ္တသည် ဝိဇ္ဇာ(ဉာဏ် အမြင်) ရရှိလာပြီး မိမိ၏ ပင်ကိုယ်ဘဝကို သိမြင် လာသော အခါ ရုပ်အနှောင်အဖွဲ့မှ လွတ်မြောက်၍ မူလ ထာဝရ ဝိညာဉ် (ထာဝရ ဘုရား)နှင့် ပူးပေါင်းသွားလေသည်။ ထိုသို့ပူးပေါင်း သွားခြင်းသည် မောက္ခခေါ် နိဗ္ဗာန်ပင် ဖြစ်လေသည်။

ဂျိန်းအဘိဓမ္မာက ထာဝရဘုရားကို ငြင်းပယ်၏။ သို့ရာတွင် အတ္တ၏ တည်ရှိမှုကိုကား ထူးထူးကဲကဲ အသိအမှတ် ပြုလေသည်။ ဂျိန်းဝါဒအရ လူနှင့် တိရစ္ဆာန်များသာမက သစ်ပင်များတွင်ပါ အတ္တရှိနေလေသည်။ ယင်းအတ္တသည် ဖြူစင် သန့်ရှင်းသော ဂုဏ်သတ္တိ ရှိသော်လည်း ပြုလုပ်မှု (ကမ္မတရား) ကြောင့် ညစ်နွမ်းပြီး ဘဝအသစ် ဖြစ်ပေါ်နေရလေသည်။ ထို့ကြောင့် ဂျိန်းဘာသာ၏ ကျင့်စဉ်မှာ ကမ္မကို ချေဖျက် ထုခွဲပစ်ရန် ရည်ရွယ်ပေသည်။ လူသည် အလွန်ပြင်းထန် ခေါင်းပါးစွာ ကျင့်ကြံခြင်းဖြင့် ဘဝအသစ် ဖြစ်စေသော ကမ္မကို ထုခွဲ ပစ်ရမည်ဖြစ်လေသည်။ ထိုသို့ ကမ္မကိုထုခွဲ ပစ်လိုက်သော

အခါ အတ္တသည် ရုပ်အနှောင်အဖွဲ့မှ လွတ်မြောက်ပြီး ဘဝ အသစ် မဖြစ်ပေါ်တော့ပဲ နိဗ္ဗာန်သို့ ဆိုက်ရောက်လေတော့ သည်။

ဘာသာတရားတို့သည် တမလွန်ဘဝရှိခြင်း၌ တူညီကြသော် လည်း တမလွန်ဘဝကို ကူးပြောင်းပုံ ကူးပြောင်းနည်းတွင် ကား ကွဲလွဲကြပေသည်။ (အထက်တွင် အမြွက်မျှ ဖော်ပြခဲ့ပြီ) ဤနေရာတွင် ဗုဒ္ဓဝါဒသည်လည်း အခြား ဘာသာများနှင့် လုံးဝ ကွဲပြားလေသည်။ မည်သို့ပင်ဖြစ်စေ၊ တမလွန်ဘဝရှိသည် ဟု ဘာသာတရားအားလုံးက သင်ကြားသည့်အတွက် ဘာသာ ဝင်တို့၏ တွေးခေါ်ယူဆပုံနှင့် ပြောဆိုပြုမူပုံတို့မှာ ယဉ်ကျေး သိမ်မွေ့လာရပေသည်။ လူသည် သေပြီးနောက် တမလွန်ဘဝ သို့ ရောက်ရဦးမည်။ ထိုတမလွန်ဘဝတွင်လည်း လက်ရှိဘဝ၏ ပြုမူမှုအရ ကောင်းကျိုးဆိုးမွေကို ခံကြရဦးမည်ဟု ယုံကြည် သော ပုဂ္ဂိုလ်တဦးအတွက် ယခုဘဝတွင် ကြံတွေး၊ ပြုမူ၊ ပြော ဆိုရာ၌ စည်းမဲ့ကမ်းမဲ့ ဗရမ်းဗတာ မဖြစ်နိုင်တော့ချေ။ သူသည် တမလွန်၏ အကျိုးစီးပွားကိုရည်၍ ဤဘဝတွင် ကောင်းသည်၊ သင့်သည်၊ မှန်မြတ်သည်တို့ကိုပြုလုပ်ရန် ကြိုးစားလာပေလိမ့် မည်။ သူတပါးအား အကျိုးပြုခြင်းဖြင့် မိမိအကျိုးစီးပွားကို ရှာကြံလာပေလိမ့်မည်။ ယင်းသို့ ကြိုးစား အားထုတ်လျှင်ပင် သူသည် ယဉ်ကျေး သိမ်မွေ့သော၊ အမြော်အမြင် ရှိသော လူ့ဘောင်အတွက် အသုံးဝင်သော ပုဂ္ဂိုလ်တဦး ဖြစ်လာပေ လိမ့်မည်။ ထို့ကြောင့်ပင် မည်သည့်ဘာသာတွင်မဆို သူ့နည်း နှင့်သူ လူသားတို့၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေ၍ လူသား တို့အား ယဉ်ကျေး သိမ်မွေ့စေသည်မှာ ယုံမှားဖွယ် မရှိချေ။

ဗုဒ္ဓဝါဒသည် ကမ္မဝါဒ ဖြစ်၏။ ကမ္မကို ယုံကြည်မှုသည် ဗုဒ္ဓ၏ အုတ်မြစ် ဖြစ်၏။ ဗုဒ္ဓကိုယ်တိုင် အောက်ပါအတိုင်း ထုတ်ဖော် မိန့်ကြားခဲ့လေသည်။

"ရဟန်းတို့၊ ပွင့်တော်မူပြီးသော ဘုရားရှင်သည် ကံရှိ၏ ဟူသော ကမ္မဝါဒရှိကြသည်သာ၊ ကုသိုလ်ကံကိုပြုအပ်၏ ဟူသော ကိရိယဝါဒရှိကြသည်သာ၊ ကုသိုလ်ကောင်းမှု၌ အားထုတ်အပ်၏ ဟူသော ဝိရိယဝါဒရှိကြသည်သာ ဖြစ်ကြကုန်၏။

"ရဟန်းတို့၊ နောင်ပွင့်လတ္တံ့ကုန်သော ဘုရားရှင်တို့သည်လည်း ကံရှိ၏ဟူသော ကမ္မဝါဒရှိကြသည်သာ၊ ကုသိုလ်ကံကို ပြုအပ်၏ဟူသော ကိရိယဝါဒရှိကြသည်သာ၊ ကုသိုလ်ကောင်းမှု၌ အားထုတ်အပ်၏ဟူသော ဝိရိယဝါဒရှိကြသည်သာဖြစ်ကြကုန်လတ္တံ့။

"ရဟန်းတို့၊ ယခု ငါဘုရားသည်လည်း ကံရှိ၏ ဟူသော ကမ္မဝါဒ ရှိသည်သာ၊ ကုသိုလ်ကံကို ပြုအပ်သည် ဟူသော ကိရိယဝါဒ ရှိသည်သာ၊ ကုသိုလ်ကောင်းမှု၌ အားထုတ်အပ်၏ ဟူသော ဝိရိယဝါဒရှိသည်သာ ဖြစ်တော်မူ၏။"

တခါတွင်လည်း သုဘ အမည်ရှိသော ပြဟ္မဏတဦးသည် ဗုဒ္ဓအား ဤလောက၌ လူတို့တွင် အချို့အသက်တို၍ အချို့အသက်ရှည်ခြင်း၊ အချို့ရောဂါရှိ၍ အချို့ရောဂါကင်းခြင်း၊ အချို့ အဆင်းမလှ၍ အချို့ အဆင်းလှခြင်း၊ အချို့တန်ခိုးရှိ၍ အချို့ တန်ခိုးမရှိခြင်း၊ အချို့ ဆင်းရဲ၍ အချို့ချမ်းသာခြင်း၊ အချို့အမျိုးနိမ့်၍ အချို့အမျိုးမြတ်ခြင်း၊ အချို့ဉာဏ်ပညာနည်း၍ အချို့ ဉာဏ်ပညာကြီးခြင်းတို့ ဖြစ်နေသည်မှာ မည်သည့် အကြောင်းကြောင့် ဖြစ်ရကြောင်းကို မေးလျှောက်ဘူး

လေသည်။ ထိုအခါ ဗုဒ္ဓက သတ္တဝါတို့တွင် ကမ္မသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။ ကမ္မသာလျှင် ကိုယ်ပိုင်အမွေ ရှိ၏။ ကမ္မသာလျှင် ကိုယ်ပိုင် ချမ်းသာ ဆင်းရဲကြောင်းရှိ၏။ ကမ္မသာလျှင် အဆွေခင်ပွန်းရှိ၏။ ကမ္မသာလျှင် ကိုးကွယ်ရာရှိ၏ ဟူ၍ မိန့်တော်မူလေသည်။

ဤနေရာတွင် ကမ္မဆိုသည်ကို အနည်းငယ်ရှင်းပြရန် လိုအပ်ပေသည်။ပါဠိဘာသာဖြင့် ကမ္မ၊ သက္ကတဘာသာဖြင့်ကား(ရ်)မ ဆိုသော ဝေါဟာရသည် ကား(ရ်) (ပြုလုပ်ခြင်း) ဆိုသော အရင်းအမြစ်မှ လာခြင်းဖြစ်၏။ ထို့ကြောင့် ကမ္မ (သို့မဟုတ်) ကား(ရ်)မ ဆိုသည်မှာ ပြုခြင်း၊ လုပ်ခြင်းဆိုသော အဓိပ္ပာယ် ရှိပေသည်။ သို့ရာတွင် ဗုဒ္ဓအဘိဓမ္မာအရ ကမ္မဟူသည် ပြုလုပ်မှု တိုင်းကို ဆိုလိုသည်မဟုတ်ချေ။ ပြုလုပ်မှုတိုင်းသည် ကမ္မအရာ မမြောက်ချေ။ ဟိန္ဒူနှင့် ဂျိန်းအဘိဓမ္မာများအရကား ပြုလုပ်မှုတိုင်းသည် ကမ္မဖြစ်၏။ဗုဒ္ဓအဘိဓမ္မာ၌ တစုံတခုသောရည်ရွယ်ချက် (စေတနာ) ကို မူတည်၍ ကြံစည်မှု၊ ပြောဆိုမှု၊ ပြုမူမှု၊ (မနောကံ၊ ဝစီကံ၊ ကာယကံ) များသည်သာ ကမ္မအရာဝင် ပေသည်။ ဗုဒ္ဓကိုယ်တိုင်က ရည်ရွယ်ချက်ကိုပင် ကမ္မဟု ခေါ်သည်။ ရည်ရွယ်ချက်ကို အခြေပြု၍သာ ကာယကံ၊ ဝစီကံ၊ မနောကံများ ဖြစ်နိုင်ပေသည်ဟု ဟောကြားခဲ့လေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ အလိုအရ ကမ္မဆိုသည်မှာ ရည်ရွယ်ချက် (စေတနာ) ဖြင့် ကြံစည်၊ ပြောဆို၊ ပြုမူမှုကို ခေါ်ပေသည်။ သည်ထက်လည်း မပိုပေ။ သည့်ထက်လည်း မလျော့ပေ။

ယခုအခါတွင် (အထူးသဖြင့် အနောက်နိုင်ငံများ၌) ဗုဒ္ဓ၏ ကမ္မဝါဒကို အကောက်အယူ အထင်အတွေး ချွတ်ချော်လွဲမှား

နေသည်ကို မကြာခဏ ဖတ်ရှုရ၏။ ၎င်းလွဲမှားမှုသည် အဓိက အားဖြင့် အောက်ပါနှစ်မျိုးပင် ဖြစ်လေသည်။

(၁) အချို့က ကမ္မဆိုသည်မှာ ပြုလုပ်ခြင်းအပြင် ၎င်း ပြုလုပ်ခြင်း၏ အကျိုးပါ ပါဝင်သည်ဟု ထင်မှတ်နေကြ၏။ (ဥာဏတိလောက မဟာထေရ်၏ အဆိုအရ ဤထင်မှတ်နေ ခြင်းမှာ သီအိုဆိုဖီအသင်းဝင်တို့၏ အရေးအသားများကြောင့် ဖြစ်ကြောင်း သိရှိရ၏။) စင်စစ် ဗုဒ္ဓအဘိဓမ္မာအရ ကမ္မသည် ပြုလုပ်ခြင်းကိုသာ ဆိုသည်။ ယင်းပြုလုပ်ခြင်း၏ အကျိုးကိုမဆို ချေ။ ကမ္မ(ပြုလုပ်ခြင်း)၏ အကျိုးကို ကမ္မဝိပါက (ကမ္မ၏ အကျိုးဆက်) ဟု ခေါ်လေသည်။

(၂) အချို့ကမူ ဗုဒ္ဓဝါဒအရ အဖြစ်အပျက်တိုင်းသည် အတိတ်ကံ(ရှေးဘဝကံ) ကြောင့်ဖြစ်ရသည်ဟု ထင်မှတ်နေ ကြ၏။ ဤသို့လျှင် ဖြစ်ပျက်သမျှသည် အတိတ်ကံကြောင့် ဖြစ် ရသဖြင့် လူတို့သည် ကံစီမံရာ ခံကြရုံသာရှိတော့၏။ ယခုဘဝ တွင် ဘာမျှလုပ်စရာ ကြိုးစားအားထုတ်စရာ မလိုတော့ချေ။ မိမိကိုယ်ကို လည်းကောင်း၊ လူ့လောကကို လည်းကောင်း တိုးတက်အောင် ကြိုးပမ်းရန် မလိုတော့ချေ။ အရာရာသည် ကံကြမ္မာစီရင်သည့်အတိုင်းသာ ဖြစ်ရပေလိမ့်မည်၊ စင်စစ် ဤ အယူသည် ဗုဒ္ဓ၏အယူ မဟုတ်ချေ။ ကံကြမ္မာပစ်ချရာ ခံမည်ဆို သော ကြမ္မဝါဒ (**FATALISM**) သာ ဖြစ်လေသည်။

ဗုဒ္ဓဝါဒသည် ကြမ္မာဝါဒ မဟုတ်ကြောင်း အောက်ပါ အထောက်အထားအရ သိအပ်ပေသည်။

အတိတ်ကံ၏ အရာဌာန (အတီတ ကမ္မသာဓိနိယဌာန) သည် အောက်ပါအတိုင်း သုံးမျိုးရှိ၏။

(၁) ကြီးသော အတိတ်ကံ (မဟန္တ)
(၂) အလတ်သော အတိတ်ကံ (မဇ္ဈိမ)
(၃) အနည်းငယ်သော အတိတ်ကံ (အပ္ပ)

ပစ္စုပ္ပန်ကံ၏ အရာဌာန (ပစ္စုပ္ပန္နကမ္မသာဓနိယဌာန)သည် အောက်ပါအတိုင်း သုံးမျိုးပင်ရှိ၏။

(၁) ကြီးပွားရန်ဖြစ်သောကံ (ဝုဒ္ဓိဘာဂိယ)
(၂) တည်တံ့ရုံဖြစ်သောကံ (ဌိတိဘာဂိယ)
(၃) ယုတ်လျော့ရန်ဖြစ်သောကံ (ဟာနဘာဂိယ)

မှတ်ချက်။ ။ကံဆိုသည်မှာ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း မိမိကိုယ်တိုင်၏ ကြံစည်၊ ပြောဆို၊ ပြုမူ၊ အားထုတ်မှု များကို ခေါ်ကြောင်း သတိပြုပါ။

အတိတ်ကံကြီးသူတယောက်သည် ယခု ပစ္စုပ္ပန်၌

(၁) ကြီးပွားရန်ဖြစ်သောကံဖြင့် အားထုတ်ပါက အစစ အရာရာ ပိုမိုတိုးတက်လာ၏။
(၂) တည်တံ့ရုံဖြစ်သောကံဖြင့် အားထုတ်ပါက အစစ အရာရာ တည်တံ့ရုံသာဖြစ်၏။
(၃) ယုတ်လျော့ရန်ဖြစ်သောကံဖြင့်အားထုတ်ပါက အစစ အရာရာ ယုတ်လျော့သွား၏။

အတိတ်ကံအလတ်ရှိသူတယောက်သည် ယခု ပစ္စုပ္ပန်၌

(၁) ကြီးပွားရန်ဖြစ်သောကံဖြင့် အားထုတ်ပါက အစစ အရာရာ ပိုမိုတိုးတက်လာ၏။
(၂) တည်တံ့ရုံဖြစ်သောကံဖြင့် အားထုတ်ပါက အစစ အရာရာတည်တံ့ရုံသာဖြစ်၏။

(၃) ယုတ်လျော့ရန်ဖြစ်သောကံဖြင့် အားထုတ်ပါကအစစအရာရာ ယုတ်လျော့သွား၏။

အတိတ်ကံနည်းသူတယောက်သည် ယခု ပစ္စုပ္ပန်၌

(၁) ကြီးပွားရန်ဖြစ်သောကံဖြင့် အားထုတ်ပါက အစစအရာရာပိုမိုတိုးတက်လာ၏။

(၂) တည်တံ့ရုံဖြစ်သောကံဖြင့် အားထုတ်ပါက အစစအရာရာ တည်တံ့ရုံသာဖြစ်၏။

(၃) ယုတ်လျော့ရန်ဖြစ်သောကံဖြင့်အားထုတ်ပါက အစစအရာရာယုတ်လျော့သွား၏။

ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် အတိတ်ကံ ကြီးသူပင်ဖြစ်စေ၊ ယခု ပစ္စုပ္ပန်၌ ကောင်းစွာအားမထုတ်ပါက ယုတ်လျော့ပျက်စီးမည်ဖြစ်ကြောင်း၊ အတိတ်ကံနည်းသူပင် ဖြစ်လင့်ကစား ယခု ပစ္စုပ္ပန်၌ ကောင်းစွာ အားထုတ်ပါက တိုးတက်ကြီးပွားမည်ဖြစ်ကြောင်း ထင်ရှားစွာ သိသာပေသည်။ ထို့ကြောင့် ဗုဒ္ဓဝါဒသည် အတိတ်ကံပစ်ချရာ ခံရမည်ဆိုသော ကြမ္မာဝါဒ မဟုတ်ချေ။ ဗုဒ္ဓဝါဒအရ လူ၏ အနာဂတ်သည် သူ၏လက်တွင်း၌ ရှိပေသည်။ လူသည် သူ့ကိုယ်သူ အထက်သို့ ရောက်အောင် သော်လည်းကောင်း၊ အောက်သို့ကျအောင် သော်လည်းကောင်း ဖန်တီးနိုင်ပေသည်။ လူ၏ကြမ္မာသည် သူ၏ အဆုံးအဖြတ်ပင် ဖြစ်လေသည်။ လူ၏ အရာရာသည် သူ၏ ပြုလုပ်မှု (ကမ္မ) တွင် မူတည်ပေသည်။

အချို့ပုဂ္ဂိုလ်များသည် ဗုဒ္ဓ၏ ကမ္မဝါဒကို မယုံကြည်လိုကြချေ။ ကမ္မဝါဒကို မမှန်ဟု ထင်ကြလေသည်။ ၎င်းတို့၏ ဆင်ခြေမှာ ဤသို့ဖြစ်၏။ကမ္မဝါဒအရကောင်းမှုပြုလျှင်ကောင်း

ကျိုး ခံစားရမည်။ မကောင်းမှုပြုလျှင် မကောင်းကျိုး ခံစားရမည်ဟုဆိုသည်။ သို့ရာတွင် ဤလောက၌ မကောင်းမှုပြုလျက်နှင့် ကောင်းကျိုး ခံစားနေရသူများ၊ ကောင်းမှုပြုလျက် မကောင်းကျိုး ခံစားနေရသူများကို တွေ့ရ၏။ စီးပွားရေး မသမာသူများ၊ မှောင်ခိုသူများ၊ အမြတ်ကြီးစားသူများသည် တိုက်နှင့်ကားနှင့် နေနိုင်ရုံမျှမက ဘုရားဒကာ၊ ကျောင်းဒကာ အခေါ်ခံပြီး လူရာဝင်လျက်ရှိကြ၏။ ရိုးရိုးမှန်မှန် လုပ်ကိုင်စားသူများမှာ ဝတ်တလှည့် ပြတ်တလှည့်နှင့် လူရာမဝင် လူတောမတိုး ဖြစ်နေကြ၏။ အသို့နည်း။ ကမ္မတရားသည် မျက်နှာကြီးငယ်လိုက်သလော။ ဤသို့ ၎င်းတို့က မေးကြလေသည်။

စင်စစ် ၎င်းတို့၏ မေးခွန်းမှာ သဘာဝကျပြီး မေးထိုက်သော မေးခွန်းသာဖြစ်ပေသည်။ သို့ရာတွင် ဤသို့ဖြစ်သောကြောင့် ကမ္မဝါဒသည် မမှန်ဟု ဆုံးဖြတ်ခြင်းမှာကား အဆောတလျင် အရင်စလို ကျပေသည်။ ဤသို့ မဆုံးဖြတ်မီ ဗုဒ္ဓ၏ အလိုအရ ကမ္မ၏သဘောသဘာဝသည် မည်သို့ရှိသည်။ ကမ္မ၏ အမျိုးအစားမှာ မည်မျှ များပြားသည်။ ကမ္မသည် မည်သို့ အလုပ်လုပ်သည်ကို ဦးစွာ ပထမ စောကြောဖို့ လိုပေသည်။ သို့မှသာ ယထာဘူတကျသော အမြင်ကို ရရှိနိုင်ပေလိမ့်မည်။

အဘိဓမ္မာ ဝိဘင်းကျမ်း၌ ပြုလုပ်မှုတိုင်း (ကမ္မတိုင်း)သည် အကျိုးပေးသည် မဟုတ်ချေ။ ကမ္မတခု အကျိုးပေးရန်သော်လည်းကောင်း၊ အကျိုးမပေးရန်သော်လည်းကောင်း အခြေအနေ အရပ်ရပ် ရှိပေသည်၊ ထို့ကြောင့် အချို့ ကမ္မတို့သည် အကျိုးပေးသော်လည်း အချို့ကမ္မတို့သည် အကျိုးမပေးချေ။

သို့ရာတွင် ကမ္မတိုင်းအကျိုးပေါ်သည်ဟုလည်း တနည်းအားဖြင့် ဆိုနိုင်ပြန်သည်။ ၎င်းအကျိုးကား အကောင်အထည်အားဖြင့် မဟုတ်။ ပြုလုပ်သူ၏ စိတ်အတွင်း၌ ထိခိုက်ပဲ့တင်ထင်ဟပ်သော စိတ်ပိုင်းဆိုင်ရာ အကျိုးပေးတည်း၊ ဥပမာ ကောင်းမှုတခုကို ပြုရသော သူတယောက်သည် ထိုသို့ပြုရသည့်အတွက် စိတ်တွင်းမှ ဝမ်းမြောက်ကြည်နူးရပြီး သူ၏ စိတ်သည်လည်း ဖြူစင်သန့်ရှင်းသွားပေလိမ့်မည်။မကောင်းမှုတခုကို ပြုရသူတယောက်သည်ကား ထိုသို့ ပြုရသည့်အတွက် စိတ်တွင်းမှ နောင်တတဖန် ပူပန် စိုးရိမ်ပြီး သူ၏ စိတ်သည်လည်း ညစ်နွမ်းယုတ်ညံ့သွားပေလိမ့်မည်။ ဤကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ အကျိုးကား ပြုမှုတိုင်း(ကမ္မတိုင်း)တွင် ရှိသည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဗုဒ္ဓက ဤသို့ မိန့်ဆိုခဲ့၏။

"ကောင်းမှုကို ပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ နှစ်ဘဝစလုံး၌ပင် ဝမ်းမြောက်ရ၏။ မိမိ၏ စင်ကြယ်သောအမှုကို မြင်သဖြင့် ဝမ်းမြောက်ရ၏။ ရွှင်လန်းရ၏။" (ဓမ္မပဒ ၁၅)

"မကောင်းမှုကိုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းနည်းရ၏။ နောင်ဘဝ၌လည်း ဝမ်းနည်းရ၏။ နှစ်ဘဝစလုံး၌ပင် ဝမ်းနည်းရ၏။ မိမိ၏ မစင်ကြယ်သော အမှုကို မြင်သဖြင့် ဝမ်းနည်းရ၏။ ဆင်းရဲရ၏။" (၎င်း ၁၅)

စိတ်၌ သက်ရောက်သောအကျိုးမဟုတ်ပဲ အကောင်အထည်အားဖြင့် အကျိုးပေးရန်ကား အကြောင်းခြင်းတ များစွာ

ရှိပေသည်။ အကြမ်းအားဖြင့် အောက်ပါအတိုင်း နားလည် အပ်ပေသည်။

မကောင်းမှုကို ပြုခြင်းအချို့သည်
(၁) လားရောက်ရာ၏ ပြည့်စုံနေမှု (ဂတိသမ္ပတ္တိ)
(၂) ကိုယ်အင်္ဂါ၏ ပြည့်စုံနေမှု (ဥပဓိသမ္ပတ္တိ)
(၃) အချိန်ကာလ၏ ပြည့်စုံနေမှု (ကာလသမ္ပတ္တိ)
(၄) အားထုတ်မှုများ၏ ပြည့်စုံနေမှု (ပယောဂသမ္ပတ္တိ)
တို့ကြောင့် အကျိုးမပေးနိုင်တော့ချေ။

မကောင်းမှုကို ပြုခြင်း အချို့သည်
(၁) လားရောက်ရာ၏ မပြည့်စုံမှု (ဂတိဝိပတ္တိ)
(၂) ကိုယ်အင်္ဂါ၏ မပြည့်စုံမှု (ဥပဓိဝိပတ္တိ)
(၃) အချိန်ကာလ၏ မပြည့်စုံမှု (ကာလဝိပတ္တိ)
(၄) အားထုတ်မှုများ၏ မပြည့်စုံမှု (ပယောဂဝိပတ္တိ)
တို့ကြောင့် အကျိုးပေးလေသည်။

ကောင်းမှုကိုပြုခြင်းအချို့သည်
(၁) လားရောက်ရာ၏ မပြည့်စုံမှု
(၂) ကိုယ်အင်္ဂါ၏ မပြည့်စုံမှု
(၃) အချိန်ကာလ၏ မပြည့်စုံမှု
(၄) အားထုတ်မှုများ၏ မပြည့်စုံမှု
တို့ကြောင့် အကျိုးမပေးနိုင်တော့ချေ။

ကောင်းမှုကို ပြုခြင်း အချို့သည်
(၁) လားရောက်ရာ၏ ပြည့်စုံမှု
(၂) ကိုယ်အင်္ဂါ၏ ပြည့်စုံမှု
(၃) အချိန်ကာလ၏ ပြည့်စုံမှု
(၄) အားထုတ်မှုများ၏ ပြည့်စုံမှု
တို့ကြောင့် အကျိုးပေါ်လေသည်။

ဤဇယားများကိုကြည့်၍ ကမ္မတိုင်းသည် အကျိုးပေါ်စေသည် မဟုတ်ကြောင်းနှင့် ကမ္မတခု အကျိုးပေးစေရန် အချက်များစွာ လိုအပ်ကြောင်း သိမှတ်အပ်ပေသည်။ တဖန် အကျိုးပေါ်ရာ၌လည်း အချိန်အပိုင်းအခြား အမျိုးမျိုး ရှိပြန်လေသည်။ အချို့ပြုမှုများသည် ယခုဘဝ၌ပင် အကျိုးပေါ်ခလေသည်။ (ဒိဋ္ဌဓမ္မဝေဒနိယကမ္မ)။ အချို့ပြုမှုများသည် သေပြီးနောက်ဘဝ (ဒုတိယဘဝ)တွင်မှ အကျိုးပေါ်လေသည်။ (ဥပပဇ္ဇဝေဒနိယကမ္မ)။ အချို့ ပြုမှုများသည်ကား ဒုတိယဘဝတွင် သော်မှ အကျိုးပေါ်ခွင့်မရပဲ တတိယဘဝမှစ၍ နောက်ဘဝများတွင်မှ အကျိုးပေါ်လေသည်။(အပရာပရိယဝေဒနိယကမ္မ)။ ဤသို့ ဖြစ်ရခြင်းမှာ လွန်စွာ သဘာဝကျလှပေသည်။ လူ့ဘဝသည် တိုတောင်းလှသည်ဖြစ်ရာ ဤဘဝ၏ပြုမှုတိုင်း၏ အကျိုးသည် ဤဘဝတွင်သာ အားလုံး မပေါ်နိုင်ချေ။လူသည် နေ့စဉ်နှင့်အမျှ၊မိနစ် စက္ကန့် အပိုင်းအခြားနှင့်အမျှ ကောင်းမှု၊ မကောင်းမှု စသည်များကိုပြုလျက်ရှိရာ ၎င်းတို့၏အကျိုးဆက်များ အားလုံးသည် ဤဘဝတွင်ပေါ်ရန် အချိန် မရပေ။ **(တတိယအကြိမ်)**

တို့ကြောင့် အချို့ အကျိုးတို့သည် ဒိဋ္ဌဓမ္မအားဖြင့် ဤဘဝတွင် ပေါ်သည်လည်း ရှိ၏။ ဤဘဝတွင် ပေါ်ခွင့်မရပဲ ဒုတိယဘဝတွင်မှ ပေါ်သည်လည်း ရှိ၏။ ဒုတိယ ဘဝတွင်မှ ပေါ်ခွင့်မရပဲ တတိယဘဝမှ စ၍ နောက်ဘဝများတွင်မှ ပေါ်သည်လည်း ရှိသည်။ မည်သည့် ဘဝတွင်မှ မပေါ်ပဲ အချည်းနှီး အကျိုးမဲ့ဖြစ်သွားသည်လည်း ရှိပေသည်။ (အဟောသိကမ္မ)။ အချုပ်အားဖြင့်ကား ကမ္မ၏ ကြီးလေးမှု၊ မကြီးလေးမှုအပေါ်တွင် မူတည်၍ ယခု အကျိုးပေါ်ခြင်းနှင့် နောင်အကျိုးပေါ်ခြင်းများ ကွဲပြားသွားလေသည်။

အထက်တွင် ဖော်ပြခဲ့သော ဥပမာတွင်လည်း စီးပွားရေး မသမာသူများသည် အခိုက်အတန့်အားဖြင့် ကောင်းကျိုးခံရဘိသကဲ့သို့ ထင်ရသော်လည်း တကယ်စဉ်းစားကြည့်လျှင် ဒိဋ္ဌဓမ္မဘဝမှာပင် မကောင်းကျိုးများ ပေါ်နေသည်ကို တွေ့ရပေသည်။ ဥပမာ၊ အရင်းရှင်အား အလုပ်သမား များက တိုက်ပွဲဆင်ကြခြင်း၊ မြေရှင်အား လယ်သမားများက တိုက်ပွဲဆင်ကြခြင်း၊ စီးပွားရေးသောင်းကျန်းသူများမှာ အစိုးရဥပဒေအရ အပြစ်ပေး အရေးယူခံရခြင်းစသည် စသည်။ စင်စစ်သော်ကား မကောင်းမှု တခုသည် ၎င်း၏ အကျိုးမပေါ်ခင်သာ ချမ်းသာသကဲ့သို့ ထင်မြင်ရပြီး အကျိုးပေါ်လာသောအခါတွင်ကား ပူလောင်တတ်သော သဘောရှိပေသည်။ ထို့ကြောင့် ဗုဒ္ဓက ဤသို့ ဟောတော်မူခဲ့ခြင်း ဖြစ်ပေသည်။

"သူမိုက်သည် မကောင်းမှုကံအား အကျိုးမပေးမီအတွင်း ပျားသကာဟု ထင်မှတ်၍ အကျိုးပေးသောအခါတွင် ဆင်းရဲခြင်းသို့ ရောက်၏။" (ဓမ္မပဒ ၆၉)

ကမ္မတရား၏အလုပ်သည် ယခုဘဝ တခုအတွက်သာမဟုတ်ချေ။ ပြုလုပ်မှု (ကမ္မ)တခုတွင် ၎င်းနှင့်ထိုက်တန်သော အကျိုး (ကမ္မဝိပါက)ရှိရလေသည်။ သို့ရာတွင် လူ့ဘဝမှာတိုတောင်းသဖြင့် ကမ္မတိုင်း၏ အကျိုးတရားသည် ယခုဘဝတွင် မပေါ်နိုင်ချေ။ ထိုသို့မပေါ်နိုင်သော အကျိုးတရားများသည် လူသေသောအခါ ပြီးပျောက်မသွားပဲ နောင်ဘဝအသစ် တခုတွင် ပါသွားလေသည်။ ထို့ကြောင့် ကမ္မတရား၏ သဘာဝကျသော နောက်ဆက်တွဲ ကော်ရိုလာရီမှာ ဘဝအသစ် ဖြစ်ခြင်းပင်တည်း။ ကမ္မတရားရှိလျှင် နောက်ဘဝအသစ် ဖြစ်ခြင်းသည် မုချရှိရမည်။ ထို့ကြောင့် ကမ္မ တရားကို ယုံကြည်သူသည် နောက်ဘဝကို ယုံကြည်ရလိမ့်မည်။ ကမ္မတရား ရှိသော်လည်း နောက်ဘဝမရှိသော ဗုဒ္ဓဝါဒဟူ၍ မရှိနိုင်ချေ။ ဗုဒ္ဓ၏ ကမ္မဝါဒသည် ယခုဘဝနှင့်သာသက်ဆိုင်ပြီး နောင်ဘဝကိုစဉ်းစားရန် မလိုဟု ပြောဆိုရေးသားမှုများသည် လုံးဝ အဓိပ္ပာယ်မရှိပေ။ သံသရာ အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓဝါဒသည် နောင်ဘဝကို ကောင်းစွာ အယူရှိလေသည်။ ဤအခန်း အစတွင် ဖော်ပြခဲ့သည့်အတိုင်း အခြားဘာသာ အယူတို့သည်လည်း နောင်ဘဝကို ကောင်းစွာယုံကြည်ကြ၏။ သို့ရာတွင် နောင်ဘဝသို့ ကူးပြောင်းပုံ ကူးပြောင်းနည်းကား ကွဲလွဲကြပေသည်။ အခြားဘာသာများအရ လူသေသောအခါ အတ္တသည် မသေပဲအခြားခန္ဓာတခုသို့ကူးပြောင်းခြင်းဖြစ်လေ၏။ ထို့ကြောင့် ၎င်းဘာသာများအရ ဘဝသစ်ဖြစ်ခြင်းကို အင်္ဂလိပ် ဘာသာဖြင့် ( METEMPSYCHOSIS, TRANSMIGRATION, REINCARNATION, SURVIVAL OF PERSONALITY)

စသည်ဖြင့် ခေါ်ဝေါ်ကြ၏။ ၎င်းဝေါဟာရတို့၏ အဓိပ္ပာယ်မှာ လိပ်ပြာ၏ ကူးပြောင်းမှု၊ အတ္တ၏ဝင်စားမှု၊ ပုဂ္ဂိုလ်၏ကြွင်းကျန်မှုစသည်ဖြင့် ဖြစ်လေသည်။ နောင်ဘဝဖြစ်ခြင်း အတူတူပင်ဖြစ်သော်လည်း ဗုဒ္ဓ၏ ဘဝအသစ်ဖြစ်မှုကို အထက်ပါ ဝေါဟာရတို့ဖြင့် မခေါ်ဝေါ်နိုင်ပေ။ အဘယ့်ကြောင့်ဟူမူ ဗုဒ္ဓအဘိဓမ္မာတွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ အလုံးအဝိုင်း၊ အတိုအရှည် အတ္တ၊ ဝိညာဉ်လိပ်ပြာ စသည်တို့ မရှိသောကြောင့်တည်း။ ထို့ကြောင့် အချို့ကျမ်းပြုပညာရှင်တို့က ဗုဒ္ဓဝါဒ၏ ဘဝအသစ်ဖြစ်မှုကို REBIRTH (ပြန်လည်မွေးဖွားခြင်း)ဟု ရေးသားကြလေသည်။

အတ္တမရှိလျှင် နောင်ဘဝသို့ မည်သူက ကူးသွားသနည်း ဆိုသောပြဿနာသည် ပညာရှင်အတော်များများ၏ ဦးနှောက်ကို တီးခေါက်လျက်ရှိလေသည်။ ၎င်းတို့က ဤဘဝတွင်သေဆုံးသောအခါ နောင်ဘဝတခု အသစ်ဖြစ်ရန်အတွက် ဤခန္ဓာကိုယ်မှ ထိုခန္ဓာကိုယ်သို့ ကူးပြောင်းသွားသောအရာ(အတ္တ)ရှိမှ ဖြစ်မည်ဟု ထင်ကြ၏။ အတ္တမရှိပဲ ဘဝကူးသည်ကို ၎င်းတို့က သံသယဖြစ်ကြလေသည်။ ယင်းသို့ သံသယဖြစ်ခြင်းမှာ ၎င်းတို့သည် အတ္တဝါဒ အရိပ်အာဝါသအောက်တွင် ကြီးပြင်းခဲ့ရသူများ ဖြစ်သဖြင့် အတ္တမပါပဲ မတွေးခေါ် တတ်ကြသောကြောင့်ပင်တည်း။

အချို့ကလည်း သိမှုကိုပင် ဘဝကူးသော ရောဂါဖြစ်သည်ဟု ထင်မှတ်နေကြ၏။ သိမှုသည် အတ္တ မဟုတ်ပေ။ အကြောင်းတိုက်ဆိုင်သောကြောင့် ပေါ်လာသော အကျိုးတရားမျှသာဖြစ်

ပြီး တည်တံ့သော အရာမျိုးလည်း မဟုတ်ချေ။ တခါတွင် ဗုဒ္ဓ၏ တပည့်ရဟန်းတပါးဖြစ်သော သာတိသည် ဤသိမှုသည်ပင် ဘဝကူးပြောင်းသော အရာဖြစ်သည်ဟု ဗုဒ္ဓက ဟောကြားကြောင်း ကြွေးကြော်လျက်ရှိ၏။ ဗုဒ္ဓသည် သူ့အားခေါ်ယူ၍ များစွာ ပြစ်တင် ရှုတ်ချတော် မူလေသည်။ (မဇ္ဈိမနိကာယ)

ဤအချက်နှင့် ပတ်သက်၍ ရှင်မဟာဗုဒ္ဓဃောသက ဤသို့ ရှင်းပြခဲ့လေသည်။

''သစ်သားကို စွဲလောင်သောမီးသည် လောင်စာ သစ်သားရှိဆဲသာလောင်နိုင်သည်။ လောင်စာကုန်သောအခါ မလောင်နိုင်တော့ချေ။ ထို့အတူပင် သိမှုသည်လည်း သက်ဆိုင်ရာ အခြေအနေများ မရှိတော့သောအခါ ရပ်စဲသွားလေသည်။''

(ဝိသုဒ္ဓိမဂ္ဂ)

ဤဘဝမှ အတ္တသည်ပင် ထိုဘဝ၌ ပဋိသန္ဓေ နေသည်ဆိုသောအယူမှာ ဆက်သော အယူ (သဿတဒိဋ္ဌိ) ဖြစ်၏။ ဤဘဝသည် တခြား၊ ထိုဘဝသည် တခြားဖြစ်သည်ဆိုသော အယူမှာ ပြတ်သော အယူ (ဥစ္ဆေဒဒိဋ္ဌိ) ဖြစ်၏။ ၎င်းတို့ နှစ်မျိုးလုံး မှားယွင်းလေသည်။ ဗုဒ္ဓအယူကား ၎င်းတို့နှစ်ခု အကြားတွင်ရှိပြီး အကြောင်းစွဲ၍ အကျိုး ပေါ်ခြင်းကိုသာ လက်ခံလေသည်။ ဤအယူမှာ လွန်စွာ သိမ်မွေ့ နက်နဲလှပေသည်။ ဤဘဝမှ တစုံတရာ (အတ္တ) မပြောင်းရွှေ့ဘဲ ပဋိသန္ဓေ နေနိုင်ပုံကို မိလိန္ဒပဥှာကျမ်းတွင်အောက်ပါအတိုင်း ရှင်းပြထားလေသည်။

နာဂသေန။ ။မင်းမြတ်၊ ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် မီးတိုင် တခုမှ မီးတိုင်တခုကို ညှိရာ၏။ မင်းမြတ်၊ အသို့နည်း။ ထိုမီးသည် မီးတိုင်မှ ပြောင်းရွှေ့သွားသလော။

မိလိန္ဒ။ ။အရှင်ဘုရား၊ မပြောင်းရွှေ့ပါ။

နာဂသေန။ ။မင်းမြတ်။ ဤအတူသာလျှင် (ဤဘဝမှ တစုံတရာမပါ)မပြောင်းရွှေ့ရပဲ ပဋိသန္ဓေစွဲ၏။

မိလိန္ဒ။ ။ထို့ထက် အလွန် ဥပမာပြုပါဦးလော့။

နာဂသေန။ ။မင်းမြတ်၊ သင်မင်းမြတ်သည် ငယ်ရွယ်စဉ်က ကဗျာဆရာ၏အထံ၌ တစုံတခုသော ကဗျာကို သင်ယူဘူးသည်ကို မှတ်မိပါ၏လော။

မိလိန္ဒ။ ။အရှင်ဘုရား ဟုတ်ပါ၏။ မှတ်မိပါ၏။

နာဂသေန။ ။မင်းမြတ်၊ အသို့နည်း။ဤကဗျာသည်ဆရာ့ထံမှ ပြောင်းရွှေ့လာသလော။

မိလိန္ဒ။ ။အရှင်ဘုရား မပြောင်းရွှေ့ပါ။

နာဂသေန။ ။မင်းမြတ်၊ ဤအတူသာလျှင် (ဤဘဝမှ တစုံတရာမပါ) မပြောင်းရွှေ့ရပဲ ပဋိသန္ဓေစွဲနေရ၏။

(အသင်္ကမနပဋိသန္ဓေဟနပဉှာ)

သံသရာ ဟူသည် အဘယ်နည်းဟု မိလိန္ဒ မင်းကြီးက မေးသော အခါတွင်လည်း ရှင်နာဂသေနက "မင်းမြတ်၊ ဤအရပ် ဤဘုံ၌ဖြစ်၍၊ ဤအရပ် ဤဘုံ၌ပင်သေ၏။ဤအရပ် ဤဘုံ၌ သေ၍ အရပ်တပါးသော ဘုံ၌ ဖြစ်ပြန်၏။ ထိုအရပ် ထိုဘုံ၌ဖြစ်၍ ထိုအရပ်ထိုဘုံ၌ပင် သေ၏။ ထိုအရပ် ထိုဘုံ၌ သေ၍ တပါးသောဘုံ၌ ဖြစ်ပြန်၏။ မင်းမြတ်၊ ဤသို့လျှင် သံသရာသည်ဖြစ်၏" ဟု ရှင်းပြခဲ့လေသည်။

(သံသာရ ပဉှာ)

ဤနေရာ၌ ဤဘဝ ဤဘုံမှ နာမ်ရုပ်က ထိုဘဝ ထိုဘုံ၌ သွား၍ဖြစ်သည်မဟုတ်။ ဤဘဝ ဤဘုံမှ နာမ်ရုပ်နှင့် ဘာမှ မပတ်သက်ပဲ ထိုဘဝ ထိုဘုံ၌ နာမ်ရုပ် သီးခြား ဖြစ်သည် လည်းမဟုတ်။ ဤဘဝ ဤဘုံမှ နာမ်ရုပ် တည်းဟူသော အကြောင်းကြောင့် ထိုဘဝ ထိုဘုံမှ နာမ်ရုပ်သည် အကျိုး တရားအဖြစ် ပေါ်ရခြင်းသာ ဖြစ်၏။ လုံးဝ ထပ်တူထပ်မျှ လည်းမဟုတ်။ လုံးဝ ခြားခြား နားနားလည်း မဟုတ်။ အကြောင်းကြောင့် အကျိုး ဖြစ်ပေါ်ခြင်းသာ ဖြစ်ပေသည်။ ဥပမာအားဖြင့် လူတယောက်သည် ဆောင်းအခါ၌ မီးလှုံ ပြီးနောက် ထိုမီးကို မငြိမ်းသတ်ပဲ ထားခဲ့၏။ ထိုမီးသည် အခြားသူ၏ လယ်တောကို စွဲလောင်၏။ လယ်ကိုစွဲလောင် သော မီးသည် ထိုလူထားခဲ့သောမီး မဟုတ် သော်လည်း ထိုမီးကြောင့် ဖြစ်ရသော အကျိုးဆက် ဖြစ်၏။ ထို့အတူပင် အရွယ်မရောက်မီက လူနှင့် အရွယ်ရောက်သော လူတို့မှာ တသီး တခြားစီလည်း မဟုတ်၊ လုံးဝ ထပ်တူညီမျှလည်း

မဟုတ်ချေ။ ထို့အတူပင် ညဉ့်ဦးယံ အချိန်က ထွန်းညှိထားသော မီးသည် နံနက်ရောက်အောင် တောက်လောင်နေ၏။ နံနက်တွင် တောက်လောင်သော မီးသည် ညဉ့်ဦးယံအချိန်က မီးမဟုတ်သော်လည်း ၎င်းနှင့် ဘာမျှ မပတ်သက်သော မီးအသစ်လည်း မဟုတ်ချေ။ ထို့အတူပင် နွားနို့သည် နို့ဓမ်းဖြစ်သွား၏။ နို့ဓမ်းသည် နွားနို့ မဟုတ်သော်လည်း နွားနို့နှင့် လုံးဝခြားနားသောအရာလည်း မဟုတ်ချေ။

အထက်ပါ ဥပမာတို့အတိုင်းပင် သတ္တဝါများ ဘဝအသစ်ဖြစ်ရာ၌လည်း ဤဘဝမှ နာမ်ရုပ်၏ ကျေးဇူးပြုမှုကြောင့် ထိုဘဝတွင် နာမ်ရုပ်အသစ်ဖြစ်ရ၏။ ဤဘဝ၏ နောက်ဆုံးသောဖြစ်မှုသည် ထိုဘဝ၏ ပထမဆုံးသော ဖြစ်မှုကိုပေါ်စေသည်။ ဤဘဝမှ ငြိမ်းသွားသော မီးအဟုန်သည် ထိုဘဝ၏ မီးတောက်ကို တောက်စေ၏။ ဤဘဝ၏ နောက်ဆုံးသော စိတ်အစဉ်သည် ထိုဘဝ၏ပထမဆုံးသော စိတ်အစဉ်ကို ဖြစ်စေ၏။ ထို့ကြောင့် ပါမောက္ခ ရိုင်း(စ်)ဒေးဗစ်(စ်)က ဘဝအသစ်ဖြစ်ပေါ်ခြင်းကို စရိုက်သတ္တိကူးပြောင်းမှုအဖြစ် ရေးသားခဲ့ခြင်းဖြစ်လေသည်။

ဝိသုဒ္ဓိမဂ္ဂကျမ်းတွင် ပြဆိုထားသည်မှာ သေခါနီးပုဂ္ဂိုလ်တဦး၏ စိတ်သန္တာန်တွင် မိမိပြုခဲ့သော ကောင်းမှု သို့မဟုတ် မကောင်းမှု (ကမ္မ) သော်လည်းကောင်း၊ မိမိ ပြုခဲ့သော ကောင်းမှု သို့မဟုတ် မကောင်းမှုနှင့် ပတ်သက်သော နိမိတ်လက္ခဏာ (ကမ္မနိမိတ္တ) သော်လည်းကောင်း၊ မိမိသေပြီးနောက် လားရောက်ရမည့်ဌာန၏ အရိပ်အရောင် (ဂတိနိမိတ္တ)

သော်လည်းကောင်း ပေါ်လာလေ့ရှိ၏။ ထိုသို့ သေခါနီးတွင် နောက်ဆုံးဖြစ်သော စိတ်ဆိုသည်မှာ လူတဦး၏ တဘဝလုံး ပြုလုပ်ခဲ့သောအမှုတို့၏ အပြည့်အဝ ပေါင်းရကိန်းပင်ဖြစ်လေသည်။ ဥပမာ၊ ဝက်ထိုးသမား စုန္ဒသည် သေခါနီးအချိန်တွင် အဝီစိငရဲမှ မီးတောက်မီးလျှံများကို တွေ့မြင်ရပြီး ဝက်ကဲ့သို့ မြည်တမ်း ပြေးလွှားနေရ လေသည်။ သူသေသောအခါတွင် အဝီစိငရဲတွင်ခံရ၏။ အလှူဒါန အမြဲပြုလေ့ရှိသော ဓမ္မိက မှာကား သေခါနီးအချိန်တွင် တုသိတာနတ်ပြည်မှ နတ်ရထား ဖြင့် လာကြိုနေသည်ကို မြင်တွေ့ရလေသည်။ သူသေသော အခါ တုသိတာ နတ်ပြည်သို့ လားရောက်ရ၏။

ဒေါက်တာ ဂရင်း(မ်)ကသူ၏စာအုပ်(THE DOCTRINE OF THE BUDDHA)တွင် ဇစ်မြစ်နီးစပ်မှုဥပဒေသ (LAW OF AFFINITY) သည်သေခါနီးအချိန်တွင် တူသောဥပါဒါန်ကို ဖြစ်စေကြောင်း ရှင်းလင်း ပြထားလေသည်။ သူ၏ ရှင်းပြချက်မှာဤသို့ဖြစ်လေသည်။ သူ့အသက်ကိုသတ်လေ့ရှိသူတဦး၏ စိတ်တွင် သူတပါးအား အသက်တိုအောင် ပြုလိုသော စိတ်ဆန္ဒသည် အမြဲကိန်းဝပ်နေ၏။သူတပါးအသက်တိုသည်ကို သူက သဘောကျ ကျေနပ်လေ့ ရှိ၏။ ထို့ကြောင့် အသက်တိုမှု ဇစ်မြစ်သည် သူနှင့် နီးစပ်လျက်ရှိလေသည်။ သူ သေခါနီးတွင် အဆိုပါဇစ်မြစ်သည် ဥပါဒါန်အဖြစ်သို့ ရောက်ပြီးနောက် သူ၏ နောက်ဆုံးစိတ်အစဉ်သည် အသက်တိုခြင်း၌ ကိုင်းညွတ်လျက် ရှိလေသည်။ သူသေသောအခါ အသက်တိုသောသတ္တဝါအဖြစ် ဖြစ်ပေါ်လေသည်။

အချို့သောပညာရှင်များက မိမိသာလျှင် မိမိ ကိုးကွယ်ရာ ဖြစ်၏။ မိမိမှတပါး အဘယ်သူသည် မိမိ၏ကိုးကွယ်ရာ ဖြစ်နိုင်ပါအံ့နည်း (ဓမ္မပဒ ၁၆၀) "ရဟန်းတို့၊ မိမိသာလျှင် မိမိ၏ မီးရှူးတိုင်သဖွယ် ဖြစ်ကြလော့။ မိမိသာလျှင် မိမိကိုးကွယ်ရာ ဖြစ်ကြလော့" (သံယုတ္တနိကာယ်) စသော အထောက်အထားများကိုထုတ်၍ "ဗုဒ္ဓသည် အတ္တကိုလက်ခံသည်" ဟုကောက်ချက်ချလေ့ရှိကြ၏။ မိမိဆိုသောစကားမှာ ပါဠိဘာသာဖြင့် အတ္တပင်ဖြစ်ရာ အတ္တာဟိ အတ္တနော နာထော စသောပုဒ်တို့သည် အတ္တကို လက်ခံသည့်နှယ် ရှိပေသည်။ ဤအချက်ကို အောက်ပါ အကြောင်းနှစ်ရပ်ဖြင့် ရှင်းလင်းအပ်ပေသည်။

ပထမအချက်ကား အတ္တကို ဤနေရာ၌ သုံးစွဲခြင်းမှာအတ္တဝါဒီတို့ အယူရှိသည့် အမြဲတည်သောအတ္တကိုဆိုလိုသည်မဟုတ်ချေ။ ခန္ဓာငါးပါးနာမ်တရားတို့၏အပေါင်းစုဖြစ်သော သတ္တဝါကိုပင် မိမိ (အတ္တ) ဟု တင်စား၍ သမုတိသစ္စာအားဖြင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။

ဒုတိယအချက်ကား သမုတိသစ္စာနှင့် ပရမတ္ထသစ္စာကို မရောထွေးမိစေရန် သတိပြုဖို့လိုလေသည်။ ဗုဒ္ဓသည် သမုတိသစ္စာကို မပယ်ချေ။ ပယ်၍လည်းမဖြစ်ပေ။ ထို့ကြောင့် သမုတိသစ္စာအားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ ယောကျ်ား၊မိန်းမ၊ ဘုရား၊ ရဟန်း စသောဝေါဟာရတို့ကို ခံယူသုံးစွဲရလေသည်။ ထိုသို့သုံးစွဲသဖြင့် တကယ်ပင် ပုဂ္ဂိုလ်သတ္တဝါတို့ ရှိသည်ဟု မယူဆရပေ။ ပရမတ္ထ စစ်စစ်ဓာတ်အနှစ်နှင့် ပြောရလျှင်ကား ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ ဖြစ်ပျက်ပြောင်းလဲနေမှု အစုအဝေး

သာ ရှိပေသည်။ ထိုသို့သော ပရမတ္ထအမြင်ကို သမုတိနယ်မြေ ထဲတွင် သုံးစွဲပါကလည်း မလိုလားအပ်သော အစွန်းလွန်မှုများ ပေါ်လာပေလိမ့်မည်။ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါမရှိဟု ဆိုသဖြင့် သမုတိနယ်ပယ်တွင် ကောင်းမှု၊ မကောင်းမှုပြုသူမရှိ။ ကောင်းကျိုး၊ မကောင်းကျိုး ခံစားရသူမရှိ။ အဖေအမေ မရှိ။ ညီအစ်ကို မောင်နှမ မရှိ။ ဆရာတပည့်မရှိ။ ဘုရားရဟန္တာမရှိ စသည်ဖြင့် နားလည်လိုက်ပါကအလွန်ဆိုးရွားသော အယူမှားမှု ကြီး ဖြစ်ပေါ်လာပေလိမ့်မည်။ ထို့ကြောင့် ဗုဒ္ဓသည် သမုတိ သစ္စာကို ခံယူသုံးစွဲပြီး ကမ္မဟရားအရ ကောင်းကျိုး၊ မကောင်း ကျိုးကို ခံစားရကြောင်းနှင့် တကွ သားသမီး၊ မိဘ၊ ဆရာ တပည့်တို့၏ ဝတ္တရားများကို လည်းကောင်း၊ မင်္ဂလာတရား များကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဟောကြားခဲ့ခြင်း ဖြစ်လေသည်။ ဤသို့ဟောသဖြင့် အတ္တ (ငါ) ရှိသည်ဟုလည်း ကောင်း၊ ၎င်းအတ္တက ဘဝကူးပြီး ခံ၊ စံရသည်ဟုလည်းကောင်း တဘက်သတ် မခံယူရပေ။ တဖန် ပရမတ္ထသစ္စာအားဖြင့်လည်း ပဋိစ္စသမုပ္ပါဒ် စသော ဓာတ်သဘာဝစစ်စစ်တို့ကို ဟောကြား ထားပြန်ရာ ၎င်းသဘော သဘာဝများကို သမုတိနယ်တွင် ချမသုံးအပ်ပေ။ ဗုဒ္ဓဝါဒ၏ နက်နဲသိမ်မွေ့မှုမှာ ဤအချက်တွင် အလွန်ထင်ရှားပေသည်။ အစွန်းနှစ်ခု ရှိသည့်အနက် တဘက် ဘက်သို့ လိုက်ခြင်းမှာ လွယ်ကူသလောက် ၎င်းနှစ်ခုအကြား တွင် ရပ်တည်ရခြင်းမှာ ခက်ခဲလှပေသည်။ ဤကား သဘာဝ တရားများပင်တည်း။

ဗုဒ္ဓအဘိဓမ္မာက လူကို ခွဲခြမ်းစိတ်ဖြာ ကြည့်သောအခါ လူသည် အစုငါးခု၏ ပေါင်းစည်းဖြစ်ပေါ်နေမှုပင်ဖြစ်ကြောင်း

တွေ့ရလေသည်။ ယင်းအစုငါးခုကား ရုပ်၏အစု၊ သိမှု၏အစု၊ မှတ်သားမှု၏အစု၊ ခံစားမှု၏အစု၊ ပြုပြင်မှု၏အစုများပင်တည်း။ (၎င်းတို့အကြောင်းကို အနိစ္စနှင့် ဒုက္ခအခန်းတွင် အကြမ်းဖျင်း ဖော်ပြခဲ့ပါသည်။) ၎င်းအစုငါးခုသည် တိကျသောနိယာမများ အရ ပေါင်းစည်းမိသောအခါ လူသတ္တဝါဟူ၍ ပေါ်လာလေ သည်။ ၎င်းတို့၏ပေါင်းစည်းမှု ပျက်ပြယ်သောအခါ လူသတ္တဝါ သည်လည်း ပျက်စီးသွားလေသည်။ ထို့ကြောင့် လူဆိုသည်မှာ ဤအစုငါးခု (ခန္ဓာငါးပါး)ထက် ပိုလည်းမပိုပေ။ လျော့လည်း မလျော့ချေ။

စင်စစ်သော်ကား လူအား ဤအစုငါးခုထက် ပို၍ မြင်ခြင်း နှင့် လျော့၍မြင်ခြင်းများကြောင့် ယခုအခါတွင် ကျယ်ကျယ် လောင်လောင် ငြင်းခုံနေကြသည့် အတ္တဝါဒ (နာမ်ဝါဒ) နှင့် ရုပ်ဝါဒတို့ ပေါ်လာရခြင်းဖြစ်၏။

အတ္တဝါဒက လူအား ဤအစုငါးခုထက် ပို၍မြင်နေ၏။ပို၍ မြင်သောကြောင့် အစုငါးခုအပြင် အခြား သဘောသတ္တိထူး တခု (အတ္တတခု) ရှိသေးသည်ဟု ကောက်ချက်ချ၏။ ၎င်းအတ္တ သည် အစုငါးခု၏ ဦးစီးဦးကိုင်ပြုသူ၊အစုငါးခု၏ခေါင်းဆောင် ဖြစ်သည်ဟု နိဂုံးချုပ်၏။ အစုငါးခုပျက်စီးသော်လည်း အတ္တ သည် ဘယ်တော့မှ မပျက်စီးဟု ယုံမှတ်၏။ တဖန် ရုပ်ဝါဒ ကလည်း လူအား ဤအစုငါးခုထက် လျော့၍ မြင်နေ၏။ လျော့၍ မြင်သောကြောင့် အစုငါးခုဟူ၍ သီးခြားသက်သက် မရှိ။ ရုပ်တခုသာ ထင်ရှားရှိသည်ဟု ကောက်ချက်ချ၏။ ရုပ် သည် အရာရာ၏ မူလပဓာနဖြစ်သည်။ ရုပ်ကြောင့် သိမှု၊ခံစားမှု၊

မှတ်သားမှု၊ ပြုပြင်မှုတို့ ပေါ်ရသည်ဟုနိဂုံးချုပ်၏။ သက်ရှိ သက်မဲ့တို့ ပျက်စီးသော်လည်း မူလဖြစ်သော ရုပ်သည် ဘယ် တော့မှ မပျက်စီးဟု ယုံမှတ်၏။ဤကား ယူအားရှိသည့်အတိုင်း ယထာဘူတကျကျ မကြည့်နိုင်သောကြောင့် ဝါဒရေး အစွန်း ကြီးနှစ်ခု ပေါ်လာပုံပင်တည်း။

အစုငါးခုသည် တခဏပြီးတခဏ အစဉ်မပြတ် ပြောင်းလဲ နေမှုကြီးဖြစ်လေသည်။ အစုငါးခုသည် အမြဲမပြတ် ချုပ်ငြိမ်း နေသည်လည်းရှိ၏။ အသစ်မွေးဖွား ဖြစ်ပေါ်နေသည်လည်း ရှိ၏။ တည်နေသောအရာ၊ တည်နေသောအချိန်ကား ရှာ၍ မတွေ့ချေ။ အားလုံးသည် မွေးဖွားမှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ပျက်စီးမှုလမ်းစဉ်အတိုင်း လည်ပတ်နေလေသည်။ ဗုဒ္ဓအဘိဓမ္မာ အရ ဤစကြဝဠာအတွင်းရှိ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ တည်မြဲ ခိုင်ခံ့သည့်အရာဟူ၍ လုံးဝမတွေ့ရချေ။ သက်ရှိသက်မဲ့အားလုံး သည် စီးဆင်းနေသော အစဉ်ကြီးသာဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာက လောကကြီးအား ကြည့်မြင်သောအခါ အရာအားလုံးသည် သဘောလက္ခဏာသုံးမျိုးရှိကြောင်း တွေ့ရ လေသည်။အရာတိုင်းသည် မမြဲသောသဘော(အနိစ္စလက္ခဏာ) ရှိ၏။ မမြဲသောအရာသည် ချမ်းသာသုခကို မပေးနိုင်သဖြင့် ဆင်းရဲအလိုမကျသောသဘော(ဒုက္ခလက္ခဏာ)ရှိ၏။ မည်သည့် အရာမျှ မမြဲသဖြင့် ငါ တပ်မပြောနိုင်သောသဘော (အနတ္တ လက္ခဏာ) ရှိ၏။

ဒေါ်လတန်၏ ယူဆချက်တွင် အနုမြူသည် တည်မြဲခိုင်ခံ့ သော အလုံးအခဲတခုဖြစ်၏။ သို့ရာတွင် သွန်မဆန်ဘက်ကွား

ရဲ(လ်)၊ ရွှန်ဂျင်၊ အိုင်စတိုင်း စသော သိပ္ပံဆရာတို့ကဒေါလတန်၏အယူကို ဖျက်ဆီးပစ်ခဲ့လေပြီ။ မခွဲစိတ်နိုင်ဟု ထင်ကြသောအနုမြူကိုယခုအခါ ဖြိုခွဲဖျက်ဆီးခဲ့လေသည်။ မျက်မှောက်ခေတ်ရူပဗေဒတွင် မှ တည်မြဲသော ရုပ်တရားဆိုသော ဝေါဟာရမရှိတော့ချေ။ ကြာသလောကတွင် တည်မြဲသော အရာဟူ၍ မရှိပဲ အရာရာတို့သည် အဟုန်ပြင်းစွာ ဖြစ်ပျက် ပြောင်းလဲမှု အစဉ်ကြီးသာဖြစ်ကြောင်း သိပ္ပံပညာက ဖော်ထုတ်ပြသခဲ့လေသည်။ ဤဖြစ်မှု၊ ပျက်မှုအစဉ်သည်လည်း မည်သူကမျှ ဖန်ဆင်းရသည်မဟုတ်ပဲ သဘာဝ၏ ပင်ကိုယ် သဘောသတ္တိ အရသာ ဖြစ်လေသည်။ မျက်မှောက်ခေတ် ရူပဗေဒအရ သိရသည်မှာ ရေဒီယမ် တစ်ဂရမ်သည် ကာစက္ကန့် အချိန် အတွင်းတွင် ၃.၇၀×၁၀ မျှရှိသော အယ်လ်ဖာမြူများကို ၁.၆၉၉×၁၀ စင်တီမီတာ နှုန်းထားဖြင့် ထုတ်လွှင့်လျက်ရှိ၏၊ ထိုနည်းဖြင့် သိပ္ပံပညာသည် ဗုဒ္ဓ၏အနိစ္စတရားကို ပြည့်ပြည့်ဝဝ ထောက်ခံလျက်ရှိလေသည်။

မျက်မှောက်ခေတ်တွင် သိပ္ပံပညာနှင့် အကိုက်ညီဆုံး တွေးခေါ်ရှင်ဟု ကျော်ကြားသူမှာ ပါမောက္ခ ဝှိုက်ဟက် ဖြစ်လေသည်။ သူ၏ ဖီလော်ဆော်ဖီသဘောတရား(PHILOSOPHY OF ORIGANISN)သည် ဗုဒ္ဓ၏ အနိစ္စသဘောတရားအပေါ်တွင် အခြေပြုထားသည်ကို တွေ့ရပေသည်။ သူ၏တွေးခေါ်မှု စတင်ရာကား သဘာဝ၏ သွားလမ်းအပေါ်တွင် ဖြစ်၏။ သူ့အဆိုအရ ဤကမ္ဘာနှင့်ပတ်သက်၍ အထင်ရှားဆုံးမှာ သဘာဝသည် အမြဲသွားနေသည်ဆိုသော အချက်ပင်ဖြစ်၏။ သဘာဝ

သည် ရွေ့လျားနေ၏။ သဘာဝသည် ရွေ့လျားမှုအစဉ် (PROCESS)တခုပင် ဖြစ်၏။ဝှိုက်ဟက်က ဤသို့ ရေးသားခဲ့၏။

"ဘာမျှ မရှိသော လဟာပြင် ဆိုသော ဝေါဟာရကို နောက်ဆုံး သိပ္ပံက နုဘ်ပယ်ပစ်ခဲ့၏။ စကြဝဠာတခုလုံးသည် အင်အားနယ်မြေကြီးဖြစ်၏။ တနည်းအားဖြင့် မရပ်မနား လှုပ်ရှားမှု၏ နယ်မြေကြီးဖြစ်၏။ တခဏတာမျှဖြစ်စေ သဘာဝကို တည်တံ့သော အဖြစ် ယူဆခြင်းမှာ အဓိပ္ပာယ် လုံးဝ မရှိချေ။ ပြောင်းလဲရွေ့လျားမှုမှအပ သဘာဝဆိုသည်မှာ လုံးဝမရှိချေ။"

တဖန်

"သဘာဝသည် အင်အားနှင့် လှုပ်ရှားမှုတို့၏ ဆက်သွယ်ကြောင်းကို ပြသရာ ဇာတ်ခုံပင် ဖြစ်၏။"

တဖန်

"တကယ့် အမှန်တရား၏ အနှစ်သာရကား ရွေ့လျားမှု အစဉ်ပင်တည်း။ မည်သည့်အရာမှာမဆို နားလည်ရန် ၎င်း၏ ပေါ်လာခြင်းနှင့်ပျက်စီးခြင်း (ဇာတိနှင့် မရဏ)ကို နားလည် ရမည်ဖြစ်လေသည်။"

ဝှိုက်ဟက်ကဲ့သို့ပင် ၂၀ ရာစုတွေးခေါ်ရှင်တို့လည်း တည်မြဲသော သဘောသဘာဝကို ငြင်းဆိုကြလေသည်။ ဖြစ်စဉ်တို့၏ နောက်တွင်(သို့မဟုတ်)အတွင်းတွင် တည်မြဲသော အရာဟူ၍ ရှာမရချေ။ အရာအားလုံး၏ နောက်ခံကားသည် ခိုင်မာသော နံရံမျိုးမဟုတ်။ လှုပ်ရှားနေသော ပင်လယ်ပြင်ကြီးသာ ဖြစ်၏။ အရာအားလုံးသည် တရစပ် ပြောင်းလဲနေလေသည်။

ရှေးခေတ် သိပ္ပံဆရာများနှင့် တွေးခေါ်ရှင်များက သဘာဝ၏ အခြင်းအရာများကို အရာဝတ္ထုများ(THINGS)ဟု ခေါ်တွင်ခဲ့ကြသော်လည်း (ဝိုက်ဟက်အပါအဝင်) မျက်မှောက်ခေတ် သိပ္ပံဆရာများနှင့် တွေးခေါ်ရှင်များကမူ သဘာဝ၏ အခြင်းအရာများကို အဖြစ်အပျက်များ(EVENTS)ဟူ၍ ခေါ်ကြလေသည်။ ရှေးက ယူဆခဲ့သော တည်ငြိမ် ခိုင်မြဲသော အရာဝတ္ထုများအစား ပြောင်းလဲနေသော အဖြစ်အပျက်များအဖြစ် ယူဆလာသည်မှာ ဗုဒ္ဓ၏ အနိစ္စနှင့် အနတ္တသဘောတရားကို ကျယ်ကျယ်လောင်လောင် ထောက်ခံသည့်နှယ် ရှိလေတော့သည်။

ပြောင်းလဲမှု (အနိစ္စ)သည် တပုံစံတသဏ္ဍာန်တည်း မဖြစ်နိုင်ချေ။ ပြောင်းလဲမှုသည် အကြမ်းအားဖြင့် သုံးမျိုးရှိနိုင်၏။ ပထမအမျိုးမှာ တစုံတခုသည် ရှိသည်ထက် ပိုလာခြင်းဖြစ်၏။ (ကသည် က×ဖြစ်လာခြင်း) ဒုတိယအမျိုးမှာ ရှိသည်ထက် လျော့သွားခြင်းဖြစ်၏။ (ကသည် က–ဖြစ်သွားခြင်း) တတိယအမျိုးမှာ လုံးဝ အသွင် ပြောင်းလဲပြီး အသစ်ဖြစ်သွားခြင်းဖြစ်၏။ (ကသည် ခဖြစ်သွားခြင်း)၊အချုပ်အားဖြင့်ကား အရေအတွက် ပြောင်းလဲမှု (QUANTITATIVE CHANGE) နှင့် အရည်အချင်း ပြောင်းလဲမှု (QUALITATIVE CHANGE) ပင်တည်း။ အသစ်သည် ဖြစ်ပေါ်တိုးတက်နေသလို အဟောင်းတို့သည် ချုပ်ငြိမ်းပျက်စီးနေလေသည်။

သဘာဝအတွင်းတွင် တည်မြဲခိုင်ခံ့သော အရာဟူ၍ လုံးဝ ရှာမရချေ။ ထို့ကြောင့် တည်မြဲသော ပုဂ္ဂိုလ်၊သတ္တဝါ၊ ငါ၊ သူတပါး၊ အတ္တ စသည်တို့မှာလည်း မရှိနိုင်ချေ။ စင်စစ်သော်

ကား အလွန်လျင်မြန်စွာ ပြောင်းလဲနေသော အစဉ်ကိုပင် လူတို့က ပုဂ္ဂိုလ်။ သတ္တဝါ စသည်ဖြင့် အထင်မှားနေကြခြင်းသာတည်း။ ရုပ်တခုကိုပင်ဖြစ်စေ၊ စိတ်တခုကိုပင်ဖြစ်စေ၊ ငါ ဟု ခေါ်ဝေါ်လိုက်သည်နှင့် တပြိုင်နက် ၎င်းမှာ ချုပ်ငြိမ်းသွားပြီး ဖြစ်၏။ထို့ကြောင့်ငါ့ကို ဖမ်းဆီးဆုပ်ကိုင်၍မရနိုင် မပြနိုင်ချေ။ ဥပမာ၊ မြစ်ရေသည် အမြဲမပြတ် စီးဆင်းနေ၏။ မြစ်ရေကို ဖမ်းဆုပ်၍မရ။ သို့ရာတွင် မြစ်ရေအစဉ်ကြီးကိုကား မျက်စိဖြင့် မြင်နေရ၏။ ၎င်းကို လူတို့က မြစ်ဟု ကင်ပွန်းတပ်ကြခြင်း ဖြစ်လေသည်။ ထိုနည်းတူပင် မီးတောက်တခုကို ကြည့်ပါက မီးတောက်ကို ဖမ်း၍မမိချေ။ မီးသည် တောက်လိုက် ငြိမ်းလိုက် အသစ်တောက်လိုက် ဖြစ်နေ၏။ သို့ရာတွင် မီးတောက်အစဉ်ကြီးကား မျက်စိဖြင့် မြင်နေရ၏။ ၎င်းကိုပင် လူတို့က မီး ဟု ကင်ပွန်းတပ်ခြင်း ဖြစ်လေသည်။ ထိုနည်းတူပင် လူ့စိတ်ကိုလည်း ဖမ်း၍မမိချေ။ စိတ်သည် အလွန်လျင်မြန်စွာ ဖြစ်လိုက် ချုပ်လိုက် အသစ်ဖြစ်လိုက်နှင့်ဖြစ်နေ၏၊ သို့ရာတွင် စိတ်အစဉ်ကြီးကိုကား တွေ့နေရ၏။ ၎င်းကို လူတို့က အတ္တဟု ကင်ပွန်းတပ်ကြခြင်း ဖြစ်လေသည်။

ဤနေရာတွင် အနတ္တဝါဒနှင့် အတ္တဝါဒကို ဖော်ကျူးသော တွေးခေါ်ရှင်နှစ်ဦး၏ စကားနှစ်ရပ်ကို နှိုင်းယှဉ်လေ့လာသင့်၏။ ပထမ တွေးခေါ်ရှင်မှာ ဂရိပြည်မှ ဟီရာကလစ်တပ်(စ်)ဖြစ်၏။ သူက သင်သည် မြစ်တခုတည်းအတွင်းသို့ နှစ်ခါမဆင်းနိုင်။ အဘယ့်ကြောင့်ဆိုသော် ဒုတိယအကြိမ် ဆင်းသောအခါ ပထမမြစ်သည် မရှိတော့သောကြောင့်တည်းဟု ပြောခဲ့၏။ ဒုတိယ

(တတိယအကြိမ်)

တွေးခေါ်ရှင်မှာ ပြင်သစ်ပြည်မှ ရီနေဒစ်စကားတက်(စ်)ဖြစ်၏။ သူက ငါတွေးသည်။ ထို့ကြောင့် ငါရှိသည်ဟု ပြောခဲ့၏။ ပထမပုဂ္ဂိုလ်၏ စကားမှာ အနိစ္စနှင့် အနတ္တကို ထောက်ခံ၏။ ဒုတိယ ပုဂ္ဂိုလ်၏ စကားမှာ နိစ္စနှင့် အတ္တကို ထောက်ခံ၏။ (မှတ်ချက်။ ။ဒစ်ကားတက်(စ်)မှာ မတည်မြဲသောစိတ်အစဉ်ကိုပင် တည်မြဲသော ငါ သို့မဟုတ် အတ္တဟု ယူဆနေ၏။)

ဤသို့ယူဆခြင်းမှာ မမြဲသော ဖြစ်ပျက်မှုအစဉ် (သန္တတိ)ကို မြဲသော၊ တည်သော အစိုင်အခဲ (သဏ္ဌာန်) ဟု ထင်နေသောကြောင့်တည်း။ မည်သည့် အရာမဆို သန္တတိ အစဉ်မျှသာဖြစ်သော်လည်း ၎င်းဖြစ်ပျက်မှုအစဉ်မှာ လွန်စွာ မြန်ဆန်လွန်းလှသဖြင့် သာမန်လူတို့ မမြင်နိုင်ချေ။ သို့မမြင်နိုင်သောကြောင့်၎င်းဖြစ်ပျက်မှုအစဉ်၏ အပေါ်ယံအသွင်သဏ္ဌာန်ကိုပင် အမှန်တရားဟု ထင်နေကြလေသည်။ ဥပမာအဖြစ် တယ်လီဗစ်ရှင်းခေါ် ရုပ်လျှင့် သံလွင့်စက်ကို ကြည့်ရှုနိုင်၏။ ရုပ်ပုံတခု ပေါ်နိုင်ရန်အတွက် ပိတ်ကားပေါ်တွင် တစက္ကန့်အတွင်း၌ရုပ်ပုံပေါင်း ၃၀ ပေါ်လိုက်ပျောက်လိုက် ဖြစ်ရ၏။ ထိုသို့ တစက္ကန့်အတွင်း ရုပ်ပုံပေါင်း ၃၀ ပေါ်လိုက် ပျောက်လိုက် ဖြစ်သဖြင့် ပိတ်ကားပေါ်တွင် ပုံတပုံပေါ်လာလေသည်။ ကြည့်သူများကား ရုပ်ပုံ ၃၀ ဖြစ်ပျက်သွားသည်ကို မမြင်နိုင်ကြချေ။ ရုပ်ပုံတခု ပေါ်လာသည်ကိုသာ မြင်နိုင်ကြလေသည်။ ထိုသို့ ဖြစ်သဖြင့် ပိတ်ကားပေါ်တွင် ဖြစ်ပျက်မှုအစဉ်ကြီး(အနိစ္စ သန္တတိ)ပေါ် နေသည်ဟု နားမလည်နိုင်ပဲ ဇာတ်လိုက်မင်းသား မင်းသမီး စသည်တို့ ပေါ်လာသည်ဟု ထင်နေကြလေသည်။

လူ့ဘဝသည်လည်း ဤကဲ့သို့ အဆက်မပြတ် တရစပ် ဖြစ်ပျက်နေသော အစဉ်ကြီးသာ ဖြစ်၏။ သို့ရာတွင် အတွင်းသဘောဖြစ်သော ထိုဖြစ်ပျက်မှုကို မမြင်နိုင်သဖြင့် အပေါ်ယံသဏ္ဌာန်ကိုပင် ပုဂ္ဂိုလ်၊ သတ္တဝါ စသည်ဖြင့် ထင်မှတ်နေကြလေသည်။ ရုပ်ရှင်ပိတ်ကားပေါ်တွင် လူတယောက်၏ ရုပ်ပုံပေါ်လာရန်အတွက် ရုပ်ရှင်ပြစက်တွင် ထိုလူ၏ ပုံပေါင်းများစွာ လျင်မြန်စွာ ဖြစ်ပျက်ရ၏။ ထိုဖြစ်ပျက်မှု၏ အကျိုးဆက်အဖြစ် လူ၏ပုံပေါ်လာလေသည်။ အခြားဥပမာအဖြစ် လျှပ်စစ်မီးကို ကြည့်နိုင်၏။ လျှပ်စစ် မီးသီးမှ အလင်းရောင်သည် တသမတ်တည်းလင်းနေသည်ဟု ထင်ရ၏။ သို့ရာတွင် စင်စစ်ဧင်းအလင်းရောင်သည် လျင်မြန်စွာ လင်းလိုက်မှိတ်လိုက်ဖြစ်နေသော မီးပွားကလေးများ၏ အစဉ်ပင်တည်း။ မီးပွားကလေးများသည် တစက္ကန့်လျှင် ဖရီကွင်စီ ၅၀ နှုန်း ဖြစ်ပျက်နေလေသည်။

အထက်ပါ အကြောင်းခြင်းရာများကို စဉ်းစားဆင်ခြင်ကြည့်သောအခါ ဤလောကတွင် မည်သည့်အရာမဆို ဖြစ်မှုပျက်မှု အစဉ်ကြီးပင်ဖြစ်ကြောင်းကိုလည်းကောင်း၊ ဖြစ်မှုပျက်မှုများသာဖြစ်သဖြင့် တည်မြဲသော၊ ခိုင်ခံ့သောအရာဟူ၍ရှာ၍မရနိုင်ကြောင်းကိုလည်းကောင်း ထင်ရှားသိမြင်လာလေသည်။ မည်သည့်အရာ(သက်ရှိသက်မဲ့)ကိုမဆို ကြည့်ပါက အပေါ်ယံအားဖြင့် အကောင်အထည်၊ လုံးရပ်သဏ္ဌာန်၊ အတိုအရှည်၊ အဝန်းအဝိုင်း စသည်ဖြင့် မြင်ရသော်လည်း အတွင်းသားကိုထိုးဖောက်ကြည့်လျှင် ဖြစ်မှု ပျက်မှုများ တဖွားဖွားပေါ်နေ

သော အနိစ္စသဘောများကိုသာ တွေ့ရလေသည်။ ဤအချက်ကို မျက်မှောက်ခေတ် သိပ္ပံနှင့် တွေးခေါ်မြော်မြင်မှုက တွေ့မြင်လာပြီဖြစ်လေသည်။ အထူးသဖြင့် ဝီလျံဂျိမ်း(စ်)၊ဘာထရန် ရပ်ဆဲ(လ်) စသော ကမ္ဘာကျော် တွေးခေါ်ရှင်တို့သည် တည်မြဲသော အရာတခုရှိသည်ဆိုသည့် အယူကို ပယ်ကြလေသည်။ ဗုဒ္ဓသည်ကား သိပ္ပံမပေါ်မီကပင် ဤသဘောတရားတို့ကိုတိကျပြတ်သားစွာ ကြေငြာခဲ့ပြီးဖြစ်ပေသည်။ သိပ္ပံပညာ၏ တွေ့ရှိချက်တို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကပေါ်ထွန်းခဲ့သော ဗုဒ္ဓဂေါတမ၏ သဘောတရားများကို ထောက်ခံနေရခြင်းသာ ဖြစ်လေသည်။

ဗုဒ္ဓက လူအား ရုပ်နာမ်သဘာဝများ၏ ဖြစ်ပျက်ပြောင်းလဲမှုအစဉ်အဖြစ် (သို့မဟုတ်) အစုငါးခု၏ အပေါင်းအစည်းတခုအဖြစ် မြင်ခဲ့လေသည်။ ထို့ကြောင့် လူတွင် ဤအစုငါးစုမှအပ အခြား အနှစ်အသား ခိုင်မာသော အတ္တဟူ၍ မရှိဟု အတိအလင်း ကြေငြာခဲ့လေသည်။ ထို့ကြောင့် ဗုဒ္ဓဝါဒကို အနတ္တဝါဒ(အတ္တမရှိသောဝါဒ)ဟု ခေါ်တွင်ကြခြင်း ဖြစ်လေသည်။ ဒေါက်တာ သောမတ်(စ်)က ဗုဒ္ဓသည် ဗြဟ္မဇာလသုတ်တွင် အတ္တမရှိဟု တိုက်ရိုက်မပယ်ခဲ့ဟု ရေးသားခဲ့၏။ မည်သို့ဖြစ်စေ ဗုဒ္ဓသည် အတ္တကိုလက်ခံခြင်းမရှိသည်ကား ယုံမှားဖွယ်မလိုပေ။ ဗုဒ္ဓသည် အရာဝတ္ထုအခြင်းအရာမှန်သမျှတွင်သဘောလက္ခဏာသုံးခု (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ရှိကြောင်း သင်ကြားခဲ့သည်ဟု အထက်တွင်ဆိုခဲ့ပြီ။ ၎င်းလက္ခဏာ သုံးခုအနက် အနိစ္စ (အမြဲမတည်ခြင်း)နှင့် ဒုက္ခ (အလိုမကျဆင်းရဲခြင်း) အကြောင်းများ

ကို ထိုအခါက အိန္ဒိယတွေးခေါ်ရှင်အချို့ သိမြင် ဟောပြောခဲ့သည်မှာ မှန်ပေသည်။ ဥပနိသျှကျမ်းများသည်လည်း ထာဝရဘုရား(ပြဟ္မာ)နှင့် အတ္တ(အတ္တမန်)မှတပါးအခြားအရာခပ်သိမ်းမှန်သမျှသည် အနိစ္စနှင့် ဒုက္ခသာဖြစ်ကြောင်း ပြဆိုခဲ့လေသည်။ ခြားနားသည်မှာ ၎င်းတို့၏ အနိစ္စနှင့်ဒုက္ခနိယာမသည် အထက်ပါ(၂)ခုကို ချွင်းချက်ထားသော်လည်း ဗုဒ္ဓကမူ မည်သည့်အရာကိုမဆို အနိစ္စနှင့် ဒုက္ခချည်းသာဖြစ်ကြောင်း သင်ကြားခြင်း ဖြစ်ပေသည်။ အနတ္တ သဘောတရား (အတ္တမရှိသောသဘော)မှာမူ ဗုဒ္ဓဂေါတမ တဦးတည်းသာ သိမြင်နားလည်သော သဘောတရားဖြစ်ပေသည်။ ထို့ကြောင့် အနတ္တဝါဒသည် ဗုဒ္ဓဝါဒ၏အသီးအပွင့်ဖြစ်ပြီး အများနှင့်မတူ တမူထူးခြားချက် တရပ်လည်းဖြစ်ပေသည်။

အနတ္တကို အချို့က အစိုးမရခြင်းဟုဆိုကြ၏။ ဤစကားမှန်လှ၏။ လူ၏ အစုငါးခု (ခန္ဓာငါးပါး)တွင် မိမိကိုယ်ပိုင်(အတ္တ)ဟူ၍မရှိ။ ၎င်းအစု ငါးခုသည်လည်း သူ့သဘောသူဆောင်ပြီး သူဖြစ်ချင်သလို ဖြစ်နေကြသည်သာဖြစ်ရာ မိမိ၏အလိုသို့ မလိုက်ကြပေ။ တနည်းအားဖြင့် မိမိ အစိုးမရပေ။ ကိုယ်ကဖြစ်စေလိုသော်လည်း သူတို့က ပျက်တတ်သည်။ကိုယ်ကအေးစေလိုသော်လည်း သူတို့က ပူတတ်သည်။ ကိုယ်ကငြိမ်းစေလိုသော်လည်း သူတို့က တောက်တတ်သည်။ ဤသဘောမှာဆင်ခြင်ကြည့်လေ ထင်ရှားလေ ဖြစ်ပေသည်။ အထူးသဖြင့်ဆိုင်ကိုအနာလစ်ဆစ် စိတ်ပညာက မသိစိတ်အကြောင်း တွေ့ရှိလာခြင်းသည် ဗုဒ္ဓ၏ အနတ္တဝါဒနှင့် ကမ္မဝါဒကို ထောက်ခံချက် သက်သေပေးလျက်ရှိလေသည်။

မသိစိတ်ကို စတင်တွေ့ရှိသူမှာ သြစတေးလီးယားပြည် ဗီယင်နာမြို့မှ ဒေါက်တာ ဆစ်ဂမန်ဖရိုက်ဖြစ်လေသည်။ ဖရိုက်၏အလိုအရ လူ၏နာမ်တရားတွင်သိစိတ်နှင့်မသိစိတ်(သို့မဟုတ်) အပေါ်ယံလွှာနှင့် အောက်လွှာဟူ၍ ရှိလေသည်။ သိစိတ်ဆိုသည်မှာ မိမိကိုယ်တိုင်ကအကြောင်းရှာရနိုင်ပြီး သိနိုင်သောစိတ်မျိုးဖြစ်၏။ ဥပမာ၊ စားလိုစိတ်၊ အိပ်လိုစိတ်၊ မေထုန်မှီဝဲလိုစိတ် စသည် (၎င်းသိစိတ်များသည် ပြင်းထန်လှသဖြင့် လူတို့မထိန်းချုပ်နိုင်ကြချေ။) ထိုသိစိတ်အပြင် မိမိကိုယ်တိုင် မသိပဲအောက်ထပ်တွင်တည်နေသောမသိစိတ်များလည်း ရှိလေသည်။ ဖရိုက်က လူ၏နာမ်တရားကို ရေခဲတောင်ကြီးနှင့် ပုံနှိုင်းပြခဲ့ရာ ရေခဲတောင်၏ ၉ ပိုင်း ၈ ပိုင်းသည် ရေအောက်တွင်ရှိသကဲ့သို့ လူ့စိတ်၏ အစိတ်အပိုင်း အများဆုံးမှာလည်း ကိုယ်မသိသော မသိစိတ်များသာ ဖြစ်လေသည်။

မသိစိတ် (၎င်းကို ဖရိုက်က I D ဟု ဝေါဟာရပေးထားသည်) သည် မွေးစကတည်းကရှိလာသည်ဟု ဆိုလေသည်။မသိစိတ်ဖြစ်လာပုံမှာ ဤသို့တည်း။ ကလေးငယ်တွင် ရုန့်ရင်းကြမ်းတမ်းပြီး ရိုင်းစိုင်းသော စိတ်ဓာတ်အလိုဆန္ဒများ ရှိ၏။ လောဘဒေါသ ထူပြောလှ၏။ ဇာတိစိတ်များ၏ လွှမ်းမိုးခြင်းကို ခံရ၏။ ထို့ကြောင့် ကလေးငယ်သည် မိမိအလိုရမှက် ပြည့်ဝရေးကို ရှေ့ရှုလုပ်ကိုင်တတ်လေသည်။ ထိုသို့လုပ်ကိုင်ရာ၌ မသင့်လျော်သော အပြုအမူများကို လူကြီးမိဘတို့က စည်းကမ်းသတ်၍ ချုပ်ချယ်လိုက်ကြ၏။ ထိုသို့ ပြင်ပလောကနှင့် ပဋိပက္ခဖြစ်ပြီး ခွင့်ပြုချက်မရသော စိတ်တို့သည် မနောဝိညာဉ်၏အောက်လွှာသို့ ငုပ်လျှိုးသွားပြီး မသိစိတ်အဖြစ် တည်နေကြလေသည်။

မသိစိတ်တို့သည် မနောဝိညာဉ်၏ အပေါ်သို့ တက်ရောက်ရန် အမြဲ ကြိုးစား အားထုတ်နေကြ၏။ မသိစိတ်တို့သည် မျက်ကန်းများဖြစ်ကြ၏။ ရိုင်းစိုင်း၏။ အလိုဆန္ဒ ပြေပျောက်ရေးကိုသာ ရှာကြံကြ၏။ တန်ဖိုးကိုမသိ။ ကောင်းမှု၊ မကောင်းမှုကို နားမလည်။ ကျင့်ဝတ်စည်းကမ်းဟူ၍မရှိ၊ လူ၏စည်းကမ်းနှင့် လူ့လောက၏ စည်းကမ်းများက ခွင့်မပြုသဖြင့် စိတ်အောက်လွှာသို့ ငုပ်လျှိုးသွားကြသော စိတ်တို့သည် လူအား အမြဲ နှိပ်စက်ညှဉ်းပန်းကြ၏။ လူသည် တခါတရံ မိမိ၏ စိတ်က လက်မခံနိုင်သော အမှုတို့ကို ပြုမူတတ်ကြ၏။ မိမိမှားယွင်းသည်ဟု ယူဆသော အပြစ်တို့ကို ကျူးလွန်တတ်ကြ၏။ ထိုသို့ ကျူးလွန်ပြုရခြင်းမှာ မသိစိတ်က ခိုင်းသောကြောင့်သာ ဖြစ်လေသည်။

တခါက ရန်ကုန်မြို့တွင် ကုလားတယောက်သည်မော်တော်ကားစီးယင်း သူ၏ရှေ့၌ထိုင်နေသော အမျိုးသမီးတဦး၏ဆံပင်ကို မဖြတ်ပဲ မနေနိုင်သဖြင့် ဖြတ်လိုက်မိပြီး အဖမ်းခံရ၏။ အချို့လူများမှာ ဘာကိုမျှ စိတ်မချနိုင်အောင် ရှိတတ်သော ရောဂါဖြစ်နေ၏။ အချို့ မိန်းမများမှာကား အိမ်တွင် တနေ့ တံမြက်စည်း အကြိမ်ပေါင်းများစွာ လှည်းရမှ ကျေနပ်ကြ၏။ အချို့မှာ ဘာမှဟုတ်သည့် ကြောင်ကိုမြင်လျှင် နေစရာမရှိအောင် ကြောက်တတ်ကြ၏။ အချို့မှာ အခန်းတံခါးများပိတ်လိုက်လျှင် ချွေးသီးချွေးပေါက်ပြန်အောင် ကြောက်တတ်ကြ၏။ အဘယ်ကြောင့် ဤသို့ဖြစ်ရသည်ကို ကာယကံရှင်ကိုယ်တိုင် နားမလည်ကြချေ။ စင်စစ် ၎င်းတို့၏ စိတ်အောက်

လွှာရှိ မသိစိတ်များက လှုံ့ဆော်နေသောကြောင့် ဤသို့ဖြစ်ရပေသည်။

မသိစိတ်များတွင် အင်အားများစွာ ရှိ၏။ လူကို သူတို့လိုသလို ခိုင်းစေနိုင်၏။လူသည် သူတို့၏စေသည့်ကျွန်၊ ထွန်သည့်နွားဖြစ်၏။ သူတို့ခိုင်းသည်ကို မငြင်းဆန်စံ့ပဲ လုပ်ကြရ၏။ ထို့ကြောင့် စိတ်ပညာကျော် ဝီလျံဂျိမ်း(စ်)က မသိစိတ်များကို ပုန်းအောင်းနေသော အင်အားများဟု ကင်ပွန်းတတ်ခဲ့ခြင်းဖြစ်လေသည်။

ဦးနီသည် ဦးဖြူအား နှိပ်စက်ညှဉ်းပန်းခဲ့ဘူး၏၊ ဤအဖြစ်အပျက်ကို ဦးဖြူသည် ကြီးလာသောအခါ လုံးဝမေ့ပျောက်သွားပြီဖြစ်လေသည်။ ဦးနီကိုလည်း လုံးဝ အမှတ်မရတော့ပေ။ သို့ရာတွင် ဦးနီနှင့်တူသော လူတယောက်ကို မြင်သောအခါတွင်ကား ဦးဖြူမှာ အလိုလို မုန်းတီးနေလေသည်။ အဘယ်ကြောင့် ဤသို့မုန်းရသည်ကို သူကိုယ်တိုင်ပင် မသိချေ။ ဦးဖြူသည် ဦးနီအား မေ့ပျောက်ခဲ့ပြီဖြစ်သော်လည်း မသိစိတ်များက မမေ့ပဲ မုန်းတီး ခိုင်းနေသောကြောင့် ဖြစ်လေသည်။ အလားတူ သာဓကများစွာပင် ရှိလေသည်။ နာမည်တခုကို မေ့နေခြင်းသည် ထိုနာမည်ပါသော ပုဂ္ဂိုလ်အား မသိစိတ်က မုန်းတီးသောကြောင့် ဖြစ်ရာ၏။ ရထား အချိန်ဇယားရှုပ်ထွေးသဖြင့် ရထားမမီလိုက်ဟု ဆိုသော်လည်း စင်စစ် မသိစိတ်က ထိုခရီးကို မသွားလို၍ တမင်နောက်ကျအောင် ခိုင်းခြင်း ဖြစ်ရာ၏။ အိမ်သော့ ပျောက်သည်မှာ မသိစိတ်က အိမ်မပြန်လိုသောကြောင့် ဖြစ်၏။

ထိုနည်းအတူပင် အိပ်မက်များမှာလည်း အဓိပ္ပာယ်အပြည့် အဝ ရှိပေသည်။ ဖရိုက်မပေါ်မီကမူ အိပ်မက်များသည် ဘာမျှ အဓိပ္ပာယ်မရှိသော အရာများသာ ဖြစ်သည်ဟု ထင်ခဲ့ကြ၏။ ဖရိုက်သည် ၁၉၀၀ ပြည့်နှစ်တွင် အိပ်မက် ဖတ်ခြင်း (THE INTERPRETATION OF DREAMS)အမည်ရှိ ကျမ်းကို ထုတ်ဝေလိုက်၏။ ထိုကျမ်းတွင် ဖရိုက်က အိပ်မက် ကမ္ဘာကို မသိစိတ်များက အုပ်စိုးကြောင်း၊ အိပ်မက်ဆိုသည် မှာ စင်စစ် အကောင်အထည် ပေါ်ခွင့်မရသော ဆန္ဒရမ္မက်တို့၏ ကိုယ်ထင်ပြရာသာ ဖြစ်ကြောင်း၊ အိပ်မက်များ၌ အဓိပ္ပာယ် ရှိကြောင်း၊ထိုအဓိပ္ပာယ်ကို ကျွမ်းကျင်သော စိတ်ပညာရှင်တို့က ဖော်ထုတ်နိုင်ကြောင်းနှင့်တကွ သူကိုယ်တိုင် အဓိပ္ပာယ် ဖော် ထုတ်ခဲ့သော အိပ်မက်များ၏ သာဓကများကို ဖော်ပြထားလေ သည်။

ဤမသိစိတ် သဘောတရားကို လေ့လာခြင်းအားဖြင့် လူ သည် မိမိ၏ ရုပ်ကိုသော်လည်းကောင်း၊ နာမ်ကိုသော်လည်း ကောင်း မပိုင်ဆိုင်သည်မှာ ပိုမိုထင်ရှားလာလေသည်။ ရုပ်သည် ဖောက်ပြန် ပြောင်းလဲတတ်၏။ ယိုယွင်းပျက်စီးတတ်၏။ ၎င်းကို မည်သူမျှ မတားဆီးနိုင်ချေ။ နာမ်တရားသည်လည်း အထက် တွင် ဖော်ပြခဲ့သည့်အတိုင်း မသိစိတ်များက လွှမ်းမိုးမင်းမူနေ ကြ၏။ သူတို့ခိုင်းရာကို လူတို့က လုပ်ကြရ၏။ ထို့ကြောင့်လူသည် သူ့ကိုယ်သူ အစိုးမရဟု ဆိုအပ်လေသည်။ တဖန် တည်တံ့ ခိုင်မြဲသော ငါ (အတ္တ)ဟူ၍လည်း ရှာမရနိုင်တော့ချေ။ ငါက မလုပ်ချင်သော အမှုကိစ္စများကိုလည်း မသိစိတ်က ခွင့်မပြုသဖြင့်

မလုပ်ကြရချေ။ မသိစိတ်ဟူသည် စင်စစ် အဝိဇ္ဇာပင်တည်း။ မသိမှု (အဝိဇ္ဇာ)သည် ဒုက္ခ၏ အရင်းအမြစ် ဖြစ်ကြောင်းနှင့်မသိမှုကို ပယ်သတ်ခြင်းဖြင့် ဒုက္ခမှ လွတ်မြောက်နိုင်ကြောင်း ပြဆိုရာ၌ ဆိုင်ရာ အနာလစ်ဆစ် စိတ်ပညာနှင့် ဗုဒ္ဓဝါဒတို့သည် ထပ်တူကျပ်မျှ ဖြစ်လေသည်။

## အခန်း ကိုး

# ဗုဒ္ဓ၏ အဖြေ

ဗုဒ္ဓသည် လောကအား အစီအစဉ်မရှိ အကြောင်းမဲ့ သူဖြစ်ချင်သလို ဖြစ်နေသောအရာဟု မမြင်ပေ။ လောကအတွင်းရှိ သက်ရှိသက်မဲ့မှန်သမျှသည် အကြောင်းရှိ၍သာ ဖြစ်ကြပျက်ကြရသည်ဟု ယူဆပေသည်။ မည်သည့်အရာမျှ အကြောင်းနှင့်မကင်းပေ။ မြူမှုန်မှသည် နေမင်းတိုင်အောင်၊ ပုရွက်ဆိတ်ငယ်မှသည် လူသားတိုင်အောင်၊ မိုးနှင်းပေါက်မှသည် သမုဒ္ဒရာတိုင်အောင်၊ သဲပွင့်မှသည် ဟိမဝန္တာ တိုင်အောင် စကြဝဠာအတွင်း ရှိရှိသမျှသည် အကြောင်း အမျိုးမျိုးကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်ပေသည်။

ဤနေရာတွင် ဗုဒ္ဓသည် အကြောင်းမဲ့ ဖြစ်ချင်ရာ ဖြစ်ရသည်ဆိုသော အကြောင်းမဲ့ဝါဒကို ငြင်းဆိုသည့်နည်းတူ မည်သည့်အရာမဆို ထာဝရဘုရားကြောင့်သာ ဖြစ်ရသည် ဆိုသော

ပထမ အကြောင်းဝါဒကိုလည်း ပယ်ချခဲ့ပေသည်။ ထိုဝါဒအရ ဤလောကတွင် ဖြစ်ပျက်ရသမျှသည် ထာဝရ ဘုရားကြောင့်သာ ဖြစ်ပေရာ ထာဝရဘုရားသည် လောက၏ အရှင်သခင်၊ လောက၏ ပထမအကြောင်း ဖြစ်နေလေသည်။ ဗုဒ္ဓ၏အဘိဓမ္မာတွင် လောက၏ ပထမအကြောင်းအတွက် နေရာမရှိချေ။

ပဋိစ္စသမုပ္ပါဒ (အကြောင်းစွဲ၍ အကျိုးပေါ်မှု) သဘောတရားသည် သတ္တဝါတို့၏ အဖန်တလဲလဲ မွေးဖွားမှု စက်ဝိုင်းကို ဖော်ပြပေသည်။ ၎င်းစက်ဝိုင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) မသိမှားမှုကြောင့် ပြုပြင်စီရင်မှု ပေါ်လာ၏။
(၂) ပြုပြင်စီရင်မှုကြောင့် ဝိညာဉ်ပေါ်လာ၏။
(၃) ဝိညာဉ်ကြောင့် နာမ်ရုပ် ပေါ်လာ၏။
(၄) နာမ်ရုပ်ကြောင့် သိမှုတန်ဆာခြောက်ခုပေါ်လာ၏။
(၅) သိမှုတန်ဆာ ခြောက်ခုကြောင့် အထိအတွေ့ ပေါ်လာ၏။
(၆) အထိအတွေ့ကြောင့် ခံစားမှု ပေါ်လာ၏။
(၇) ခံစားမှုကြောင့် တပ်မက်မှု ပေါ်လာ၏။
(၈) တပ်မက်မှုကြောင့် ပြင်းစွာ စွဲလမ်းမှု ပေါ်လာ၏။
(၉) ပြင်းစွာ စွဲလမ်းမှုကြောင့် ဖြစ်ပေါ်မှု ပေါ်လာ၏။
(၁၀) ဖြစ်ပေါ်မှုကြောင့် မွေးဖွားမှု ပေါ်လာ၏။
(၁၁) မွေးဖွားမှုကြောင့်
(၁၂) အိုခြင်း၊ သေခြင်း၊ စိုးရိမ် ပူပန်ခြင်း၊ ဆင်းရဲခြင်း၊ စသည်တို့ ပေါ်၏။

ဤစက်ဝိုင်းတွင် မသိမှုားမှု (အဝိဇ္ဇာ)ကို နံပါတ် (၁)တွင် ဖော်ပြထားသော်လည်း ၎င်းကိုအားလုံး၏ ပထမအကြောင်းဟု မယူဆရပေ။ ပဋိစ္စသမုပ္ပါဒ်သည် စက်ဝိုင်းဖြစ်သဖြင့် ကွင်းဆက်တခုသည် တချိန်တည်းမှာပင် အကြောင်းတရား ဖြစ်သလို အကျိုးတရားလည်း ဖြစ်ပေသည်။ ဥပမာ ခံစားမှုသည် အထိအတွေ့ကြောင့် ဖြစ်ပေါ်ရသော အကျိုးတရား ဖြစ်သကဲ့သို့ တပ်မက်မှုကို ပေါ်စေသော အကြောင်းတရားလည်း ဖြစ်လေသည်။ ထို့ကြောင့် မသိမှုားမှု (အဝိဇ္ဇာ)သည် အားလုံး၏ပထမအကြောင်း မဟုတ်ချေ။ အကြောင်းတရားသည် အကျိုးကို ပေါ်စေ၏။ ထိုအကျိုးသည် အကြောင်းတရားအဖြစ် ပြောင်းလဲသွားပြန်ပြီး အကျိုးတရားအသစ်ကို ပေါ်စေပြန်၏။ ဤနည်းဖြင့် (နိဗ္ဗာန်ကို မရမချင်း) မရပ်မနား ဆက်လက်ဖြစ်ပေါ်နေရလေသည်။

ပဋိစ္စသမုပ္ပါဒ်ကိုလေ့လာရာ၌ အချိန်ကာလအပိုင်းအခြားကို အနည်းငယ် သဘောပေါက်ဖို့ လိုလေသည်။ လူတို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ကာလ သုံးပါးကို ပိုင်းခြားပြောဆိုလေ့ ရှိကြ၏။ စင်စစ် ပရမတ္ထအားဖြင့် ဆိုလျှင် အချိန်ကာလကို ပိုင်းခြား၍ မရအပ်ပေ။ ဥပမာ ပစ္စုပ္ပန် ဆိုသည်မှာ အတိတ်မှနေ၍ ကြည့်လျှင် အနာဂတ်ဖြစ်ပြီး အနာဂတ်မှနေ၍ ကြည့်လျှင် အတိတ်ဖြစ်လေသည်။ စင်စစ် အချိန် ဆိုသည်မှာ အပိုင်းအခြားမရှိ။ စိတ်ကူးစိတ်သန်းဖြင့် ကန့်သတ် ထားခြင်းသာ ဖြစ်လေသည်။

အောက်တွင် ပဋိစ္စသမုပ္ပါဒ် တရား၏ ဇယားကို ဖော်ပြထားပေသည်။ ၎င်းဇယားတွင် အတိတ်မှစ၍ ပြထား သော်လည်း

အထက် ဖော်ပြပါအချိန်နှင့် ပတ်သက်သော သဘောတရားကို မမေ့သင့်ပေ။ ကာလတခုသည် တချိန်တည်းမှာပင် အတိတ် ပစ္စုပ္ပန်၊ အနာဂတ် သုံးမျိုးစလုံးပင် ဖြစ်ပေသည်။

**အတိတ်**

(၁) မသိမှားမှု
(၂) ပြုပြင်စီရင်မှု

**ပစ္စုပ္ပန်**

(၃) ဝိညာဉ်
(၄) နာမ်ရုပ်
(၅) သိမှုတန်ဆာခြောက်ခု
(၆) အထိအတွေ့
(၇) ခံစားမှု
(၈) တပ်မက်မှု
(၉) ပြင်းစွာ စွဲလမ်းမှု
(၁၀) ဖြစ်ပေါ်မှု

**အနာဂတ်**

(၁၁) မွေးဖွားမှု
(၁၂) အိုခြင်း၊ သေခြင်းစသည်

ဤတွင် မသိမှားမှုကို ရှေးဦးစွာ ပြဆိုထားရာ မသိမှားမှု ဟူသည် အဘယ်နည်း။ ဘာကို မသိသနည်း။ ဗုဒ္ဓ၏ အလိုအရ မသိမှားမှု ဆိုသည်မှာ သစ္စာလေးပါး အကြောင်းကို မသိမမြင် ခြင်းကို ဆိုလိုသည်။ သစ္စာလေးပါးကား အထက် အခန်းတို့တွင် ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း (၁) ဒုက္ခ (၂)ဒုက္ခ၏အကြောင်း (၃) ဒုက္ခ၏ ချုပ်ရာငြိမ်းရာ(၄) ဒုက္ခကို ချုပ်ငြိမ်းစေနိုင်သော

နည်းလမ်းတို့ပင်တည်း။ ဤလောကတွင် ဒုက္ခသည် ထင်ရှားစွာ ရှိ၏။ ဒုက္ခရှိသဖြင့် ၎င်း၏ အကြောင်းသည်လည်း ထင်ရှားစွာ ရှိ၏။ ၎င်းဒုက္ခ၏ ၎င်း၏ အကြောင်းသည်လည်း ထင်ရှားစွာ ရှိ၏။ ၎င်းဒုက္ခကို ပယ်သတ်ရန် နည်းလမ်း သည်လည်း ထင်ရှားစွာရှိ၏။ ထိုသို့ထင်ရှားစွာ ရှိသည်တို့ကို မသိမမြင်ခြင်းသည် မသိမှားမှု (အဝိဇ္ဇာ)ပင် ဖြစ်လေသည်။

မသိမှားမှုကြောင့် တပ်မက်မှုသည် ပေါ်ပေါက်ရ၏။ တပ်မက်မှုသည် သုံးမျိုးသုံးစားရှိ၏။ ၎င်းကား (၁) အာရုံများကြောင့် ရရှိအပ်သော ခံစားမှုများကို တပ်မက်ခြင်း။ (၂) ဘဝသစ် ဆက်လက် ဖြစ်ပေါ်မှုကို တပ်မက်ခြင်း။ (၃)ဘဝပြတ်စဲမှုကို တပ်မက်ခြင်းတို့ပင် ဖြစ်လေသည်။ ဤတပ်မက်မှုများ ရှိနေသဖြင့် လူသည် တဘဝပြီးတဘဝ အဖန်တလဲလဲ ဖြစ်ပျက်မှု စက်ဝိုင်း လည်နေရပေသည်။

တပ်မက်မှုတွင် မိမိ၏ ယုံကြည်ယူဆချက် သဘောတရားအယူဝါဒ၊ ထင်မြင်ချက်၊အတွေးအခေါ်၊ခံယူချက် စသည်တို့ကို တပ်မက်ခြင်းသည်လည်း အပါအဝင် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓသည် လောက၏ အဆုံးအစမရှိသော ပြဿနာများတွင် မည်သည့် အယူဝါဒမျှ ဟောကြားမှု မပြုခဲ့ခြင်း ဖြစ်ပေသည်။ ဗုဒ္ဓသည် ခပ်သိမ်းသော အယူတို့မှ လွတ်ကင်းသူ ဖြစ်လေသည်။

တပ်မက်မှုသည် ရူပဗေဒတွင် ဖော်ပြသော စွမ်းအင်နှင့်တူ၏။ စွမ်းအင်တခုသည် သူနှင့် ဆန့်ကျင်ဘက် ဖြစ်ပြီး သူနှင့် အင်အားချင်း ညီမျှသော စွမ်းအင်တခုက တားဆီးမှု မပြုမချင်း စွမ်းအင်အဖြစ် ဆက်လက်၍ သွားနေလေ့ရှိ၏။ ၎င်း၏ ဆန့်ကျင်ဘက် စွမ်းအင်က တားဆီးသော အခါတွင်မှသာရပ်စဲ

သွားပေသည်။ ထို့အတူပင် တပ်မက်မှု သည်လည်း သူနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး သူနှင့် အင်အားချင်း ညီမျှသည့် စွမ်းအင်က မတားဆီးမချင်း ဘဝသစ်ကို ဖန်တီး၍ ဆက်လက်သန်စွမ်းနေလေသည်။ သူ၏ ဆန့်ကျင်ဘက် စွမ်းအင်ကား မြတ်သော ကျင့်ကြံမှု (သီလ)၊ တည်ငြိမ်မှု (သမာဓိ)နှင့် ထိုးထွင်းသိမြင်မှု (ပညာ)တို့ပင်တည်း။

ဗုဒ္ဓ၏ မြတ်သော သစ္စာလေးပါးအနက် ဒုတိယဖြစ်သော သမုဒယသစ္စာက ဒုက္ခ၏ အရင်း အမြစ် အဖြစ် တပ်မက်မှု (တဏှာ)ကို ပြပေ၏။ တတိယဖြစ်သော နိရောဓသစ္စာက ဤ တပ်မက်မှုကို အဆုံးပြုရသည် ရှိ၏ဟု နိဗ္ဗာန်ကို ပြဆိုပေ၏။ စတုတ္ထဖြစ်သော မဂ္ဂသစ္စာက ဤတပ်မက်မှုကို အဆုံးပြုရန် လမ်းစဉ်ကို ဖော်ပြပေပြီ။

အချို့က ဗုဒ္ဓဝါဒသည် ဒုက္ခသစ္စာကို အခြေခံသဖြင့် စိတ်ပျက်ဖွယ် ဆင်းရဲဝါဒ ဖြစ်သည်ဟု ထင်မှတ်ကြ၏။ အကယ်၍ ဗုဒ္ဓဝါဒသည် ဒုက္ခသစ္စာကို ပြဆိုရုံမျှသာဆိုလျှင် ၎င်းအဆိုသည် မှန်ပေသည်။ သို့ရာတွင် ဤသို့ကား မဟုတ်။ ဗုဒ္ဓသည် ဒုက္ခအကြောင်းကို ပြဆိုသည့်နည်းတူ ဒုက္ခ၏ ဇာတိဇစ်မြစ်ကိုလည်းကောင်း၊ ဒုက္ခ၏ ချုပ်ငြိမ်းရာအဖြစ်ကိုလည်းကောင်း၊ ဒုက္ခအား ချုပ်ငြိမ်းစေတတ်သော လမ်းစဉ်ကိုလည်းကောင်း ပြဆိုထားပေရာ ဗုဒ္ဓဝါဒသည် တဘက်သတ် ဆင်းရဲဝါဒမဟုတ်ပဲ ဆင်းရဲမှ လွတ်မြောက်ရေး မျှော်လင့်ချက် အပြည့် အဝ ပေးသည်သာ မက လွတ်ရာ လွတ်ကြောင်း လမ်းကိုပါ ဖော်ပြသည့် ပြီးပြည့်စုံသော ဝါဒတရပ် ဖြစ်ပေသည်။

အဝိဇ္ဇာကြောင့် တပ်မက်မှု ဖြစ်ပေါ်ကြောင်း ဖော်ပြခဲ့ပြီ။ တပ်မက်မှုသည် အဓိကအားဖြင့် ဆက်လက်ပြီး အသက်ရှင်တည်နေလိုသော ဆန္ဒ(WILL TO LIVE)ပင် ဖြစ်၏။ စိတ်ပညာအရ သိရသည်မှာ လူတို့အား မွေးစကတည်းမှ လွှမ်းမိုးချုပ်ကိုင်သော ဆန္ဒနှစ်မျိုးရှိရာ ၎င်းတို့မှာ ဘေးအန္တရာယ်ကင်းလိုခြင်းနှင့် ကြာရှည်လေးမြင့်စွာ နေလိုခြင်းတို့ပင် ဖြစ်၏။ ၎င်းဆန္ဒများကို တပ်မက်မှုဟု ဆိုအပ်ပေသည်။ တပ်မက်မှုကြောင့် ပြုမှုမှု(ကမ္မ)တရားသည် ပေါ်လာ၏။ လူသည် ကြာရှည်လေးမြင့် အသက်ရှင်နေလိုသော တပ်မက်မှုကြောင့် သူ၏ ပြုမှုမှုများသည်လည်း ထိုအစွဲအလမ်းဖြင့်ပင် ပြုမူပေလိမ့်မည်။ ထိုအစွဲအလမ်းဖြင့် ပြုမူသည့်အတွက် သူသည် သေသောအခါတွင်လည်း ဘဝအသစ်ဖြစ်ပြီး အဖန်တလဲလဲ သံသရာလည်နေရလေတော့သည်။ ထို့ကြောင့် ဗုဒ္ဓကျမ်းပြုပညာရှင် ဗဲလီးပေါင်ဆင်က ဤသို့ ရေးသားခဲ့ခြင်းဖြစ်၏။

"နိဗ္ဗာန်ဟူသည် ဘဝသစ် အဖန်တလဲလဲ ဖြစ်ပေါ်မှု ရပ်စဲသွားခြင်းဖြစ်၏။ တပ်မက်မှု(တဏှာ)နှင့် ၎င်း၏အစွယ်အပွားဖြစ်သော ပြုလုပ်ခြင်း(ကမ္မ)သည် သံသရာလည်ခြင်း၏ တရားခံဖြစ်၏။ ထို့ကြောင့် သံသရာလည်ခြင်းမှ လွတ်မြောက်ရေးလမ်းစဉ်သည် ဤတပ်မက်မှုမှ လွတ်မြောက်ရေး လမ်းစဉ်သာ ဖြစ်ရပေသည်။ သံသရာမှ လွတ်မြောက်ရန်အတွက် အာရုံခံစားမှုကို တပ်မက်ခြင်း၊ ဘဝသစ် ဆက်လက် ဖြစ်ပေါ်မှုကို တပ်မက်ခြင်း၊ ဘဝရပ်စဲမှုကို တပ်မက်ခြင်း စသော တပ်မက်မှုမျိုးစုံကို ပယ်သတ်ရန် လိုအပ်ပေသည်။

**(တတိယအကြိမ်)**

ဒုက္ခကို ပယ်သတ်ရန် (တပ်မက်မှုကို ပယ်သတ်ရန်)လမ်းစဉ်ကား အင်္ဂါရှစ်ပါးရှိသော လမ်းစဉ်ပေတည်း။ ၎င်းလမ်းစဉ်သည် လက်ယာသွေဖည်ရေး၊ လက်ဝဲသွေဖည်ရေး အစွန်းတရားတို့ကို မသက်ရောက်ပဲ အလယ်တည့်တည့်မှသွားသဖြင့် အလယ်လမ်း (မဇ္ဈိမပဋိပဒါ)ဟုလည်း ခေါ်တွင်သည်။ အလယ်လမ်းနှင့် ပတ်သက်၍ ဗုဒ္ဓသည် ပထမဆုံးဟောတော်မူသော ဓမ္မစက္ကပဝတ္တန သုတ္တံ (တရားစက်ဝန်းကို စတင် လှည့်လည်စေသော ဟောကြားချက်)တွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

“ရဟန်းတို့၊ ရဟန်းဖြစ်သော သူသည် နှစ်ပါးစုံသော ဤအယုတ်တရား အစုတို့ကို မမှီဝဲအပ်ကုန်။ ရဟန်းတို့၊ မမှီဝဲအပ်ကုန်သောအယုတ်တရားနှစ်ပါးစုတို့သည် အဘယ်သည်တို့နည်း။

“ယုတ်သော ရွာသူတို့၏ ဥစ္စာ ဖြစ်သော၊ ပုထုဇ္ဇနတို့၏ အလေ့အကျက်ဖြစ်သော၊ အရိယာတို့၏ ဥစ္စာ မဟုတ်သော၊ စီးပွားချမ်းသာကြောင်းနှင့် မစပ်သော၊ တေဘူမကတရားတည်းဟူသော ဝတ္ထုကာမတို့၌ ရာဂတည်း ဟူသော ကိလေသာကာမနှင့် စပ်ယှဉ်သော၊ ချမ်းသာကို အဖန်တလဲလဲ ခံစားခြင်းဟု ဆိုအပ်သော အကြင်တရားစုသည်လည်းကောင်း၊ဆူးငြောင့်ကို မှီ၍ အိပ်ခြင်း စသည်ဖြင့် ဆင်းရဲကို ဆောင်တတ်သော၊ အရိယာမဟုတ်သော တိတ္ထိတို့၏ ဥစ္စာဖြစ်သော၊ စီးပွားချမ်းသာကြောင်းနှင့် မစပ်သော၊ မိမိကိုယ်၏ ပင်ပန်းခြင်းကို အဖန်တလဲလဲ ဖြစ်စေတတ်သော အကြင်အစုသည်လည်းကောင်း အယုတ်တရားနှစ်ပါးအစုမည်၏။

“ရဟန်းတို့၊ ထိုကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂဟူသော အယုတ်တရား နှစ်ပါးအစုတို့ကို မကပ်မူ၍

ငါဘုရားသည် ထိုးထွင်း သိတော်မူသော၊ သစ္စာလေးပါးကို မြင်တတ်သော၊ ပညာမျက်စိကိုပြုတတ်သော၊ သစ္စာလေးပါးကို သိခြင်းကိုပြုတတ်သော၊ ကာမသုခလ္လိကာနုယောဂသဿတဒိဋ္ဌိဟူသော တခုသောအစု၊ အတ္တကိလမထာနုယောဂ ဥစ္ဆေဒဒိဋ္ဌိ ဟူသော တခုသောအစု အလယ်၌ ဖြစ်သော ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသော သူတို့သည် ကျင့်အပ်သော အကျင့်သည် ကိလေသာငြိမ်းခြင်း တည်းဟူသော သဥပါဒိသေသ နိဗ္ဗာန်အကျိုးငှာ၊ သစ္စာလေးပါးအား ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်းငှာ၊ အနုပါဒိသေသနိဗ္ဗာန်အကျိုးငှာ ဖြစ်၏။''

ရိုးရိုးစကားဖြင့်ဆိုလျှင် အလယ်လမ်းသည် (၁) အာရုံ၏ ခံစားမှုများကို ရှာကြံသော အစွန်းနှင့် (၂) မိမိကိုယ်ကို အပင်ပန်း အဆင်းရဲခံ၍ ကျင့်ကြံသော အစွန်းနှစ်ခုကို ရှောင်ကြဉ်ပေသည်။ ဗုဒ္ဓသည် သူ၏ ဘဝတွင် ဤအစွန်းနှစ်ခုလုံးကို ဖြတ်သန်း ကျော်လွန်ခဲ့ရ၏။ သူသည် တောမထွက်မီ အချိန်က ထီးနန်းစည်းစိမ်နှင့် ကာမဂုဏ် အာရုံတို့ကို သူမတူအောင် ခံစားခဲ့ရ၏။ ၎င်းတို့ကို ငြီးငွေ့သဖြင့် တောထွက်သောအခါတွင်မူ အများသူတို့ ကျင့်နိုင်ခဲသော ပြင်းထန်သောအကျင့်ကို ကျင့်တော်မူပြန်၏။ နောက်ဆုံးတွင် ဤအကျင့်နှစ်မျိုး၏ အသုံးမကျမှုကို ကိုယ်တိုင် တွေ့မြင်လာပြီး အလယ်အလတ်လမ်းစဉ်ဖြင့် လေ့လာ ကျင့်ကြံသော အခါတွင်မှသာ သစ္စာလေးပါးကို သိမြင်တော်မူလေသည်။

အလယ်လမ်း ဟူသည် အဘယ်နည်း။ အလယ်လမ်း ဟူသည် အင်္ဂါရှစ်ပါးရှိသော လမ်းစဉ်ပေတည်း။ ၎င်းအင်္ဂါရှစ်ပါးကား

(၁) မှန်စွာ မြင်ခြင်း။
(၂) မှန်စွာ ကြံခြင်း။
(၃) မှန်စွာ ဆိုခြင်း။
(၄) မှန်စွာ ပြုခြင်း။
(၅) မှန်စွာ အသက်မွေးခြင်း။
(၆) မှန်စွာ အားထုတ်ခြင်း။
(၇) မှန်စွာ အောက်မေ့ခြင်း။
(၈) မှန်စွာ တည်ကြည်ခြင်းတို့ပင်တည်း။

စင်စစ်သော်ကား ဗုဒ္ဓသည် (၄၅)ဝါ ကာလ ပတ်လုံး ဟောကြားခဲ့သော တရားဒေသနာအားလုံးသည် ဤလမ်းစဉ်ကိုသာလျှင် တနည်းမဟုတ် တနည်း ဖော်ကျူးထားခြင်းဖြစ်ပေသည်။ ဗုဒ္ဓ၏ဝေါဟာရဒေသနာ၊ အာဏာဒေသနာနှင့်သဘာဝဒေသနာတို့သည်လည်း ဤလမ်းစဉ်ကိုသာ ပြဆိုပေသည်။ ဗုဒ္ဓသည် သမုတိသစ္စာအားဖြင့် ဟောကြားသည်ဖြစ်စေ၊ ပရမတ္ထသစ္စာအားဖြင့် ဟောကြားသည်ဖြစ်စေ ဤလမ်းစဉ်ကိုသာလျှင် ဦးတည်ပေသည်။ ဗုဒ္ဓ၏ မူချ ဟောကြားချက်များနှင့် ပရိယာယ် ဟောကြားချက်များသည်လည်း ဤလမ်းစဉ်ကိုသာလျှင် ဆိုက်ရောက်ကြလေသည်။ ထို့ကြောင့် ဗုဒ္ဓက ဤသို့ ဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

"ရဟန်းတို့၊ ကျယ်ပြောလှစွာသော သမုဒ္ဒရာ ရေသည် ဆားငန်ရေ၏ အရသာတခုတည်းသာလျှင် ရှိသကဲ့သို့ ငါဘုရား ဟောကြားတော်မူသော တရားတို့သည်လည်း ဒုက္ခမှ လွတ်မြောက်ခြင်း တည်းဟူသော အရသာ တခုတည်းသာလျှင် ရှိပေ၏။"

(စူဠဝဂ္ဂ)

ဤလမ်းစဉ်တွင် ပါဝင်သော အဆိုပါ အင်္ဂါရှစ်ပါးသည် အထက်တွင် ဂဏန်းစဉ် ပြထားသကဲ့သို့ တခုပြီးမှတခု အားထုတ်ရမည် မဟုတ်ပေ။ တတ်နိုင်သလောက် တချိန်တည်း အားထုတ်ရမည် ဖြစ်လေသည်။ ၎င်းရှစ်မျိုးသည် တခုနှင့်တခုသီးခြား လွတ်လွတ်ကင်းကင်း ရပ်တည်နေသည်မဟုတ်၊ ခွဲထုတ်၍ မရ။ တခုနှင့်တခု အထောက်အကူပြုနေသော တရားတို့သာဖြစ်ကြလေသည်။

အထက်တွင် မဂ္ဂင်ရှစ်ပါးကို အနှစ်သာရအားဖြင့် ပိုင်းခြားလိုက်သောအခါ (၁)မြတ်သောကျင့်ကြံမှု(သီလ)၊ (၂)တည်ငြိမ်မှု(သမာဓိ)နှင့် (၃)ထိုးထွင်းသိမြင်မှု(ပညာ) သုံးမျိုးပင်ဖြစ်၏။ ဤသုံးမျိုးသည် တပ်မက်မှုကို ချေဖျက်နိုင်သော စွမ်းအင် သတ္တိ ရှိလေသည်။ ဤသုံးမျိုးစလုံး ပြည့်ဝနေသူသည် အကြွင်းမဲ့ ဖြူစင် သန့်ရှင်းပြီး ကိလေသာအညစ်အကြေး ဟူ၍ လုံးဝ မစွန်းမကွက်တော့ပေ။သူသည် ဘဝ ဆက်လက်ဖြစ်ပေါ်မှု၏ လက်သည်ဖြစ်သော မသိမှားမှုနှင့် တပ်မက်မှုတို့ကို ပယ်သတ်ပြီးဖြစ်၍ သံသရာမှ လွတ်မြောက်သူ ဖြစ်လေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓမတညုဖြစ်တော်မူသော ရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် ဤအနှစ်သာရ သုံးမျိုးကို ဖြူစင်ကြောင်းလမ်းစဉ် (ဝိသုဒ္ဓိမဂ္ဂ)ဟု အမည်ပေးပြီး အသေးစိတ်ဖွင့်ဆိုတော်မူခြင်း ဖြစ်လေသည်။

မဂ္ဂင်ရှစ်ပါးကို အထက်ပါ မာတိကာ သုံးမျိုးဖြင့် ခွဲခြားလိုက်သောအခါ အောက်ပါအတိုင်း ဖြစ်လာလေသည်။

(၁) မြတ်သော ကျင့်ကြံမှု(သီလ)တွင်—

(က) မှန်စွာ ဆိုခြင်း၊
(ခ) မှန်စွာပြုခြင်းနှင့်
(ဂ) မှန်စွာ အသက်မွေးခြင်းတို့ ပါဝင်၏။
(၂) တည်ငြိမ်မှု(သမာဓိ)တွင်—
(က) မှန်ကန်စွာ အားထုတ်ခြင်း၊
(ခ) မှန်စွာ အောက်မေ့ခြင်းနှင့်
(ဂ) မှန်စွာ တည်ကြည်ခြင်းတို့ ပါဝင်၏။
(၃) ထိုးထွင်းသိမြင်မှု(ပညာ)တွင်—
(က) မှန်စွာ မြင်ခြင်းနှင့်
(ခ) မှန်စွာ ကြံခြင်းတို့ ပါဝင်၏။

ထို့ကြောင့် မဂ္ဂင်ရှစ်ပါး၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း ခေါင်းစဉ် သုံးခုဖြင့် အကြမ်းဖျင်း နားလည်အပ်ပေသည်။

(၁) မြတ်သော ကျင့်ကြံမှု(သီလ)

ဤခေါင်းစဉ်အောက်တွင် မှန်စွာဆိုခြင်း၊ မှန်စွာပြုခြင်းနှင့် မှန်စွာ အသက်မွေးခြင်းတို့ ပါဝင်၏။၎င်းတို့ တခုစီ၏အဓိပ္ပာယ်ကို အနည်းငယ် ခွဲ့ထွင်လိုက်လျှင်—

မှန်စွာ ဆိုခြင်းဟူသည်—

(က) မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

(ခ) ရန်တိုက် ကုန်းချော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

(ဂ) သူတပါး၏ စိတ်နှလုံးကိုထိခိုက်အောင် ကြမ်းကြုတ်ရိုင်းပြစွာ ပြောဆိုခြင်း၊ ဆဲရေး တိုင်းထွာခြင်းတို့မှ ရှောင်ကြဉ်မှု၊

(ဃ) ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုးစီးပွားနှင့် မပတ်သက်သော ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

မှန်စွာ ပြုခြင်းဟူသည်–

(က) သက်ရှိသတ္တဝါများအား သတ်ဖြတ်၊ ရိုက်ပုတ်၊ ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်မှု၊

(ခ) ပိုင်ရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု၊

(ဂ) ယစ်မျိုးငါးပါးသောက်စားခြင်းနှင့်တကွ သူတပါး၏ သားမယားကို ဖောက်ပြန်ခြင်းမှ ရှောင်ကြဉ်မှု၊

မှန်စွာ အသက်မွေးခြင်း ဟူသည်–

(က) လူတို့တွင် ကာယ ဒုစရိုက် ၃ ပါး၊ ဝစီဒုစရိုက် ၄ ပါးတို့ဖြင့် ယုတ်မာစွာ အသက်မွေးခြင်းမှ ရှောင်ကြဉ်မှု၊ (ယုတ်မာစွာ အသက်မွေးခြင်း၌ သူတပါးအား ထိခိုက်ပျက်စီး စေသော အသက်မွေးမှုများ၊ လက်နက်၊ ခဲယမ်း မီးကျောက်၊ သေရည်သေရက်၊ အဆိပ် စသည်တို့ကို ရောင်းချမှုများ၊ သူ့ အသက်ကို သတ်ဖြတ်၍ ရောင်းမှုများ၊ လိမ်လည် လှည့်ဖြား၍ ရောင်းမှုများ အားလုံး ပါဝင်သည်။)

(ခ) ရသေ့ရဟန်းတို့တွင် လာဘ်ကိုရှာကြံခြင်း၊ ကြွားဝါ လိမ်လည်ခြင်း၊ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း၊ ယတြာဆင် ခြင်း စသည်တို့ကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်မှု၊

(၂) တည်ငြိမ်မှု (သမာဓိ)

ဤခေါင်းစည်းအောက်တွင် မှန်စွာ အားထုတ်ခြင်း၊ မှန်စွာ

အောက်မေ့ခြင်းနှင့် မှန်စွာ တည်ကြည်ခြင်းတို့ ပါဝင်၏။ ၎င်းတို့ တခုစီ၏ အဓိပ္ပာယ်ကို အနည်းငယ် ခွဲ၍လိုက်လျှင်

မှန်စွာ အားထုတ်ခြင်းဟူသည်

(က) မိမိ၏စိတ်တွင် မဖြစ်ပေါ်သေးသော မကောင်းမှုတို့ကို ယခုဘဝမှစ၍ နိဗ္ဗာန် မရမချင်း မပေါ်ပေါက်ရအောင် အားထုတ်မှု၊

(ခ) မိမိ၏ စိတ်တွင်း၌ ဖြစ်ခဲ့သော (သို့မဟုတ်) ဖြစ်ဆဲသော မကောင်းမှုတို့ကို ယခု ဘဝမှ စ၍ နိဗ္ဗာန် မရမချင်း ထပ်မံ မပေါ်ပေါက်ရအောင် အားထားမှု၊

(ဂ) မိမိ၏ စိတ်တွင် မဖြစ်ပေါ်သေးသော ကောင်းမှုတို့ကို ပေါ်ပေါက်လာအောင် အားထုတ်မှု၊

(ဃ) မိမိ၏ စိတ်တွင် ဖြစ်ခဲ့သော(သို့မဟုတ်)ဖြစ်ဆဲသော ကောင်းမှုတို့ကို ယခု ဘဝမှစ၍ နိဗ္ဗာန် မရမချင်း ဆက်လက် ပေါ်ပေါက်နေအောင် အားထုတ်မှု၊

မှန်စွာ အောက်မေ့ခြင်းဟူသည်–

(က) ထွက်သက် ဝင်သက် စသော ကိုယ်ခန္ဓာ၏လှုပ်ရှားမှုများကို သတိကြီးစွာ စောင့်ကြပ် ဆင်ခြင်မှု၊

(ခ) ဆင်းရဲခြင်း၊ ချမ်းသာခြင်း စသော ခံစားမှုများကို သတိကြီးစွာ စောင့်ကြပ်ဆင်ခြင်မှု၊

(ဂ) မိမိ၏ သဏ္ဍာန်၌ အမြဲမပြတ် ဖြစ်နေသော စိတ်အမျိုးမျိုးကို သတိကြီးစွာ စောင့်ကြပ် ဆင်ခြင်မှု၊

(ဃ) မိမိ၏ အယူအဆ၊ အကြံအစည် စသည်တို့ကို သတိကြီးစွာ စောင့်ကြပ် ဆင်ခြင်မှု၊

မှန်စွာ တည်ကြည်ခြင်းဟူသည် –

(က) ပထမဈာန် သမာဓိ၊
(ခ) ဒုတိယဈာန် သမာဓိ၊
(ဂ) တတိယဈာန် သမာဓိ၊
(ဃ) စတုတ္ထဈာန် သမာဓိ။
(၃) ထိုးထွင်းသိမြင်မှု (ပညာ)

ဤခေါင်းစဉ်အောက်တွင် မှန်စွာမြင်ခြင်းနှင့် မှန်စွာ ကြံခြင်းတို့ပါ၏။ ၎င်းတို့တခုစီ၏အဓိပ္ပာယ်ကို အနည်းငယ်စီ ခဲ့ထွင်လိုက်လျှင်—

မှန်စွာမြင်ခြင်းဟူသည်—

(က) သတ္တဝါတို့တွင် မိမိတို့၏ပြုမှုမှု (ကမ္မ) သာလျှင် ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင်အမွေ၊ ပဓာနအကြောင်း၊ ဆွေမျိုး၊ ကိုးကွယ်ရာဟူ၍ ရှိသည်ဟု မြင်မှု၊

(ခ) ပေးကမ်း လှူဒါန်းမှု၏ အကျိုးရှိ၏။ ကောင်းမှု မကောင်းမှု၏ အကျိုးရှိ၏။ လောကသည်ရှိ၏။ ဘုရားရဟန္တာတို့သည် ရှိ၏ဟု သိမြင်မှု၊

(ဂ) ဒုက္ခ၊ ဒုက္ခ၏အကြောင်း၊ ဒုက္ခ၏ချုပ်ငြိမ်းရာ၊ ဒုက္ခ၏ချုပ်ငြိမ်းကြောင်းတို့သည် အမှန်တကယ်ရှိ၏ဟုသိမြင်မှု၊

မှန်စွာကြံခြင်းဟူသည်—

(က) သံသရာမှ ထွက်မြောက်ကြောင်း ကောင်းစွာ ကြံစည်မှု၊

(ခ) သက်ရှိ သတ္တဝါတို့အား ချမ်းသာစေလိုကြောင်း မေတ္တာတရားဖြင့်ယှဉ်၍ ကောင်းမြတ်စွာ ကြံစည်မှု၊

(ဂ) သက်ရှိသတ္တဝါတို့အား မဆင်းရဲ၊ မပင်ပန်းစေလိုကြောင်း ကရုဏာ တရားဖြင့်ယှဉ်၍ ကောင်းမြတ်စွာ ကြံစည်မှု၊

ဤကား မဂ္ဂင်ရှစ်ပါး၏ အဓိပ္ပာယ်ကိုအကျဉ်းအားဖြင့်အကြမ်းအားဖြင့် ဖော်ပြချက်ပင်ဖြစ်၏။ (ပို၍ ကျယ်ကျယ်ပြန့်ပြန့်သိလိုသူတို့သည် ရှင်မဟာ ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ္ဂ ကျမ်း၊လယ်တီဆရာတော်၏ မဂ္ဂင်ဒီပနီ စသည်တို့ကို လေ့လာသင့်၏။) (မဂ္ဂင်ရှစ်ပါးသည် အကြောင်းအကျိုး ဆီလျော်၍ သဘာဝကျပြီး ရှေ့နောက်ညီသော ပြဋ္ဌာန်းချက်ပင် ဖြစ်လေသည်။) မဂ္ဂင်ရှစ်ပါးသည် လူ၏ ကိုယ်၊နှုတ်၊နှလုံး သုံးပါးစလုံးကို ထိန်းသိမ်းချုပ်ကိုင်သောတရားများဖြစ်ပေသည်။ ဤတရားတို့ကိုအကြွင်းမဲ့အကုန်အစင်လေ့လာ ကျင့်ကြံပြီးသူအတွက် မကောင်းမှုသည်ကိုယ်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း၊စိတ်အားဖြင့်လည်းကောင်း ပေါ်ပေါက်စရာအကွက် မရှိတော့ချေ။ ကိုယ်၊နှုတ်၊နှလုံး သုံးပါး မစင်ကြယ်သူတို့အတွက်လည်း ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားတို့ မဖြစ်ပေါ်နိုင်ချေ။ ထို့ကြောင့်ဗုဒ္ဓက ဤသို့ဟောကြားတော်မူခဲ့ခြင်း ဖြစ်လေသည်။

"နှုတ်ကို အစဉ်စောင့်စည်းရာ၏။ စိတ်ကို ကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်း မကောင်းမှုကို မပြုလုပ်ရာ။ ဤသုံးပါးသောပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ဟောကြားအပ်သော မဂ်ကို ပြီးစီးစေရာ၏။"(ဓမ္မပဒ ၂၈၁)

● ● ●

ယခုအထိ ဤစာအုပ်တွင် အခန်းကိုးခန်းကို ရေးသားခဲ့၏၊ ၎င်းအခန်းများအနက် (၁) ခေတ်လူနှင့် သူ၏ စိတ်ကူးများ၊ (၂) စကြဝဠာပြဿနာ၊ (၃) ဘဝပြဿနာ၊ (၄) ပထမအကြောင်းပြဿနာ စသော အခန်းလေးခန်းသည်သိပ္ပံပညာ၏ ပြဿနာများကို ဗုဒ္ဓဝါဒ ရှုထောင့်ဖြင့် ကြည့်မြင်ခြင်း ဖြစ်၏။

သို့ ကြည့်မြင်သောအခါ သိပ္ပံပညာသည် မည်မျှ မြင့်မားစွာ တိုးတက်သွားသည်ဖြစ်စေ၊ သတ္တဝါတို့၏ အစ၊ စကြဝဠာ၏ အစ စသော ကိစ္စများ၏ အဖြေကိုတွေ့ရန် ခက်ခဲကြောင်း၊ ဗုဒ္ဓက ထိုကိစ္စများကို အဖြေမပေးခဲ့ခြင်းမှာ လွန်စွာအဓိပ္ပာယ်ရှိကြောင်း ထင်ရှားလာလေသည်။ တဖန်(၅)ယုံကြည်မှုပြဿနာ (၆) အနိစ္စနှင့်ဒုက္ခ၊ (၇) သံသရာ၊(၈)ကမ္မနှင့်အနတ္တစသော အခန်းလေးခန်းသည် ဗုဒ္ဓဝါဒ၏ သင်ကြားချက်များကို သိပ္ပံပညာ၏မျက်စိဖြင့် ဆန်းစစ်ခြင်းဖြစ်၏။ ဤသို့ဆန်းစစ်သောအခါ သိပ္ပံပညာ၏နောက်ဆုံးတိုးတက် တွေ့ရှိမှုများသည် ဗုဒ္ဓဝါဒ၏ အခြေခံတရားများကို ပြည့်ပြည့်ဝဝ ထောက်ခံလျက်ရှိကြောင်း တွေ့ရှိလာရသည်။

အခန်းကိုးဖြစ်သော ဗုဒ္ဓ၏ အဖြေသည်ကား ဗုဒ္ဓဝါဒကို အကျဉ်းအားဖြင့် ဖော်ပြချက်ဖြစ်လေသည်။

ဗုဒ္ဓသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က ပေါ်ထွန်းခဲ့သည်မှာ မှန်သော်လည်း သူ၏အယူအမြင်များမှာ ခေတ်သစ်တွေးခေါ် မြော်မြင်မှု၊ ခေတ်သစ်သိပ္ပံပညာတို့နှင့် အံ့သြဖွယ်ရာ တိုက်ဆိုင်လှလေသည်။ အချို့နေရာတို့တွင် ဗုဒ္ဓ၏ ရှုမြင်ချက်များကို မျက်မှောက်ခေတ် လူသားတို့ပင် လိုက်၍ မမီနိုင်သေးချေ။

ဗုဒ္ဓ၏ တွေးခေါ်မှုအခြေခံစနစ်သည် ပြင်သစ်တွေးခေါ်ရှင် ကွန့်(မ်)(တ်)၏နည်းနှင့်တူ၏။ ကွန့်(မ်)(တ်)၏ အမည်ရင်းမှာ အစ်ဆီဒိုးသြဂ်ဲ (စ်) မာရီ ဖရန်းကွိုက်( စ်) ဇာဗီး ယား ကွန့်(မ်)(တ်)ဖြစ်ပြီး ၁၇၉၈ ခုနှစ်တွင် မွေးဖွားခဲ့၏။ သူ၏ တွေးခေါ်မြော်မြင်မှုသဘောတရားကို(POSITIVISM )ဟုခေါ်

လေသည်။ ကွန့်(မ်)(တ်)က လူ၏ တွေးခေါ်မှု သမိုင်းသည် အဆင့်ကြီးသုံးခုကို ဖြတ်ကျော်ခဲ့ရပြီဟုဆို၏။ ၎င်းအဆင့်သုံးခုကား ထာဝရဘုရားကို အခြေခံသော အဆင့် (THEOLO-CICAL)၊ ရုပ်လွန်သဘောတရားကို အခြေခံသော အဆင့် (METAPHYSICAL) လက်တွေ့ကျသော အဆင့် (POSI-TIVE)တို့ ဖြစ်ကြ၏။ ပထမဆုံး အဆင့်တွင် လူတို့သည် အရာရာကို ထာဝရဘုရားကြောင့် ဖြစ်ရသည်ဟု တွေးထင်ကြ၏။ ဒုတိယအဆင့်တွင် လူတို့သည် အရာဝတ္ထုများ၏အဆုံးစွန်သော သဘော ရှိရမည်ဟု ထင်တွေးကြ၏။ နောက်ဆုံးဖြစ်သောအဆင့် ရောက်သော အခါတွင်မူ အရာဝတ္ထုတို့၏ အဆုံးစွန်သောသဘောကို မသိနိုင်ကြောင်း၊ လက်ငင်းပြဿနာများသည် အဆုံးစွန်သောကိစ္စများထက် ပို၍အရေးကြီးကြောင်း တွေ့ရှိလာရသည်ဟု ကွန့်(မ်)(တ်) က ရေးသား ခဲ့လေသည်။

ကွန့်(မ်)(တ်)အတွက် စကြဝဠာသည် ဘယ်နေရာဆုံးသည်မှာ သိလည်းမသိနိုင်၊ အရေးလည်း မကြီးပေ။ ထိုနည်းတူပင် အင်္ဂလိပ်တွေးခေါ်ရှင် ဟားဘတ်စပင်ဆာကလည်း အဆုံးစွန်ကိစ္စများကို လူတို့ မသိခဲ့မှုက သိလည်း မသိနိုင်ကြောင်း ရေးသားခဲ့လေသည်။

ဗုဒ္ဓ၏သဘောထားမှာလည်း ထိုနည်းတူ ဖြစ်၏။ ဗုဒ္ဓက လောကကြီး အဆုံးအစရှိမရှိ စသော ပြဿနာ များသည် အကျိုးလည်းမရှိ၊ အသုံးလည်းမဝင်။ လူတို့အတွက် အရေးကြီးသည်မှာ လက်ငင်းတွေ့ကြုံနေရသောဒုက္ခမှ လွတ်မြောက်ရေးရှင်ဖြိုပစ်ကြောင်း ဟောကြားတော်မူခဲ့လေသည်။ ဤကိစ္စ

များနှင့် စပ်လျဉ်း၍ ဗုဒ္ဓ၏ အောက်ပါ စကားရပ်များသည် မှတ်သားဖွယ်ကောင်းလှပေသည်။

''မာလုကျပုတ္တ၊ လောကသည် မြဲ၏ဟု အယူရှိလတ်သော်လည်းကောင်း၊ လောကသည် မမြဲဟု အယူရှိလတ်သော်လည်းကောင်း၊ ပဋိသန္ဓေနေရခြင်းသည် ရှိသည်သာတည်း။အိုရခြင်းသည် ရှိသည်သာတည်း။ သေရခြင်းသည် ရှိသည်သာတည်း။ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည် ရှိကုန်သည်သာတည်း။ ယင်းတရားတို့ကို မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင် ဖျက်ဆီးရမည်ဟု ငါပညတ်၏။

''မာလုကျပုတ္တ၊ လောကသည် အဆုံးရှိ၏ဟု အယူရှိသော်လည်းကောင်း၊ လောကသည် အဆုံးမရှိဟု အယူရှိလတ်သော်လည်းကောင်း ပဋိသန္ဓေနေရခြင်းသည် ရှိသည်သာတည်း။ ယင်းတရားတို့ကို မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင် ဖျက်ဆီးရမည်ဟုငါပညတ်၏။''(မဇ္ဈိမပဏ္ဏာသ၊ စူဠမာလုကျသုတ်)

ဗုဒ္ဓသည် ဆင်ခြင်တုံတရားကို အားပေးရာ၌ မျက်မှောက်ခေတ် သိပ္ပံပညာ၏ ဖခင်သဖွယ်ဖြစ်လေသည်။ ဗုဒ္ဓသည် မဆင်မခြင် မတိုင်းမထွာ မျက်ကန်းယုံကြည်မှုကို များစွာ ပြစ်တင်ရှုတ်ချတော်မူလေသည်။ ကာလာမ အမျိုးသားတို့အား ဟောကြားတော်မူသောဗုဒ္ဓ၏အောက်ပါစကားရပ်သည် သိပ္ပံပညာ၏ အခြေခံစည်းမျဉ်းများကို ချမှတ်ပေးသည့်နှယ် ရှိပေသည်။

''အချင်း ကာလာမတို့၊ သင်တို့သည် တဆင့်စကားပြောသံကြားမျှဖြင့် မှန်ပြီဟု မယုံကြည်ရာ၊ အစဉ်အဆက်က လက်ခံလာသောကြောင့်လည်း မယုံကြည်ရာ။ ကျမ်းလာပေထွက်ဖြစ်

သဖြင့်လည်း မယုံကြည်ရာ။ မိမိတို့၏ဉာဏ်ဖြင့် ကိုက်ညီကာမျှ ဖြင့်လည်း မယုံကြည်ရာ။ မိမိတို့၏ ဆရာသမား စကားဖြစ်ကာ မျှဖြင့်လည်း မယုံကြည်ရာ။သင်တို့၏ ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် တရားတခု၏ အကျိုးအပြစ်ကို ဆင်ခြင်ရာ၏။ စစ်ဆေးရာ၏။ စမ်းသပ်ရာ၏။ ယင်းသို့ စစ်ဆေး၍ အကျိုးအပြစ်ကို သိမှသာ ယုံကြည်ရာ၏။" (အင်္ဂုတ္တရနိကာယ)

ဗုဒ္ဓက စူးစမ်းစစ်ဆေး စမ်းသပ်ဆင်ခြင်ပြီးမှ ယုံကြည်ရမည် ဆိုရာ၌ သူ၏တရားတော်ကိုလည်း ချွင်းချက်မထားပေ။ ဤ အချက်ကို အောက်ပါအထောက်အထားဖြင့် သိအပ်ပေသည်။

"ငါ့အား ကြည်ညိုသောစိတ်ဖြင့် ငါ၏တရားကို လက်မခံ သင့်။ ရွှေအား မီးဖြင့် စမ်းသပ်စစ်ဆေးသကဲ့သို့ ငါ၏တရားကို ပထမဦးစွာ စမ်းသပ်စစ်ဆေးသင့်၏။" (မဇ္ဈိမနိကာယ)

ဗုဒ္ဓသည် ပြောသလိုလုပ်၍ လုပ်သလို ပြောတတ်သူဖြစ်၏။ ထို့ကြောင့် သူတပါးအား ဝေဖန်စစ်ဆေးမှု ပြုကြရန် သင် ကြားသကဲ့သို့ သူကိုယ်တိုင်လည်း မည်သည့်အရာမဆို အသေး စိတ် ဝေဖန်စစ်ဆေးလေ့ရှိ၏။ ဗုဒ္ဓသည် စကြဝဠာအားလေ့လာ ကြည့်ရာတွင် ရုပ်ဓာတ် နာမ်ဓာတ် စွမ်းအင် သတ္တိများ အကြောင်းအကျိုးဆက်၍ ဖြစ်ပျက်နေမှု အစဉ်ကြီးကို တွေ့ရ လေသည်။ သို့ရာတွင် ဖန်ဆင်းတတ်၊ ဖျက်ဆီးတတ်၊ ပြုပြင် တတ်သော ကဿရ အရှင်ကိုမူ မတွေ့ရှိပေ။ထို့ကြောင့် ဗုဒ္ဓက ကဿရအရှင်ကို စွန့်ပယ်ပစ်လိုက်လေသည်။ ဤသို့ စွန့်ပယ်ပစ် ရာတွင် မျက်မှောက်ခေတ် တွေးခေါ်ရှင်များသည် ဗုဒ္ဓ၏တပည့် သားမြေးများသာလျှင် ဖြစ်ကြကုန်သည်။

အချို့က ဗုဒ္ဓဝါဒသည် ဘာသာရေးမဟုတ်ဟု ဆိုကြ၏။

အချို့က ဗုဒ္ဓဝါဒသည် ဘာသာရေး ဖြစ်သည်ဟု ဆိုကြ၏။ ဤပြဿနာကို ဖြေဆိုရန်မှာ ဘာသာရေးဆိုသော အဓိပ္ပာယ်ကို မည်သို့ဖွင့်ဆိုသည်ဆိုသော အချက်ပေါ်တွင် တည်ရှိ၏။ အကယ်၍ ဘာသာရေးသည် ပါးချက်(စ်)ပြောသလို "ထာဝရဘုရားသခင်နှင့်ပြန်လည်ပူးပေါင်းမိရန်မှန်ကန်သောနည်းလမ်း" ဟု ဆိုပါက၊ စီဆာရိုပြောသလို "ထာဝရဘုရားအား ရိုသေကိုင်းရှိုင်းမှု" ဟုဆိုပါက၊ဂျိမ်း(စ်)ကာ့(ဒ်)ပြောသလို"ထာဝရဘုရားအား ဂုဏ်ပြုချီးကျူးမှု" ဟုဆိုပါက ဗုဒ္ဓဝါဒသည် ဘာသာရေး မဟုတ်ပေ။ အဘယ့်ကြောင့်ဟူမူ ဗုဒ္ဓဝါဒတွင် လူထက်မြင့်သော ထာဝရဘုရား မရှိသောကြောင့် တည်း။ သို့ရာတွင် အကယ်၍ ဘာသာရေးသည် ဘားနက်ပြောသလို "စိတ်၏ သန့်ရှင်းစင်ကြယ်မှု"ဟုဆိုပါက ဗုဒ္ဓဝါဒသည်ဘာသာရေးတခုပင် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဟူမူ ဗုဒ္ဓဝါဒသည် စိတ်ကို အကြွင်းမဲ့ စင်ကြယ်စေသောတရား ဖြစ်သောကြောင့်တည်း။

ဗုဒ္ဓသည် ထာဝရဘုရားကိုသာ ငြင်းဆိုသည်မဟုတ်။ အမြဲတည်သော အတ္တကိုလည်း ငြင်းပယ်ခဲ့လေသည်။ ဗုဒ္ဓအလိုအရ အမြဲတည်နေသော အတ္တဟူ၍မရှိ။ အမြဲမတည်သောစိတ်အစဉ်တို့၏ စီးဆင်းနေမှုသာ ရှိပေသည်။ ဤအချက်တွင် ကမ္ဘာ့ပညာရှင်တို့သည် ဗုဒ္ဓအား ထောက်ခံကြ၏။ ကမ္ဘာကျော်တွေးခေါ်ရှင် ဟယူး(မ်)က အတ္တသည် လျင်မြန်စွာ ပြောင်းလဲနေသော စိတ်အစဉ်ကိုပင် လူတို့က မှားယွင်းစွာ သမုတ်ထားခြင်းဖြစ်ကြောင်း။ ထို့ကြောင့် အတ္တဆိုသည်မှာ အယူမှားပင်

ဖြစ်ကြောင်း။ အတ္တ၏ အမြဲတည်ရှိမှုကို စဉ်းစားနေခြင်းမှာ လူဖျင်းတို့၏ အလုပ်ပင်ဖြစ်ကြောင်း။ အတ္တ၏တည်ရှိမှုကိုပြရန် သက်သေ အထောက်အထားမရှိကြောင်း ဆိုလေသည်။ အမေရိကန် တွေးခေါ်ရှင် စိတ်ပညာကျော် ဝီလျံဂျိမ်း(စ်)ကအတွေးများသည်ပင် တွေးသူများဖြစ်ကြသည်ဟု ရေးသားခဲ့လေသည်။ အဓိပ္ပာယ်ကား စိတ်ကူးများ(အတွေးများ)၏နောက်ကွယ်တွင် တွေးသူ (အတ္တ)ဟူ၍ သီးခြားမရှိဟူလို။

ဘုရက်ဒလေကလည်း အတ္တဆိုသည်မှာ စိတ်အစဉ်တို့၏ အဖြစ်အပျက်မျှသာဖြစ်ကြောင်းမှတ်ချက်ချခဲ့လေသည်။ဘာ့(ဂ်) ဆန်ကမူ ရွေ့လျားခြင်း၊ ပြောင်းလဲခြင်း၊ ဖြစ်ပေါ်လာခြင်း၊ ပျက်စီးသွားခြင်းတို့မှအပ အခြား ဘာမျှမရှိဟု ဆိုလေသည်။ ဤကိစ္စတွင် ဂေါတမဗုဒ္ဓသည် ခေတ်သစ် တွေးခေါ်ရှင်တို့ထက် နက်နဲကြောင်း ဟပ်(စ်)လေက ဝန်ခံခဲ့လေသည်။

ဘဝဆက်လက်ဖြစ်ပေါ်မှု(သံသရာ)ရှိသည်ဆိုသောအချက်တွင် ဗုဒ္ဓအား များစွာသော ပညာရှင်တို့က ထောက်ခံကြ၏။ နောင်ဘဝကို အယုံအကြည်ရှိသော ပညာရှင်တို့ကားများပြား လှလေရာ အချို့ကို ထုတ်နုတ်ပြရလျှင် ဇိုးရိုးအက်စတား၊ ပိုက်သဂေါ ရပ် (စ်)၊ အက် ပီ ခါး မတ် (စ်) ဆီး ဆီး (စ်)၊ ယူရိုးပဒီး(စ်)၊ ပလေတို၊ယူကလစ်၊ ဖီလို၊ ဟဂျီ(လ်)၊ မားကပ်စီဆာရို၊ ပလိုတီနပ်(စ်)၊ ဘိုးသီးရပ်(စ်)၊ ဂိုးထား၊ကန့်၊ဆွင်ဒင်ဘတ်၊ လက်ဆင်း၊ ဟားဒါး၊ လဖိတ်တာ၊ ရိုပင်ဟော၊လစ်ချင်

ဘာ့(ဂ်)၊ မွန်ဟဲလမွန်၊ ဟယူး(စ်)၊ ဟပ်(စ်)လေ၊ မက်တဂက် စသည်တို့ ဖြစ်ကြ၏။ ဒေါက်တာ ဟင်နရီရိုးက ဤမျှ ဉာဏ် ပညာကြီးကျယ်သော ပညာရှင်တို့က ယုံကြည်သည်ကို ကြည့်ရုံ နှင့်ပင် သာမန် လူတယောက်အတွက် ဤသဘောတရား၏ မှန်ကန်မှုကို ထင်ရှားစေသည်ဟု ရေးသားခဲ့လေသည်။

ဗုဒ္ဓသည် လက်တွေ့ကျမှုကို အားပေးရာ၌ အင်္ဂလိပ် တွေး ခေါ်ရှင် ဂျွန်လော့(ခ်)နှင့်တူပေသည်။ ဗုဒ္ဓသည် လူ၏လုံ့လ ဝီရိယနှင့် ကြိုးပမ်းမှုကို အစွမ်းကုန် မြေတောင် မြှောက်ပေးခဲ့ ကြောင်း အောက်ပါစကားရပ်များဖြင့် ထင်ရှားသိသာ လေ သည်။

"မိမိသာလျှင် မိမိ၏ကိုးကွယ်ရာ အရှင် ဖြစ်၏။ အဘယ် သူသည် မိမိ၏ ကိုးကွယ်ရာအရှင် ဖြစ်နိုင်ပါအံ့နည်း။ မိမိသာ လျှင် မိမိ၏ခိုလှုံရာဖြစ်၏။" (ဓမ္မပဒ)

"သတ္တဝါတို့သည် သူတို့၏အပြုအမူကို ပိုင်ဆိုင်ကြ၏။ သူ တို့၏ အပြုအမူများသည် သူတို့၏ သန္ဓေဖြစ်၏။ သူတို့၏ မျိုး နွယ်ဖြစ်၏။ သူတို့၏ အပြုအမူများအားဖြင့် သူတို့ကို တည် ဆောက်အပ်၏။"

(မဇ္ဈိမနိကာယ)

ဗုဒ္ဓသည် လောကအား ခွဲခြမ်းကြည့်သောအခါ လူတို့၏ ဒုက္ခများကို ပယ်ရှားပေးနိုင်သော နတ်ဘုရားတို့ မရှိသည်ကို တွေ့ရ၏။ ထို့ကြောင့် သူ၏တပည့်များအား သင်တို့၏ လွတ် မြောက်ရေးအတွက် အပတ်တကုတ် ကြိုးပမ်း အားထုတ်ကြ

 လော့ဟု နိုးဆော်ခဲ့ခြင်းဖြစ်လေသည်။ လူသည် မိမိကိုယ်ကို မိမိ

အားကိုးရမည်ဖြစ်သည်။ မိမိ လွတ်မြောက်ရေးကို မိမိကိုယ်တိုင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်၏။ ဘုရားရှင်တို့သည် နည်းလမ်း ညွှန်ပြသူသာလျှင်ဖြစ်၏။ ဤနေရာတွင် အရှင်ဇနကာဘိဝံသ ရေးသားသော အောက်ပါ စကားရပ်မှာ အလွန်မှတ်သား ထိုက်လှသည်။

"ဗုဒ္ဓမြတ်စွာသည် ချမ်းသာသုခကို ကိုယ်တော်တိုင် ခပေးမည်၊ ဒုက္ခမှ ကိုယ်တော်တိုင်ကယ်တင်မည်ဟု မိန့်တော်မမူပါ။ ပွင့်တော်မူလာသော ဘုရား အဆူဆူသည် ချမ်းသာကြောင်း နည်းလမ်းကိုသာ ညွှန်ပြတော် မူကြပါသည်။ ထိုညွှန်ပြတော်မူသည့်အတိုင်း အပူတပြင်း အားထုတ်မှု ဝီရိယပြုဖို့ရန် တိုက်တွန်းတော်မူ၍ ထိုအတိုင်းကျင့်လျှင် ဆင်းရဲဒုက္ခမှ လွတ်ကင်းမည်သာဟု ဝန်ခံတော် မူကြပါသည်။ ဤမြန်မာနိုင်ငံလည်း ဗုဒ္ဓမြတ်စွာ၏ တရားတော်အတိုင်းသာ ကြိုးစားနိုင်ပါလျှင် ယခုဘဝ၌ပင် ချမ်းသာသုခ ရနိုင်ခွင့်ရှိပါသည်။"

ဗုဒ္ဓဝါဒကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထောက်ခံအားပေးကြသော ပညာရှင်တို့ကားများပြားလှ၏။ သိပ္ပံပညာ၏ နောက်ဆုံး တွေ့ရှိချက်များ သည်လည်း ဗုဒ္ဓ၏ ဟောကြားချက်များကို ချီးမွမ်းထောမနာ ပြုနေသည့်နှယ် ရှိပေ၏။ ထို့ကြောင့် ဆာဟာရီဆင်ဂိုးက "သိပ္ပံပညာ၏ ချီတက်မှုသည် ဗုဒ္ဓဝါဒ၏ အောင်ပွဲရမှုပင်ဖြစ်၏။ သိပ္ပံပညာ၏အသစ်တွေ့ရှိချက်များသည် ဗုဒ္ဓဝါဒအား အကောင်းဆုံး သက်သေပြချက်များသာ ဖြစ်၏။" ဟု ရေးသားခဲ့လေသည်။

ဆာဟာရီဆင်ဂိုး၏ ရေးသားချက် မည်မျှမှန်သည်ကို အနာ

ဂတ်က ဆက်လက် သက်သေခံပေလိမ့်မည်။ ယခုအထိကား ဗုဒ္ဓဝါဒသည် အခြေခံတရားနှင့် အခြေခံ ခံယူမှုများတွင် လည်းကောင်း၊ ချဉ်းကပ်ရှုမြင်ပုံ နည်းလမ်းများတွင် လည်းကောင်း သိပ္ပံပညာ၏ထောက်ခံမှုကို ရရှိနေသည်မှာ ယုံမှားဖွယ်မရှိချေ။ အထူးသဖြင့် ဗုဒ္ဓဝါဒ၏အခြေခံရှုမြင်ပုံဖြစ်သော အနိစ္စ၊ဒုက္ခနှင့် အနတ္တ (လက္ခဏာရေး သုံးပါး)ကို သိပ္ပံပညာက တိုးတက် ဝန်ခံလျက်ရှိသည်မှာ အထင်အရှားပင်တည်း။

ဤတွင် အထက်အခန်းများ၌ ပြောဆိုပြီး အချက်တရပ်ကို ထပ်မံ ဖော်ပြလိုပေသည်။ သိပ္ပံပညာနှင့် ဘာသာရေးတို့သည် အခြေခံတာဝန်ချင်းရော အဆုံးစွန် ရည်မှန်းချက်ချင်းပါ မတူကြချေ။ ထို့ကြောင့် ၎င်းတို့နှစ်ခုသည် တခု၏ အမှန်တရားကို အခြားတခု၏သက်သေဖြင့် ပြ၍ ရကောင်းသည် မဟုတ်ချေ။ ဗုဒ္ဓဝါဒကိုဖြစ်စေ၊ အခြားမည်သည့် ဘာသာကိုဖြစ်စေ၊ သိပ္ပံပညာနှင့် ထပ်တူညီကြောင်း ပြ၍ မရနိုင်ချေ။ ထိုသို့ပြရန် ကြိုးပမ်းမှုသည်လည်း အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။

ဤသို့ဆိုသဖြင့် ဘာသာရေး သမားတို့က သိပ္ပံပညာကို ကိုယ်နှင့်မဆိုင်ဟု ပုတ်ထုတ်ရန်မသင့်ချေ။ ဤသို့ ပြုခြင်းသည် လွန်စွာမှားယွင်းပေသည်။ ခေတ်သည် အကြီးအကျယ်ပြောင်းလဲခဲ့ပြီဖြစ်၏။ ခေတ်ပြောင်းသဖြင့် လူသား၏ အတွေးအခေါ်သည်လည်း အတော်အတန်မြင့်မားခဲ့ပြီ ဖြစ်လေသည်။ မျက်မှောက်ခေတ် လူသားသည် အယူအဆတခုကို ကျမ်းစာတွင် ပါရုံနှင့်၊ ဘုရားဟောဖြစ်ရုံနှင့်၊ လူကြီးတွေက ပြောရုံနှင့် မယုံကြည်လိုကြချေ။ သူတို့ကိုယ်တိုင် တတ်ကျွမ်းသမျှသော အသိဉာဏ်၊ ဆင်ခြင်တုံတရား၊ သက်သေ သက္ကာယ စသည်တို့ဖြင့်

ခွဲခြားဝေဖန်ကြည့်ရန် လိုကြသည်။ စင်စစ် ဤအချက်သည် လူသားအားလုံးအတွက် ကောင်းသော လက္ခဏာတရပ်သာ ဖြစ်ပေသည်။ လူသည် တွေးခေါ်မြော်မြင်တတ်သော အချက်တခုကြောင့် တိရစ္ဆာန်တို့ထက် သာလွန် မြင့်မြတ်ရ၏။ ထို့ကြောင့် လူတို့ ပိုမိုတွေးခေါ် မြော်မြင်တတ်လေ သူ၏ ဂုဏ်သိက္ခာသည် ပိုမိုပေါ်လွင်လေသည်။

လူမှန်လျှင် စဉ်းစားရမည်၊ တွေးခေါ်ရမည်၊ လေ့လာရမည်၊ ရှာဖွေရမည်၊နှိုင်းယှဉ်ကြည့်ရမည်၊ အဖြေထုတ်ရမည်၊ မှန်မမှန် နိဂုံးချုပ်ရမည်၊ မမှန်သည်ဆို ပယ်ရမည်၊ မှန်သည်ကို လက်ခံကျင့်သုံးရမည်။ ဤဖြစ်စဉ်သည် လူ့အတွေးအခေါ်ဘဝ၏ ဖြစ်စဉ်တည်း။ ဤဖြစ်စဉ်ကို မည်သည့်နတ်၊ ဘုရား၊ လူ၊ သတ္တဝါမျှ မတားဆီးနိုင်ချေ။ တားဆီးသူသည် လူ့သမိုင်း၏ ဆူးငြောင့်သာ ဖြစ်ပေလိမ့်မည်။ တားဆီးသော ဘာသာရေးသည်လည်း ကိုယ့်သေတွင်း ကိုယ်တူးသလိုသာ ဖြစ်ပေလိမ့်မည်။

အင်ဒရေးမော(လ်)ရော့(ဆ်)က ဤရာစုခေတ် အဆုံး၏ အဓိကပြဿနာသည် ဘာသာရေးပြဿနာပင် ဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်ခဲ့ဘူး၏။ လူသည် ဘာသာရေးနှင့် ကင်း၍မဖြစ်နိုင်သဖြင့် ဘာသာရေး ယုံကြည်မှုတော့ ရှိနေမည်သာ ဖြစ်၏။ ဘာသာမရှိဟု ဆိုသူတို့တွင်လည်း ဘာသာအစား ယုံကြည်ရန် တစုံတခု ရှိရမည်သာ ဖြစ်၏။ သို့ရာတွင် နောင်တွင် ရှိမည့် ဘာသာရေးသည် ယခင် ဘာသာရေးများနှင့် တူတော့မည် မဟုတ်ပေ။ ဘာသာရေးတို့သည် သိပ္ပံပညာ၏ ဆန်းစစ်ခြင်းကို ခံရလိမ့်မည်။ သိပ္ပံပညာသည် ဘာသာရေး၏ အခြေခံ ကိစ္စရပ်

များကို တိကျပိုင်နိုင်စွာ ဆုံးဖြတ်နိုင်စွမ်း မရှိပြောသော်လည်း ဘာသာရေး အမည်ခံ၍ ဘာသာရေးအတွင်း ဝင်နေသော အပိုအလျှံများ၊ အယူသည်းမှုများ၊ သဘာဝ မကျမှုများကို ကား စစ်ဆေး၍ ပယ်ချပေလိမ့်မည်။

ဒေါက်တာ ရားဒါးကရစ်ရှနန်း ပြောသကဲ့သို့ပင် ယုံကြည်မှု တရပ်သည် အခြေခံ နှစ်ရပ်ကို ဖြည့်ဆည်းရမည် ဖြစ်၏။ ပထမ အချက်ကား အမှန်တရားကို ပြဆိုရန်နှင့် ဒုတိယ အချက်ကား ခေတ်နှင့်အညီ ဖော်ပြနိုင်စွမ်း ရှိရန်တို့ပင်တည်း။

ဗုဒ္ဓဝါဒသည် နှစ်ပေါင်း ၂၅၀၀ အသက် ရှည်ခဲ့ပြီ။ ဤ သက်တမ်းအတွင်းတွင် ဗုဒ္ဓဝါဒသည် ခေတ်အမျိုးမျိုးကို ကျော် လွန်ခဲ့ပြီ။ တိုင်းပြည် အများအပြားသို့ ရောက်ဘူးခဲ့ပြီ။ လူ အစားစားတို့နှင့် ဆက်ဆံခဲ့ပြီ။ အင်ပိုင်ယာများ၊ ထီးနန်းဆက် များ ပေါ်ထွန်းခဲ့၊ ပြိုလဲခဲ့သည်တို့ကိုလည်းတွေ့ဘူးခဲ့ပြီ။လူမှုရေး စနစ် အမျိုးမျိုးအောက်တွင်လည်း နေဘူးခဲ့ပြီ။ အမြင့်တွင်လည်း စံဘူးခဲ့ပြီ။ အနိမ့်တွင်လည်း ခံဘူးခဲ့ပြီ။ ဤအတွေ့အကြုံများကို ကြံ့ကြံ့ခိုင်ခိုင် ကျော်လွန်ခြင်းမှာ ဗုဒ္ဓဝါဒ၏ မှန်ကန်မှုကို ဖော်ပြချက်ပင် ဖြစ်ပေသည်။ တဘက်တွင်လည်း လူအမျိုးမျိုး၊ အရပ်ဒေသ အမျိုးမျိုးတို့မှ အယူအစွဲများသည် ဗုဒ္ဓဝါဒအတွင်း သို့ မသိမသာ ဝင်လာခဲ့သည်ကို ဝန်ခံရမည်သာ ဖြစ်လေသည်။

ဗုဒ္ဓဝါဒသည် သိပ္ပံပညာ၏ အစစ်ဆေးကို ခံရသောအခါ အဆိုပါ အယူအစွဲများသည် မှားယွင်းကြောင်း တွေ့လာရပေ လိမ့်မည်။ ထိုအခါ ၎င်းတို့ကို စွန့်ပစ်ရပေလိမ့်မည်။ ထိုသို့ စွန့် ပစ်ခြင်းဖြင့် ဗုဒ္ဓဝါဒ၏ အနှစ်အသားမှာ ပို၍ပင် ပေါ်လွင် တောက်ပလာပေလိမ့်မည်။

ဗုဒ္ဓဝါဒအတွင်းတွင် သိပ္ပံပညာဖြင့်ဖြစ်စေ၊ လူ့အသိဉာဏ်ဖြင့်ဖြစ်စေ ထောက်၍ မမီသော အရာ များစွာ ရှိပေ၏။ ၎င်းတို့ကို သိပ္ပံနည်းဖြင့် ပြ၍ မရပေ။ သို့ရာတွင် ဗုဒ္ဓဝါဒ၏အခြေခံသဘောများကိုမူ သိပ္ပံပညာအထောက်အပံ ဖြင့် ခိုင်မာအောင်ပြုလုပ်နိုင်ပေသည်။ တချိန်တည်းမှာပင် ဗုဒ္ဓဝါဒ အတွင်းရှိမှားယွင်းသော အယူအစွဲများကိုလည်း သိပ္ပံပညာ၏အကူအညီဖြင့် ပယ်ထုတ်ရပေလိမ့်မည်။ အချုပ်အားဖြင့်ကား ဗုဒ္ဓဝါဒသည် အချို့ဘာသာရေးများကဲ့သို့ သိပ္ပံပညာနှင့် ရန်ဖြစ်နေရန်မရှိ။ အချို့ပြောနေသလို သိပ္ပံပညာကိုသာ အရာရာအားကိုးနေရသည်လည်း မဟုတ်။ သူ့နေရာနှင့်သူ ယထာဘူတကျကျကျင့်သုံးနိုင်သော ခိုင်မာတောင့်တင်းသည့် အယူဝါဒကြီးတခုသာ ဖြစ်ပေသတည်း။

# ညှိနှိုင်းကိုးကားသော ကျမ်းများ


ကိုကိုမောင် — အာကာကိုလွှာပုံပြုပါလို့(ပထမတွဲ)
ကျော်ဇော(ဘာသာပြန်သည်) — အနုမြူ
ကိတ္တိမ၊ အရှင်(ဘာသာပြန်သည်) — သစ္စတ္ထပကာသကျမ်း
စာပေဗိမာန် — ကမ္ဘာ့ဂြိုဟ်(သဲလွန်စ၁၀၀၀၀၀၀နှင့် ပြဿနာ
ဆန်းလွင် — ဖိလိုဆိုဖီ ကကြီးခခွေး
ဇနကာဘိဝံသ၊ အရှင် — ဘာသာရေးပြဿနာများ
ထွန်းမြင့်၊ ဒဂုန်ဦး — ဂေါတမဗုဒ္ဓ
ဖိုးလတ်၊ ဦး(ဘာသာပြန်သည်) — မြန်မာလို ဓမ္မပဒ
ဘသောင်း၊ သခင် — ဗုဒ္ဓ၏စကြဝဠာတရား
ဘာသာပြန်စာပေအသင်း — လူထုသိပ္ပံကျမ်း(အတွဲ ၁)
မျိုးသန့် — သိပ္ပံအိတ်ဆောင်
ယုဒသန်၊ ဆရာ(ဘာသာပြန်သည်) — သမ္မာကျမ်း
လယ်တီဆရာတော် — မဂ္ဂဒီပနီ
သန်းထွန်း — ဗုဒ္ဓဝါဒမိတ်ဆက်
အေးမောင်၊ ဦး — ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ(ပထမတွဲ၊ ဒုတိယတွဲ)
ဦးဗုဓ်၊ ဆရာတော် — ဓမ္မစကြာပါဠိနိဿျ
ဆဋ္ဌသံဂါယနာမူ — မဇ္ဈိမပဏ္ဏာသ(မြန်မာပြန်)
၎င်း — မိလိန္ဒပဉှာ(မြန်မာပြန်)

Basham, A.L — The Wonder that was India.
Bury J.B — A History of Freedom of Thought
Conant, J,B. — Modern Science and Modern Man.
Coomaraswamy, A., and Horner· I:B. Living Thoughts of Buddha.
Davies. H.A, — An Outline History of the World

Downs, R.B Books that changed the World.
Eliot, C. Hinduism and Buddhism (Vol.1)
Ellam, J.E. Navayana.
Gour, H.S. The Spirit of Buddhism.
Humphrey, C. Buddhism·
Kings land, W. An Anthology of Mysticism
Kin Moung, U, The Only Method for the Speedy Realization of Nibbana.
Manadevan, K. An Easy Guide to Logic.
Narasu, P.L. Essence of Buddhism.
Potter, C:F. The Faiths Men live By·
Radhakrishnan, S, Religion and Society.
" Eastern Religions and Western Thought.
Rahula, W- What the Buddha Taught;
Russell, B Wisdom of the West.
Sinha, J. Outlines of Indian Philosophy.
Slater, R.H.L God of the Living.
Smith, F.H. Buddhist Way of Life.
Thomas, E.J. History of Buddhist Thought
Vollee Poussin. L de La The Way to Nirvana.
Wheeler, H. Mircle of Man.
One hundred Great lives
The Bohk of Knowledge Vols. 3,6 and 7.
The Light of Buddha Vol. 4, Nos. 1 7 and 10
Vol. 8, Nos, 2 and 10.
The Guardian Magazine Vol. 8, No, 7.
Vosak Sirssara (Buddhist Annual) 1962.
1964.

ဘုရားရှိဝါဒ ဘုရားမဲ့ဝါဒနှင့် ဗုဒ္ဓဝါဒ
စာအုပ်အမည်ဖြင့် ယခင်က ရိုက်နှိပ်ပြီးခဲ့သော

**ဦးသန်းထွန်း(ရွှေဘို)၏**

# အစွန်းလွတ်ဗုဒ္ဓဝါဒ

မကြာမီ ထွက်မည်။

---

မြန်မာ့လွတ်လပ်ရေး တိုက်ပွဲစဉ်သမိုင်းတွင် အရေးကြီးဆုံး ကာလဖြစ်သော ၁၃၀၀ ပြည့် (၁၉၃၈) အရေးတော်ပုံ ပါဝင်သော....

အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်မှု စည်းရုံးရေးကာလ
အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကာလ
အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး(လက်နက်ကိုင်တိုက်ပွဲကာလ)
ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးအတွက် စည်းရုံးရေးကာလ (လက်နက်ကိုင် တော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းကာလ)
ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလ

ဤကာလတလျှောက်လုံး အစအဆုံးပါဝင်ခဲ့ပြီး၊ ဤကာလ တလျှောက်လုံး ထိပ်ပိုင်း ခေါင်းဆောင်များနှင့် ပူးတွဲပါဝင် လှုပ်ရှားခဲ့သူကိုယ်တိုင် ရေးသားပြုစုခဲ့သော....

**သခင်တင်မြ၏**

# ဘုံဘဝမှာဖြင့်

၅၀ ကျပ်

**တသက်တာစာပေ+သန်းအောင်စာပေ**

ဗိုလ်အောင်စိန် ၏

# မြန်မာ့လွတ်လပ်ရေး နောက်ဆုံးတိုက်ပွဲ

— မောရစ်ကောလစ်၏ LAST AND FIRST IN BURMA စာအုပ်ကို ဗိုလ်အောင်စိန်က ဘာသာပြန်ခြင်းဖြစ်သည်။

— မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲ သမိုင်းကို လေ့လာလိုသူတိုင်း၊ ကျမ်းပြုလိုသူတိုင်း၊ လက်မလွှတ်တမ်း ကိုင်စွဲထားရသည်အထိ ခိုင်မာတိကျ ပြည့်စုံလှသည့် စာအုပ်ဖြစ်သည်။

— ဤ စာအုပ်သည်လည်း တသက်တာလုံး အသုံးဝင်မည့် စာကြည့်တိုက်တိုင်းရှိသင့်သည့်စာအုပ်ဖြစ်သည်။ ၂၀ ကျပ်

---

## သခင်ဘမောင်၏ ဝံသာနုအရေးတော်ပုံသမိုင်း

— မြန်မာနိုင်ငံ သမိုင်းကိုပြောလျှင်ဝံသာနုခေတ်ဟု ခေါ်သည့် Y.M.B:A နှင့် G :CBA: တို့ အကြောင်းကို ချန်ထား၍မရ။

— မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုအကြောင်းပြောလျှင် နိုင်ငံရေးလှုပ်ရှားမှုကို စတင်ဦးဆောင်ခဲ့သော ဦးဘပေ၊ဦးပု၊ဦးထွန်းရှိန် (ပေ–ပု–ရှိန်) တို့အကြောင်းပါမှ ပြည့်စုံမည်။

— ထိုမျှလောက် အရေးကြီးသည့် Y.M.B.A နှင့် G.C.B.A အဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့သော ပေ-ပု-ရှိန်တို့နှင့်တကွ ထိုအဖွဲ့ကြီး၏ လှုပ်ရှားမှုသမိုင်းဖြစ်သည်။

— သမိုင်းသင် ကျောင်းသားတိုင်း

လက်စွဲထားရမည့် စာအုပ်ဖြစ်၍လည်း သမိုင်း ပါမောက္ခ ဦးသန်းထွန်းနှင့် သမိုင်းပညာရှိ ဟံသာဝတီ ဦးဘရင်တို့က အမှာဖြင့် ထောက်ခံထားရသော စာအုပ်ဖြစ်သည်။

အခြေခံ ပညာရေးအထက်တန်း သမိုင်းဘာသာရပ်အတွက် အားထားရမည့် စာအုပ်တအုပ်ဖြစ်သည်။ ၂၀ ကျပ်

**တသက်တာစာပေ+သန်းအောင်စာပေ**

## ဗိုလ်ချုပ်အောင်ဆန်း အသက်ပြန်ရှင်စေချင်ယင်....

ဗိုလ်ချုပ်အောင်ဆန်းကို ချစ်တယ်၊ကြည်ညိုတယ်၊လေးစား တယ်ဆိုရုံနဲ့မပြီး၊ တနှစ်တကြိမ် (ဇူလိုင် ၁၉ ရက်နေ့) တနေ့ တည်း ငိုကြွေးတမ်းတပြရုံနဲ့မပြီး၊ သူ့ကိုချစ်တယ်၊ ကြည်ညို တယ်ဆိုယင် သူ့ရဲ့ မပြီးဆုံးသေးသော လုပ်ငန်းကို ဆက်လုပ် မှ သူ့ကိုချစ်ရာရောက်မည်၊ သို့ဆိုလျှင် **သူကိုယ်တိုင် အင်္ဂလိပ် ဘာသာဖြင့် ရေးခဲ့သော....**

ဗိုလ်ချုပ်အောင်ဆန်း၏

# ဘားမားချလင်း

ကို

**ဖတ်ပါ၊ မှတ်ပါ၊ ကျင့်ကြံပါ၊ သူမှာခဲ့တဲ့အတိုင်းလုပ်ပါ။ သို့ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း အသက်ပြန်ရှင်လာအောင် ပြုသကဲ့သို့ သင်တွေ့ရမည်၊ သင်ခံစားရမည်။**

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ရေး သားခဲ့သည်ကို အင်္ဂလိပ်-မြန်မာ ၂ ဘာသာဖြင့် ပူးတွဲရိုက်နှိပ် ထားသော စာအုပ်ဖြစ်သည်။

- ကိုယ်စားလှယ်မရှိသော မြို့များမှ တအုပ်ချင်း အလိုရှိသူ များ သန်းအောင်စာပေတိုက်သို့ ဟိုက်ရိုက်မှာကြားပါ။


**တသက်တာစာပေ+သန်းအေး**

တောင်ဥက္ကလာပမြို့

## ဦးသန်းထွန်း(ရွှေဘို)၏ ထွက်ပြီးသောစာအုပ်များ

(၁) ဗုဒ္ဓဝါဒမိတ်ဆက် (ပြန်လည်ရိုက်နှိပ်ရန် စီစဉ်နေသည်)။

(၂) ဘဝ၏မင်္ဂလာ(ဘာသာပြန်)။

(၃) ဂန္ဒီ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ (ဘာသာပြန်)။

(၄) ဘုရားရှိဝါဒ ဘုရားမဲ့ဝါဒ နှင့် ဗုဒ္ဓဝါဒ။
(အစွန်းလွတ် ဗုဒ္ဓဝါဒ ဟူသော အမည်ဖြင့် ပြန်လည်
ရိုက်နှိပ်ရန် စီစဉ်နေသည်။)

(၅) ဂန္ဒီ၏ ဩဝါဒကထာ။

(၆) အရိယာဆမ္မာချ်၏ယုံကြည်ချက်နှင့်ဆောင်ရွက်ချက်များ။

(၇) အသောကနှင့် သူ၏ ဓမ္မဝါဒ၊

တသက်တာစာပေ+သန်းအောင်စာပေ။